www.burmeseclassic.com

# ရင်နှလုံး

နှလုံးရောဂါနှင့်နှလုံးဝေဒနာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဗိုးလှိုင်ဝင်းစီစဉ်သည်

တန်ဖိုး ၁၅ ကျပ်

မျက်နှာဖုံးပုံ စံတိုး + အရောင်-ကိုကြီးမြင့်

ဦးဘသောင်(၀၁၆၃၇)၊မိဘဂုဏ်ရည်စာပေ၊ ၁၇၈၊ ၃၃ လမ်း၊ ရန်ကုန်နှင့် ဦးစန်းမြင့် (၀၂၂၂၄) သီရိပုံနှိပ်တိုက်၊ ၅၂ မါရမီလမ်း၊ ရန်ကုန်တို့က စာမူခွင့်ပြုချက် အမှတ် (၀၅၂၂)၊ မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၁၄၂) အရ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလတွင် ဒုတိယအကြိမ် အုပ်ရေ ၂၀၀၀ ပုံနှိပ်ထုတ်ဝေပါသည်။

အဖုံးရိုက်- တောက်တောက်ဝင်း စာအုပ်ချုပ်- ယဉ်မျိုး

# လူ့နှလုံး

[နှလုံးရောဂါနှင့် နှလုံးဝေဒနာအကြောင်း]

ဒေါက်တာမောင်မောင်ညို

အမ်၊ဘီ၊ဘီ၊အက်စ် (ရန်ကုန်)။ ပီ၊အိပ်ချ်၊ဒီ(လန်ဒန်)

# THE HUMAN HEART

BY

Dr. Maung Maung Nyo

www.burmeseclassic.com

www.burmeseclassic.com

## ရတ်ထူးစာပေမှ ထုတ်ဝေပြီး စာရေးသူ၏ စာအုပ်များ


၁။ သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝ
၂။ ယောကျ်ား
၃။ မိန်းမ
၄။ ကလေး
၅။ အဖိုပေါက် လူဖိုပေါက်
၆။ ဖျိုဖျိုဆိုဆို
၇။ ဆိုရာမှမှို့ ငုံရာမှပွင့်
၈။ ယောကျ်ားဖောင်စီး မိန်းမမီးနေ
၉။ အသက်နှင့်နီးသောရောဂါများ
၁၀။ လူအမျိုးမျိုး ရောဂါအထွေထွေ
၁၁။ လူတိုင်းအတွက် ကျန်းမာခြင်းလမ်းညွှန်
၁၂။ မိုမသတာဝနှင့် လောကလူ့ဘုံ
၁၃။ လူ့လောကဓမ္မတာ
၁၄။ ဆရာဝန်တို့၏အညွှန်း
၁၅။ သမားတို့အာဘော်
၁၆။ ခန္ဓာကိုယ်အကြောင်း သိကောင်းစရာ
၁၇။ လူတိုင်းအတွက် ခေတ်သစ်ဆေးလမ်းညွှန်
၁၈။ လူ့နှလုံး


အမှတ်စဉ် ၁၄၊ ၁၅ တို့မှာ သမားတော်ကြီးများ၊ ဆေးဆက္ကသိုလ်များမှ ဆရာဝန်ကြီးများရေးသော ဆောင်းပါးများဖြစ်သည်။ အမှတ်စဉ် ၁၆ မှာ ဒေါ်ထားနန်းစွမ္မာနှင့် ပူးတွဲရေးသားခဲ့ပြီး အမျိုးသားစာပေဆု ရရှိသော စာအုပ်ဖြစ်သည်။

# နှလုံးရောဂါနှင့် နှလုံးဝေဒနာအကြောင်း

## ပထမတယောက်အကြောင်း

ရင်ခွဲရုံ။ ဆေးရုံဝင်းရဲ့ ထောင့်တထောင့်မှာ မ ထင် မ ရှား သေး မွှား တဲ့ အ ဆောက် အ အုံ ကလေးပဲ၊ တည်နေရာဟာ သာယာလှပပါရဲ့၊ စိမ်းလန်းတဲ့ မြက်ခင်း၊ စိမ်းစိုတဲ့ သစ်ရွက်တွေ၊ ပြီးတော့ ရဲရဲနီနေတဲ့ စိန်ပန်းပွင့်တွေ၊ ကြည့်လေရာမှာ သာယာပါရဲ့၊ အနားယူ မွေးစက်ဖို့ ကောင်းတဲ့ ပန်းဥယျာဉ်လား ထင်ရတယ်။ ဒီလိုလဲ မထင်နဲ့လေ။ ဒီနေရာဟာ အလောင်း တွေကို ရင်ခွဲလေ့လာရာဌာန။

www.burmeseclassic.com



ငါဟာ ဆရာဝန်တဦး၊ ရိုးရိုးဆရာဝန်တောင်မဟုတ်၊ ခွဲစိတ်ဆရာဝန်ကြီး။ အခု ငါဘာလုပ်နေသလဲ၊ လူသေကို ရင်ခွဲလေ့လာမှု ပြုလုပ်ဖို့ ပြင်ဆင်နေရတယ်။ ဘာကြောင့်လဲ။ အကြောင်းကတော့ မနေ့က ကလေးမကလေးတယောက် ငါ ခွဲစိတ်ယင်း တိမ်းပါးသွားတယ်။ သူကလေးမှာ အဖြစ်များ စုံနေတဲ့ မွေးရာပါ နှလုံးရောဂါရှိတာကိုး။ အဲဒီရောဂါကို ပျောက်အောင် ငါတို့ ခွဲစိတ်ကုသခဲ့ကြတယ်။ သူ့ရင်ကိုခွဲ၊ သူ့နှလုံးကိုရပ်ပြီး နှလုံးတုစက်နဲ့ ခွဲစိတ်ကုသခဲ့ကြတယ်။ နှလုံးတုစက်ဟာ နှောက်ဆုံးပေါ်နည်းသစ် ဖြစ်ပေရဲ့။ ဒါကြောင့်လဲ သတင်းစာဆရာတွေက အုတ်အော်သောင်းတင်း လုပ်ခဲ့ကြတယ်။ သေခါနီး ကလေးလေး။ သူ့နှလုံးကို နှလုံးတုစက်နဲ့ အစားထိုးတယ်။ ဆယ်မိနစ်၊ မိနစ်နှစ်ဆယ်၊ နာရီဝက်၊ တော်တော်ကြာကြာခံတယ်။ ခွဲစိတ်တဲ့ ဆရာဝန်ကြီးမှာတော့ ခက်ခက်ခဲခဲ စွန့်စွန့်စားစား နဖူးမှာချွေးစို့လို့။ ဒါပေမယ့် ခွဲစိတ်မှုက အောင်မြင်တယ်တဲ့။ ဆရာဝန်ကြီးဟာ ပင်ပန်းနေပေမယ့် ပြုံးလို့ ရွှင်လို့၊ လူနာရဲ့ မိဘတွေကို 'မပူနဲ့၊ ခင်ဗျားတို့ ကလေး အသက်ကို သေမင်းလက်က လုယူထားလိုက်ပြီ'လို့ ပြောတယ်။ ခွဲပြီး နှစ်ပတ်အတွင်း လူနာဟာ ဘောလုံးတောင် ကစားနေနိုင်ပြီတဲ့။ သတင်းစာဆရာတွေက သတင်းချွဲကြတာ။

အို....သူတို့ပြောတာတွေ တခုမှ မဟုတ်ပါဘူး၊ အားလုံး လံကြုပ်တွေချည်းပဲ။

အခု အဲဒီလူနာကို ငါပဲ ရင်ခွဲလေ့လာရမယ်။ ဘယ်ဆရာဝန်မှ ကိုယ်ကုတဲ့ လူနာကို ရင်ခွဲရုံ မရောက်စေချင်ကြပါဘူး။ ရင်ခွဲ



လေ့လာရမှာကိုလည်း ကြောက်ကြတယ်။ ငါလဲ ရင်ခွဲမှုကို မလုပ်ချင်ဘူး၊ ရိုးရိုးတန်းတန်းရောဂါနဲ့လူနာတယောက်ယောက် များ သေယင်၊ အလျင်ကတော့ ငါ့လက်အောက်က အလုပ်သင်ဆရာဝန်တွေကို ခွဲခိုင်းခဲ့တာပဲ၊ ပြီးမှ သူတို့လုပ်ပြီးသမျှကို နောက်တနေ့မှာ ငါ့ဆီကို အစီရင်ခံခိုင်းတယ်။ ဒီလို အစီရင်ခံရာမှာ တခွန်းနှစ်ခွန်း အမေးအဖြေပြုဖို့ လိုပါရဲ့၊ ဒီလို မေးဖြေရာမှာ ဆေးဝေါဟာရတွေကို သုံးကြရတာပေါ့လေ။ ဆရာဝန်ပေါက်စတွေဟာ သိပ္ပံနည်းကျ လိုကြတယ်မဟုတ်လား။ ဒါဟာ လုပ်ရိုး။ ဒီနည်းနဲ့ပဲ သေတဲ့လူနာတွေရဲ့ ကံကြမ္မာဟာ အဆုံးသတ်ကြပါတယ်။ အဆုံးသတ်ကြပုံကလဲ "ရင်ခွဲလေ့လာရာတွင် ဤသို့ဤသို့ တွေ့ရှိကြပါသည်။ သို့ဖြစ်၍ဤသို့ ဤသို့သော အကြောင်းများကြောင့် လူနာသေဆုံးရသည် ထင်ပါသည်"လို့ ဆိုလိုက်ယင်ပြီးတာပဲ၊ လွယ်လှပါလား။ အို....ငါ့အတွက်တော့ သိပ်မလွယ်လှပါဘူး။ ဘာကြောင့်လဲဆိုယင် ငါ့ခေါင်းထဲမှာ သူတို့တတွေရဲ့ အကြောင်းတွေ ပြည့်ကျပ်နေလို့ပဲ။ ငါတော့ ဘယ်လူနာသေသေ လူနာတိုင်းကို မှတ်မိနေတာပဲ။ ကံဆိုးတဲ့ သူတို့ကို မှတ်မိတိုင်း ငါ့မှာ ရင်ဆို့ရတယ်။

'အို....သိပ်လဲ ရင်မဆို့နဲ့လေ၊ ကိုယ့်ဟာကိုယ် ဝမ်းနည်းနေယင် အလကားပဲ၊ မင်းအလုပ်ကို မင်းလုပ်ပါလား၊ အခုမှ မင်းအလုပ်ကို မင်းစရမှာ'

ဒီလိုပဲ ငါ့ဟာငါ ပြန်သတိပေးရရဲ့။

ငါတို့ ရင်ခွဲရုံဟာ တခြားရင်ခွဲရုံတွေလိုပါပဲ။ ညိုပုပ်ပုပ်၊ ကုပ်ကုပ်ကလေး၊ ပြတင်းပေါက်တွေကလဲ ကြီးတော့ကြီးပါရဲ့။

www.burmeseclassic.com



ဒါပေမယ့် အလင်းရောင်က သိပ်မရဘူး။ ပြတင်းတံခါးတွေက ဆေးသုတ်ထားလို့လား၊ ဖုန်တင်နေလို့လား၊ ဘာကြောင့်မှန်း သေသေချာချာ မသိရပါဘူးလေ။

အထဲမှာတော့ သွပ်ပြားအုပ်ထားတဲ့ စားပွဲရှည် တလုံး၊ ဆင်းရဲတဲ့ သရုပ်။ အမှန်တော့ ရင်ခွဲရုံက ခွဲစိတ်ခုံဟာ ကြွေစားပွဲပဲ ဖြစ်ရမယ်။ ဘာပဲဖြစ်ဖြစ်လေ တင်လိုက်တဲ့ အလောင်းကောင်အတွက်တော့ ဘာမှ မထူးခြားပါဘူး။ အလောင်းတွေ အများကြီးတောင်မှ ဒီစားပွဲပေါ်မှာ တင်ဖူးပြီပဲ။ ဘာမှ မထူးပါဘူး၊ ရယ်တော့ ရယ်စရာကောင်းသား၊အလောင်းတွေ ဘယ်လောက် တွေ့ခဲ့တွေ့ခဲ့၊ ရင်ခွဲတဲ့အခါတော့ ငါ အသား မကျသေးဘူး၊ ကြည့်ပါဦး။

ခု ကလေးမရဲ့ အလောင်းဟာ သေးသေးကွေးကွေးလေး၊ သွပ်စားပွဲပေါ်မှာ ပုံလို့၊ သူ့ဆံပင်ကလျှော်တွေကလဲ ဖွတ်မီးကျစ် နှစ်ခုနဲ့၊မနေ့ကမနက်မှာ သူ့အမေများ ကျစ်ပေးခဲ့သလား မသိဘူး။ ခေါင်းမှာစည်းထားတဲ့ ပန်းရောင် ဖဲပြားလေးတွေကတော့ ကြေလို့၊ အို....မကြည့်တာပဲ ကောင်းပါတယ်လေ၊ ဟော မကြည့်လို့လဲမရဘူး၊ငါ သူ့ကိုခွဲကြည့်ရဦးမှာမဟုတ်လား။

'ကဲ စကြစို့'

ဒီစကားကိုရင်ခွဲရုံလက်ထောက်တွေကတော့ ကြားနေကျပဲ။ သူတို့အဖို့တော့ စကြစို့ ဆိုတာနဲ့၊ ခွဲဖြတ် ဖွင့်ထုတ်လိုက်ကြတာပဲ၊ မြန်ကြပါပေ့၊ သူတို့များ လူကို ခွဲနေတယ်လို့ မထင်ဘူး၊ အမဲဖျက်သလိုပဲ၊ အို သူတို့လဲ လူစိတ်တော့ ရှိကြမှာပေါ့လေ၊ ဒီလိုလဲ ငါ စဉ်းစားဦးမှပေါ့၊



ငါ့လက်ထောက် ဆရာဝန်တွေလဲ ရင်ခွဲရုံမှာစုနေကြပြီ။ သူတို့ထဲက တချို့ဟာ မနေ့က ခွဲစိတ်ရာမှာ တက်တက်ကြွကြွကူညီခဲ့ကြတာယ်။ ခုတော့လဲ သူတို့ကြည့်ရတာ ထိုင်းမှိုင်းလေးကန်လို့။ ငါ့ကို ကြောက်ကြလို့လားတော့ မသိ။ ငါက ရင်ခွဲရုံထဲမှာ ရယ်လား မောလား ဟေးလား ဝါးလားလုပ်ယင် သိပ်စိတ်ဆိုးတယ် မဟုတ်လား။ ငါစိတ်ဆိုးတာလဲ အဆိုးမဆိုနဲ့လေ။ ရင်ခွဲရုံဆိုတာ အနိစ္စသဘောတရားကို ပြနေတာမဟုတ်လား၊ ဒါပေမယ့်လေ ခွဲစိတ်ခံရတဲ့ အလောင်းတွေရော၊ ခွဲစိတ်တဲ့ ငါတို့ ဆရာဝန်တွေရော အားလုံးဟာ အတူတူပါပဲ၊ သခၤါရ၊ အနိစ္စတရားကို မလွန်ဆန်နိုင်ပါဘူး၊ ရှေ့နောက်သာ ကွာမှာပါ။ ဒီတော့ သိပ်လေးနက်နေဖို့လဲ မလိုဘူး ထင်မှာပါရှဲ။

ဒီတခါတော့ ငါခွဲစိတ်တာဟာ မှန်,မမှန်၊ တိကျ,မတိကျ ငါ သေသေချာချာလေ့လာရမယ်။ ဒါမှသာ နောက်တခါ ခွဲတဲ့ အခါမှာ မမှားသင့်တာမမှား၊ မဖြစ်သင့်တာမဖြစ်ပဲ၊ နောက်လူနာတွေ မသေမှာပေါ့။

'လက်အိတ်ပေး ဓားပေး၊ဟုတ်ပြီ ဒီတခါနှလုံးကို ငါ့ဟာငါ လေ့လာမယ်'

ဒီလိုပဲ ငါပြောလိုက်တယ်။

ဒီကလေးမကို ခွဲစိတ်ရတာဟာ တော်တော် ခက်ခဲရှုပ်ထွေးတဲ့ အလုပ်၊သူ့မှာ နှလုံးလိုဏ်ခန်း ၂ ခုခြားတဲ့ အတားက မွေးကတည်းကပေါက်နေတယ်လေ။ဒီလိုပေါက်နေတော့နှလုံးက သူ့အလုပ်ကို ကောင်းကောင်း မလုပ်နိုင်ဘူး။ ကောင်းတဲ့သွေးနဲ့ မကောင်းတဲ့ သွေးတွေလဲ ရောကုန်တာပေါ့၊ ဒီတော့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တကိုယ်လုံး ပြာလို့၊ 'ကလေးပြာ'ပေါ့၊ ကလေးပြာတွေဟာ အရွယ်ရောက်တဲ့အထိ အသက် ရှင်ခဲ့တယ်လေ။

နောက် ဒီကလေးမ ပိုက်ဆိုးတာက နှလုံးကနေ အဆုတ်ကို သွားတဲ့ အဆုတ်သွေးလွှတ်ကြောကလဲ သိမ်နေတယ်။ ဒီတော့ အဆုတ်ကို လိုသလောက် သွေး မရောက်ဘူးပေါ့။

ဒီ ၂ ချက်ဟာ ဒွန်တွဲဖြစ်တတ်တယ်၊ အခု ကလေးမဖြစ်တာ ဒီအတိုင်းပဲ၊ သိပ်ဆိုးတယ်။

'ဘယ်လိုလဲ ဆရာကြီး၊ ဒီကလေးမကလေးဟာ မွေးကတည်းကကို သေဖို့ မွေးလာတာပဲ မဟုတ်လား'၊ ဒီလိုတွေးပြီး ကိုယ့်ဟာကိုယ် သက်သာမှုရှာရတယ်။

သူ့အမေက ပြောဖူးတယ်၊ ကလေးမလေးဟာ သိတတ်တဲ့ အရွယ်ကစပြီး အိမ်ပြတင်းဝမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး တခြား ကလေးတွေ ဆော့ကစားတာ ပြေးလွှားတာကို ကြည့်နေတတ် သတဲ့၊ နေကုန်ရောဆိုပဲ။ ဒါပေမယ့် သူ့အရုပ်တွေကျလဲ သူက တွယ်တာသားတဲ့၊ စိတ်ကူးကလဲ ယဉ်သတဲ့၊ အင်း ဒီကလေးမ လေးဟာ ကြီးလာယင် ကဗျာဆရာမပဲဖြစ်မလား၊တခြား အနု ပညာရှင်တဦးပဲ ဖြစ်မလား မသိဘူး၊ ဘယ်ပြောနိုင်မလဲနော်။ သူသေတာ စောတော့စောသား၊ နှမြောစရာ။

သူ့ရောဂါမျိုးကို ကုသရာမှာ နည်း ၂နည်းတောင် ရှိပါရဲ့။ တနည်းကတော့ နှလုံးရဲ့လိုက်ခန်းကို ဘာမှမလုပ်ပဲ ကျဉ်းနေတဲ့ အဆုတ်သွေးလွှတ်ကြောကြီးကို ချဲ့ပေးတာပဲ၊ ဒီနည်းနဲ့ကုယင် ရောဂါကတော့ ပျောက်မသွားဘူး၊ ဒါပေမယ့် အသက်တော့ ပိုရှည်ရှည်နေရတာပေါ့။ ဒီနည်းကိုအသုံးပြုယင် ချဲ့ခံရတဲ့ လူနာ



၁၀၀ မှာ ၁၅ ယောက်လောက်ပဲ ခွဲစိတ်မှုကြောင့် သေတတ် တယ်။ ဘယ်ဆိုးလို့လဲ။ အဲ ဒုတိယနည်းကတော့ နည်းနည်းကြမ်း တယ်။ စွန့်စားရတယ်။ နှလုံးကိုရပ်၊ နှလုံးတုစက်နဲ့သွေး လှည့်လည် စေပြီး နှလုံးရဲ့ ဦးခန်းကြား အကာရဲ့အပေါက်ကို ပိတ်ပစ်တယ်။ ပြီးတော့ ကျဉ်းနေတဲ့ အဆုတ်သွေးလွှတ်ကြောကိုလဲ ချဲ့လိုက် တယ်လေ။ ဒီနည်းက နည်းသစ်လဲဖြစ် ခက်လဲ ခက်ခဲပါရဲ့၊ နှလုံး တုစက်ကို သုံးတာတောင်မှ နှလုံးထဲမှာ သွေးတွေ အိုင်နေတော့ ခွဲစိတ်ရတာ အင်မတန်ခက်တယ်။ နှလုံးတွင်းမှာရှိတဲ့ အခင် ကလေးတွေ သွေးကြောကလေးတွေဟာ အလွယ်တကူထိခိုက် ပျက်စီးကုန်နိုင်တာပေါ့၊ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ ခွဲပြီးလို့ ခွဲစိတ်မှု အောင်မြင်ယင်တောင် နှလုံးခုန်အားဟာ နည်းပြီး ဒုက္ခအမျိုးမျိုးလဲ ဝင်နိုင်တယ်။ ဒါကြောင့် အဲဒီလို နည်းနဲ့ ခွဲစိတ်ယင် ခုနှစ်ဆယ်မှာ သုံးဆယ်လောက်တော့ ခွဲတုန်း မှာပင် သေကြတာပဲ။

ဒီကလေးမလေးဟာ အဲဒီသုံးဆယ်ထဲမှာ တဦး အပါ အဝင်ပေါ့။ အင်း သေတယ်ရှင်တယ်ဆိုတာဟာ စာရင်းဇယား တွေပါပဲလား။ ဗူးသီးခရမ်းသီး ကျနေတာပဲ၊ ပုပ်တာမကောင်း တာတွေ ရွေးထုတ်ပစ်သလို။ ဒါပေမယ့် ငါဘာတတ်နိုင်မလဲ။ စဉ်းစားကြည့်လေ၊ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းက ကလေးတွေ ကတော့ ခွဲပြီးတာနဲ့ ရောဂါလဲ ပျောက်၊ သူလိုငါလိုလဲ ဆော့ ကစားနိုင်၊ ကျောင်းသွားနိုင်၊ အရွယ်ရောက်ယင် အိမ်ထောင် သားမွေးတောင် ပြုနိုင်ကြတယ်။ တကယ်ပါ၊ ဒုတိယအကြိမ် ခွဲပြီးတာနဲ့ လူကောင်းနဲ့ မခြားပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဟောကြည့်ပါဦး၊ ဒီကလေးမလေးကျ ရေတိမ်နစ်ရှာတယ်။ အဖြေကိုငါတွေ့ပါပြီလေ။ ငါခွဲချုပ်ထားတာကလျော့လျည်းလျော့လျဲ၊ တချို့ ချုပ်ရိုးတွေက အဖာရဲ့ဘေးနားမှာ သိပ်ကပ်လွန်းတယ်။ ဒါပေမယ့် အဆုတ်သွေးလွှတ်ကြောကို ချုပ်ထားတာကတော့ အကောင်းသား။ ငါ့လက်သည်းတောင် ထိုးသွင်းလို့ရရဲ့။ ဘာပဲဖြစ်ဖြစ်လေ ဒါက ကျေနပ်စရာ မဟုတ်ပါဘူး။ လိုက်ခန်း ၂ ခုကြားက အပေါက်က ပိတ်မှ ကောင်းကောင်းမပိတ်ပဲ၊ အဆုတ်ထဲသွေးဝင်ပြီး၊ သွေးအိုင်ပြီး သေရတာပေါ့။

အားလုံးဟာ ရှင်းပါပြီလေ။ သတင်းစာဆရာတွေကတော့ ငါ့ကိုခွဲစိတ်ကုပါရဂူကြီး၊ ခွဲစိတ်တာ တော်လှချည်ရဲ့လို့ ချီးကျူးကြ၊ ဆရာဝန်အသစ်ကလေးတွေ၊ ဆရာဝန်ငယ်ကလေးတွေကလဲ ငါ့ကို ဆရာကြီးဆိုပြီး ချီးကျူးအားကျကြ၊ အင်း ဒါပေမယ့် ရှင်းရှင်းဘွင်းဘွင်းသာ ဝန်ခံရယင် ငါဟာ ဒီကလေးမလေးကို သတ်ခဲ့မိပြီပဲ။ သူ ငါ့ကြောင့်သေရတာ။ ဆရာဝန်တွေပြောနေကျ စကားနဲ့ပြောရလျှင်တော့ ငါသူ့ကို လက်တည့်စမ်းလို့ အမဲဖျက်လို့ပေါ့။

ငါ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ဘူး။ အခု ငါတတ်နိုင်တာကတော့ ခွဲစိတ်ဓားကိုချ၊ အနားမှာရှိတဲ့လူတွေကို ငါ ဘာတွေ့တယ်၊ ဘယ်လို ခွဲခဲ့တယ်ဆိုတာပဲ ပြောပြရမှာပဲ။ ဒီလိုပြောမှပဲ ငါ့အနေရ နည်းနည်းသက်သာမယ်၊ နည်းနည်းပေါ့....။

အင်း ဒီလောက်နဲ့ မလုံလောက်သေးပါဘူးလေ။ ငါ့အပြစ်ဟာ ကြီးလှတယ်။ တခါတည်း ခွဲစိတ်ဓားကိုချပြီး နောက်ထပ် ဒီလိုခွဲစိတ်မှုမျိုးကို လုံးဝမလုပ်တာမှ ကောင်းတော့မယ်ထင်ပါရဲ့။



ဒီကလေးမလေးတွေ ငါခွဲခဲ့တာ၊ ဒီလို ကလေးမလေးတွေ ငါ့ကြောင့် သေခဲ့တာများလှပြီ။ အို ဒါလဲ မဟုတ်သေးပါဘူးလေ။ အခုအမှားတွေကို သေသေချာချာလေ့လာ၊ နောက်တခါ လုံးဝ အမှားမပါရအောင် လုပ်တတ်ဖို့ ကြိုးစားရမှာပေါ့။ အင်း အခုတော့လဲ၊ လွယ်လိုက်တာ။ ဘယ်လိုခွဲရ၊ ဘယ်လိုချုပ်ရမယ်ဆိုတာ ရှင်းလို့။ နှလုံးမတုန် ရင်မခုန်တော့ဘူး။ လက်ကလဲငြိမ်လို့။ ခွဲခဲ့ရတဲ့နှလုံးကလဲ သွေးမထွက်သေးမအိုင်တော့ဘူး၊ ဟုတ်တာပေါ့လေ။ မနေ့က ငါခွဲတုန်းက လှုပ်နေတဲ့သူ့ခေါင်းက ဖဲပြားကလေးတွေတောင် အခု သူနဲ့အတူ မလှုပ်မှုမလှုပ်တော့ပဲကိုး။

ကဲ ကောင်းပြီ။ အခုဘာလုပ်ရမယ်ဆိုတာ ငါသိပြီ နောက်တခါ ဒီလိုမဖြစ်ရအောင် ငါလုပ်မယ်လေ။ နောက်တခါတော့ ငါလုပ်တာ အောင်မြင်ရမှာပေါ့။ ဒါပါပဲလေ။ ရင်ခွဲရုံစောင့်တဲ့ ရန်ကနားကို ဆက်ရှင်းဖို့ပြောပြီး ငါ ပြန်တော့မယ်။

'ဟေ့ ရန်ကနား၊မင်း ဆက်ရှင်းလိုက်တော့ကွာ၊ သူ့ခေါင်းက ဖဲပြားလေး သိမ်းထားလိုက်ပါကွာ၊ သွေးတွေ စိုမကုန်စေနဲ့နော်....'

'ဟုတ်ကဲ့ ဆပ်'

ဒီလိုနဲ့ ငါ ရင်ခွဲရုံထဲကထွက်ပြီး စိန့်ပန်းပင်တွေ ကြားကို လျှောက်လာခဲ့တယ်။ အရွက်တွေကစိမ်းလို့၊ အပွင့်တွေကရဲရဲနီလို့၊ မီးတောက်၊ မီးလျှံတွေလား အောက်မေ့ရတယ်။ မျက်စိ ပသာဒ လှပါပေရဲ့။ ညက မိုးတပြိုက် နှစ်ပြိုက် ကျထားလို့လဲ အရောင်တွေက ပိုတောက်နေသလားမသိဘူး။ တရုတ်စကားပွင့်

www.burmeseclassic.com



တွေက အနံ့တွေလှိုင်လှိုင်၊ မြေသင်းနံ့နဲ့အပြိုင်။ အင်း လှပါပေ၊ သာယာပါပေရဲ့ကွယ်။

ဒီလိုပဲလေ။ စိတ်ထဲမှာလေးနေသမျှသဘာဝအလှကိုကြည့်ပြီး ပေါ့အောင်လုပ်ရတာပဲ။ ဒီလိုမှမလုပ်ယင်လဲ ရင်ထဲမှာလေးနေ အုံ့နေတာတွေက သက်သာမှာမဟုတ်ဘူး။ အခုတော့လဲ နည်းနည်းနေသာထိုင်သာ ရှိသွားတာပေါ့။

အစမ်းခွဲစိတ်ခန်းထဲကို ငါဝင်သွားမိတယ်။ ဒီနေ့အဖို့တော့ ခွဲစိတ်မှုမလုပ်ခင် အချိန်ရနေတယ်လေ။ အချိန်မရတောင်မှ အခု လောလောဆယ်တော့ ငါ ထပ်မခွဲချင်သေးဘူး။ ငါ့စိတ်ကို သက်သာအောင်၊ အေးသွားအောင်လုပ်ရဦးမယ်။

ဒီအစမ်းခွဲစိတ်ခန်းကတော့ ငါ့အကြိုက်ပဲ၊ နောက်ဆုံး ငါ့အကြိုက်ပါပဲလေ။ ငါ့ဘဝမှာအနုပညာ ကဗျာစာပေ၊ မိန်းမ ချောလှလှလေးတွေ၊ ခွဲစိတ်မှုတွေ၊ မော်တော်ကားတွေနဲ့ နောက်ဆုံး ငါ့သမီးလေးအထိ တချိန်ချိန်မှာ တလှည့်စီ အရူး အမူးကြိုက်ခဲ့လိုက်ခဲ့မိဖူးပါရဲ့။ အခုတော့လဲ ငါ့အသက်က ကြီး လာပြီး၊ ဇရာထောင့်လာတော့ အသေဖြောင့်ချင်လာပြီလေ။ ငါ့စိတ်ထဲမှာ အခုနောက်ဆုံး ဖြစ်ပေါ်နေတဲ့ ဆန္ဒကတော့ ငါမသေခင် လူ့ဘဝရဲ့ အဓိပ္ပာယ်၊ လူ့ဘဝဆိုတာ ဘာလဲ ဆိုတာကို သိသွားချင်တာပါပဲ။ အင်း....လူ့လောကမှာ လူ တွေဟာ ကြီးကြီးငယ်ငယ် အရွယ်မရွေး နပူးကချွေး ခြေမကျ အောင်လုပ်မှ အသက်ရှင်ကြရတာပါလား။ တဝမ်းတခါးလှု ကြတာပါလား။ ငါ့အဖို့တော့ လူ့လောကကြီးတခုလုံးဟာ ရောမလူကြီးတယောက်ဟာအနှောင်အဖွဲ့ကလွတ်အောင်လူးလှိမ့်ရုန်းကန်နေရသလိုပါပဲ။ ဘယ်တော့မှလဲဒီအနှောင်အဖွဲ့က မလွတ် ဘူးလေ။ အချိန်မရွေး ဒီအနှောင်အဖွဲ့က တုတ်ဆိုင်းလိုက်ယင် ပြန်ကျသွား၊ ဝပ်သွားရတာပါပဲ။ ဒီအနှောင်အဖွဲ့ဟာရော ဘာလဲ။ သေခြင်းတရား၊ အနိစ္စတရားပေါ့။ ဒါကိုသိလို့လူတွေကို သတိပေးချင်၊ ကူညီချင်ပါရဲ့။ အင်း....ဘယ်သူတွေကို ရွေးကုရ၊ ဘယ်လိုကုရပါ့မလဲ။ ဒါကလဲပြဿနာ။



ငါ့ စမ်းသပ်ခွဲစိတ်ခန်းကတော့ သိပ်ကြီးကြီးကျယ်ကျယ် မမှန်းပါဘူးလေ။ ငါမျှော်မှန်းတာကတော့ ငါခွဲတဲ့လူနာတွေ မှာ အသေအပျောက်နည်းအောင် လုပ်ဖို့လောက်ပါပဲ။

ဒီလိုစမ်းသပ်ခွဲစိတ်နိုင်ဖို့ တိုဆေးရုံအုပ်ကြီးက အဆောက် အအုံကလေးတခုရယ်၊ သုတေသီအချို့ရယ်ပေးပါတယ်။ စပြီး အလုပ်လုပ်ဖို့ တိုမှာ အလုပ်ရုံကလေးတခု၊ အင်ဂျင်နီယာတွေ၊ လက်သမားတွေနဲ့ပေါ့။ ပြီးတော့ ဇီဝဗေဒပညာရှင် တချို့ရယ်၊ သုတေသနလက်ထောက် အချို့ရယ်ပေါ့။ သူတို့တတွေဟာ အလုပ်ကို ကျွမ်းကျင်သေးတာတော့မဟုတ်ဘူး။ ဒါပေမယ့် သူတို့ရဲ့ တက်ကြွဖျတ်လတ်မှု၊ ပျိုမျစ်မှုက ငါ့ကို ကြည်နူးစေ၊ အားတက်စေပါတယ်။

ငါလုပ်ချင်တာ စိတ်ဝင်စားတာကတော့ လူတယောက်ရဲ့ ကိုယ်ထဲကို အလိုလိုသွေးလှည့်စေနိုင်တဲ့ ရိုးရိုးနှလုံးနဲ့ အဆုတ်ရဲ့ အစား အလုပ်လုပ်နိုင်တဲ့ စက်တခုတီထွင်ဖို့ပဲ။ နှလုံးတုစက်၊ ဒါမှ မဟုတ် နှလုံးအဆုတ်တုစက်လို့ခေါ်တဲ့ စက်ပေါ့။ ဒီစက်က ငါ့ အတွက် သိပ်အရေးကြီးတယ်လေ။ ဒီစက်ဟာအခု မိနစ် ၄၀ လောက်ပဲ ဖွင့်လို့လုပ်လို့ရတယ်။ နှလုံးခွဲစိတ်မှုတခုက ၄-၅ နာရီ

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံးကြာတော့ သိပ်မဟန်သေးဘူး။ မိနစ် ၄၀ ထက်ကြာအောင်လုပ်နိုင်မှ၊ အချိန်ကြာကြာလုပ်နိုင်မှ နှလုံးခွဲယင်သုံးလို့ရမှာ။ ဒီတော့ အဲဒီစက်ကိုငါလိုချင်သလို ရအောင်လုပ်ဖို့က အခု ငါ့မှာ အရေးအကြီးဆုံးကိစ္စ ဖြစ်နေတယ်လေ။

စက်ကို တိုးတက်အောင် လုပ်ရာမှာ ပထမရင်ဆိုင်ရမှာက သွေးနီဥတွေကြေကွဲကုန်တာပဲ။ သွေးနီဥတွေကွဲကုန်ယင် သွေးတွေဟာအဆိပ်ဖြစ်ပြီး ခွဲစိတ်မှုကိုပျက်စီးစေတော့တာပဲ။ ဒါကိုပျောက်အောင် တို့ပထမလုပ်ကြရမယ်။ တီထွင်ကြရမယ်။

ဒီစက်ကို ပထမဆုံးစသုံးနိုင်အောင် တပ်ဆင်ပေးကြတာကတော့ ဖေအောင်ရယ်၊ မြင့်ဟန်ရယ်၊ အုန်းလှိုင်ရယ်ပဲ။ ဖေအောင်နဲ့မြင့်ဟန်က အင်ဂျင်နီယာ၊ အုန်းလှိုင်ကတော့ ဆရာဝန်ပဲ၊ သူတို့သုံးယောက်စလုံးဟာ စက်မှုလက်မှုမှာ ဝါသနာလဲပါကြ၊ တော်လဲတော်ကြပါပေရဲ့။ အလုပ်လုပ်တော့လဲ နှစ်ကိုယ့်တစိတ်၊ သူတို့တွေကြောင့် ဒီစက်ကို ငါဟောင်းကောင်း အသုံးပြုနိုင်ခဲ့တယ်။ ရိုးရိုးနှလုံးခွဲကုတာလောက်အတွက်တော့ ဒီစက်ဟာ သိပ်ကောင်းတာပေါ့။ သွေးလဲတပုလင်းခွဲပဲ လိုတယ်။ တခြားစက်ကြီးတွေလို ၆ ပုလင်း၊ ၇ပုလင်းမလိုဘူး။ ဒါကိုပဲ ငါတို့မှာ ကျေနပ်လို့။

ဒါပေမယ့် ဒီစက်ချတ်ယွင်းချက်ကတော့ ရှိတာပါပဲ။ သွေးဥကွဲတာလေ။ ဒီစက်ကိုအသုံးပြုယင် တောက်လျှောက် မိနစ် ၄၀ထက် ပိုသုံးလို့မရဘူး။ ပိုထားနဲ့ သွေးဥတွေကွဲကုန်တာပဲ။ ဒီတော့ ငါ့မှာဒီစက်ကိုအသုံးပြုပြီးခွဲမယ်ဆိုယင်အချိန်ကိုလုခွဲနေရတာချည်း။ ဘယ်တော့မှ အေးအေးသက်သာ စိတ်ဖြောင့်လက်



ဖြောင့်ခွဲလို့မရဘူး။ ဒါကြောင့်လဲ အချိန်ကြာကြာခွဲရတဲ့လူနာတွေဟာ မျှော်လင့်ချက် နည်းနည်းသွားတာပေါ့။ ဒီတော့ ငါ့အနေနဲ့အချိန်ကြာကြာသုံးနိုင်မယ့် စက်ကိုလိုချင်တယ်။ အသစ်ထပ်ဝယ်လို့တော့ရပါရဲ့။ ဘယ်မှာလဲပိုက်ဆံ။ ဒီစက်တောင်မှ ၄-၅သောင်းကျနေပြီ။ ဒီထက်ကြီးမားတဲ့စက်ဆိုယင်အလိုလေး။ ဒီတော့ ငါဘာလုပ်ရမလဲ။ စက်ဆရာတွေကို အချိန်ကြာကြာသုံးနိုင်အောင် ပြင်ပေးကြစမ်းပါ၊ တီထွင်ပေးကြစမ်းပါလို့ပဲ အမြဲတိုက်တွန်းနေရတာပေါ့။ သူတို့တတွေလဲ ကြိုးစားကြဆနေကြပါရဲ့၊ ခေါင်းကုပ်ကြတုန်းပဲလေ။

တလောကတော့ အမေရိကန်ကပြန်လာတဲ့ အင်ဂျင်နီယာ တယောက် တို့ဆီရောက်လာတယ်။ ရိုးရိုးအင်ဂျင်နီယာမဟုတ်ဘူး၊ ဇီဝအင်ဂျင်နီယာတဲ့။ အတော်ပဲ ငါလဲသူ့ကိုစက်ကိုပြလိုက်တယ်။ သူကလဲ သိပ်စိတ်ဝင်စားသွားပြီး ငါနဲ့ လာတွဲလုပ်မယ်လို့ ကတိပေးရှာတယ်။ သူကလဲဆေးတက္ကသိုလ် (၂) မှာတာဝန်ကျတော့ အတော်ပဲပေါ့လေ။ သူ့ခမျာဇီဝအင်ဂျင်နီယာကြီးသာဆိုရှာတယ်။ ပါရဂူဘွဲ့ကြီးသာ ရရှိလာတယ်၊ အလုပ်လုပ်ယင် စွပ်ကျယ်လက်ပြတ်နဲ့၊ မျက်နှာမှာလဲ ဆီချေးတွေပေလို့။ လက်အောက် အလုပ်သမားတွေနဲ့ တရှုန်းရှုန်းပဲ။ အင်း....ဇီဇာမကြောင်၊ ကိန်းကြီး ခန်းကြီး မနိုင်ရှာဘူး။ ဒီလိုလူငယ်မျိုးလေးတွေကို ငါတော့ သိပ်သဘောကျတာအမှန်ပဲ။

အခု ငါနဲ့ သူနဲ့ စက်ရှေ့မှာ တွေ့ကြပြီလေ။ သူ့နာမည်က တင်မောင်စောတဲ့။ 'ဟော့....တင်မောင်စော၊ စက်အခြေအနေ ဘယ်လိုလဲကွာ၊ ငါလိုချင်တာရပါ့မလား'၊ 'ဆရာကြီးက သိပ်

www.burmeseclassic.com



လောတာကို ဆရာကြီးရဲ့၊ အခုထိတော့ ကျွန်တော် ဘာမှ အတိအကျ မပြောနိုင်သေးပါဘူး၊ ဘာမှ မပြီးသေးဘူး ဆရာကြီးရဲ့'၊

'ဘာမှမပြီးသေးလဲ မင်းတို့ ဘာလုပ်ပေးနိုင်မယ်ဆိုတာ မပြောနိုင်ဘူးလားကွာ၊ ငါ့မှာလဲ ခွဲစရာတွေ အများချည်းရှိသေးတယ်၊ သိပ်အချိန်မရဘူး'။ 'ဒီလိုဆိုယင်လဲ ပြောပြရတာပေါ့ ဆရာကြီး၊ ကျွန်တော့်အထင်တော့ စက်မှာ သွေးဥတွေ ကွဲနှုန်းများတာက စက်မှာရှိတဲ့ ပြွန်ပိုက်တွေမှာ လှိုင်းထတာများလို့ပါပဲ၊ ဒီတော့ လှိုင်းမထအောင် အရည်တွေစီးဆင်းပုံကို ကျွန်တော် သေသေချာချာ ထပ်လေ့လာရပါမယ်။ နောက်တခုက စက်ထဲမှာရှိတဲ့ တလိမ့်တုံးဖိအားက များလွန်းလို့ သွေးဥတွေသိပ်ကွဲတာဖြစ်မယ် ဆရာကြီး၊ ဒီတော့ အဲဒါတွေမဖြစ်အောင်၊ နောက်ပြီး စက်ထဲမှာ ရှိတဲ့ လှုပ်ရှားတဲ့ အစိတ်အပိုင်းမှန်သမျှကို သွေးရောက်အောင် လုပ်ပေးဖို့ လိုပါလိမ့်မယ်'

'ဒီလိုလားကွာ၊ ငါအမေရိကန်ဂျာနယ်တွေဖတ်ကြည့်တော့ ဖိအားများတာနဲ့ သွေးဥမကွဲဘူးဆို'

'ဒါတော့ဆရာကြီး၊ စက်အမျိုးအစားက ကွာသေးတာကိုး၊ ဘာပဲဖြစ်ဖြစ် စက်တခုလုံးကို ကျွန်တော်တို့ ပြန်ဖြုတ်၊ ပြန်ကြည့်ရမယ်။ ဟဲ ဟဲ မှန်တာပြောရယင် ဆရာကြီးအလုပ်ရုံမှာ စက်ပစ္စည်းစမ်းတာက သိပ်စနစ်မကျသေးဘူးဆရာကြီးရဲ့၊ တိုင်းထွာတာတွေက သိပ်မတိကျဘူး၊ လုပ်တာကိုင်တာက မမှန်ဘူး၊ တချို့က ဒီလိုတိကျမှု အရမ်းလိုတဲ့ စက်ပစ္စည်းတွေ မကိုင်တတ်သေးဘူး ဆရာကြီးရဲ့ ဟဲ ဟဲ၊ စိတ်တော့မရှိနဲ့နော် ဆရာကြီး'

'တကယ်ပဲလားကွာ'



'တကယ်ပါဆရာကြီး၊ ဆရာကြီးအနေနဲ့ စမ်းသပ်ခွဲစိတ်မှုကို လေးလေးနက်နက်ထားယင် အားလုံး အောင်မြင်စေချင်ယင် ဒီအလုပ်ရုံကိုလဲစည်းကမ်းရှိအောင်၊ မကျွမ်းကျင်တာ ကျွမ်းကျင်အောင် လုပ်ပေးရပါမယ် ဆရာကြီး၊ ဆရာကြီးကသာ အမိန့်ပေးလိုက်ပါ၊ ကျန်တာကို ကျွန်တော်အကုန်လုပ်ပေးပါမယ်'

ဒါကိုကြားရတော့ ငါဖြင့် သိပ်အံ့ဩသွားတာပဲ။ အယင်ကတည်းက ငါတို့ဇီဝဗေဒပညာရှင်တွေ၊ ဇီဝဓာတုဗေဒပညာရှင်တွေဟာ ဒီစက်ကိုအသုံးပြုပြီး သွေးဥကြေကွဲမှုကို လေ့လာခဲ့ကြတာပဲ။ အခုလို စည်းစနစ်မရှိဘူးလို့မပြောခဲ့ကြပါဘူး။

ငါစဉ်းစားနေရတယ်။ ဒီအလုပ်ရုံမှူးအင်ဂျင်နီယာဖေအောင်ဟာလဲ အမေရိကန်ပြန်ပဲ။ တခြားသူတွေလဲ နိုင်ငံခြားကသာပြန်မလာကြတာ။ ဒီအလုပ်လုပ်နေတာတော့ ကြာလှပြီ။ သူတို့တတွေဟာ ငါတို့ဆရာဝန်တွေနဲ့အတူ ဒီစက်နဲ့ ပတ်သက်လာယင် ဒိုးတူပေါင်ဖက် လုပ်လာကြ၊ အောင်မြင်မှုတွေ ဆုံးရှုံးမှုတွေကို အတူတွဲ ခံစားခဲ့ရတာ ကြာပါပြီ။ အင်း....အခုတော့ နောက်မှပေါ်တဲ့ ရွှေကြာပင်က သူတို့တွေလုပ်တာ အားလုံး မကောင်းဘူးတဲ့။ ငါဘာလုပ်ရမလဲ။ ဒီရွှေကြာပင်ကိုပဲ အရေးထားရမလား။

ဒီလိုစဉ်းစားနေတုန်း ငိုသံကြားရတယ် 'တအီးအီး'နဲ့။

အင်း....ဒီလိုငိုသံကြားရော ငါ့စိတ်တွေလဲ ချောက်ချားကုန်ရော။ 'ကမ္ဘာကြီးဟာ ချာချာလည်နေသလိုပဲ။ ငါ့ရှေ့ကရွှေကြာပင်တွေလဲ ကျိုးပဲ့ ညွတ်ကွေးလာသလို။ ငါ့ရင်ထဲမှာ တမျိုးဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အို...ဆေးပညာကို စိတ်ကုန်ပါပြီ။ ဒီသွေးဥကွဲတဲ့ ကိစ္စလဲ စိတ်ကုန်ပါပြီ။ ဒါတွေကို ငါ သည်းမခံနိုင်တော့ဘူး။ လွတ်ရာကျွတ်ရာကို ငါပြေးချင်လှပြီ။ ပြေး...ပြေး၊ ငါ့ရုံးခန်းထဲဝင်ပြီး ပုန်းနေရမလား။ ပြတင်းပေါက်တွေပိတ်၊ နောက်ပျောက်ကွယ်သွား၊ ဘယ်လောက် စိတ်အေးရမလဲ။

'ငါသွားတော့မယ် တင်မောင်စော၊ ဖေအောင့်ကိုပါ ပြောလိုက်မယ်၊ မင်းလုပ်ချင်တာ လုပ်ပါစေလို့၊ တကယ်လို့ သူ မကျေနပ်တာရှိယင် ငါ့ဆီသာ တိုက်ရိုက်လာပြောပါလို့'

ဒီလိုနဲ့ စမ်းသပ်ခန်း နှစ်ခုကိုဖြတ်ပြီး ငါလျှောက်ထွက်ခဲ့တယ်။ တယောက်မှ ငါ့ကိုမကြည့်ကြဘူး။ ငါဟာမကြည့်သင့်တဲ့ လူပဲလေ။

ဟော မြက်ခင်းကိုဖြတ်ပြီးသွားရတယ်။ ရင်ခွဲရုံဘက်က ငိုသံဟာ ပိုကျယ်လာသလိုပဲ။ မြက်ခင်းထဲမှာ လမ်းလျှောက်နေကြတဲ့ လူမမာတွေကလဲ ငါ့ကို ရှဲသွားကြတယ်။ ငါနဲ့ ရင်ဆိုင်ရမှာ သူတို့ကြောက်နေကြတယ် ထင်ပါရဲ့။ အင်း...အခုနေများငါက ခွဲစိတ်မယ်ဆိုယင် ဒီလူနာတွေဟာ ဘယ့်နှယ်နေကြမလဲ။ အခွဲခံရမှာ ကြောက်နေကြမှာပါပဲလေ။

ဆေးရုံအဝင် တံခါးဝမှာတော့ ဆေးရုံကို လူနာကလေးတွေရဲ့ မိခင်တွေဟာ စီတန်းပြီး ထိုင်နေကြတယ်။ သူတို့တတွေဟာ ဆေးရုံဝင်းထဲမှာ ဘာဖြစ်နေတယ်ဆိုတာ သိပြီးကြပြီထင်ပါရဲ့။ ရင်ခွဲရုံက ငိုသံကိုလဲ သူတို့ကြားနေကြတာပဲ။ သူတို့တတွေအဖို့တော့ ဘာဝတ္ထုမိဘတွေပဲ။ ရင်နာကြ စာနာကြမှာပေါ့။ ငါ့အဖို့



တော့ သူတို့ငိုင်းကြည့်တာကို မခံနိုင်သလိုပဲ။ စိတ်ထဲက အော်လိုက်ချင်တယ်။

'တော်ပြီ၊တော်ပြီ၊ မင်းတို့ကလေးတွေ မင်းတို့ပြန်ခေါ်သွားကြလို့၊ ငါ့ဘဝမှာ ငါ့အစွမ်းဟာ ဆုံးခန်းရောက်ပြီဆိုတာ မသိဘူးလားလို့'

ငိုသံဟာ ပိုကျယ်လာတယ်ထင်ရတယ်။ ခွေးအူသလိုပဲ မဆုံးနိုင်ဘူးထင်ပါရဲ့။ ဒါနဲ့ ငါလဲ ရင်ခွဲရုံဘက်ကို လှမ်းကြည့်မိပြန်တယ်။ ရင်ခွဲရုံနားမှာ အသုဘကား ဆိုက်နေပြီ။ ခေါင်းကိုလဲ တင်ပြီးနေပြီ။ မိန်းမကြီးတယောက်က ခေါင်းကိုဖက်ပြီးငိုလို့။ သူ့အမေပဲထင်ပါရဲ့။ အလကားမိန်းမကြီး။

နောက်ဆုံးတော့ ငါ့အခန်းထဲကို ငါပြန်ရောက်လာတယ်။

ဒါပေမယ့် ငိုသံတော့ ကြားရတုန်းပဲ။ ဘာပဲဖြစ်ဖြစ် ထိုင်ဖြီး ငါအလုပ်လုပ်ရမယ်။ စိတ်အေးအေးထားပြီးပေါ့။ တတ်နိုင်ယင်လေ။

ဒါပေမယ့် မရပါဘူး။ တစုံတယောက်ဟာ တံခါးကို ခေါက်ပြီး ငါ့အခန်းထဲကို တန်းဝင်လာပြန်ပြီ။

'ဆရာကြီး ကျွန်မဘာလုပ်ရမယ်ဆိုတာ ပြောပါဦး ဆရာကြီးရယ်၊ ကျွန်မတော့ ခွဲမှာကို သိပ်ကြောက်နေပြီ၊ ဒီတခါသာ ထပ်ခွဲရယင် ကျွန်မသမီးကလေး ရှင်မှာမဟုတ်ပါဘူး'တဲ့။

လာပြန်ပြီ။ ငါဘာပြန်ပြောရမလဲ။ ငါဟာ ဘုရားလဲမဟုတ်၊ သိကြားလဲ မဟုတ်ပါဘူး။ မှန်ပါရဲ့၊ ဒီတခါခွဲယင် သူ့သမီး

www.burmeseclassic.com



ရှင်ချင်မှရှင်မှာ။ ဒါပေမယ့် ဒီစိတ်ညစ်စရာ၊ စိတ်လှုပ်စရာတွေကြားမှာ ငါ ဘာကြောင့် အသက်ရှင်နေရတာလဲ။

ဒီမိန်းမကို ငါ သိပါတယ်။ သူဟာ အရွယ်ကောင်း၊ တော်တော်လဲ လှပါရဲ့။ အခုတော့လဲ သူ့ရုပ်ဟာ ကျသွားလိုက်တာ မကြည့်ရက်စရာပဲ။ သူ့ယောကျ်ားကတော့ သူ့ထက် ကြီးရှာတယ်။ လူရိုးလူအေးကြီး။ သူတို့မှာမာယာဆိုတဲ့ သမီးကလေးတယောက်ရှိတယ်။ အရုပ်ရှည်ရှည်၊ ချစ်စရာကလေးမလေး။ လွန်ခဲ့တဲ့ ၃လလောက်က ငါ့လက်ထောက် ရီရီမြဟာ ဒီကလေးမလေးကိုခွဲစိတ်ကုပေးခဲ့တယ်။ နှလုံးကထွက်လာတဲ့ အဓိကသွေးလွှတ်ကြောမကြီးနဲ့ အဆုတ်သွေးလွှတ်ကြောကိုဆက်တဲ့ပြွန်ကို ချည်ပေးတဲ့ခွဲစိတ်မှု ကုသမှုပဲ။ ဒီပြွန်ဟာ မမွေးမီတုန်းကတော့ ကလေးရဲ့အသက်ရှင်မှုအတွက် ပွင့်နေရတယ်။ မွေးပြီးယင်တော့ ပိတ်သွားရတယ်။ တကယ်လို့ မွေးပြီးမှ ပြန်ပိတ်မသွားယင် ရင်ကိုဖွင့်ပြီး ခွဲစိတ်ချည်နှောင်ပေးရတာပဲ။ ဒီခွဲစိတ်မှုဟာ နှလုံးခွဲစိတ်မှုမှာတော့ အလွယ်ဆုံးပေါ့။ ငါတို့ဆေးရုံမှာ ဒါမျိုးလုပ်ပေးနေတာ ရာကျော်နေပြီ။ တယောက်ပဲခွဲလို့ သေဖူးပါရဲ့၊ ဒီလောက်လွယ်တာ။ ဒါတောင် သူ့သမီးကို ခွဲတုန်းက ငါကိုယ်တိုင်ခွဲပေးဖို့ ငါ့လက်ထောက်တွေက ပြောကြသေးတယ်။ အဲဒီလိုပြောယင် ငါ သိပ်ဒေါပွတာပဲ။ ငါချည်းခွဲနေယင် ငါ့လက်ထောက်တွေ၊ ဆရာဝန်လေးတွေ ဘယ်မှာ လက်တွေ့၊ အတွေ့အကြုံရှိပါတော့မလဲ။

ခွဲစိတ်မှုဟာ အထစ်အငေါ့ မရှိပါဘူး။ ပွင့်နေတဲ့ပြွန်ကို ရှာမှီဘာ အထူးမှာယူထားတဲ့ တန်တာလမ်ဝိုင်ယာကြိုးတွေနဲ့ကို



ချည်ပေးခဲ့တာပဲ။ ဒါပေမယ့် ခွဲပြီးမှ မဖြစ်သင့်တာကလေးတွေ ဖြစ်ခဲ့သေးတယ်။ ငါ့မှာ တခြားအရေးကြီးတဲ့ လူနာတွေကလဲ ရှိနေတော့ အလျင်စလို လုပ်လိုက်မိလို့ပဲ။

ဖြစ်ပုံကတော့ ဒီလို....။

ခွဲနေတုန်းမှာပဲ အဆုတ်တဘက်ဟာ ညိုမည်းပွရောင်လာတယ်။ တိုကတော့ သွေးခဲလို့၊ သွေးကြောတွေပိတ်၊ လေပြွန်ပိတ်လို့ ဖြစ်တယ်ထင်ပြီး ပေါ့ပေါ့ဆဆကုကြတာပေါ့။ ထင်တဲ့အတိုင်းပဲ လေပြွန်မှာ ပိုက်တပ်ပြီး ပိတ်နေတဲ့ သွေးခဲတွေကို ခွဲထုတ်ကြတယ်။ ဒါပေမယ့် မရဘူး၊ ကြာတော့ အဆုတ်ဟာ ပုပ်လိုက်လာပြီး၊ ပြည်ဘည်ပါလေ‌ရော။ အဆုတ်မှာ ပြည်တည်အနာဖြစ်ဘာပေါ့လေ။ ပြည်ကိုတော့ ရင်ခေါင်းအပြင်က အပ်ထိုးပြီး ထုတ်ပစ်တယ်။ တခါမက အခါခါထုတ်ပစ်တယ်။ ပဋိဇီဝဆေးတွေလဲ တိုက်ရတယ်။ ဒီလိုနဲ့ သုံးပတ်လောက်ကြာတော့ လူနာမာရဲ့ အခြေအနေဟာ ပြန်ကောင်းလာတယ်။ အဆုတ်ပြည်ဘည်အနာလဲ ပျောက်သွားရော၊ ဒါနဲ့ ကလေးမလေးကို ဆေးရုံက ဆင်းခွင့်ပေးလိုက်တယ်။

ဒါပေမယ့် ဆေးရုံကဆင်းပြီး နောက်တနေ့ပဲ သူ့အမေဟာ မျက်ကလဲဆန်ပျာနဲ့ တို့ဆီပြန်ပြေးလာတယ်။ သူ့သမီး သွေးအန်လို့တဲ့။ တိတိကျကျဆိုရယင် ချောင်းဆိုးယင် သွေးပါတာပေါ့လေ။ တို့လဲ ပျာယီးပျာယာနဲ့ ဓာတ်မှန်အကြိမ်ကြိမ်ရိုက်၊ အဆုတ်နှလုံးကို အကြိမ်ကြိမ်စမ်းသပ်ကြည့်ကြတယ်။ ဒါပေမယ့် ဘာမှမတွေ့ရဘူး။ ဒါကြောင့် ဘာမှပူစရာမရှိပါဘူးဆိုပြီး သူ့အမေကို

www.burmeseclassic.com

www.burmeseclassic.com



တို့ကပြောပြကြ၊နှစ်သိမ့်ကြတယ်။အဆုတ်အနာဖြစ်ပြီး ဖြစ်တတ်တာမျိုးပါဆိုပြီး မကြာခင် ပျောက်သွားမယ်ဆိုပြီးပေါ့လေ။

ဒါပေမယ့် ပျောက်မသွားဘူး။

လွန်ခဲ့တဲ့ သုံးရက်လောက်ကတော့ ကလေးမကို သွေးအကြီးအကျယ် အန်တာနဲ့ ဆေးရုံကို ပြန်တင်ရတယ်။ ညကဆို နှစ်ခါတောင် ထပ်အန်သေးရဲ့။ ဟေမိုဂလိုဘင် (သွေးနီဥတွင်းရှိ အောက်စီဂျင် သယ်ဆောင်ဓာတ်)ကလဲ ၅၀ ရာနှုန်းပဲ ရှိတော့တယ်။ ဒါနဲ့ငါကိုယ်တိုင်ဓာတ်မှန်ခန်းမှာ ကလေးမကို စမ်းသပ်တော့ ဗယ်ဘက်အဆုတ်ရဲ့ အထက်ခြမ်းတခုလုံးဟာ ပုပ်နေတာတွေ့ရတယ်။

တို့ထင်တာကတော့ သွေးထွက်တာဟာ အဆုတ်ကလာတာပဲလို့၊ ဘာဖြစ်လို့ဆိုယင် အဆုတ်ရဲ့ပြည်တည်နာဟာ မကျက်သေးပဲ တခြားရောဂါတွေလဲ ဝင်လာတော့ နီးရာသွေးလွှတ်ကြော အချို့ဟာ ပေါက်ကွဲကုန်တယ်လို့ ထင်မိတယ်လေ၊အင်း–အေအိုတာ သွေးလွှတ်ကြောမကြီးတောင် ဖြစ်နိုင်ရဲ့၊ဘာကြောင့်လဲ ဆိုယင် သွေးထွက်တာက တရဟော။ ဒီအတိုင်းသာဆိုယင် မကြာခင် သေမှာပဲ။ တခုပဲတတ်နိုင်တော့တယ်။ရင်ခွဲပြီး သွေးထွက်တဲ့ နေရာကိုပိတ်ဖို့ပဲ။ တစက္ကန့်မဆိုင်း ခွဲနိုင်ပိတ်နိုင်မှ အသက်ရှင်မှာပဲ။

ဒါနဲ့ တို့ကလေးမကို အရေးပေါ်ခွဲဖို့၊ မနေ့တနေ့ကပဲ စီစဉ်ကြတယ်။ ဒါပေမယ့် မိဘတွေက သဘောမတူကြဘူး၊ မနေ့က အထိပဲလေ။



ဟော အခုတော့ ကြည့်ပါဦး၊သူ့အမေက ငါ့အခန်းထဲမှာ၊ သူ့အဖေကတော့ငါ့အခန်းအပြင်ဘက် ကလေးလူနာခန်းနားက ထိုင်ခုံတခုပေါ်မှာ ထိုင်လို့။

ဒီအမေကို ငါဘယ်လိုလုပ်ကြည့်ရပါ့မလဲ။ 'ဒီမှာ၊မင်း သမီးဟာ ခွဲစိတ်ကုသဖို့ လိုတယ်။ မခွဲယင်တော့ လုံးဝမျှော်လင့်ချက်မရှိတော့ဘူး၊ ခွဲတော့ကော၊ မှန်ပါတယ်၊ အန္တရာယ်များတာအမှန်ပဲ၊ ဒါပေမယ့် မျှော်လင့်ချက် ရှိသေးတယ်'

သူ ဘာပြောရမလဲ မသိဘူး၊ ရှိုက်နေတယ်။ပြီးမှ....

'ဘာကြောင့် ကျွန်မသမီးကလေးမှ ရွေးကံဆိုးရတာလဲ၊ ဒါလဲ ဆရာကြီးကိုယ်တိုင် မခွဲလို့ပါ၊ ကျွန်မကလေး ကံဆိုးပါတယ်လေ၊ အီး–အီး'ဆိုပြီး ငိုပြန်ရော။

'ဒီမှာ မာယာရဲ့အမေ၊ ကျုပ်ခွဲလဲ သိပ်ထူးခြားမှာ မဟုတ်ဘူး၊ ဒီခွဲစိတ်မှုဟာ လုပ်နေကျ ရိုးရိုးခွဲစိတ်မှုကလေး၊ ကျုန်တဲ့ ဆရာဝန်တွေလဲ အကုန်တတ်တာပဲ၊ သူတို့ခွဲတာလဲ အားလုံးအမှန်ပဲ၊ ဒါပေမယ့် ခွဲပြီး ဘာဝင်နှောင့်မယ်ဆိုတာ ဘယ်သူမှ ကြိုတင် မပြောနိုင်ဘူး၊ ဒီလိုပဲ ဖြစ်တတ်တာပဲလို့' ငါက ပြန်ပြောလိုက်ရတယ်။ ဒီလိုပြောတော့ ငါ့အသံ ငါ့မျက်နှာတွေဟာ ခပ်တည်တည်နဲ့ စစ်ဗိုလ်သံ စစ်ဗိုလ်ဂိုက်၊ ဘုန်းကြီးသံ ဘုန်းကြီးဂိုက်ပေါက်လို့။တကယ်တော့ ငါ့ရင်ထဲမှာ အပြင်ပန်းမာကျောသလို၊ တည်သလို မနေပါဘူး။ ငါလေ ကလေးအမေကို စိတ်အေးသွားအောင် ဖျောင်းဖျချင်ပါရဲ့။ သူ့မျက်ရည်တွေကို ငါ့လက်ကိုင်ပဝါနဲ့တောင် သုတ်ပေးချင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ငါကိုယ်တိုင်လဲ သူနဲ့အတူ ရောငိုချင်ပါရဲ့။ ဒါပေမယ့် ငါ့ခံစားချက်နောက်ကို ငါ့အသိ မလိုက်နိုင်ဘူးလေ။ ငါဟာ ဆရာဝန်တဦး၊ ဆေးသိပ္ပံပညာရှင်တဦး မဟုတ်လား။ အင်း ငါ နေရထိုင်ရတာ ကျပ်တည်းလိုက်တာ။

'ဆရာကြီးရယ်၊ကျွန်မသမီးကလေးကို ကယ်ပါဦး၊ဆရာကြီးကိုပဲ ကျွန်မတို့ အားကိုးစရာ ရှိပါတော့တယ်၊ ဆရာကြီးကိုယ်တိုင်ပဲ ခွဲပေးပါနော်၊ ဆရာကြီး ကျွန်မတို့ကို သနားပါ ဆရာကြီးရယ်'

အင်းသူကပြောဖို့တောင်မလိုပါဘူး။ ဘာပဲဖြစ် ဒီတခါ ငါကိုယ်တိုင်ခွဲတော့မယ်လို့၊ ငါစိတ်ပိုင်းဖြတ်ပြီးပြီပဲ။ ဒါနဲ့ ငါလဲ ငါကိုယ်တိုင်ခွဲပေးမယ်လို့ပြောလိုက်တယ်။သူ့ခမျာငါ့ကို ကျေးဇူးတင်လို့မဆုံးတော့ဘူး။ဒါနဲ့သူလဲငါ့အခန်းထဲက ထွက်သွားဖို့ဟန်ပြင်လိုက်တယ်။ နောက်တံခါးကိုဖွင့်မလို့ကိုင်ယင်း၊ ငါ့ဘက်ကို လှည့်ကြည့်လိုက်တယ်။ သူ့ကြည့်ရတာ အသက်မရှိသလိုပဲ၊ ပြီးမှ။

'ဆရာကြီး ကျွန်မပြောတာဆိုတာတွေ ဗွေမယူပါနဲ့နော်။ ကျွန်မပူလွန်းလို့ ပြောမိပြောရာ ပြောမိတာပါဆရာကြီး။ကျွန်မကို ခွင့်လွှတ်ပါ ဆရာကြီးရယ်'လို့ အသံတိမ်တိမ်နဲ့ ပြောရှာတယ်။

'အိုခွင့်လွှတ်ပါ'တဲ့၊ ဘာကိုခွင့်လွှတ်ရမလဲ။ လူ့ရဲ့စိတ်ဟာ အဆန်းကြယ်သားကလား။ သူ့တောင်းပန်ချက်နဲ့ ကိုက်အောင် ငါဘာလုပ်ပေးရပါ့မလဲ။ ငါ့ခွဲရမယ့် ခွဲစိတ်မှုကလဲ အန္တရာယ်



များပါဘိ။ မာယာဟာ ခွဲစိတ်ခုံပေါ်မှာပဲ သေသွားနိုင်တယ်။ အဲဒီလိုဆိုယင် သူ့အမေကို ငါဘာ့ယ်လိုပြောရပါ့။ ပြီး ဖြစ်နိုင်တာက ငါဟာတခုခု မှားလုပ်မိမယ်။ ဟုတ်တယ်၊ ခွဲစိတ်တဲ့ ဆရာဝန်တယောက်ဟာ လူနာတယောက်ကို ခွဲစိတ်နေတုန်း လူနာရဲ့အသက်ကို ထိပါးစေနိုင်တဲ့ အမှားအယွင်းတခုခုကို မလုပ်မိဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ဖြစ်တတ်တာတွေပဲ။ အဲဒီလိုဆိုယင် ငါဘာပြောရမလဲ။

ဆေးသိပ္ပံပညာဆိုတာ အားလုံးကို တတ်နိုင် ကယ်နိုင်တာ မဟုတ်ဘူး။ လူနာရဲ့ ကံကလဲရှိသေးတယ်။ ဒီလိုပဲ တွက်ရမှာပဲလေ၊ အခုလိုဖြစ်ပွားတာအတွက်တော့ တရားနဲ့ဖြေပေတော့လို့ပဲပြောရမလား။ ကိုယ့်မှာအပြစ်မရှိသလို ကိုယ်လုပ်တာမှန်လျက်နဲ့ ကံမဖက်လို့ တိမ်းပါးရတယ်လို့။ 'အင်း-တရားနဲ့ဖြေရမယ်၊ ဟုတ်စ' ဘယ်လိုဖြေရမလဲ။ ရယ်စရာကောင်းတာကတော့ ဒီခွဲစိတ်မှုတွေကို ငါဟာလုပ်ဖို့မလိုပဲ လျှောက်လုပ်နေတာပဲ။ ဒီခွဲစိတ်မှုမျိုးတွေ အများကြီးပဲ၊ ငါလုပ်ခဲ့ဖူးပြီ။ အခု လုပ်နေတာကလဲ ငွေအတွက်ကြေးအတွက်ကျော်ကြားမှုအတွက် လုပ်နေတာလဲမဟုတ်ဘူး။ ဒီတော့ ဘာ့ကြောင့်ငါကိုယ်တိုင်လုပ်နေရသလဲ။ရိုးရိုးမြကိုခွဲခိုင်းလို့မရဘူးလား၊ရိုးရိုးမြဟာတကယ်တော်တဲ့ဆရာဝန်မ တယောက်။လုပ်ရိုးလုပ်စဉ် ခွဲနေကျဆိုယင် ငါ့ထက်တောင်တော်သေး။ ဒါပေမယ့်လေ....ဒီခွဲစိတ်မှုက လုပ်ရိုးလုပ်စဉ် ရိုးရိုးခွဲစိတ်မှုမှ မဟုတ်ပဲ၊ အခုဟာကရှုပ်ရှုပ်လဲရှုပ်၊ခက်လဲခက်၊ ဘာမှလဲ မသေချာဘူး။ ပြီးတော့ငါလိုကလေးမ ကလေးသေယင် ကိစ္စမရှိဘူး။ တယောက်ယောက်လို့သေယင်

www.burmeseclassic.com

www.burmeseclassic.com



လူတွေက ဘာပြောကြမလဲ။ဘယ်သူမှမပြောတောင်သူ့အမေက တော့။ ဆရာကြီးကိုယ်တိုင်သာခွဲခဲ့ယင် ငါ့သမီး ရေတိမ်မှာနစ် မှာမဟုတ်ဘူး’လို့ အမြဲထင်နေ ပြောနေမှာအမှန်ပဲ။

နောက်ပြီးတော့လဲ၊ ‘ဆရာကြီး၊ မင်းဟာ ဒီဆေးရုံကြီးရဲ့ အကြီးအကဲ၊ ခွဲစိတ်ကုပါရဂူ၊ ခက်ခဲတဲ့ ခွဲစိတ်မှုမှန်သမျှ မင်းပဲ လုပ်ရမှာပဲ၊ အနည်းဆုံး မင်းလက်ထောက်ဆရာဝန်တွေ မင်းလို တတ်တယ်အထိပေါ့၊ကဲ-မင်းဘယ်မှာ ရှောင်ပြေးလို့ရမလဲ၊’ဒီလို ပဲ ငါ့ဟာငါ ပြောမိတယ်။

ကဲ-တကယ်လို့၊ ငါတို့မခွဲပဲနေယင်ကော။ ဒီလိုဆိုယင်တော့ ကလေးမ သေမှာပဲ။ သေတော့သေတာပဲ၊ ဒါပေမယ့် သဘာဝ အလျောက်သေတာ။ ငါ့ကြောင့်သေတာ မဟုတ်ဘူးလို့တော့ ပြောနိုင်ပါရဲ့။ ဒီလိုဖြစ်ဖို့ကလဲ လွယ်ပါတယ်။ ငါ့အနေနဲ့ ခွဲလို့ အကျိုးမထူးလေဟန်၊ သိပ်မသေချာလေဟန် မိဘတွေကို ပြောပြလိုက်ယင် မိဘတွေဟာ ခွဲချင်တော့မှာ မဟုတ်ဘူး၊ အဲဒီလိုနဲ့ သေယင် တို့အနေနဲ့....

‘ဟုတ်တယ်၊ စိတ်မကောင်းစရာပဲ၊ မိဘတွေကလဲ ခွဲဖို့မှ သဘောမတူပဲကိုး’လို့ ပြောလိုက်ရုံပဲ။

မလွယ်ပါလား။ အင်း....မိဘတွေအတွက်တော့ သိပ်မလွယ် ပါဘူးလေ၊ သူတို့ခမျာ ထိခိုက်ကြရှာမှာပဲ၊ ဘာပဲဖြစ်ဖြစ် သူတို့ခမျာမှာ ဖြေလို့ရမှာ မဟုတ်ဘူး။ မခွဲပဲနဲ့သေယင် ‘တို့ ဘာကြောင့် ခွဲဖို့ သဘောမတူမိပါလိမ့်’ ခွဲလို့သေယင် ‘တို့ ဘာ ကြောင့် ခွဲဖို့ သဘောတူမိပါလိမ့်။ သူ့ဟာသူ ထားတာကမှ



အသက်ပိုရှည်ဦးမယ်’လို့၊သူတို့တတွေ ပြောကြမှာပဲ။ ပရိဒေဝမီး တောက်ကြမှာပဲ။

ဟုတ်ပါတယ်၊ ကလေးမလေးအနေနဲ့ သိပ်မျှော်လင့်ချက် မရှိတော့ပါဘူး။ တရာပုံ တပုံတောင် မရှိတော့ပါဘူး။ ဒါပေ မယ့် သူ့မှာမျှော်လင့်ချက်ဆိုလို့ ခွဲစိတ်မှုပဲရှိတော့တယ်။ ခွဲစိတ်မှု အန္တရာယ်ကတော့ ရှိတာပေါ့လေ။ ၅၀ ရာခိုင်နှုန်းပေါ့။ ဟော လာပြန်ပြီ ရာခိုင်နှုန်းတွေ။ ငါလဲ စာရင်းဇယားချည်းပဲ။ဘာပဲ ဖြစ်ဖြစ် ငါပြေးတော့ မလွတ်ပါဘူး။ ခွဲရမှာပဲ။ ကလေးမကို ခွဲဖို့ ငါပြင်ဆင်ခိုင်းရတော့မယ်။

ခွဲစိတ်ခန်းကို တယ်လီဖုန်းဆက်ပြီး လိုတာလုပ်ထားဖို့ ငါ မှာလိုက်တယ်။

အခုလို ဆုံးဖြတ်ပြီးတော့ ငါ့မှာ အချိန်နည်းနည်းရလာ တယ်။ ဒီတော့ လူနာဆောင်တွေကို ငါလှည့်ကြည့်ဦးမှ။တတိယ ထပ်မှာဆိုယင် ကလေးမတွေချည်းပဲ။ အဲဒီကလေးမတွေက ခွဲပြီး လူနာတွေ၊ မစိုးရိမ်ရတော့တဲ့ လူနာတွေ၊ ငါ့ခွဲစိတ်မှုလဲ သူတို့ မလိုကြတော့တဲ့ လူတွေ။ ဒါပေမယ့် အခုနေမှာ သူတို့ကိုတော့ ငါလိုတယ်။ ဘာ့ကြောင့်လဲဆိုယင် အခုလုပ်မယ့် အန္တရာယ် များတဲ့ ခက်ခဲတဲ့ ခွဲစိတ်မှုကြီးကို မလုပ်ခင်မှာ စိတ်ချမ်းသာ အောင်၊အားတက်အောင်လုပ်ဖို့ ငါ့မှာလိုနေတာကိုး။အခုတော့ သူတို့ကို ငါပိုလိုတာပေါ့။

အဲဒီအဆောင်ကိုသွားတဲ့ စင်္ကြံက ရှည်လိုက်တာ။ သိပ် မကျယ်ဘူး။ သိပ်လဲ အလင်းရောင်မရှိဘူး။ သိပ်လဲ မသန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



လှဘူး။ နံရံတွေမှာကပ်လျက်ကတော့ သူနာပြုဆရာမတွေရဲ့ အလုပ်စားပွဲတွေ။ တနေရာမှာတော့ ဆင်ဝင်အခန်းကျယ်ကြီး ရှိပါရဲ့။ ဒါကတော့ ကလေးတွေရဲ့ ထမင်းစားဆောင်လေ။ အခု တော့ ကလေးတွေ ဆော့ကစားနေကြတယ်။ တချို့ဟာ ခွဲစိတ်ပြီးဖြစ်လို့ ဓာတ်ဆေးရုံက ဆင်းကြရတော့မယ်။ တချို့ကတော့ ဆေးကုခံရတုန်းပဲ။ ဘယ်သူမှ စိုးရိမ်စရာတော့ မရှိကြပါဘူး။ အားလုံးပဲ ကျန်းမာတဲ့ ကလေးတွေလိုပါပဲ။

ယောကျာ်းလေး နှစ်ယောက်ကတော့ မော်တော်ကားရုပ် ကလေးတခုနဲ့ ကစားနေကြတယ်။ ကားရုပ်သာဆိုတယ် ပုံမပေါ်တော့ပါဘူး။ အားလုံးပျက်စီးကုန်ပြီပဲ။ အင်း ကလေး တွေ လက်အဆက်ဆက် ပြောင်းခဲ့လို့ မော်တော်ကားလဲ သခါရသဘောနဲ့ ကိစ္စချောပါပကော။

တခြား တနေရာမှာတော့ မိန်းကလေး သုံးယောက်ဟာ ဆရာဝန်လုပ်တမ်း ကစားနေကြတယ်။ ငါလဲ မရောင်မလည်နဲ့ သူတို့နားမှာရှိတဲ့ စားပွဲမှာထိုင်ပြီး အလုပ်လုပ်နေသလို ဟန် ဆောင်ယင်း သူတို့ကစားတာ၊ စကားပြောတာကို ရပ် နားထောင်နေမိတယ်။

'နင် ဆေးထိုးဖို့လိုတယ်၊ ဆေးထိုးတာ မနာပါဘူးဟ၊ မငိုနဲ့ နော်၊ မနာအောင်လုပ်တာကလဲ အလွယ်လေး၊ အပ်ထိုးမယ် ဆိုယင် မျက်စိမှိတ်၊ မနာဘူး မနာဘူးလို့ ရွတ်၊ အဲဒါဆိုပြီး သွားရောပဲ။ ကဲ မရှင် ငါ့ကို ဆေးထိုးအပ်ပေးစမ်း'

မရှင်ဆိုသူကလေးဟာ အသက် ငါးနှစ်ပဲ ရှိသေးတယ်၊ သူ့ခမျာ ဆေးထိုးအပ်ဆိုတာ ဘာမှန်းမသိတော့ ကြောင်နေ



ရှာတယ်။ ဒီတော့ ပထမဆေးထိုးအပ်တောင်းတဲ့ ကလေး မလေးက စိတ်ပျက်သွားပုံရတယ်။ သူ့ပြောပုံကို နားထောင် ပါဦး။

'ဟဲ့ မရှင်၊ ဒီလိုဆို နင် ဘယ်မှာ ဆရာဝန်ဖြစ်မလဲ၊ ဆေးထိုး အပ်ဆိုတာ ဘာလဲဆိုတာ ဆေးရုံက ဆန့်ရှင်းရေးတောင် သိတယ် ဟဲ့။ နင်တချိန်လုံး ဘာလုပ်နေသလဲဟင်။ ကဲ ကဲ လူနာကိုသာ ကိုင်ပြီး စောင့်ကြည့်နေ။ စိုးညာဏ် ဓာတ်မှန်ခလုတ်ကို ဖွင့် လိုက်တဲ့။

အင်း....ကလေးတွေဟာ ဘယ်လောက် အတုခိုး တတ်ပါ သလဲ။ အံ့ဩစရာပါပဲ။ အဝတ်စုတ်တချို့နဲ့ တုတ်သုံးလေး ချောင်းနဲ့ သူတို့ဟာလူကြီးတွေရဲ့ ခက်ခဲရှုပ်ထွေးတဲ့ အလုပ်အကိုင် ပစ္စည်းကိရိယာတွေကို တုပကစားနိုင်ကြတယ်။ သူတို့ရဲ့ ညာဏ် ကွန့်မြူးမှုဟာ အံ့ဩစရာပါပဲ။ ဒါပေမယ့် ဒီညာဏ်ကွန့်မြူးမှုဟာလဲ အသက်ကြီးလေ လျော့သွားလေ။ ဝမ်းနည်းစရာ။

မောင်မေတ္တာဆိုတဲ့ သူငယ်ကလေးက ကလေးမလေးတွေ ကစားနေတဲ့နေရာကို ရောက်လာတယ်။ သူဟာ ခုနစ်နှစ်ပဲရှိသေး တယ်။ ဒါပေမယ့် သူဟာ ငါ့ကို တုနေတယ်လို့ ဆရာမတွေက ပြောကြတယ်။ သူ မခေဘူး။ အစမ်းသပ်အမျိုးမျိုး၊ အခွဲအစိတ် အမျိုးမျိုး ခံပြီးပြီ။ နှလုံးတုစက်လဲ သုံးပြီးပြီ။ ခွဲပြီး ပယောဂ တွေ ဝင်တာလဲ စုံလို့။ ဒါပေမယ့် အခုတော့ သူဟာ လမ်း လျှောက်နိုင်ပြီ။ ဖြောင့်လို့။ ဒါပေမယ့် သူ့ဟန်ပန်ကို ကြည့် ပါဦး။ စတိုင်ကြီး တခွဲသားနဲ့။ ရှုတင်းတင်းနဲ့။

www.burmeseclassic.com



'နန္ဒာ၊ နင်ဘယ်လောက်ဖျင်းသလဲ၊ နင် ဘယ်ဟာမှမှန်အောင် မလုပ်တတ်ဘူး၊ ခုတ်မှန်ရိုက်တယ်ဆိုတာ အမှောင်ထဲမှာ ရိုက်ရတယ်။ ကဲ....လူနာကို ခုတင်ပေါ်တင်၊ ငါ့ဟာငါပဲ ရိုက်တော့မယ်။ သိပ်ဖျင်းတဲ့ကောင်မ'တဲ့ သူက ပြောလိုက်သေးတယ်။ နန္ဒာဆိုတာ ပထမကလေးမပေါ့။

'ဟော့ တို့လူနာကို မထိနဲ့၊ နင့်ဟာနင် သွားခွဲနေချေ။ နင်ခွဲတာနဲ့ အရုပ်နှစ်ရုပ်ပျက်ပြီ။ နှစ်ရုပ်စလုံးသေပြီ။ နင်ဘယ်လောက်ဆိုးလဲ၊ နင်ခွဲတဲ့ အရုပ်တွေ အစားထပ်မဝယ်နိုင်ဘူး သိလား။ သွား-သွား၊ နင့်ဟာနင် အမဲဖျက်ချေ'

ဒါက နန္ဒာကပြန်ပက်တဲ့အသံ၊ နန္ဒာကလဲ တကယ်စွာတာပဲ၊

မောင်မေတ္တာက နန္ဒာကို ဆွဲကုတ်မလို့၊ ဒါပေမယ့် သူက သိပ်မသန်သေးတော့ လက်ကို ပြန်ရုပ်သွားတယ်။ 'ပြီးမှ ကောင်မတွေ သတိထား'ဆိုပြီး ထွက်သွားတယ်။

အင်း....ခွဲပြီးစကလေးတွေ အခုလို ကစားကြတာဟာ သိပ်ကောင်းတယ်။ ဒါမှ ကျန်းမာတော့မပေါ့။ ဒါပေမယ့် ဟိုတယောက်ကတော့ မကစားပါလား။ သူက ထောင့်တထောင့်မှာ ထိုင်လို့ မှိုင်လို့။ သူက ယောကျ်ားလေး၊ တကိုယ်လုံးပြာနေတယ်။ မွေးကတည်းက နှလုံးရောဂါပါလာလို့ သူ့ခမျာ သူများလို မကစားနိုင်ရှာဘူး။ ထိုင်လို့သာ ကြည့်နေနိုင်ရှာတယ်။ အလိုလိုမောနေတာကိုး၊ အင်း ဒီလိုကလေးတွေကို အခုနေ အရောဘဝင်မလုပ်တာကောင်းတယ်။ ဟုတ်တယ်။ သူတို့က မခွဲရသေးတော့ ခွဲမပြီးခင် သူတို့နဲ့ မိတ်မဖြစ်ချင်ဘူး။ ခွဲပြီး တခုခု



ဖြစ်ခဲ့ယင် သံယောဇဉ်တွယ်ပြီး ရင်နင့်နေရမယ်။ ဒါကြောင့် ငါဟာ ဘယ်ကလေးကိုမှ မခွဲခင် မျက်နှာတောင် မကြည့်ဘူး။ စမ်းသပ်ရုံပဲ စမ်းသပ်တယ်။ ခွဲပြီးတဲ့အခါမှပဲ နမ်းလိုက်တယ်။ အဲဒီကျ စိတ်ချရပြီမဟုတ်လား။

ငါလဲ ကလေးခန်းက ဆက်လျှောက်ခဲ့တယ်။ တနေရာမှာ တော့ အခန်းကျယ်ကြီးတခု၊ မှန်တွေအလုံကာလို့။ ဒါက တို့ရဲ့ ခွဲစိတ်ပြီးစ နာလန်ထအခန်းပဲ။

ဒီနာလန်ထအခန်းကိုတော့ ဆရာမ မာရီယာက တာဝန်ယူတယ်။ ဟုတ်တယ်။ မာရီယာဟာ သိပ်အလုပ်လုပ်တယ်။ စည်းကမ်းရှိတယ်။ ဘယ်တော့မှ အလုပ်နဲ့မပြတ်ဘူး။ ကလေးတွေကိုလဲ ကောင်းကောင်းထိန်းနိုင်တယ်။ မထိန်းနိုင်လို့လဲ မရဘူးလေ။ ဒီအခန်းမှာ တခါတခါ ခွဲပြီးစကလေး လေးငါးခြောက်ယောက် တပြိုင်တည်းရှိနေတတ်တယ်။ ခွဲပြီးစမှာ အသက်ပြန်ရှင်အောင်၊ မှုမှန်ပြန်ဖြစ်အောင် လုပ်ရတာမလွယ်ဘူး။ အားလုံး စိတ်ချရမှ ဒီက တခြားအဆောင်တွေကို ရွှေ့သွားလို့ရတယ်။ ဒီမှာ သူနာပြုနှစ်ယောက်နဲ့ နန်နီတယောက်ပဲရှိတယ်။ ဒါပေမယ့် သူတို့အလုပ်ကို သူတို့နိုင်အောင် လုပ်နိုင်ကြတယ်။ တနေ့တနေ့ သူတို့လုပ်ရတဲ့အလုပ်ကလဲ နည်းလှတာမဟုတ်ဘူး။ ကလေးတွေကို ဆေးထိုးပေးရ၊ သွေးသွင်းရ၊ သေးအိုး၊ ချေးအိုးတည်ပေးရ၊ အစာကျွေးရ၊ ပတ်တီးစည်းရ၊ အို စုံနေတာပဲ။ ကလေးတွေကလဲ အော်လိုက်၊ ဆူလိုက်ကြတာ ညံနေတာပဲ။ ကလေးတွေပဲလေ၊ ဘယ်တတ်နိုင်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကနေ့တော့ ငြိမ်နေတယ်။ ငါလဲ ကလေးတွေကို ပြုံးပြပြီး သူတို့ရဲ့ အခြေအနေကို အကဲခတ်ရတယ်။ ကလေးတိုင်းလိုလို အခြေအနေကောင်းပါရဲ့။ ဒီလိုဆိုတော့လဲ စိတ်သက်သာစရာပါပဲ။ ဒါပေမယ့် ငါ့စိတ်ထဲမှာတော့ မာယာရဲ့ အကြောင်းက ရှိနေတုန်းပဲ။ ဒါကိုမေ့ပစ်ဖို့ ကြိုးစားနေတာမရဘူး။ ငါဘာလုပ်ရမလဲ၊ မတတ်နိုင်ပါဘူးလေ၊ အခု ကြည့်လက်စကလေးတွေကို ဆက်ကြည့်ရမှာပဲ။

ဘိုဘိုဆိုတဲ့ကလေးဟာ လေးနှစ်ပဲရှိသေးတယ်။ ဒါပေမယ့် သိပ်ပါး သိပ်လည်တယ်။ ကြည့်လေ ငါရောက်လာတာနဲ့မျက်လုံးတွေပိတ်၊ အိပ်ချင်ယောင်ဆောင်နေပြီ။ ဒါပေမယ့် မျက်ခမ်းတွေကတော့ လှုပ်လို့။ ငါသိတာပေါ့၊ သူ ဆေးမထိုးချင်လို့ အိပ်ချင်ယောင်ဆောင်နေတယ်ဆိုတာ။ အာဂကလေး။

'ဘိုဘို မအိပ်နဲ့လေ၊ ထတော့' သူကမလှုပ်။

'ဘိုဘို ထပါကွာ၊ မင်းအိပ်နေတာမဟုတ်ပါဘူး၊ တို့သိပါတယ်၊ မင်းကို ကနေ့ ဆေးမထိုးပါဘူးကွာ၊ ထပါ'

ဒီတော့မှ သူ မျက်လုံးဖွင့်လာတယ်။ နောက် ငါ့ကို အသေအချာကြည့်တယ်။ ငါ့မှာ နားကျပ်တို့၊ ဆေးထိုးအပ်တို့မပါမှ၊ ဆရာမတွေမှာ ဘာမှမပါမှ သူပြုံးလာတယ်။ နောက် သူကမေးတယ်။ 'ဘိုဘိုကို ဆေးမထိုးတော့ဘူးနော်'

'အေး မထိုးတော့ဘူး'

'ကနေ့ရော နောက်ရော၊ အမြဲတမ်းနော်'

'ကနေ့ မထိုးတော့ဘူး၊ နောက်တော့ ထိုးချင်ထိုးရမှာပေါ့'



ဒီတော့ သူမကျေနပ်ဘူး။ မျက်နှာညိုသွားတယ်။မတတ်နိုင်ဘူး၊ ကလေးတွေကို လိမ်မပြောရဘူး၊ သူတို့မကြိုက်လဲ အမှန်ပဲပြောပေးရမှာက လူကြီးတွေရဲ့တာဝန်ပဲလေ။

ကလေးတိုင်းဟာ ချစ်စရာကောင်းတာတော့ အမှန်ပဲ။ ဘယ်သူဖြစ်ဖြစ် ကလေးတွေနဲ့ တွေ့ယင် ပျော်သွားတာပဲ။ ကလေးတယောက်ကို ပွေ့ချီပြီး မြူလို့ရတဲ့ပျော်ရွှင်မှုဟာ ဘယ်ပျော်ရွှင်မှုနဲ့မှ မတူဘူး။ မမာတဲ့ကလေး၊ ချူချာတဲ့ကလေးဆိုယင် ပိုချစ်ကြတယ်။ ဟုတ်တယ်၊ ဆရာဝန်တွေအဖို့ဆိုယင် မမာတဲ့ကလေးတွေဟာ ချစ်စရာ၊ သနားစရာအကောင်းဆုံး။ သူတို့လေးတွေဟာ အဟိုးမဖြတ်နိုင်သလိုပဲ, သူတို့အပေါ်မှာ သံယောဇဉ်ဟာ ကြီးနေရော။

အခုဆိုယင် လွန်ခဲ့တဲ့လေးရက်ကပဲ နှလုံးကို ခွဲထားတယ်။ သူ့နှလုံးလိုက်ခန်းကြားမှာ အပေါက်ဖြစ်နေလို့ပဲ။ နှလုံးတစက်နဲ့ပဲ ခွဲခဲ့တယ်လေ။

အဲဒီစက်ကြောင့် သူအသက်ရှင်ခဲ့တာပဲ။ ဟုတ်တယ်၊ သူ့ကို ခွဲနေတုန်းမှာသူ့နှလုံးက ရပ်သွားသေးတယ်။ငါဖြင့်ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ပျာသွားတာပဲ။ တော်သေးရဲ့၊ စက်ကရှိနေတော့ သူ့နှလုံးကို ပြန်ကောင်းအောင် တို့လုပ်နိုင်ခဲ့တယ်။သူဟာ ဘယ်လောက်ညာဏ်ကောင်းတဲ့ ကလေးလဲ။သူသာ သေသွားယင် ငါတော့ နှမြောလို့ဆုံးမှာ မဟုတ်ဘူး။

ဒါတောင် ခွဲပြီး သုံးလေးနာရီအထိ သူသတိမရဘူး။ငါတို့တတွေမှာ ခွဲစိတ်မှု အောင်မြင်ပေမယ့် သူသေမှာ သိပ်စိုးရိမ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဟုတ်တယ်၊ ခွဲစိတ်မှုတခုဟာ အောင်မြင်ပေမယ့် လူနာ သေသွားယင် ဘာလုပ်မှာလဲ။ တို့ရည်ရွယ်တာက ခွဲစိတ်မှု အောင်မြင်ဖို့တခုတည်းမဟုတ်ဘူး။ လူနာပြန်ရှင်ဖို့ပြန်ကောင်းဖို့၊ သူသတိမရတဲ့ သုံးလေးနာရီအတွင်းမှာ ငါရော တခြားဆရာ တွေ အထူးသဖြင့် မေ့ဆေးဆရာဝန်တွေရော၊ သူ သတိပြန်ရ အောင် လုပ်ကြရတာ မောနေတာပဲ။ သူ့အဖေအမေလဲ ခွဲစိတ် ခန်းအပြင်မှာ တငိုငိုနဲ့ပေါ့။ သူ့အမေကလဲ ငိုလို့။ ဟော ကနေ့ တော့ သူရော သူ့အဖေရော ပြုံးနိုင်ကြပြီ။ သူ့အမေလဲ သူ့သား ဘေးမှာ သူ့သားစားချင်ရာ၊ ကစားချင်ရာကိုပေးလို့။ ပျော် ပျော် အားလုံးပျော်နေကြတယ်။

အင်း သိပ်မပျော်ကြနဲ့ဦးလေ၊ ဘိုဘိုအနေနဲ့ စိတ်လုံးဝမချ ရသေးဘူး။ အပြင်ပန်း သူ့သက်သာနေပေမယ့် အတွင်းမှာ ဘာ ဖြစ်နေသလဲဆိုတာ တို့မသိသေးဘူး။ ဟုတ်တယ်၊ နှလုံးခွဲပြီးတဲ့ လူနာတွေဟာ အန္တရာယ်သိပ်များတယ်။ ခွဲပြီးလဲ နှလုံးရပ်နိုင် တယ်။ အဆုတ်ပုပ်နိုင်တယ်။ ဦးနှောက်မှာ သွေးခဲပိတ်ပြီးလဲ ဒုက္ခရောက်နိုင်တယ်။ ဒါကြောင့် သူတို့ကိုသိပ်ဂရုစိုက်ရတာပေါ့။ ဆရာမ မာရီယာဟာ ဒီနေရာမှာ သိပ်အားကိုးရတယ်။ သူဟာ အမြဲ ကိရိယာအစုံအလင်နဲ့ စောင့်ကြည့်နေတတ်တယ်။ သူနဲ့အတူ ဆရာဝန်တယောက်လဲ တို့ထားပေးရတယ်။

သူ့အမေကပြောတယ် 'ဆရာကြီး၊ သား အားလုံးကောင်း လာပြီးလားရှင်၊ ကျွန်မတော့ ဆရာကြီးကို ဘယ်လိုကျေးဇူးတင် ရမလဲမသိဘူး' တဲ့။ အင်း သူ့သား လုံးလုံး စိတ်ချရပြီထင်ပြီး



ငါ့ကို ကျေးဇူးတင်စကားပြောတာပဲ။ ကျေးဇူးတင်တဲ့အတွက် တော့ ဝမ်းသာရတာပေါ့။ ဒါပေမယ့် အမှန်ပဲပြန်ပြောဖို့ ငါ့မှာ တာဝန်ရှိတယ်။ ဒါ့ကြောင့်....

'ကောင်းတော့ကောင်းလာပါပြီ၊ ဒါပေမယ့် စောင့်ကြည့် ရဦးမယ်၊ အားလုံးကောင်းမှ ဆေးရုံကဆင်းမှ ပိုကျေးဇူးတင်' လို့ ပြောလိုက်ရတယ်။

ဟော နောက်တယောက်ကတော့ ဘိုဘိုလောက်ကံမကောင်း ဘူး။ သူလဲမနေ့ကပဲ ခွဲပြီးတယ်။ သူ့နာမည်က ဘိုးသာတဲ့။ တောသားကလေး။ ပဲခူးသနပ်ပင် ဘက်ကလာတာ။ ဟုတ်တယ်၊ သူ့အဖေအမေက လယ်သမားတွေ။ အခု သူ့ အခြေအနေက သိပ်မကောင်းသေးဘူး။ အိပ်ရာပေါ်မှာ သူက မလှုပ်မယှက်၊ အသက်တောင် မနည်းရှူနေရတယ်။ ဒါကြောင့် အောက်စီဂျင် ပေးပြီး သွေးသွင်းနေရတယ်။ ဆီးထွက်အောင် ဆီးချူပိုက် ထည့်ပေးထားရတယ်။ သူ့အခြေအနေကို မိနစ်တိုင်းသိအောင်လဲ၊ သူ့သွေးအားကို မိနစ်တိုင်း တိုင်းနေရတယ်။ ဆေးလဲ နှစ်နာရီ တခါကြား ထိုးပေးနေရတယ်။ ဆေးထိုးတိုင်း သူ့မျက်နှာရှုံ့လို့ သူမငိုနိုင်သေးဘူး။ သူ့အမေကတော့ သူ့သားမျက်နှာရှုံ့တိုင်း တရှုတ်ရှုတ်နဲ့ ငိုပါလေရော။ သူကိုယ်တိုင် ခံစားနေရသလို ဖြစ်နေတယ်ထင်ပါရဲ့။ ဟုတ်တယ်၊ အမေတွေဟာ သားသမီး တွေရဲ့ ဝေဒနာတွေကို ကူခံစားတတ်ကြတယ်။

ဘိုးသာကတော့ သူ့အမေငိုတာကို မကြိုက်ဘူး။ ဒါကြောင့် သူ့အမေကို ဆေးရုံမလာစေချင်ဘူး။ ဒါပေမယ့် ဘယ်တားနိုင်

www.burmeseclassic.com



မလဲ၊ တားသင့်မလဲ၊သူက အမေပဲလေ။ငါတော့ မတားရက်တာ အမှန်ပဲ။

ဟုတ်တယ်၊မိဘနဲ့သားသမီး သံယောဇဉ်ကိုငါတော့ နားလည်နေပြီ။ ကနေ့ဆိုကြည့်ပါဦး၊ အမရာကို ရင်ခွဲရတုန်းကတခါ၊ မာယာနဲ့ သူ့အမေကို တွေ့တုန်းကတခါ၊ ငါတော့ အဲဒီ သံယောဇဉ်ကို နားလည်နေတာ အမှန်ပဲ၊ ဘိုးသာ့အမေလဲ သူ့သားကို ချစ်မှာပေါ့။ နေပါစေလေ၊ သူ့သားလဲ တကယ်တော့ ဘာမှမဖြစ်သေးပါဘူး၊ ခွဲပြီး ဒီလိုပဲဖြစ်တတ်ကြတာပဲ။

ဟော နောက်တယောက်လဲ ကြည့်ရဦးမယ်။ သူကတော့ မိန်းကလေး၊ သူ့နာမည်က လီလီတဲ့။ချစ်စရာကလေး။နာမည်နဲ့လိုက်အောင် နေကြာပန်းလေးလို လှပါပေတယ်။သူ့အသက်က ၇ နှစ်၊ အတိအကျဆိုယင် ၇နှစ်နဲ့၇ရက်။မိမွေးတိုင်းဘမွေးတိုင်း နေလာတာက ၇နှစ်၊ငါခွဲပြီးမှ ရှင်နေတာက ၇ရက်။ဟုတ်တယ်၊ သူ့လဲခွဲတုန်းက စိတ်ပူလိုက်ရတာ၊သူလဲ သေမလိုဖြစ်သေးတယ်။ အခုမှ စိတ်ချရတယ်။ အခုတော့ ပွင့်လို့ရှင်လို့။ ဆံပင်တွေ ဘာတွေ ကျစ်ဆံမြီးကျစ်လို့။

'လီလီနေကောင်းလား'

'ဟုတ်ကဲ့ရှင့်၊ နေကောင်းပါတယ်' သူ့အသံကိုကြားရတာ ရင်ထဲမှာ လန်းသွားတာပဲ၊ ငါတောင် ဒီလောက်ခံစားရယင် သူ့အဖေအမေဆို ဘယ့်လောက်ပျော်ကြမလဲ။ ဟုတ်တယ်၊သူတို့ တတွေလဲ သိပ်ပျော်ကြတယ်။ ကြည့်ပါလား၊ သူ့အဖေအမေ မျက်နှာကို ပွင့်လို့ရှင်လို့။



တကယ်တော့ ခွဲစိတ်ပြီးစအခန်းမှာ အပြင်လူတွေကို တို့ဝင်ခွင့် မပြုပါဘူး။ လူကြီးတွေခွဲယင် လုံးဝကိုခွင့်မပြုဘူး။ ကလေးတွေကျ တို့သိပ်သနားတယ်။ ဒါကြောင့်အဖေအမေကို ဆရာဝန်တွေလို ဝတ်ခိုင်းပြီး ဝင်ခွင့်ပြုရတယ်။ ကလေးတွေအဖို့ မိဘတွေ့မြင်ရယင် ပိုအားတက်တာပေါ့၊ လူကြီးနဲ့ မတူဘူးလေ။

'ဆရာကြီး ဆရာကြီးကို ခွဲစိတ်ခန်းက လာပါဦးတဲ့။

ဟော–ငါ့ကိုခေါ်နေပြီ။

'အေးအေး လာခဲ့မယ်ပြောလိုက်' ခွဲစိတ်ခန်းသွားရဦးမယ်၊ ဘာအရေးကြီးလို့ပါလိမ့်။ ဒီကလူနာတွေ မြန်မြန်ကြည့်ပြီးသွားမှပဲ။ အို ငါ့မှာ အလုပ်တွေပုံလို့ပါလား။ ငါ ဘာလုပ်ရမလဲ။

ဟုတ်တယ်၊ တကယ်တော့ ခွဲစိတ်ပြီးတဲ့ လူနာတွေကို ငါသိပ်ဂရုစိုက်ဖို့မလိုဘူး။ တခြားလူတွေရှိသားပဲ။ငါလုပ်စရာက ခွဲစိတ်ခန်းမှာ၊ဟုတ်တယ်၊ဘိုဘိုတို့၊ဘိုးသားတို့၊ လီလီတို့အားလုံး ငါမလှာ တခြားလူတွေ ဂရုစိုက်နေတာ၊အသက်ရှင်မှာပဲ၊ငါဘာလို့ ဒီမှာလာ အချိန်ဖြုန်းနေပါလိမ့်။ ငါသွားမှ၊ သွားမှ၊ ခွဲစိတ်ခန်းကို....။

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယတယောက်အကြောင်း

ခွဲစိတ်ခန်းကို ငါရောက်သွားတယ်။ ငါ့စိတ်တွေ လေးနေတယ်။ လူဘကိုယ်လုံးလည်း တောင့်လို့ တင်းလို့။ ငါစောင့်ဆိုင်းနေလို့ မဖြစ်တော့ဘူး။ ခွဲစရာရှိတာကို ခွဲရတော့မယ်။ ဟုတ်တယ်၊ စောစောကခံစားချက်တွေ၊ စဉ်းစားချက်တွေကို ငါ ဘေးဖယ်ထားလိုက်တယ်။



ငါလဲ ခွဲဖို့ဆုံးဖြတ်ပြီးပြီ ခွဲစရာအဝတ်အစားတွေလဲ ဝတ်ရတယ်။ မျက်မှန်နဲ့ မျက်နှာဖုံးအားလုံး ရှုပ်နေတာပဲ။ အပေါက်ဝမှာလဲ ရှုပ်ပွလို့၊ ငါစိတ်တိုတော့မလို့၊ မနည်းထိန်းရတယ်။ ဟုတ်တယ်။ အခုစိတ်တိုလို့ မဖြစ်သေးဘူး၊ နောက် တိုစရာတွေ အများကြီး တွေ့ချင်တွေ့နေရမှာ။

မာယာကတော့ ခွဲစိတ်ခုံပေါ်မှာ။ သူ့ခမျာတော့ ဘာမှ မသိရှာဘူး။ မေ့ဆေးပေးထားလို့ အိပ်ပျော်နေရှာတယ်။ မေ့ဆေးစက်လဲ အလုပ်လုပ်လို့၊ သူကလဲ အသက်မှန်မှန်ရှူလို့၊ သူ့ပါးစပ်ထဲမှာတော့ လေပြွန်တခုနဲ့၊ ငါ့လက်ထောက်ရီရီမြ၊ ဖိုးကျော်အောင်နဲ့ ဗညားတို့ကတော့ သူ့ကိုခွဲစိတ်ဖို့ ပြင်ဆင်နေကြတယ်ဟုတ်တယ်၊ သူတို့အားလုံးငါ့တပည့်ခွဲစိတ်ဆရာဝန်တွေ၊ ခွဲစိတ်ခန်းဆရာမကတော့မရီနာလို့ခေါ်တယ်။ ကရင်မခရစ်ယာန်ဆိုတော့ ခရစ်ယာန်နာမည်နဲ့ပေါ့။ ဘာပဲဖြစ် ဖြစ် သူလဲ တော်တာပဲ၊ ငါတို့စိတ်တိုင်းကျ လိုက်လုပ်ပေးနိုင်တယ်။ သူက သူ့သူနာပြု ဆရာမလေးတွေနဲ့ ခွဲစိတ်ကိရိယာတွေကို စစ်နေတယ်။ ခွဲယင် အသင့်ဖြစ်အောင်လုပ်နေတယ်။ ဟုတ်တယ်။ ခွဲစိတ်မှုတခုဆိုတာ တယောက်တည်း လုပ်မရဘူး။ အသင်းအဖွဲ့ လုပ်ရတာမျိုး၊ ငါ့ခွဲစိတ်အဖွဲ့ကတော့ တက်ညီလက်ညီရှိပါပေတယ်။

ခွဲမယ်လုပ်တာနဲ့ ငါလဲ လက်ဆေးရတယ်။ လက်ဆေ ယင်း ဘယ်လိုခွဲရမယ်ဆိုတာ စဉ်းစားနေမိတယ်။ တကယ်တော့ စဉ်းစားစရာ မလိုပါဘူးလေ။ မနေ့ကတည်းက ဘယ်လိုခွဲမယ် ဆိုတာ စဉ်းစားပြီးသားပဲ။ ဟုတ်တယ်၊ လက်ဆေးတာပြီးတာနဲ့

www.burmeseclassic.com



လက်ကို အရက်ပြန်ဆွတ်၊ လက်အိတ်စွပ်ရတယ်။ပြီးတာနဲ့ ခွဲစိတ်စားပွဲကို ရောက်သွားတယ်။

'မီးလုံးတည့်အောင်လုပ်ကြစမ်း၊ ဘာလို့မီးလုံးစောင်းနေရတာလဲ'

ငါလဲခွဲစိတ်စားပွဲပေါ်ကမီးလုံးမတည့်တာနဲ့အော်လိုက်တယ်။ အော်ပြီးမှ မအော်သင့်ကြောင်း ငါသတိရတယ်။ ဟုတ်တယ်။ ငါ့တပည့်တွေအားလုံး ငါ့ကိုဝိုင်းကြည့်ကြတယ်။ပြီးဘာမှမပြောပဲ မီးရွှေ့သူကရွှေ့၊ ခွဲစိတ်ကိရိယာတွေ စဉ်သူစဉ်၊ ခွဲစိတ်လက်သုတ်ပဝါတွေထပ်သူထပ်နဲ့ ငါခွဲဖို့ အသင့်လုပ်ပေးကြတယ်။ ငါဘာ့ကြောင့် ဒီလောက်စိတ်တိုနေရသလဲ။

မာယာကို ညာဘက်စောင်းသိပ်လိုက်ကြတယ်။အယင်ခွဲထားတဲ့ အနာရွတ်နေရာဖြတ်ပြီးပြီ၊ သွေးထွက်တဲ့နေရာတွေကိုလဲညှပ်ထားတယ်။ရီရီမြဟာ အလုပ်လုပ်ယင်အသေချာလုပ်တတ်တယ်။ ဟုတ်တယ်။ ရီရီမြဟာ သိပ်စေ့စပ်သေချာတာပဲ။ စိတ်လဲရှည်တယ်။ဒါပေမယ့် တခါတခါ သူလဲပျာယာခတ်တယ်။တုန်လဲတုန်လှုပ်တတ်တယ်။ အထူးသဖြင့် သူဟာခွဲစိတ်တဲ့အခါ ပိုဆိုးတာပေါ့။ဟုတ်တယ်၊ဘယ်သူမဆို သူ့နေရာနဲ့သူတော့ ပျာယာခတ်မှာ၊ စိတ်ချောက်ချားတုန်လှုပ်မှာပဲ။ ဆရာဝန်ဆိုတိုင်း ဘယ်မှာ သတ္တိကောင်းမလဲ။ အမြဲစိတ်အေးဆေးငြိမ်နေမလဲ။ ပြာဇာတ်မင်းသားမင်းသမီးများလိုပေါ့။ ပရိသတ်ရှေ့မှာ အမူအရာကို ကောင်းကောင်းလုပ်ပြနေနိုင်ပေမယ့် စိတ်ထဲမှာတော့ပရိသတ်ကို ရွံ့တွန့်တွန့်။တို့လဲဒီလိုပဲပေါ့။ သေရေးရှင်းရေးကို ရင်ဆိုင်ခွဲနေတုန်း လက်တည်ငြိမ်အောင်ထားလို့ရပေမယ့် စိတ်ထဲမှာ



တော့ တထင့်ထင့်ပေါ့။ ဟုတ်တယ်၊ ကိုယ့်အလုပ်နဲ့ပတ်သက်ပြီး စိတ်ဘုန်လှုပ်တဲ့သူ၊ မကြောက်တတ်တဲ့သူ၊ မပျာတတ်တဲ့သူ ဘယ်ရှိမလဲ။ အဲဒီလိုလူရှိယင် သူဟာအဲဒီအလုပ်မှာစိတ်မပါလို့ပဲ။ အဲဒါဆို သူအလုပ်မှားလုပ်နေပြီ၊ နေရာမှားပြီး ရောက်နေပြီ။ ရီရီမြနဲ့ မရီနာတို့ခွဲမယ့်နေရာကို သန့်စင်နေကြတာ သိပ်မြန်တာပဲ။ကြည့်လို့လဲကောင်းတယ်။ ဟုတ်တယ်။ သူတို့နှစ်ယောက်ဟာ အတွဲအဖက်ညီပါပေတယ်။ ငါနဲ့လုပ်နေတာလဲ ကြာပြီမဟုတ်လား။

ငါလဲ ငါ့နေရာဝင်ယူပြီး ခွဲဖို့စရတယ်။ နံရိုးကြားကြွက်သားတွေကိုဖြတ်ပြီး အဆုတ်ဖုံးအမြှေးရောက်အောင် ခွဲလိုက်ရတယ်။ အဆုတ်က ရင်ခေါင်းနံရံမှာ ကပ်နေတယ်။ ဟုတ်တယ်၊ ရင်ခေါင်းခွဲပြီး အဲဒီလိုပဲ ကပ်နေတတ်တာပဲ။ ငါ့လဲ ကပ်နေတာတွေကို လက်နဲ့ခွာလိုက်တယ်။ လက်နဲ့ခွာလို့မရယင် ဓားတွေ ကတ်ကြေးတွေနဲ့ ဖြတ်ခွာရတယ်။ အဲဒီလိုဆိုယင် သွေးသိပ်ထွက်တယ်။ သွေးမထွက်အောင်လျှပ်စစ်မီးနဲ့ရှို့ယင်လဲ ညှော်စော်နံရော။ ဟုတ်တယ် အသားကိုမီးလောင်ယင် ညှော်ရော မီးခိုးရော ထွက်လာရော။

ငါလဲ လုပ်စရာရှိတာတွေကို ဆက်တိုက် လုပ်နေမိတယ်။ ဘာကိုမှ မစဉ်းစားမိဘူး။ ငါ့အဖို့ စဉ်းစားစရာလဲ မလိုပါဘူးလေ။ ဘာဖြစ်ယင်ဘာလုပ်ရမယ်၊ ဘာပြီးယင် ဘာလုပ်ရမယ်ဆိုတာ အလိုလိုသိနေတာပဲ။ စိတ်ကလုပ်ချင်တာကို လက်က အလိုလို လုပ်ပြီးသွားပဲ။ ခွဲစိတ်ရတာများတော့ စိတ်တိုင်းစက်လိုဖြစ်နေပြီ။ သူ့အလိုလို လုပ်ပြီးသွားချည်း။ တခါတခါ

www.burmeseclassic.com

သိပ်ခက်တဲ့ ခွဲစိတ်မှုကျမှပဲ နည်းနည်းစဉ်းစား၊ နည်းနည်းဆိုင်း လုပ်ဖို့လိုတယ်။ ဟုတ်တယ်၊ အခုလူနာ ခွဲစိတ်ရတာကတော့ နည်းနည်းခက်တယ်။

ဟော ပြောယင်းဆိုယင်း ဗယ်ဘက်ကအဆုတ်ကို ခွာလိုက်တာနဲ့ နှလုံးအဆုတ်ကြားမှာ ဘုလုံးတလုံးတွေ့ရတယ်။ ဘာပါလိမ့်ဆိုပြီး စမ်းကြည့်တော့ ခုန်နေတာတွေ့ရတယ်။ ဟုတ်ပါပြီ၊ သွေးကြောကျယ်တဲ့အပိုင်း။ ပေါက်မျှားသွားယင် သွေးတွေ ပန်းထွက်လိုက်မှာ မပြောပါနဲ့တော့။ ချိုးဖြူပိုက်ပေါက်တာ အောက်မေ့ရမယ်။

ဘာလို့ဖြစ်ရတယ်ဆိုတာကတော့ ရှင်းပါတယ်။အယင်တခါ နှလုံးကိုခွဲစဉ်က ဘေးမှာ ပြည်တည်အနာဖြစ်လို့။ အဲဒီနောက်က သွေးလွှတ်ကြောမကြီးကိုစားလို့။သွေးလွှတ်ကြောမ နံရံပါးပြီး ဖောင်းထွက်လာတာပဲ။ သူ့ဟာသူ ပေါက်မသွားတာ၊ အခုအချိန်မီတွေ့ရတာပဲ ကျေးဇူးတင်ရတယ်။

ဘာပဲဖြစ်ဖြစ် လုပ်ရမှာက မလွယ်ဘူး။ သူပေါက်မသွားအောင် လုပ်ဖို့၊ သူ့ကိုဖာဖို့၊ အဆုတ်နာပျောက်အောင်လုပ်ဖို့၊ အားလုံး မလွယ်တာချည်း။

ငါ့မှာ ရွေးစရာလမ်းနှစ်သွယ်တော့ရှိပါရဲ့။ အခုအတိုင်း ဘာမှမလုပ်ပဲထား၊ခွဲထားတဲ့နေရာတွေပြန်ပိတ်၊သူ့ထိုက်နဲ့သူ့ကံ ထားလိုက်ဖို့က တလမ်း။ နောက်တလမ်းကတော့ ဘာပဲဖြစ်ဖြစ် ခွဲဖို့ပဲ။ ခွဲလို့သေယင်လဲ နာမည်ပျက်ပျက်၊ ရှင်ယင်လဲ အားလုံး ဝမ်းသာ။



ပထမလမ်းကိုလိုက်ဖို့ကျတော့ ဆရာဝန်တဦးအနေနဲ့ မလွယ်ပါဘူးလေ။ ကိုယ့်ဆီ အားကိုးတကြီးနဲ့ လာတဲ့လူနာကို ဒီလိုပဲ ပြန်လွှတ်လိုက်ရတော့မလား။လူနာကို ပေယျာလကန်လုပ်ဖို့ သင့်ပါ့မလား။ ကြည့်ပါဦး၊ မာယာ့မျက်နှာ၊ မာယာ့မိဘ။ သူတို့တတွေ ငါနဲ့တွေ့စက ဘယ်လိုနေကြသလဲ။ အားကိုးတကြီးနဲ့၊ မျှော်လင့်တကြီးနဲ့၊ အသနားခံတဲ့ မျက်နှာ၊ တောင်းပန်တဲ့ မျက်နှာ။ အခုကျမှ ခွဲရမှာခက်မှ ဒီအတိုင်း ပစ်ထားရမလား။ ဘယ်ဖြစ်မလဲ၊ ဘယ်တရားမလဲ၊ ဘယ်မှာ ဆရာဝန်တာဝန်ကျေပါ့မလဲ။

ကဲ ဒုတိယလမ်းကို လိုက်ပါပြီတဲ့။ဟုတ်တယ်၊မလွယ်ပါဘူး။ အသေအချာခွဲရမယ်၊ နှလုံးသွေးလွှတ်ကြောကြားမှာ ခေါးထား ခွဲရမယ်။ အဆုတ်ကိုမထိအောင်လဲ လုပ်ရမယ်။ အကြာကြီးခွဲရမယ်။ဒီလိုခွဲယင် သွေးကြောမ ပြတ်ပြီး သွေးတွေထွက်လာပါပြီတဲ့၊ ပိတ်လို့မရပါဘူး။ကဲ သေသွားပါပြီတဲ့။ဘာတတ်နိုင်မလဲ။ ဆရာဝန်တယောက်အဖို့ လူနာတယောက် သေသွားတာဟာ ဘာဆန်းသလဲ။ နောက်တယောက်ကျ အဲဒီလို မသေအောင် လုပ်ပေးရမှာပေါ့။ ကိုယ်ကုတဲ့လူနာတိုင်း သေမှာကြောက်ယင် ဘယ်မှာ ဆရာဝန်လုပ်လို့ရမလဲ။

သူ့မိဘ ဆွေမျိုးတွေက သူသေလို့ ငိုယိုကြယင်၊ ငါ့ကို မကောင်းပြောကြယင်ရော ဘယ်တတ်နိုင်မလဲ၊ကမ္ဘာသကာပေါ့။

အို ငါဘာတွေ လျှောက်တွေးနေသလဲ။ ဘာကြောင့် မကောင်းတဲ့ဘက်ကချည်း တွေးနေရတာလဲ။ ကဲ ထားပါတော့။

www.burmeseclassic.com



ငါခွဲလို့ အောင်မြင်ပြီဆိုပါတော့။ သူလဲအသက်ရှင်လာကျန်းမာလာပြီ ဆိုပါတော့။ ကဲ ဒီတော့ ဘယ့်နှယ်လဲ။

ဟုတ်တယ်၊ အဲဒီအခါကျ သူလဲပျော်မယ်၊ သူ့မိဘတွေလဲ ဝမ်းသာကြမယ်။ ငါလဲ အားရကျေနပ်နေမှာပဲ။

'ဘယ့်နှယ်မာယာ နေကောင်းသလား'လို့ ငါ နှုတ်ဆက်လိုက်ယင် သူဘယ်လောက်ပျော်သွားမလဲ။ 'နေကောင်းပါတယ် ဘဘ'လို့ သူကပြောယင် ငါကော ဘယ်လောက်ပျော်သွားမလဲ။

ဟုတ်တယ်၊ ငါဘာတွေ လျှောက်တွေးနေတာလဲ။ တခြားနည်းလမ်းမရှိဘူး။ ငါခွဲရမှာပဲ၊ ဆက်ခွဲရမှာပဲ။

ဒါနဲ့ ငါလဲ ဆက်ခွဲရတယ်။

ပထမ နှလုံးကာမြှေးကို ခွဲလိုက်တယ်။ ပြီး ကပ်နေတဲ့သွေးလွှတ်ကြောမကြီးမလိုက်တယ်။ နောက်သွေးကြောကျယ်နေတဲ့အပိုင်းရဲ့အောက်မှာ ကြိုးကို ရအောင်ချည်ရတယ်၊ ဒါအခက်ဆုံးပဲ။ ဒါပေမယ့် ချည်လို့ရပါတယ်။ ပြီးယင်အဆုတ်သွေးလွှတ်ကြောကို ခွာရတယ်၊ မလွယ်ဘူး။ ဒါပေမယ့် အားလုံး ငါလုပ်ချင်သလို လုပ်လို့ရနေတယ်။ မေ့ဆေးဆရာဝန်ကလဲ အေးအေးဆေးဆေးပဲ။ သူအေးအေးဆေးဆေးနေပုံထောက်တော့ လူနာဟာ ဘာမှ ပူစရာမရှိဘူးလို့ ဆိုလိုတာပဲ။ ဟုတ်တယ်၊ ခွဲစိတ်ခန်းထဲမှာ လူနာအသက်ရှူ မရှူ မှန်မှန်ရှိမရှိဆိုတာ မေ့ဆေးဆရာဝန်ရဲ့တာဝန်ပဲ။ ငါ့ကူညီတဲ့လူတွေလဲ ကြိုးစားကူညီကြတယ်။ အားလုံး ငါ့စိတ်ကြိုက်ကြီးပဲ။ ပြီးကျော်အောင်



တယောက်သာ တခါတခါ မှားချင်တယ်၊ လက်တုန်ချင်တယ်။ ကိစ္စမရှိပါဘူးလေ၊ သူက အတွေ့အကြုံ နုသေးတာကိုး။

လူနာကို တလုံးပြီးတလုံး သွေးသွင်းပေးနေရတယ်။ သွေးစိုတဲ့ ဂွမ်းစတွေ အဝတ်တွေကိုခဏခဏလဲပေးရတယ်။ သွေးပုလင်းကိုကြည့်ယင် ကုန်ခါနီးလို့။

'တင်မြင့် သွေးရှိသေးလား လိုရင် ထပ်ယူခိုင်းထား၊နော်'လို့ မေ့ဆေးဆရာဝန်ကို လှမ်းပြောရတယ်။

အင်း ခွဲစိတ်မှုတိုင်းသွေးလိုတာပဲ။ အလိုဆုံးကတော့ နှလုံးနဲ့ သွေးကြောတွေ ခွဲစိတ်မှုပဲ၊ အခုလဲ သွေးဘယ်လောက်လိုဦးမယ် မသိဘူး။ ၁၀ လုံး၊ ၁၂ လုံး၊ အလုံး ၂၀၊ ၄၀၊ ၁၀၀။

ငါခွဲနေတာတော့ မဆိုးပါဘူး။ ဟုတ်တယ်။ ခွဲနေယင်းတောင် ငါ့ဟာငါ ကျေနပ်နေမိတယ်။ ငါဟာ သိပ်မဆိုးတဲ့ ခွဲစိတ်ဆရာကြီးပဲ။ အို လေ ဘယ်မဆိုးရုံကမလဲ အတော်ဆုံး ခွဲစိတ်ဆရာဝန် တဦးပဲ။ ဟုတ်တယ်လေ၊ ငါဟာ ခွဲစိတ်မှုပါမောက္ခတဦးမဟုတ်လား။ တော်လို့ပဲ ပါမောက္ခဖြစ်တာပေါ့။

'အို လူကြွား၊ သိပ်မကြွားနဲ့လေ' ကိုယ့်ဟာကိုယ် ပြန်သတိပေးရတယ်။ ဟုတ်တယ်။ ကိုယ့်ကိုယ်ဖော် မသူတော်ဖြစ်နေဦးမယ်။ နောက်ပြီး ငါ့ခွဲစိတ်မှုမအောင်မြင်ယင်ကော။ အဲဒီအခါကျ ငါခွဲတာမဟုတ်ဘူး၊ ငါ့လက်ထောက်တွေခွဲတာလို့ ပြောမလား။ ဘယ်ဖြစ်မလဲ။

ဟော အခု အပေါ်ယံလိုအပ်တဲ့ ခွဲစိတ်မှု ကလေးတွေ လုပ်ပြီးပြီ။ အကြီးအကျယ် အဓိကနေရာကိုခွဲဖို့ပဲ လိုတော့တယ်။ ငါမခွဲပဲရပ်ထားယင်လဲရတာပဲ။ ဒါပေမယ့် ငါရပ်လို့မရပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လက်က အလိုလိုပဲ သွေးလွှတ်ကြောမက ကျယ်တဲ့အပိုင်းကို ရောက်ပြီးပြီ၊ ချက်ချင်းပဲ ငါ့မျက်နှာကို သွေးတွေစဉ်တယ်။ သွေးကြောပေါက်သွားပြီလေ။ ငါလဲ ငါ့လက်နဲ့ ပေါက်တဲ့နေရာကို ချက်ချင်းပိတ်လိုက်ရတယ်။ ငါလဲ ပူထူသွားတယ်။ ဘာလုပ်ရမှန်းမသိဘူး။ ဒါနဲ့....

'ငါ့မျက်မှန်တွေ သုတ်ပေးစမ်းဟေ့' လို့ ပြောလိုက်ရတယ်။

'သွေးတွေစင်အောင် သုတ်ကြ' လို့လဲ ပြောလိုက်ရတယ်။ အင်း ငါဘာလုပ်ရမလဲ၊ အခု ငါစိတ်ထင်တဲ့အတိုင်းဖြစ်လာပြီ။ သွေးကြောကျယ်တဲ့နေရာကို ထိပြီလေ။ တကယ်ဆိုတော့ ငါ ဆက်မခွဲခဲ့ယင် အကောင်းသား။ အခုတော့ အခုတော့။

ဘာပဲဖြစ်ဖြစ် အခြေအနေကတော့ သိပ်မဆိုးသေးပါဘူး။ လူနာက အသက်ရှူလျက်၊ သွေးနှလုံးက မှန်မှန်ခုန်လျက်၊ သွေးက ပိတ်ထားလို့မထွက်တော့ သိပ်မဆိုးပါဘူး။ ဒါပေမယ့် ပိတ်ထားတဲ့ ငါ့လက်ဟာ ဖယ်ကြည့်လိုက်စမ်း၊ သွေးတွေတရဟောထွက်တာနဲ့ လူနာသေမှာ။ ဟုတ်တယ်၊ သွေးထွက်လွန်တာနဲ့ သေမှာပဲ။ ငါလဲ ငါ့လက်ကို အပေါက်ကမခွာရဲဘူး။ တအားပဲ ဖိထား ပိတ်ထားရတယ်။ ဘာနဲ့တူသလဲဆိုတော့ ဟော်လန်မှာ ရေကာတာပေါက်တဲ့နေရာကို သူ့လက်နဲ့ အသေပိတ်ထားတဲ့ ဟော်လန်ပြည်က ကလေးလေးလိုပဲ။ အင်း သူကမှ နောက်ဆုံး သူများတကာတွေက လာကူညီလို့ လူလဲနိုင်သေးတယ်။ ငါ့ကျ မလဲနိုင်ဘူး။ ငါ့လက်ဖယ်တာနဲ့ သွေးတွေတရဟောထွက်၊ သွေးအားတွေကျ၊နှလုံးတွေရပ်ပြီး လူနာသေသွားမှာ။ ဘာပဲဖြစ်ဖြစ် ငါ တခုခုတော့လုပ်ရတော့မယ်။



'ကဲ သွေးထပ်သွင်းကြစမ်း၊ သွေးကြောထဲကို တိုက်ရိုက်သွင်း၊ မြန်မြန်သွင်းကြ' လို့ ငါအော်ပြောရတယ်။

'ဖြိုး သွေးကြောမကိုညှပ်၊ ရီရီမြ အဆုတ်သွေးလွှတ်ကြောကို ဖိ'

သူတို့ ငါခိုင်းသလိုလုပ်ပြီးမှ ငါလဲ အပေါက်ပိတ်ထားတဲ့ လက်ကို ခွာနိုင်တော့တယ်။ ဒါပေမယ့် ငါဆိုင်းနေလို့မရဘူး။ ချက်ချင်း သွေးထွက်ရပ်သွားတဲ့ သွေးကြောကျယ်တဲ့နေရာကိုခွဲ၊ သွေးခဲတွေထုတ်ပစ်၊ပြီး သွေးကြောပေါက်ကိုပိတ်ဖို့လုပ်ရတယ်။

'လေစုပ်စက်၊ ကတ်ကြေး၊ အပ်၊ မြန်မြန် မြန်မြန်'

ငါလဲ တခုပြီးတခုအော်တောင်းယင်း သွေးကြောပေါက်ကို ပိတ်၊ ဖာရတယ်။ အမြန်ပဲလုပ်နေရတဖ် ဇာတ်တယ်၊ အချိန် သိပ်မရဘူး။ ဆယ်မိနစ်အတွင်း အားလုံးလုပ်ရမယ်။

အင်း သွေးကြောအနာဖြစ်နေတာ ကြာတော့ ချုပ်လို့မရဘူး၊ အနာတွေက ခွဲလိုက်တိုင်း ပွဲ့ကုန်တာပဲ။ အို ဘယ်လိုလုပ်ချုပ်ရမှာလဲ။ ငါတော့ ဘာလုပ်လို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ ငါဟာ သိပ်ညံ့သိပ် လျှော့ပါလား။ ဟုတ်တယ်၊ ငါဟာ လူညံ့၊ တုံးပဲ။

ချုပ်လိုက်၊ ပွဲ့လိုက်၊ သွေးထွက်လိုက်။ ဒီလိုနဲ့ ငါးမိနစ် ကုန်သွားတယ်။

'ဆရာ သွေးအားတွေကျနေတယ်' 'သွေးအားကျယင်သွေး ထပ်သွင်း၊ ပေါင်ရင်းသွေးကြောကလဲ ထပ်သွင်း၊ သွေး.... သွေး....သွေး၊ အများကြီးလိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ပေါင်ရင်းသွေးကြောက စမ်းလို့မရဘူးဆရာ၊ မခုန်တော့ဘူး'

'ဟိုက် ဒီလောက်ကြီးတဲ့ သွေးကြောကြီး စမ်းလို့မရဘူးလား၊ ဒီသွေးလွှတ်ကြောကြီးမှမခုန်ယင် ဘယ်သွေးကြော ခုန်ဦးမှာလဲ၊ နှလုံးမခုန်တော့ဘူးလား' တကယ်ပဲ နှလုံးမခုန်တာ။ တဖြည်းဖြည်း အားနည်းလာတာ တွေ့ရတယ်။ အင်း သွေးကြောမဆီက ညှပ်တွေဖြုတ်ပစ်ရမယ်။

ဖြိုး၊ ရီ၊ ဗညား၊ ငါသွေးကြောပိတ်တာကို လက်နဲ့ပိတ်ထားမယ်၊ မင်းတို့သွေးကြောညှပ်တွေ ငါက ဖြုတ်ဆိုဖြုတ်၊ တပြိုင်တည်းနော်၊ တစ်....နှစ်....သုံး ဖြုတ်'

ညှပ်တွေကို သူတို့ဖြုတ်လိုက်ကြတယ်။ ဒါပေမယ့် သွေးကြောမထဲကို သွေးက ခုန်ဝင်မလာဘူး။ တကယ်တော့ သွေးကြောမဟာ နှလုံးနဲ့ဆက်နေတာ ခုန်ဝင်ရမှာပေါ့။ အို နှလုံးခုန်တောင် ရပ်ပါပကော။

'သွေးထပ်သွင်းကြဟေ့၊ အနာကို လေမှုတ်စက်နဲ့ရှင်း၊ နှလုံးထဲကို အက်ဒီနာလင် ထိုးကြည့်ရအောင်'

အက်ဒီနာသင်ဆိုတာ နှလုံးခုန်ရပ်မှ နှလုံးထဲ ထိုးရတဲ့ဆေး။ သိပ်ပြင်းတာ။

အင်း သွေးလွှတ်ကြောမထဲကို သွေးက နည်းနည်းတော့ဝင်ပါရဲ့။ ဒါပေမယ့် နှလုံးကမခုန်တော့ အလကားပဲ။ နောက်ပြီး ခွဲထားတဲ့နေရာတဝိုက်မှာလဲ သွေးတွေရဲလို့။ သွေးလွှတ်ကြောမကို ပြန်ညှပ်ရမယ်။ နှလုံးကို ပြန်ခုန်အောင်ညှပ်ပေးရမယ်။ အင်း နှလုံးပြန်ခုန်လာယင် ဘယ်လောက်ကောင်းမလဲ။ ဘုရားသခင်



မှ ပါ။ နှလုံးပြန်ရှင်ပါစေ။ အို ခွဲစိတ်ခန်းမှာ ဘုရားတလို့ ရပါ့မလား။ ငါဟာ သိပ်တုံးတာပဲ။ အေး၊ အေး။ 'ဖြိုး သွေးကြောမကိုညှပ်၊ ရီရီမြ နှလုံးကာမြေးကိုခွဲ၊ ဘာ မင်းတို့ညှပ်တွေကို လုံးလုံးဖြုတ်လိုက်ပြီ၊ အို မင်းတို့တုံးတွေ၊ ဘာအသုံးကျလဲ၊ သောက်သုံးမကျတဲ့ကောင်တွေ၊ ဘယ့်နှယ်လုပ်မလဲ၊ မင်းတို့နဲ့ အလုပ်လုပ်ယင် ဒီလိုချည်းပဲ၊ ဘယ်တော့မှ မျက်စိမလွှဲရဘူး၊ လူမိုက်တွေ၊ မင်းတို့နဲ့ငါ ဘယ်လိုလုပ် အလုပ်လုပ်လို့ရမလဲ'

ငါလဲ လျှောက်ဆဲ လျှောက်အပြစ်ပြောနေမိတယ်။ ဘာလို့ ဒီလောက်တောင် စိတ်တိုနေမိလဲ။ အင်း သူတို့လဲလုပ်ကြတာပဲ။ တခါတလေတော့လဲ ငါ့စိတ်တိုင်းကျ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ငါကလဲ ခက်ပါလား။ ငါကမှပြောမထားတာ။ ငါ့အပြစ် သူတို့အပြစ်လုပ်လို့။ အင်း စိတ်လျှော့ စိတ်လျှော့။

ငါလဲ သွေးလွှတ်ကြောမအပေါ်ကို ပိတ်ထားတဲ့ လက်ကို နည်းနည်းခွာလိုက်တယ်။ သွေးပန်းထွက်မလာဘူး။ အင်း နှလုံးပြန်မခုန်တော့ဘူး။ ငါအလိုလိုငိုချင်လာတယ်၊ ဟုတ်တယ်၊ အခုလို အပြစ်မရှိတဲ့ ချစ်စရာကလေးတွေ ဒီလိုပဲ ရေတိမ်နစ်ရတာကို ငါ မကြည့်ရက်ဘူး။ ငါငိုချင်တယ်။ ငါဒီလောကက ထွက်ပြေးချင်ပြီ။

ဘာပဲဖြစ်ဖြစ် နှလုံးပြန်ခုန်လိုခုန်ငြား ငါကလက်နဲ့ နှလုံးကို ညှစ်ညှစ်ပေးနေမိတယ်။ သွေးကြောညှပ်တွေလဲ ပြန်မညှပ်ပဲ ညှစ်နေမိတယ်။ ဒါပေမယ့် နှလုံးကပြန်မခုန်။

အက်ဒီနာလင်လဲ ထပ်ထိုးတယ်။ သွေးလဲ အသစ်ထပ်သွင်းတယ်။ ငါလဲနှလုံးကိုညှစ်တုန်းပဲ။ နှလုံးက တခါတခါတော့

www.burmeseclassic.com

www.burmeseclassic.com



ခုန်သလိုလို။ ဒါပေမယ့် 'ဆရာ၊ သူငယ်အိမ် ကျယ်နေတာဆယ်မိနစ်ရှိပြီ' လို့ ဘေးက ပြောကြတယ်။ ဩော် ကလေးမလေး သေတာ ဆယ်မိနစ်တောင် ရှိပါပကော။ ဒီတော့မှ ငါလဲ စိတ်လျှော့လိုက်ရတယ်။

'ကဲ ဒါဖြင့် သွေးသွင်းတာ ရပ်လိုက်တော့၊ ချုပ်စရာရှိတာ မင်းတို့ပဲဆက်ချုပ်၊ သွေးတွေက သူ့အတွက် အသုံးမကျတော့ယင် နောက်တယောက်အတွက် အသုံးကျဦးမှာပေါ့' ငါလဲ ပြောပြောဆိုဆိုနဲ့ ခွဲစိတ်စားပွဲက ခွာခဲ့ရတယ်။ ငါ့တကိုယ်လုံးလဲ သွေးတွေရဲလို့၊ သားသတ်သမားကျနေတာပဲ။ ဘာပဲဖြစ်ဖြစ် ခွဲစိတ်ခန်းထဲက ငါ့ကုလားထိုင်ပေါ်မှာ ငါပစ်ထိုင်လိုက်တယ်။ ငါ့တကိုယ်လုံး လေးလို့၊ ဒါပေမယ့် ငါ့ခေါင်းထဲမှာတော့ ဘာမှမရှိဘူး။ ငါ့လက်တွေ ခြေထောက်တွေလဲ ထုံလို့၊ ကျင်လို့။ ဒါပေမယ့် ငါ ဘာမှမဖြစ်ပါဘူး၊ အားလုံးပြီးသွားပြီလေ။ အင်း....ပြီးသွားပြီဆိုတော့လဲ စိတ်ထဲမှာ ပေါ့သွားတာပဲ။ ဘာမှမဖြစ်သလိုပဲ။ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသလို။

ဒါပေမယ့် ဝန်ထုပ်တခုရှိသေးတယ်။ မာယာ့အဖေနဲ့အမေကို ငါဘယ်လိုပြောရပါ့မလဲ။ သူတို့ခမျာ ငါးနာရီတိတိ ခွဲစိတ်ခန်းပြင်ဘက်က စောင့်နေကြရှာတယ်။ အခုလောက်ဆို သူတို့သမီး ဘယ်လိုရှိတယ်ဆိုတာသိချင်ကြရောပေါ့။ အင်း....ငါဘယ်လိုလုပ်ပြောရမလဲ။ သူတို့ရဲ့တဦးတည်းသောသမီးကလေး သေပြီလို့၊ ခွဲစိတ်ယင်း သေသွားပြီလို့ ငါ ဘယ်လိုလုပ်ပြောရမလဲ။ အင်း.... ငါမပြောလဲ ခုလောက်ဆို သူတို့ခန့်မှန်းမိကြရောပေါ့။ ဒီလောက်ကြာတဲ့ ခွဲစိတ်မှု၊ ဒီလောက်ခက်တဲ့ ခွဲစိတ်မှု၊ အခုလောက်



ကြာတာတောင် ဘယ်ဆရာဝန်မှ ထွက်ပြီး စကားမပြောကြဘူး၊ အင်း....အားလုံးငြိမ်လို့။

အားလုံးပြီးပါပြီလေ။ မာယာ့ကို စားပွဲခင်းနဲ့ ပတ်လို့။ ဩော်....မာယာ မာယာ။ မာယာ မဟုတ်တော့ပါဘူးလေ။ မာယာ့အလောင်းပါ။ ငါ ဒါကိုဘယ်လိုလုပ်ပြောထွက်ပါ့မလဲ။

ခွဲစိတ်ခန်းထဲက ဆရာဝန်တွေ အားလုံးလဲ ငြိမ်နေကြတယ်။ ငါ့အခန်းထဲမှာ စုထိုင်လို့။ ဘာစကားမှ မပြောကြဘူး။ တော်တော်ကြာမှ တင်မြင့်က.... 'သူ့အဖေအမေကို သွားပြောလေကွာ' လို့ ဗညားကိုလှမ်းပြောလိုက်တယ်။ ဗညားလဲ သူ့ထက်ကြီးတဲ့လူက ပြောလိုက်တော့ မပြောချင်တဲ့မျက်နှာနဲ့ ထသွားတယ်။ သူ မပြောလို့တော့ မရဘူး၊ ပြောရမှာပဲ။

ဟော....မကြာပါဘူး၊ တို့အခန်းထဲကို မိန်းမတယောက် ဝှတ်ဝင်လာတယ်။ ဘယ်သူပါလိမ့်လို့ကြည့်နေတာ လက်စသတ်တော့ မာယာ့အမေကိုး။ 'ဘယ်မှာလဲ ကျွန်မသမီး။ မာယာ မာယာ၊ သမီးလေး ရေတိမ်နစ်ပါပေါ့လား'တဲ့။ ရီရီမြလဲ မကြည့်ရက်တော့ဘူး ထင်ရဲ့၊ မျက်နှာပျက်ပျက်နဲ့ အပြင်ထွက်သွားတယ်။ တင်မြင့်ကတော့ မာယာ့အမေကို သူ့သမီးအလောင်းဆီ ခေါ်သွားတယ်။ အဲဒီကျမှ မာယာ့အမေဟာ သူ့သမီးအလောင်းကို ဖက်ငိုတာပဲ။ မယ်ပဒ္မာမြေလူးဆိုတာ တကယ်ပဲ။ အို....မကြည့်ရက်ဘူး။

'သမီး....သမီး စကားထပြောပါဦး'၊ 'အင်း....ပြောပြော ခင်ဗျားကြိုက်သလိုပြော၊ ခင်ဗျားသမီးတော့ မထနိုင်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သေပြီ'လို့ ငါပြန်ပြောလိုက်ချင်တယ်။ ဒါပေမယ့် ငါမပြောရက်ပါဘူး။

ခွဲစိတ်ခန်းတခုလုံးလဲ ငြိမ်နေတယ်။ တစပြင်ကျနေတာပဲ။ ဟော....ဆရာမတွေလဲ ငိုလို့ပါလား။ ဖြစ်မှဖြစ်ရလေ။မနေသာဘူး၊ ငါလဲမာယာ့အမေကို သွားစကားပြောရတယ်။ဘာပြောမိလဲတော့ မသိဘူး။ နောက် သူ့ကို ခွဲစိတ်ခန်းအပြင် ခေါ်သွားခိုင်းရတယ်။ အပြင်မှာတော့ သူ့ယောကျ်ားက မျက်ရည်တွေနဲ့ သူ့ကို စောင့်နေတယ်။

'လိုတာပြောပါ၊ ကျွန်တော်တို့အားလုံး လိုက်လုပ်ပေးပါ့မယ်'လို့ ငါပြောလိုက်ရတယ်။ တကယ်တော့ ငါဘာလုပ်ပေးနိုင်လို့လဲ။ သူ့သမီးကို ရှင်အောင် ငါမှ လုပ်မပေးနိုင်ပဲ။ ငါ့စကားဟာ အလကားပဲလေ။ မကြာပါဘူး၊ မာယာ့အဖေက မာယာ့အမေကို ဆွဲခေါ်သွားတယ်။ ရှိုက်ကြီးတော့ ငိုတုန်း။

ငါလဲ ခွဲစိတ်မှုမှတ်တမ်းရေးဖို့ စားပွဲမှာ ထိုင်လိုက်ရတယ်။ ငါဘယ်လိုရေးမလဲ။

'သွေးလွှတ်ကြောမကြီး၌ သွေးကြောကျယ်သော နေရာရှိရာ ရုတ်တရက်ပေါက်သွားသည်။ ပေါက်သွားသောအပေါက်ကိုပိတ်ရန် အစွမ်းကုန်ကြိုးစားရာ မရ။ သွေးမှာ ထွက်မြဲတဖြည်းဖြည်းနှလုံးခုန်ရပ်၍....'

အင်း....အားလုံးရပ်ဆိုင်းသွားပြီ။ တနေ့တာလုပ်ငန်းတွေလဲ ရပ်သွားပြီ။ ငါ့အလုပ်တွေလဲ ကနေ့အတွက်တော့ ပြီးသွားပြီ။



ငါလဲအိမ်ပြန်ဦးမှ။ အပြင်မှာလဲ မှောင်စပျိုးပြီ။အင်း အမှောင်ထဲငါပြန်သွားယင် ငါ့ကိုဘယ်သူမှတ်မိမလဲ။ ဒီလိုဆို ငါ့ကို ဘယ်လိုမှ စကားမပြောနိုင်ကြတော့ဘူး။ အင်း အခုမှစိတ်သက်သာရာ ရတော့တယ်။

ငါ့အဖို့ ဒီတနေ့တာကို ဘယ်လိုဖြေလို့ ရပါ့မလဲ။

ငါပြန်လာတော့ မှောင်နေပြီ၊ ဒါပေမယ့် ကောင်းကင်ယံကတော့ ကြယ်ရောင်နဲ့ ပြောင်လို့၊ လင်းလို့။ ပတ်ဝန်းကျင်တခုလုံးလဲ တိတ်ဆိတ်နေတယ်။ အခါတိုင်း ကြားနေကျလေယာဉ်ပျံသံတွေတောင် မကြားရတော့ဘူး။ တခါတခါ ပြည်လမ်းအတိုင်းမောင်းသွားတဲ့ ကားသံတွေပဲ ကြားရတယ်။ ဟုတ်တယ်။ ငါဟာ စိန်ပန်းပင်တွေအောက်က ဖြတ်လျှောက်ခဲ့တယ်။စိန်ပန်းတွေလဲ အပွင့်တွေနဲ့၊ နေ့ဆိုယင်တော့ ရဲနေတာ။ အခု ညဆိုတော့မသိသာဘူး။ ဒါပေမယ့် လေကလဲ တဖြူးဖြူးနဲ့ ဆိုတော့ လမ်းလျှောက်လို့ ကောင်းပါပေရဲ့။ ငါသာ ကဗျာ စပ်တတ်ယင် ကဗျာတောင် စပ်ချင်ပါရဲ့။

ဟော ငါ့အိမ်ရောက်ပြီ။ တံခါးခေါက်လိုက်တာနဲ့ 'ဘယ်သူလဲ'လို့ လှမ်းမေးတဲ့ သမီးငယ်ရဲ့အသံကို ကြားလိုက်ရတယ်။ ဟုတ်တယ်။ ငါပြန်လာတိုင်း ငါ့သမီးက ဒီလိုပဲ မေးနေကျ။ သမီးက အခု အသက် ၄ နှစ်ရှိပြီ။ နာမည်က စန္ဒီတဲ့။ သိပ်ချစ်စရာကောင်းတာ။ အင်း ဘယ်မိဘများ သားသမီးကို မချစ်ဘဲ နေနိုင်ပါလိမ့်မလဲ။ 'ဖေဖေပါ သမီးရဲ့'လို့ ပြောပြီး သူ့အမေဖွင့်ပေးတဲ့တံခါးက အိမ်ထဲဝင်ခဲ့ရတယ်။ အိမ်ထဲဝင်ပြီးတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုချီပြီး နမ်းလိုက်ရတယ်။ ငါ့မျက်နှာက ငိုနေလို့လား မသိဘူး။ သမီးကမေးတယ်။

'ဖေဖေ မပျော်ဘူးလား၊ ကနေ့ အလုပ်များလို့လား'တဲ့။

'ဟုတ်တယ် သမီးရဲ့၊ ဖေဖေ ကနေ့ခွဲစိတ်ရတာ မောသွားလို့' 'ဘာခွဲလဲ ဖေဖေ၊ ဖေဖေခွဲတဲ့လူ ရှင်သလား'၊ 'မရှင်ဘူးသမီးရဲ့'လို့ ပြောပြီး သူ့ကို သူ့အမေဆီ လှမ်းပေးလိုက်ရတယ်။ သူ့အမေလဲ သမီးကို လှမ်းချီယင်း ငါ့ကို ကြင်နာတဲ့မျက်နှာနဲ့ ကြည့်တယ်။ သူ ငါ့ကို နားလည်ဘယ်ဆိုတဲ့သဘောပေါ့လေ။ ဟုတ်တယ်။ သူ့အမေနဲ့ ငါနဲ့ အိမ်ထောင်ပြုတာ ၅နှစ်ရှိပြီ။ အတူတူ အလုပ်လုပ်တာကလဲ ၅ နှစ်၊ သူ ဒုတိယ အမ်-ဘီ-ဘီ-အက်(စ်) အတန်းထဲက အခု သူဆရာဝန်တောင် ဖြစ်နေပြီ။ ဒီတော့ ငါ့မျက်နှာရိပ်မျက်နှာကဲ၊ ငါ့အမူအရာကိုကြည့်တာနဲ့ သူဟာ ငါဘယ်လိုခံစားနေရတယ်ဆိုတာ သူနားလည်နေပြီ။ သူဟာ ငါ့အပေါ်မှာ သိပ်ကြင်နာယုယလွန်းရှာပါတယ်။ 'ရေချိုးပြီးမှ ထမင်းစားမလား ကိုကို'လို့ သူက မေးတယ်။

'အေး.... ကိုကိုနားဦးမယ်၊ နားပြီးမှ ရေချိုးပြီးမှ ကိုကို ထမင်းစားမယ်'လို့ ပြန်ပြောရတယ်။

'ကိုကို့ကို ဝီစကီပြင်ပေးပါလား' လို့လဲ တဆက်တည်း ပြောလိုက်ရတယ်။

'ကိုကို သိပ်ပင်ပန်းယင် ကွန်းညက်ဘရန်ဒီ သောက်ပါလား၊ ဝီစကီဆိုယင် ကိုကိုအကြာကြီးသောက်နေရမယ်'



တကယ်နားလည်တဲ့ မိန်းမ။ ငါလဲ သူ့ကို ခေါင်းညိတ်ပြလိုက်ယင်း အဝတ်အစား လဲလိုက်ရတယ်။ ပြီးတာနဲ့ ပက်လက်ကုလားထိုင်တလုံးပေါ်မှာထိုင်ပြီး နားနေရတယ်။

'အင်း....လူ့ဘဝမှာ မသေသင့်ပဲ သေရတဲ့လူတွေ ဘယ်လောက်များပြီလဲ။ လူတွေသေတိုင်း လူသတ်သမားတွေ ရှိနေတာပဲ။

ဟုတ်တယ်။ စစ်ဖြစ်လို့ အပြစ်မဲ့တဲ့သူတွေ သေရယင် စစ်သားတွေဟာ လူသတ်သမားတွေပဲ။ ကား၊ ရထားလိုက်လို့ မှောက်လို့ သေရယင် ကား၊ ရထားမောင်းသူတွေက လူသတ်သမားတွေပဲ။ အိမ်တွေအဆောက်အအုံတွေပြိုလို့ လူတွေသေယင် ဗိသုကာတွေ၊ အင်ဂျင်နီယာတွေဟာ လူသတ်သမားတွေပဲ။ ဟုတ်တယ်။ အဲဒီလိုဆိုယင် ဆရာဝန်တွေလဲ ကိုယ့်လူနာကိုရှင်အောင် မကုနိုင်ယင်၊ ရှင်ရမယ့်လူသေအောင် ဂရုစိုက်မကုယင် လူသတ်သမားတွေပဲ။ ဒီအထဲမှာ ငါက ထိပ်ဆုံးက 'ငါခွဲစိတ်လို့ သေတဲ့လူတွေ ဘယ်လောက်များပြီလဲ၊ ဒီသေတဲ့ လူတွေဟာ ငါမခွဲယင် သေချင်မှ သေမှာ၊ ဒီတော့ ငါလဲ လူသတ်သမားပဲ'

မှန်ပါရဲ့။ ငါက ခွဲစိတ်တဲ့အခါ လူနာကို သေစေလိုတဲ့ စိတ်မရှိဘူး။ လူနာရဲ့ ကုသိုလ်ကံကိုက မရှိလို့ သေရတာ။ ကြည့်ပါလား။ အမရာလဲ ငါစေတနာနဲ့ခွဲတာပဲ။ မာယာလဲ စေတနာနဲ့ ခွဲတာပဲ။ ဒါပေမယ့် သူတို့ ၂ ယောက်စလုံး သေသွားတယ်။ ငါ ဘယ်လောက် ညှိုးသလဲ။ ငါလဲ လူသတ်သမားပဲ။ ဒါပေမယ့် ငါ့ကို လူသတ်သမားလို့ ဘယ်သူမှ မပြောကြပါလား။ အို.... လောကကြီးက မတရားဘူး။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ငါ့သမီးစန္ဒီ တဦးဦးရဲ့ လက်ချက်နဲ့သေသွားခဲ့ရင် ငါ ဘယ်လိုနေမလဲ။ ငါ အဲဒီလူကို လိုက်သတ်မှာပဲ။ ဆရာဝန်တယောက်ယောက်ရဲ့ ကုသမှုကြောင့် သေလို့ပဲ အဲဒီဆရာဝန်ကို ငါအပြစ်ပြောမှာပဲ။ ဟော အခုတော့ ငါ့ကို ဘယ်သူမှ အပြစ်မပြောကြဘူး။ အနည်းဆုံး ငါ့ရှေ့မှာတော့ မပြောကြဘူး။ ဘာဖြစ်လို့လဲ။ ငါက ဆရာဝန်မဟုတ်လား၊ ခွဲစိတ်ဆရာဝန်မဟုတ်လား။ ပါမောက္ခကြီး မဟုတ်လား။

အင်း....တကယ်တော့ ငါလဲ လူဆိုး မဟုတ်ပါဘူး။ ခွဲစိတ်ဆရာဝန်ထဲမှာတောင်မှ လူတော်။ ဟုတ်တယ်။ ငါဟာ ငယ်ငယ်အတည်းက စာတော်ခဲ့တယ်။ အတန်းတိုင်းမှာ ပထမ ရခဲ့တယ်။ အစိုးရ စကောလားရှစ်တွေလဲ ရခဲ့တယ်။ ကြည့်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ ပါမောက္ခဖြစ်တာသာကြည့်။ နောက်ပြီး ဗမာပြည်မှာ ပထမဦးဆုံး အဆုတ်ခွဲကုတာ၊ နှလုံးခွဲကုတာတွေကို ငါပဲ စလုပ်ခဲ့တယ် မဟုတ်လား။ ဘွဲ့လွန် သင်တန်းတွေကိုလဲ ငါပဲ စဖွင့်ပေးခဲ့တယ် မဟုတ်လား။

ဒါပေမယ့် ကနေ့တော့ ငါညံ့လှပါလား၊သေးလွတ်ကြောမ ကျယ်တာတောင် မသိဘူးလား။ လူနာကို ခွဲစိတ်ခုံပေါ်မှာပဲ သေအောင်ခွဲခဲ့တယ်ဆိုတာ ညံ့လှပါလား။

'အို ငါ လူညံ့၊ လူညံ့'

'ကိုကို ဘာတွေ အော်နေတာလဲ၊ ရေချိုးတော့လေ' လို့ နန်းက ပြောမှ ငါလဲ ငါအစဉ်းစားလွန်နေမှန်း သတိရလိုက်တယ်။ ဟုတ်တယ်၊ ကွန်းညက်တပုလင်းလဲ ပြောင်ခါနီးပြီ။ အဲဒီအခါကျမှ ရေချိုးလိုက်ရတယ်။ ရေချိုးပြီးတော့ နန်းက ထမင်း



စားပွဲက စောင့်နေတယ်။ ငါလဲ အခါတိုင်းထိုင်နေကျ စားပွဲနေရာမှာထိုင်ယင်း နန်း ထည့်ပေးတဲ့ ဟင်းတွေကို မစားနိုင်စားနိုင်နဲ့ စားနေရတယ်။

'ဖေဖေ နေမကောင်းဘူးလား၊ ထမင်းသိပ်မစားဘူး' လို့ သမီးက ပြောတယ်။ 'များများစားပါဖေဖေရဲ့၊ ဒါမှ ဖေဖေ အလုပ်ကောင်းကောင်းလုပ်ရမှာ" လို့လဲ ဆက်ပြောသေးတယ်။ တကယ်စကားတတ်တဲ့သမီး၊ အရွယ်နဲ့မလိုက်အောင် တတ်ပါပေတယ်။ ဒါကြောင့်လဲ သူနေတဲ့ မူလတန်းကြို ကျောင်းက ဆရာမတွေက သူ့ကို ဝိုင်းချစ်ကြတာပေါ့။ သူ တော်မယ် သွက်မယ်ဆိုလဲ အံ့ဩစရာမရှိပါဘူး။ သူ့အဖေက လူတော်၊ သူ့အမေက လူတော်။ သူ့အမေလဲ ကျောင်းနေစဉ်က စကောလားရှစ် ရခဲ့တာ၊ ဂုဏ်ထူးတွေ ရခဲ့တာပဲ။ "အင်း....သမီး တော်ပါပေ့။ ဒီတော်တဲ့သမီး ကျန်းမာအောင်လုပ်ဖို့ ငါ့မှာ တာဝန်ရှိပါလား။ ငါ့လိုပဲ တခြားမိဘတွေလဲ သားသမီးအပေါ်မှာ စေတနာရှိမှာပါလား။ ဟုတ်တယ်၊ အမရာနဲ့ မာယာ့အဖေ အမေတွေလဲ ငါ့လိုပဲ နေမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## နောက်တယောက်အကြောင်း

စိန်ပန်းတွေ လိုင်လိုင်ပွင့်နေပြီ။ ဆေးတက္ကသိုလ် တခုလုံး ရဲရဲနီလို့။ မိုးရွာထားလို့လဲ မြေသင်း နံ့က တလှိုင်လှိုင်။ ဘယ်ကြည့်ကြည့် အနီနဲ့၊ အစိမ်းနဲ့၊ အစိမ်းနဲ့အနီ။ ကောင်းကင်ကလဲ ပြာလို့။ တိမ်မှမရှိပဲ၊ ပြာနေမှာပေါ့။ အင်း.... ဘယ်လောက်သာယာတဲ့ရှုခင်းလဲ၊ အိုပါမောက္ခ၊ မင်း ဩကာသလောကရဲ့ အလှကို ခံစားပါ ဦးလား။



ဒါပေမယ့် ငါဟာ သဘာဝ အလှအရသာကို မခံနိုင် သေးဘူး။ ငါ့မှာ လုပ်စရာတွေရှိသေးတယ်။ ဟုတ်တယ်၊ ကနေ့လဲ ခွဲစိတ်စရာရှိသေးတယ်။ ငါ ဆေးရုံကို စောစောရောက်အောင် သွားရမယ်။ ဒါနဲ့ ငါလဲ လမ်းကို မြန်မြန်လျှောက်ခဲ့တယ်။ ကား ဘာလို့ မယူခဲ့သလဲ။ အို...ကားမောင်းရတာ စိတ်ပင်ပန်း ပါတယ်။ လမ်းလျှောက်ရတာက စိတ်လွတ်ကိုယ်လွတ်။ နောက်ပြီး မနက်စောစော လမ်းလျှောက်ရတာလဲ ကျန်းမာရေးနဲ့ ညီတယ် မို့လား။ အခုလို လှပသာယာတဲ့ မနက်ခင်းမျိုးဆိုယင် စိတ်ပေါ့ လူပေါ့၊ ဘယ်လောက်ကောင်းသလဲ။ ဟုတ်တယ်၊ လောကမှာ သဘာဝအလှကို ခံစားရတာ၊ ခံစားနိုင်တာ သိပ်ကောင်း တာပဲ။ ဒါကြောင့်လဲ ကဗျာဆရာ၊ စာရေးဆရာတွေ ပေါ်လာ တာပေါ့။ ဟုတ်တယ်၊ ကဗျာဆရာ၊ စာရေးဆရာဆိုတာ သဘာဝ အလှကိုလဲ ခံစားတတ်ရတယ်၊ ကိုယ်ခံစားတဲ့အတိုင်း သူများ ခံစားနိုင်အောင်လဲ ရေးသားစပ်ဆိုနိုင်ရတယ်။ ဘယ်လောက် တော်သလဲ။ အင်း....ငါလဲ တခါတခါကျ ကဗျာစပ်ချင်သား၊ စာရေးချင်သား။ ဒါပေမယ့် ငါမှ မစပ်တတ်တာ၊ ငါ့အလုပ်နဲ့ စာရေးတဲ့အတတ်နဲ့က တခြားစီဖြစ်နေပါလား။

ဟုတ်တယ်၊ ကနေ့ဆိုယင် မနက်ရဲ့အလှကို ငါခံစားတတ် ပေမယ့် ခံစားချိန်မရဘူး၊ ရေးသားချိန်မရဘူး။ ငါ့မှာ ခက်ခဲတဲ့ ခွဲစိတ်မှုတခု၊ အခုပဲ လုပ်ရမယ်မဟုတ်လား။ ဟုတ်တယ်၊ ကနေ့ ကြီးကျယ်တဲ့ ခွဲစိတ်မှုတခုကို ငါလုပ်ရဦးမယ်။

တကယ်ဆိုတော့ အခါတိုင်း လမ်းလျှောက်လို့ရှိယင်၊ ငါ လူနာတွေအကြောင်း ဘယ်တော့မှ မစဉ်းစားဘူး။ တနေ့လုံး

www.burmeseclassic.com

www.burmeseclassic.com



တညလုံး လူနာတွေနဲ့ပဲ လုံးနေရလွန်းလို့ လမ်းလျှောက်တဲ့အချိန်ဆိုယင် လူနာတွေနဲ့ကင်းနေချင်တယ်။ ဒါပေမယ့် ဒီနေ့ကျမရဘူး။ ရုလဲ လူနာအကြောင်းကို စဉ်းစားနေမိတယ်။ မစဉ်းစားလဲ မရဘူးလေ။ ဒီလူနာက ငါနဲ့သိတဲ့လူနာ၊ ခင်တဲ့လူနာကိုး။ တကယ်တော့ လူနာနဲ့ ခွဲစိတ်ဆရာဝန်ဆိုတာ မခင်တာအကောင်းဆုံး။ ခင်နေတော့ သံယောဇဉ်တွယ်လာပြီး ခွဲစိတ်ရတဲ့အခါ စိတ်ထင့်တယ်။ တခုခုဖြစ်မှာ စိုးရတယ်။ ဒါကြောင့် ခွဲစိတ်ဆရာဝန်တွေဟာ သူတို့သားသမီး အမျိုးအဆွေဆိုယင် သူတို့ကိုယ်တိုင် မခွဲကြဘူး။ သူများကို ခွဲခိုင်းတာပဲ။

အခုခွဲရမယ့်လူနာက ငါနဲ့ ကုသနေတာ ကြာပြီ။ ဟုတ်တယ်၊ တက္ကသိုလ်မှာ နေကတည်းက သူက ဆရာဝန်လိုင်းကတော့ မဟုတ်ဘူး။ သူက သင်္ချာဆရာလေ။ ဒီသင်္ချာဆရာကတော့ အတွက် ဘယ်တော့မှမမှားဘူး။ တကယ်တော်တဲ့ သင်္ချာဆရာ။ အခုလဲ သူ့ခွဲစိတ်မှုအတွက် သူအားလုံးတွက်ပြီးပြီ။ သူကိုယ်တိုင်လဲ လိုလိုလားလား အခွဲခိုင်းတာပဲ၊ ဒါကိုပဲ ငါက ရွံ့နေသေးတယ်။

တကယ်တော့ သူ့ကို ငါမခွဲယင် ရသားပဲ။ အခုထိ ငါမခွဲပဲလဲ နေလို့ရသေးတယ်။ ဟုတ်တယ်၊ ငါ သူ့ကို ပြန်စမ်းသပ်ပြီး ခွဲဖို့ သင့်မသင့် ပြန်ပြောလို့ ရပါသေးတယ်။

တကယ်ဆိုတော့ ငါပူလို့သာ ပူနေတယ်။ သူ့ကို ခွဲဖို့ မခွဲဖို့ ငါတို့ အသေအချာ စမ်းသပ်ဆွေးနွေးပြီးပြီ မဟုတ်လား။ ငါတို့ ဆရာဝန်အချင်းချင်း၊ နောက် ငါတို့နဲ့ လူနာနဲ့ လူနာရှင်တွေနဲ့။ ဆရာဝန်အားလုံးကလဲ ခွဲဖို့ သဘောတူတယ်။ လူနာကလဲ ခွဲဖို့



စိတ်အားထက်သန်နေတယ်။ ကဲ ဘာစဉ်းစားစရာလိုသေးလဲ။ ဟုတ်ပါတယ်၊ လူနာ့မိန်းမ မေနှင်းဆီကတော့ သိပ်မခွဲစေချင်ဘူးပေါ့။ သူ့ယောကျ်ား တခုခုဖြစ်မှာကို တွေးပူနေတယ်။ ရောဂါကြီးနဲ့ပေမယ့် မခွဲယင် သူ့ယောကျ်ားကို သူပိုင်သေးတယ်၊ ခွဲလိုက်လို့ သေသွားယင် သူ့ယောကျ်ားကို ဆုံးပါးသွားမှာ စိုးရိမ်နေတယ်တဲ့။ အို....ဒါကတော့ မိန်းမတိုင်း စိုးရိမ်တတ်တာချည်းပဲ။ ဘယ်မိန်းမ မဆို သူတို့ သံယောဇဉ်တွယ်ပြီဆိုယင် ဆုံးရှုံးရမှာ သိပ်ကြောက်ကြတာမဟုတ်လား။

အင်း....ငါ ဘာတွေစဉ်းစားနေပါလိမ့်၊ အခုပဲ ဆေးရုံကို ရောက်လာပြီ။ ဟုတ်တယ်၊ ဆေးရုံ ရောက်တာနဲ့ ငါဟာ သွက်လက် လန်းဆန်းလာတယ်။ ငါ့အဖို့ ဆေးရုံဟာ အိမ်။ အိမ်မှာဆို လူတိုင်းဟာ ပျော်ရွှင်သွက်လက် တတ်ကြတယ် မဟုတ်လား။

ငါတို့ဆေးရုံကလဲ အကြီးကြီး။ ဗမာပြည်ရဲ့ အဆင့်အတန်းနဲ့ဆို အကြီးကြီးပေါ့။ အထပ် ၅ ထပ်၊ လူနာ ၂၀၀ ဆန့်တယ်။ စိန့်ပန်းပင်တွေ ပတ်လည်ဝိုင်းနေတော့ ဘေးက မီးတောက်မီးလျှံတွေဝိုင်းနေသလိုထင်ရတယ်။ ဒါပေမယ့် အနီတွေကြားမှာ အစိမ်းတွေ မြင်ရပြန်တော့ ရင်အေးရပြန်ရော။ အဆောက်အအုံတခုလုံးကိုတော့ ကြက်ဥနှစ်ရောင်သုတ်ထားတယ်။ အတွင်းမှာကျ အစိမ်း၊ အနီ၊ အပြာ၊ အဖြူရောင်စုံ။ ငါ့ခွဲစိတ် လူနာဆောင်ကတော့ အစိမ်းနုရောင်၊ ခွဲစိတ်ခန်းက အဖြူရောင်။

ငါ့အခန်းရှေ့မှာ လူနာတွေ ကျောင်းသားတွေ ပြည့်လို့။ ငါလာတော့ ပြုံးနှုတ်ဆက်ကြတယ်။ ငါလဲ 'သိပ်လှတဲ့ မနက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



နေဉ်'လို့ ပြောပြီး နှုတ်ဆက်လိုက်တယ်။ အားလုံး ငါ့ကို ဝိုင်းရယ်ကြတယ်။ ဘာလဲ ငါအင်္ဂလိပ်ဆန်နေလို့လား။ ဟုတ်တယ်။ တချို့က ငါဘောင်းဘီနဲ့၊ နက်ကတိုင်အမြဲစီးထားတာနဲ့ ဘိုဆန်တယ်လို့ ပြောကြတယ်။ တကယ်တော့ အခု ဘောင်းဘီဝတ်တာ ဘိုဆန်ချင်လို့ မဟုတ်ဘူး။ ခွဲစိတ်ရအောင်၊ လူနာတွေကို ကြည့်လို့ လွယ်အောင်၊ သွားလာလုပ်ကိုင်လို့ လွယ်အောင် ဝတ်ရတာ။ ငါ့အိမ်မှာကျ ငါလဲ ပုဆိုးဝတ်တာပဲ၊ ညှပ်ဖိနပ် စီးတာပဲ။ တကယ်ပဲ။ ငါတို့ ဗမာလူမျိုးတွေဟာ ခေတ်နဲ့ ရင်ပေါင်တန်းလိုက်နိုင်အောင် ဝတ်တတ်ကြ၊ အလုပ်လုပ်တတ်ကြဖို့ လိုပြီ။ အလုပ်မလုပ်ပဲနဲ့ သူများလိုက်ဝေဖန်နေတာ သိပ်ဆိုးတာပဲ။

ငါ့အခန်းထဲရောက်တော့ စားပွဲပေါ်မှာ ပိတောက်ပန်းတွေ ဝေနေတာ မြင်ရတယ်။ ဩော် ရှားရှားပါးပါး ပွင့်နေတဲ့ ပိတောက်တွေကို ငါ့အတွက် ယူလာကြပါကလား။ ပိတောက်ရနံ့ကို ရှူလိုက်ရတော့ ရင်ထဲမှာ ရှင်းသွားတာပဲ။

ငါ အခန်းထဲလဲရောက်ရော၊ ငါ့လက်ထောက်တွေ ဆရာမတွေလဲ ဝင်လာကြတယ်။ ကျောင်းသားတွေလဲ ဝင်လာကြတယ်။

'ခွဲစိတ်ခန်းသွားကြ၊ ကနေ့ နှလုံးခွဲမယ်၊ မင်းတို့ကြည့်ဖြစ်အောင် ကြည့်ရမယ်'ဆိုပြီး ကျောင်းသားတွေကိုနှင်လိုက်ရတယ်။ ပြီးမှ....

'ကဲ ခွဲစိတ်ခန်းမသွားခင် ဘာအရေးကြီးတဲ့ လူနာရှိသလဲ၊ ခေါ်ခဲ့လေ'လို့ ပြောလိုက်ရတယ်။



'လူနာတွေတော့ ကျွန်တော်ကြည့်ပြီးပြီဆရာ၊ အခုခွဲမယ့် လူနာရဲ့ မိန်းမပဲ ဆရာနဲ့ တွေ့ချင်လို့'တဲ့။

'ဟုတ်လား၊ မနှင်းဆီကို ခေါ်လိုက်လေ'မနှင်းဆီဆိုတာ အခုခွဲမယ့် သင်္ချာဆရာရဲ့ မိန်းမ၊ ဖြူဖြူခန့်ခန့်၊ ဒေါင်းတိ မောင်းတိပဲ။ သူဟာ ရဲရဲဝံ့ဝံ့နဲ့ ဝင်လာတယ်။ မျက်နှာတော့ ပျက်လို့။

'ဆရာကြီး၊ သူ့ကို ကနေ့ခွဲမှာလား'

'ဟုတ်တယ်၊ ခွဲမယ်၊ အားလုံးပြင်ပြီးပြီ'

'ကျွန်မ သူ့ကို မခွဲစေချင်ဘူး ဆရာကြီး'

သူ့မျက်နှာက မျက်ရည်တွေစီးကျလာတယ်။ သူဟာ ကလေးတယောက်လို ရှိုက်နေတယ်။ 'ဟ ဘာဖြစ်လို့လဲ၊ မင်းပဲ သဘောတူလို့ လက်မှတ်ထိုးပေးပြီးပြီ၊ သူလဲ သိပ်ခွဲစေချင်တယ်၊ တို့လဲ ခွဲဖို့ အားလုံးပြင်ဆင်ပြီးပြီ'

'ကျွန်မ သူတခုခုဖြစ်မှာစိုးလို့ပါ'သူက မဝံ့မရဲနဲ့ ပြောတယ်။ သူ့အသံဟာ တိမ်နေတယ်။ဟုတ်တယ်။ သူဟာ သူ့ယောကျ်ား တခုခုဖြစ်မှာကို သိပ်စိုးရိမ်နေတယ်။ အခုခွဲခါနီးမှ မခွဲစေချင်ပြန်ဘူး။ ဆရာဝန်တယောက် အနေနဲ့ ငါ ဘာလုပ်မလဲ။ ဆရာဝန်တယောက်အနေနဲ့သူဟာ ခွဲစိတ်ကုသမခံယင် သေမှာပဲ၊ ခွဲကုတာမှ ရှင်ဖို့လမ်းရှိသေးတယ်။ နောက်ပြီး ခွဲကုဖို့သင့်လို့ ခွဲဖို့သဘောတူပြီးတဲ့ လူနာတယောက်ကို သူ့ဇနီးက ကန့်ကွက်တာနဲ့ မခွဲပဲ ပစ်ထားရမလား။ ဒီအတိုင်းသေသွားအောင် ထားရမလား။ ဘယ်ဖြစ်ပါ့မလဲ။

'သိပ်လဲ မပူပါနဲ့ကွာ၊ သူ့အခြေအနေ ကောင်းပါတယ်ကွ၊ မင်းစိတ်အေးအေးထားပါ'လို့ နောက်ဆုံး ပြောလိုက်ရတယ်။

www.burmeseclassic.com

ပြီးတာနဲ့ ခွဲစိတ်ခန်းသွားဖို့ ပြင်ရတယ်။ သူလဲ မျက်စိ မျက်နှာ ပျက်ပျက်နဲ့ ထွက်သွားတယ်။ ဟုတ်တယ်။ သူခွဲစိတ်ခန်းဘက်ကို ထွက်သွားတာပေါ့။

ငါလဲ ငါ့အဖွဲ့နဲ့ ခွဲစိတ်ခန်းကို ရောက်သွားတယ်။ ကနေ့ခွဲမယ့် လူနာအားလုံး ခွဲစိတ်ခန်းအင်္ကျီတွေဝတ်ပြီး ခွဲစိတ်ထမ်းစင်တွေ ပေါ်မှာရှိနေကြတယ်။ မေ့ဆေးဆရာဝန်တွေလဲ သူတို့ကိုမေ့ဆေး ပေးဖို့ အလုပ်များနေကြတယ်။ သူနာပြုဆရာမတွေ အကူလူ တွေလဲ ယောက်ယက်ခတ်နေကြတယ်။ ဟုတ်တယ်၊ ကနေ့ အကြီး အကျယ် ခွဲဦးမယ်ဆိုတော့ အားလုံးအလုပ်များနေ ကြတာ ပေါ့။

ပထမထမ်းစင်ပေါ်မှာသူ့ကိုတွေ့ရတယ်။ သူဆိုတာက ကနေ့ ငါ့ရဲ့အရေးကြီးတဲ့ လူနာ၊ သချ်ာဆရာပေါ့။ သူဟာ မမေ့ သေးဘူး။

'ဘယ့်နှယ် သီဟကို မေ့ဆေးမပေးသေးဘူးလား'

'ဆရာကြီးလာမှ ပေးပါဆိုလို့ စောင့်နေရတယ်' လို့ မေ့ဆေးဆရာ ဒေါက်တာတင်မြင့်က ပြန်ပြောတယ်။

'ဘယ်သူကပြောလဲ'

'သူကပဲ ဆရာ'

ဒါနဲ့ ငါလဲ သီဟဘက်ကို လှည့်လိုက်ရတယ်။ သီဟဟာ ငါ့ကို ပြုံးကြည့်နေတယ်။ သူဟာ ခွဲခံရမှာကို မကြောက်သလိုပဲ။

'ဘယ်လိုလဲ ကိုသီဟ' လို့ ငါက မေးလိုက်ရတယ်။

'ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်နေကောင်းပါတယ်၊ ခွဲသာခွဲ ပေးပါ၊ မခွဲခင် ဆရာကြီးနဲ့ ခဏစကားပြောချင်လို့၊ မေ့ဆေး မပေးခိုင်းသေးတာပါ' တဲ့။

'ဒါဖြင့် ပြောလေ'

'ဆရာကြီးနဲ့ ၂ယောက်တည်းပဲ ပြောပါရစေ'၊ 'ကိစ္စမရှိ ပါဘူး၊ ဆရာဝန်အားလုံးဟာ သူနာရဲ့ လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ ပေါက်ကြားမပြောပါဘူး၊ ဒါပေမယ့် မင်းစိတ်ချ ရအောင် ငါတို့နားကို ဘယ်သူမှ မလာစေရဘူး'

ဒါနဲ့ တခြားလူတွေ ငါတို့အနားက ရှဲသွားကြတယ်။ ငါလဲ သူ ဘေးကို ခွေးခြေကုလားထိုင်တလုံးယူထိုင်ပြီး သူပြောမှာကို နားထောင်ရတယ်။ ဟုတ်တယ်၊ ဆရာဝန်ဆိုတာ လူနာစိတ် ချမ်းသာအောင် အားလုံးလုပ်ပေးရမှာပဲ။ 'ဆရာကျွန်တော့်ကို တခုဆောင်ကြဉ်းပေးပါဆရာ။ ဆရာကျွန်တော့်ကို အားလုံး ကူညီခဲ့တာ ဒီတခုကိုလဲ ကူညီလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

'အေး ဘာဆောင်ကြဉ်းပေးရမှာလဲ ပြော၊ ငါတတ်နိုင်တာ ဆိုယင် လုပ်ပေးမယ်' 'ဟုတ်ကဲ့ဆရာ၊ ကျေးဇူးတင်ပါတယ်' သူ့မျက်နှာပြုံးလာတယ်။ ကျေနပ်တဲ့အမူအရာနဲ့ မျက်လုံးလဲပဲ အရောင်တောက် လာတယ်။ ပြီး သူ့ခေါင်းအုံးအောက်က စာအိတ်ရှည်ကြီးတခုကို ဆွဲထုတ်ယူလိုက်တယ်။

'ဒါက ကျွန်တော့်မှတ်စုတွေပါ ဆရာ၊ ဆရာနဲ့ ကျွန်တော်နဲ့ ဆွေးနွေးခဲ့တဲ့အချက်တွေအားလုံးလဲပါပါတယ်၊ ကျွန်တော်ဟာ သင်္ချာဆရာဆိုတော့ သင်္ချာနဲ့ ပတ်သက်တာတွေပေါ့၊ အတွေး

www.burmeseclassic.com



အခေါ်နဲ့ ပတ်သက်တာတွေရော ပါပါတယ်။ ကျွန်တော့်ကို ခွဲစိတ်ခံရခါနီးမို့ စိတ်ရှုပ်ထပြီး ရေးထားတယ်၊ ခိုင်းထားတယ်လို့ မထင်ပါနဲ့ဆရာ။ ကျွန်တော်ခွဲစိတ်တာနဲ့ ပတ်သက်ပြီး ဘာမှ မဖြစ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်ပဲ လိုလိုလားလားနဲ့ ခွဲဖို့ တောင်းပန်တာပဲ မဟုတ်လား။ ဒီတော့ ကျွန်တော်ရေးထားတာတွေကို အားယင်ဖတ်ပါဆရာ။ ဆရာ့ခွဲစိတ်မှု၊ ဆရာ့ သုတေသနအတွက် အချို့ အချက်အလက်တွေ၊ အတွက်အချက်တွေဟာ အသုံးဝင်လာပါလိမ့်မယ်။ ဆရာတို့လိုတာ နှလုံးခွဲတဲ့ အခါ သွေး လှည့်လည်နှုန်း၊ သွေးလှည့်လည်စက်၊ နှလုံးအဆို့ ရှင်တွေ၊ ဒါတွေကို ဘယ်လိုကောင်းအောင် လုပ်ရမယ်ဆိုတာ လိုတယ်မဟုတ်လား ဆရာ။ အဲဒါတွေကို ကျွန်တော် တွက်ချက် ထားပါတယ်'

'နောက်တခုက ကျွန်တော့်စာတွေကိုဖတ်ပြီးယင်၊ ကျွန်တော် သေသွားလို့ရှိယင် ကျွန်တော့်သား ရာဇာကို ကျွန်တော် အကြောင်း ပြောပြပေးပါ၊ သူလဲ သင်္ချာ ဆရာတယောက် ဖြစ်လာအောင် ဆရာတတ်နိုင်သလောက် ကူညီပေးပါဆရာ၊ ဒါကတော့ ဖြစ်ချင်မှ ဖြစ်နိုင်မှာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် သားကို ကျွန်တော့်အကြောင်း၊ ကျွန်တော့်ခံစားချက်တွေနဲ့ ပတ်သက်လို့တော့ ပြောပြပါဆရာ။

'နောက်ဆုံးတခုကတော့ ပိုအရေးကြီးပါတယ်၊ ဒါကိုဆရာ သေသေချာချာ လုပ်ပေးဖို့ တောင်းပန်လိုက်ပါတယ်။ ဘာလဲ ဆိုယင် ဒီစာအိတ် အထုပ်ကြီးထဲမှာ နောက်ထပ် စာအိတ်တလုံး



ပါပါတယ်ဆရာ၊ အလုံ ပိတ်မထားပါဘူး။ ဆရာဖတ်ချင်ယင် ဖတ်ကြည့်ပါ။ ဖတ်ဖတ် မဖတ်ဖတ် အထဲက လိပ်စာရှင်ကိုတော့ ပေးဖြစ်အောင် ပေးပါဆရာ။ လိပ်စာရှင်ဟာ မိန်းကလေး တယောက်ပါ။ သူ ဆရာဆီ လာပါလိမ့်မယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်မိန်းမကို တလုံးတပါဒမျှ မပြောပါနဲ့ ဆရာ။ ကျွန်တော်သေသွားယင်လဲ မပြောပါနဲ့။ ရှင်ယင်လဲ မပြောပါနဲ့။ ဒါပါပဲဆရာ၊ ဆရာ လုပ်ပေးနိုင်မယ်မဟုတ်လား'

ပြောပြီးတာနဲ့သူဟာ အသက် ငင်းပြင်း ရှူလိုက်တယ်။ မောလဲ မောသွားပုံရတယ်။ မောမှာပေါ့၊ ဒီလောက် စကားအများကြီး ပြောနေမင့်ဟာ။ ဒါပေမယ့်သူဟာ သူလုပ်ချင်တာကို လုပ်လိုက် ရလို့ သိပ်ကျေနပ် သွားတဲ့ဟန်နဲ့ ပြုံးနေလိုက်တယ်။

'အင်း ကိုသိဟ၊ ငါတတ်နိုင်တာတော့ လုပ်ပေးပါ့မယ်။ မင်းလုပ်ခိုင်းတာတွေ တခုမှ ပင်ပင်ပန်းပန်း လုပ်စရာမရှိပါဘူး။ ဒါပေမယ့်၊ မင်း သိပ်စိတ်ကူးယဉ်နေတယ် ထင်တယ်။ သိပ်လဲ စိတ်ကူးမယဉ်နဲ့ပေါ့ကွာ။ ကဲ မင်းလဲစိတ်အေးအေးထား၊ ငါတို့လဲ ခွဲစိတ်ဖို့ စရတော့မယ်'

'ဟုတ်ကဲ့ဆရာ၊ အများကြီး ကျေးဇူးတင်ပါတယ်၊ ဆရာ့ ကျေးဇူး ကျွန်တော် တသက်မမေ့ပါဘူး'

'အေးအေး၊ မင်းသာစိတ်ချနေ၊ မင်းဘာမှ မဖြစ်ပါဘူး'

သူပေးလိုက်တဲ့ စာအိတ်ရှည်ကြီးကို ငါ့ သံဗီရိုထဲထည့်ပြီး သော့ခတ်ထားလိုက်ရတယ်။ ပြီး ခွဲစိတ်ဖို့ အဆင်သင့်ဖြစ်မဖြစ် ခွဲစိတ်ခန်းမှာရှိတဲ့ လူတွေကို မေးလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အားလုံး အဆင်သင့်ပဲ ဆရာကြီး'

ခွဲစိတ်ခန်းဆရာမက ပြန်ပြောလိုက်တယ်။ ဒါနဲ့ ငါလဲခွဲစိတ်ဖို့ အဝတ်အစား လဲရတယ်။ အဝတ်အစား လဲယင်း ကိုသီဟ အကြောင်းကို စဉ်းစားနေမိတယ်။

ကိုသီဟဟာ တကယ်တော့ အခုမှ အသက် ၃၀ကျော်လေးပဲ ရှိသေးတယ်။ တိတိကျကျပြောရယင် ၃၂နှစ်ပဲ ရှိသေးတယ်။ သူဟာ အသက် ၃၀နဲ့ သင်္ချာဗေဒ ပါရဂူဘွဲ့ရခဲ့တယ်။ ဒါပေမယ့် ကံမကောင်းဘူး၊ အခု နှလုံးရောဂါရနေတယ်။ အစက အကောင်း၊ လွန်ခဲ့တဲ့ ၃-၄နှစ်က အဆစ်အမြစ်ရောင်တဲ့ရောဂါ (Rheumatic Fever)ရပြီးမှရတာ။ တကယ်တော့ အဲဒီရောဂါ ဟာ ကလေးတွေမှ ဖြစ်တတ်တာ။ သူ့ကျမှ ကြုံကြုံဖန်ဖန် ဖြစ်ရ တယ်။ သူ့အပြောတော့မိုးမိပြီးဖျား၊ ဖျားရာကလည်းချောင်းနာ၊ ပျောက်တော့ အဆစ်အမြစ်တွေ ရောင်တာပဲတဲ့၊ အဆစ်အမြစ် ရောင်တာပျောက်တော့ မောလာတယ်။ နောက် ဆရာဝန် ပြကြည့်တော့ နှလုံးရောဂါ ရလာမှန်း သိရတယ်။ ဟုတ်တယ်။ အဲဒီဆရာဝန်ကတဆင့် အခုတော့ ငါ့ဆီရောက်လာတာပဲ၊ ငါလဲ သူ့ကို စားဆေးနဲ့ပဲ ကုပေးဖို့ ဖျားနာကု နှလုံးရောဂါ ဆရာဝန်တွေကိုပြောသေးတယ်။ ဒါပေမယ့် နှလုံးအဆို့ရှင်တွေ၊ အခင်တွေက ပျက်စီးကုန်ပြီတဲ့၊ ဆေးနဲ့ မရတော့ဘူး၊ နှလုံးခွဲ ကုမှပဲ ရတော့မှာဆိုပြီး ငါ့ဆီ ရောက်လာတာပဲ။ အခုတော့ နှလုံးရောဂါဟာ လုံးဝ ပြင်မရတော့ဘူး၊ ခွဲစိတ်ပြီး ပြင်ပေးမှပဲ ရတော့မှာပဲ။



သူ့အတွက် စမ်းသပ်စစ်ဆေးမှုအားလုံး ငါလုပ်ပြီးပြီ။ သွေးလှည့်လည်မှု၊ နှလုံးလုပ်ငန်း အားလုံးစမ်းပြီးပြီ။ ဓာတ်မှန် ရိုက်ပြီးပြီ။ နှလုံးထဲပိုက်သွင်းပြီးစမ်းပြီးပြီ။ စမ်းသပ်ချက်အားလုံး က နှလုံးကိုခွဲကုယင်ကု၊ မကုယင်တော့ မျှော်လင့်ချက်မရှိဘူး၊ နဂို အတိုင်း ပြန်မဖြစ်နိုင်ဘူးလို့ ပြောနေတာပဲ။ ဒါကို သူနားလည် အောင်လဲ ပြောပြတယ်။ သူလဲ အစစ တွက်ချက်ပြီး သူ့ဘဝဟာ ခွဲစိတ်လိုက်မှပဲ ကောင်းမှာပဲဆိုပြီး ခွဲဖို့ သဘောတူလိုက်တာ။ တကယ် သတိကောင်းတဲ့ လူပါ။ ဟုတ်တယ်၊ သူကို ခွဲစိတ်မှုဟာ အောင်မြင်ချင်မှ အောင်မြင်မယ်။ အောင်မြင်လို့ ရှိယင်တော့ လူကောင်းလို ပြန်ဖြစ်သွားမယ်။ မအောင်မြင်လို့ ရှိယင်တော့ သေသွားနိုင်တယ်လို့ ငါကသူ့ကို ပြောခဲ့သားပဲ။ နောက်ပြီး သူ့ရှေ့မှာပဲ နှလုံးခွဲကုတဲ့လူတွေ သေသွားတာ သူမြင်သားပဲ။ ဒါပေမယ့် သူကြောက်မသွားဘူး။

'ခွဲသာခွဲပါ ဆရာတဲ့'

တကယ်သတ္တိကောင်းတဲ့လူ။

ဟုတ်တယ်၊ သူရှိနေတုန်းမှာပဲ အမရာတို့၊ မာယာတို့ကို ခွဲခဲ့တယ် မဟုတ်လား။ နှစ်ယောက်စလုံးပဲ သေသွားတယ် ဟုတ်လား။ ဟုတ်ပါတယ်။ သူတို့က ကလေးတွေဆိုတော့ ခွဲရ ခက်တာပေါ့။ ဒါပေမယ့် ဘာထူးလဲ။ တခြားလူကြီး ယောက်ကိုလဲ ငါ ခွဲမယ် လုပ်ခဲ့ဖူးတာပဲ။ ဟုတ်တယ်၊ သူက မကြီး မရှုမေတဲ့၊ တရုတ်ကပြားပဲ၊ အဲဒီမိန်းမကြီးနဲ့ သူနဲ့ ဆေး မနေ့ခင်းပဲ ငါ့ဆီကိုရောက်လာကြတာမို့လား။ အဲဒီတုန်းက ကို ခွဲဖို့ မစဉ်းစားရသေးဘူးလေ။

www.burmeseclassic.com



အင်း ငါမှတ်မိသေးတယ်၊ မရှုမေအကြောင်းကို။ မရှုမေ ရောက်လာတော့ တော်တော်မောနေပြီ။ သူ့ခမျာ လှေကားနှစ်ထစ်၊ သုံးထစ်တောင် မတက်နိုင်တော့ဘူး။ မနည်း တွဲယူရတယ်။ ပက်လက်အိပ်လို့လဲ မရဘူး၊ အိပ်ရာပေါ်မှာ ကျောမှီနဲ့ ထောက်ထားရတယ်။ ဟုတ်တယ်၊ တကိုယ်လုံးလဲပြာလို့၊အသက်ရှူမဝတဲ့ လက္ခဏာပေါ့။ လည်ပင်းက သွေးပြန်ကြောကြီးတွေလဲ ထင်ရှားလို့၊ ခုန်လို့။ နှလုံးရောဂါဟာ သိပ်ဆိုးနေပြီဆိုတာကို ပြတာပေါ့။ ခြေကျင်းဝတ်တွေလဲ ရောင်စပြုပြီ။ နှလုံးရောဂါရှိတဲ့လူတယောက် ခြေကျင်းဝတ်တွေ ဖောလာယင်၊ ဖျဉ်းစွဲလာယင် နှလုံးအား သိပ်မရှိတော့ဘူးဆိုတာပြတာပဲ၊ဒါကြောင့် မရှုမေကို ခွဲဖို့ မစဉ်းစားသေးပဲ သူ့ရောဂါသက်သာအောင် ပထမ စားဆေးပဲ ပေးရတယ်။နှလုံးဆေး ဒီဂျစ်တဲလစ်တွေပေး၊ ဆီးဆေးတွေထိုး၊ အဆုတ်မှာရေဝင်လို့ ပန်းနာ ဖြစ်နေတာကို ပျောက်အောင် ပန်းနာပျောက်ဆေးတွေ ပေးရတယ်။

ဟုတ်ပါတယ်။နှစ်ပတ်၊ သုံးပတ်နေတော့ မရှုမေရောဂါဟာ တော်တော် သက်သာသွားတယ်။ အမောသက်သာ သွားတယ်၊ ကိုယ်ရောင် လျော့သွားတယ်၊ ပက်လက်အိပ်လို့ ရတယ်။ ဒါပေမယ့် နှလုံးကိုစမ်းကြည့်တော့ သိပ်အားနည်းနေပြီ။ ရိုးရိုးခုန်ရုံတင်မကဘူး၊ တုန်နေပြီ။ဒီတော့ ခွဲလို့မရဘူးပေါ့။

နှလုံးတုန်ပျောက်အောင်လဲ ငါတို့ဆေးတွေပေး၊ နှလုံးတုန်ပျောက်စက်တွေနဲ့ ကုပေးကြပါတယ်။ ဒါပေမယ့် မပျောက်ဘူး။ ဘယ်ပျောက်နိုင်ပါ့မလဲ၊ သူ့ရောဂါက ကျွမ်းနေပြီ။ အသက်



၁၀–နှစ်၊ ၁၂–နှစ်လောက်က ချောင်းဆိုးရာက အဆစ်တွေရောင်၊ နောက် မောလာတာပဲ။ မောလာတာနဲ့ နှလုံးရောဂါရရော၊ အခုဆို မရှုမေအသက်က ၄၀။ ဒီအတွင်းမှာ ခဏခဏ မောလိုက်၊ ဆေးရုံတက်လိုက်၊ ပျောက်လိုက်၊ ဆင်းလိုက်၊ နောက်ပြီး ခဏခဏဖျားလိုက်။ ‌အခုတခေါက်မှ ငါ့ဆီရောက်လာတာ။ ဒီအခြေကျမှ ခွဲလို့မဖြစ်တော့ဘူး။ နှလုံးအစားထိုး ကုယင် ကုမှပဲ၊နှလုံးအစားထိုး ကုဖို့ဆိုတာ မလွယ်သေးဘူး။အခု နှလုံးခွဲကုတာပဲ။ ငါ အင်္ဂလန်၊ အမေရိကန်ကပြန်လာမှ မြန်မာပြည်မှာ စလုပ်ရတာ မဟုတ်လား။

မရှုမေအကြောင်းကို ကိုသိဟ သေသေချာချာ လေ့လာတယ်။ ငါနဲ့ရော ငါ့လက်ထောက်တွေနဲ့ရော မရှုမေရောဂါအကြောင်းကို ဆွေးနွေးတယ်။ နောက် သူ့ဟာသူ ဆရာဝန်တယောက်လို နိမိတ်ဖတ်သေးတယ်။ခွဲမရယင်တော့ သေမှာပဲတဲ့။ မှန်ပါတယ်၊ သူနိမိတ်ဖတ်တဲ့အတိုင်း နောက် တလလောက်နေတော့ မရှုမေ ဆေးရုံပေါ်မှာပဲ အနိစ္စရောက်တယ်။

အဲဒီနေ့က ငါတို့တတွေ သိပ် အံ့သြတုန်လှုပ် သွားတာပဲ။ ဟုတ်တယ်၊ နှလုံးက လုံးဝ မကောင်းသေးပေမယ့် တော်တော်တိုးတက်နေပြီ။ဒါပေမယ့် တရက် မနက်အစောကြီးချောင်းဆိုးပြီးမှာ သတိ မေ့သွားတာပဲ။ငါတို့တတွေ ပြန်အသက်ရှင်အောင် ဘယ်လိုလုပ်လုပ်မရဘူး။မနက်ကျသေပါလေရော။ငါတို့ရှောင် ပထမ ဘာကြောင့် သေရတယ်ကိုတာ အကဲခတ်လို့ မရဘူး။ နောက်မှ နှလုံးထဲက သွေးခဲတွေ ဦးနှောက်သွေးကြောထဲ

www.burmeseclassic.com



ရောက်ပြီး ဦးနှောက်သွေးကြောပိတ်ပြီး သေတာပဲ ဖြစ်မှာပဲလို့ ရင်ခွဲရုံမှာ ရင်ခွဲစမ်းသပ်စစ်ဆေးတော့ အဲဒီအတိုင်းပဲ တွေ့ရတယ်။ အင်း နှလုံးရောဂါဆိုတာ နှလုံးပျက်စီးလို့ချည်း မဟုတ်ဘူး၊ တခြား ပယောဂကြောင့်လဲ သေနိုင်တာပဲ။ နှလုံး....နှလုံး လူ့အသက်ရဲ့ သင်္ကေတ လုံးလုံးချည်းပါလား။

ဟုတ်တယ်၊ မရှုမေသေပြီးနောက်၊ ကိုသီဟဟာ တော်တော်ပျော်သွားတယ်။ ဘာလို့လဲဆိုတော့ သူ့တွက်ချက်မှန်လို့၊ သူ့ခွဲဖို့ ဆုံးဖြတ်ထားတာ မှန်ကန်လို့တဲ့။ သူကပြောတယ်လေ။

'ဆရာရေ ကျွန်တော့်ကိုတော့ ခွဲသာခွဲပေးပါဆရာ'တဲ့။

'ဟ မရှုမေမခွဲပဲ သေတာနဲ့ မင်းက ခွဲချင်ပြီလား။ ခွဲတိုင်းလဲ ရှင်တာ မဟုတ်ဘူး၊ ခွဲယင်လဲ အသက်အန္တရာယ် များတာပဲ။ အမရာတို့၊ မူယာတို့ကို ကြည့်ပါလား'လို့ ငါက ပြန်ပြောပြရတယ်။

ဒါပေမယ့် သူက ပြုံးပြီးပြောပြတယ်။ 'ကိစ္စမရှိပါဘူးဆရာ ခွဲသာခွဲပေးပါ၊ အမရာတို့၊ မူယာတို့ကိုခွဲပြီး သေတာလဲ ကျွန်တော် သိပါတယ်။ ဒါပေမယ့် မခွဲလဲ သေမယ့်အတူ ခွဲတာကမှ ရှင်ဖို့ အခွင့်အလမ်း ရှိပါသေးတယ်၊ နောက်ပြီး လူနာတယောက် ပိုပို ခွဲရတိုင်းမှာ နောက်လူနာတွေကို ရှင်အောင် ပိုခွဲနိုင်တာပေါ့'

'ဘာဖြစ်လို့'

'ဗြော် ဒါကတော့ဆရာ၊ ဆရာတို့မှာ အတွေ့အကြုံ အတွေးအခေါ် ပိုမိုတိုးတက်လာမှာကိုး၊ သင်္ချာအရဆိုယင် ဆရာတို့လုပ်ရပ်ရဲ့ မျှော်မှန်းချက်ဖြစ်နိုင်နှုန်းပိုမိုများလာလို့ပေါ့'

အင်း ဟုတ်ပေသားပဲ။



'ဒါပေမယ့် ငါတို့ခွဲတာ တယောက်မှ မရှင်သေးဘူးနော်၊ ဒါလဲ သတိပြုဦး' လို့ ငါက ပြန်ပြောရတယ်။

'ကိစ္စမရှိပါဘူးဆရာ၊ ကျွန်တော့်ကို ခွဲသာခွဲပေးပါ'တဲ့။

တော်တော်သတိကောင်းတဲ့လူ။

ဟုတ်တယ်၊ အခု ခွဲရတော့မယ်။ အားလုံး ခွဲစိတ်ခန်းမှာ အသင့်ဖြစ်နေကြပြီ။ ငါလဲ လက်ဆေး လက်အိတ်စွပ်၊ အားလုံး ပြင်ဆင် ပြီးပြီ။

'ကဲ စခွဲကြရအောင်ဟေ့'

www.burmeseclassic.com

www.burmeseclassic.com

## သေရေးရှင်ရေး

အင်း....ငါလဲ အခု ခွဲရပြန်ပြီ။ ဒီတခါခွဲတော့ ခွဲစိတ်ခန်း အသစ်မှာ အမိုးမှာ မှန်တပ်ထားလို့ ကြည့်ချင်တဲ့ ဆရာဝန်တွေ၊ ဆေးကျောင်းသား တွေဟာ ခွဲစိတ်တဲ့ လူတွေကို အနှောင့်အယှက် မပေးပဲ ကြည့်နိုင်ကြတယ်။ ခွဲစိတ်ခန်းထဲဝင်ဖို့ မလိုတဲ့အတွက် ခွဲစိတ်မှုမှာ ပိုးမွှားဝင်မှာကိုလဲ မစိုးရိမ်ရဘူး။ ဟုတ်တယ်။ ဒီခွဲစိတ် ခန်း က အနောက်နိုင်ငံက ခွဲစိတ်ခန်းတွေကို ပုံတူကူးပြီး ဆောက်ထားတာပဲ။



ခွဲစိတ်ခန်းထဲမှာ စက်တွေလဲ အစုံပဲ။ ကနေ့ ခွဲစိတ်မှုဟာ အရေးကြီးလို့ နှလုံးတုစက်၊ နှလုံးနဲ့အဆုတ်စက်၊ နောက် မေ့ ဆေးပေးစက်တွေ စုံနေတာပဲ။ တချို့စက်တွေဆိုယင် အခုခွဲစိတ် ခံမယ့် သီဟဟာ လှူလာပြီး ပြင်ဆင်ပေးခဲ့တယ်။ ဟုတ်တယ်၊ သူဟာ အင်ဂျင်နီယာသင်္ချာကို တတ်ကျွမ်းထားတာကိုး။ အခု တော့ သီဟဟာ အခြားလူနာတယောက်လိုပဲ ခွဲစိတ်ခုံပေါ်မှာ ပက်လက်ကလေး။ ခွဲမယ့်လူတွေအတွက်အခွဲခံမယ့်လူတယောက်ပဲ ဖြစ်သွားပြီ။ သီဟရယ်၊ သူရရယ်၊ ဘယ်သူရယ် ဘယ်ဝါရယ် မဟုတ်တော့ဘူး။ ဟုတ်ပါတယ်၊ ခွဲစိတ်ဆရာဝန်တွေအဖို့ ခွဲစိတ် ခံတဲ့လူနာ အသက်ရှင်ရေး၊ ရောဂါဝေဒနာကင်းရေးသာအဓိက ပါ။ ဘယ်သူဘယ်ဝါဆိုတာက အရေးမကြီးပါဘူး။

အားလုံးပဲ စည်းစနစ်ကျကျနဲ့ ခွဲစိတ်ဖို့ အဆင်သင့် ဖြစ်နေ ပါတယ်။ မေ့ဆေးဆရာဝန်တင်မြင့်နဲ့သူ့လက်ထောက်ဒေါက်တာ လေးဉာဏ်တို့ဟာ သူတို့နေရာသူတို့ယူပြီး အသက်ရှူလေအိတ်ကို စစ်ဆေးပေးနေကြတယ်။ သွေးသွင်းတဲ့ လူကလဲ သွေးသွင်း တာကို တစက်ချင်းကြည့်စစ်လို့။ ဒေါက်တာရှိရှိမြကလဲ လူနာရဲ့ ခွဲစိတ်မယ့်အပိုင်းကို ဆေးကြောသုတ်သင်ပြင်ဆင်လို့။ တခြား ဆရာဝန်တွေ ဆရာမတွေလဲ သူတို့တာဝန်ကျရာနေရာမှာ သူတို့ အေးအေးဆေးဆေး လုပ်ကိုင်နေထိုင်လို့။ အားလုံး အေးအေး ဆေးဆေး စည်းစနစ်ကျကျ၊ ခွဲစိတ်ခန်းတာဝန်ခံ သူနာပြုဆရာမ မရှိနာတယောက်သာ ရှုံးရှုံးရှားရှားနဲ့ မျက်နှာနီလို့။ ဘာဖြစ်လို့ မကျေသလဲ မသိဘူး။ ဒီဆရာမလေးဟာ အလုပ်လုပ်သလောက် အာဝဇ်အရာရာ စေ့စပ်သေချာသလောက် စိတ်ကသိပ်မြန်တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



အင်း....အလုပ်လုပ်တဲ့လူတိုင်း၊ စေ့စပ်သေချာတဲ့လူတိုင်း ဒီလိုပဲ စိတ်တိုတတ်ကြသလား မသိ။

ငါလဲ လူနာရဲ့ဘေးမှာ ရပ်လိုက်ပြီး အားလုံးကို စစ်ဆေးလိုက်တယ်။ အားလုံး စနစ်တကျ၊ ငါ့စိတ်ကြိုက်ရှိတာနဲ့ စ,ခွဲလိုက်တယ်။ ခွဲလိုက်လို့ သွေးထွက်လာတာနဲ့ လျှပ်စစ်အပူပေးကိရိယာနဲ့ သွေးတိတ်အောင် ရီရီမြကလုပ်ပေးတယ်။ အသားကို ညှော်တိုက်သလိုမို့ အသားညှော်နံ့ကတော့ ထွက်လာတာပဲ။

အရေပြားပြီးယင် အသား၊ အသားပြီးယင် အဆုတ်ကာမြှေးကို ခွဲချလိုက်ရတယ်။ အင်း....အဆုတ်ကာမြှေးဟာ ခွာဖို့ သိပ်ခက်နေတယ်။ ဟုတ်တယ်၊ အဆုတ်က ရောဂါဖြစ်ဖူး၊ ခွဲဖူးတော့ အနာရွတ်တွေကြောင့် ကပ်နေတာပေါ့။ အဲဒါကိုမနည်းခွာရတယ်။ အချိန်နည်းနည်းကြာသွားတယ်။ ကနေ့ အချိန်ကို သိပ်မဖြုန်းနိုင်ဘူး၊ စက်တွေနဲ့ အလုပ်လုပ်ရမှာဆိုတော့ အချိန်အတိအကျလုပ်ရမှာ။ ဒါကြောင့် ငါလဲစိတ်ထင့်ထင့်နဲ့ မြန်အောင်ခွဲရတယ်။ စိတ်ပင်ပန်း လူ'ာင်ပန်းပေါ့။

အဆုတ်နဲ့အဆုတ်ကာမြှေးတွေခွာပြီးတာနဲ့ နှလုံးကာမြှေးကို ခွဲရတယ်။ နှလုံးကာမြှေးထဲမှာ နှလုံးဟာ ခုန်လို့။ အင်း....နှလုံးဟာ ပုံမှန်ထက် ပိုကြီးနေတယ်။ နှလုံးအခန်းတွေကလဲ ကျယ်လို့။ ဟုတ်တယ်၊ နှလုံးရဲ့ဗယ်ဘက်ဦးခန်းနဲ့ လိုဏ်ခန်းကြားက နှစ်ဆို့ရှင်အပေါက်ဟာ မကောင်းဘူး။ အဲဒီ မိုင်ထရယ်ပေါက် မကောင်းလို့ ကောင်းအောင် ပြင်ပေးရမယ်။ ဒါကြောင့် ဒီလူနာ သေမလို ဖြစ်နေခဲ့တာ။



'အဆို့တုရော' ငါကပြောလိုက်တယ်။ ရီရီမြက 'အသင့်ပဲဆရာ' လို့ ပြန်ပြောပြီး အဆို့တုနှစ်ခုကို ငါ့ကိုပေးတယ်။ ငါလဲ ခေါင်းညိတ်ပြပြီး အဆို့တုနှစ်ခုကို သူ့ကိုပဲ ကိုင်ထားခိုင်းလိုက်တယ်။ ငါကတော့ လူနာ့နှလုံးရဲ့ မကောင်းတဲ့ အဆို့ရှင်တွေကို စမ်းနေရတယ်။ ဒီအဆို့ရှင်တွေကို ဖြုတ်ထုတ်၊ သူတို့နေရာမှာ ဒီအဆို့တုတွေ တပ်ပေးရမယ်။ အဲဒီလိုတပ်နေတုန်းမှာ နှလုံးကို ရပ်ထားရမယ်။ အဲဒီလို ရပ်ထားတုန်းမှာ လူနာရဲ့ သွေးလှည့်အဖွဲ့လုပ်ငန်းကို နှလုံးတုစက်၊ နှလုံးနဲ့ အဆုတ်တုစက်နဲ့ အစားထိုးလုပ်ရမယ်။ ဒါကြောင့် တနာရီအတွင်းမှာ အားလုံး ပြီးအောင် ချုပ်လုပ်ပြီး ဖြစ်ရမယ်။ နို့မို့ လူနာ ရှင်စရာ အကြောင်းမရှိဘူး။

အခုကိစ္စမှာတော့ လူနာရဲ့နှလုံးအဆို့ရှင်တွေဟာမကောင်းရုံမကဘူး။ ပွရွဲနေတယ်။ ထုံးတွေလဲတင်နေတယ်။ ဒါကြောင့် ရိုးရိုးဖြုတ်ထုတ်ပြီး အဆို့တုတွေကို ချက်ချင်းတပ်ပေးလို့မရဘူး။ အဲဒီလို တပ်ပေးလိုက်တာနဲ့ လူနာ့ရဲ့နှလုံးဟာ အလျှင်လိုပဲ ပြန်ရောဂါရပြီး လူနာလဲ သေမှာပဲ။ အခုလုပ်ရမှာက မကောင်းတဲ့ အဆို့ရှင်ကိုဖြုတ်၊ သူ့နေရာမှာ သေချာအောင် ဖာထေးချုပ်ပြီးမှ အဆို့ကိုတပ်ရမယ်။ ဒီအလုပ်ဟာ မလွယ်ဘူး။ အချိန်တိုကလေးအတွင်းလဲ လုပ်ရမယ်ဆိုတော့ အန္တရာယ်များတယ်။ လုပ်တာမမြန်ယင်၊ မမှန်ယင် လူနာဟာ ခွဲစိတ်ခုံပေါ်မှာ သေနိုင်တယ်။ ဒါပေမယ့် ဒီလိုမှမလုပ်ယင် လူနာဟာ ခွဲသာခွဲပြီး အကျိုးရှိမှာမဟုတ်ဘူး၊ ဒါကြောင့်မို့လဲ ဒီလိုပဲ ခွဲဖို့ချုပ်ဖို့ အမြန်ဆုံးဖြတ်၊ အမြန်လုပ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးထဲကို လက်နှိုက်ပြီးတာနဲ့ ငါလဲနှလုံးတစ်စက်ကို ဖွင့်ခိုင်းရတယ်။ နှလုံးတစက်နဲ့ လူနာရဲ့ သွေးကြောတွေ ဆက်ရတယ်။ ဆက်ပြီးတာနဲ့ လူနာရဲ့ သွေးလှည့်မှုကို စက်က တာဝန်ယူသွားတယ်။ နှလုံးအစစ်ထဲမှာ သွေးမရှိတော့ပဲ နှလုံးရပ်သွားတယ်။ နှလုံးရပ်တာနဲ့ မကောင်းတဲ့ အဆို့ရှင်ကို သေသေချာချာ ဖြတ်ရတယ်။ ဖြတ်ပြီးတာနဲ့ ပွဲရှဲ့ပေါက်ပြဲနေတာတွေကို အမြန်ဖာရချုပ်ရတယ်။ ပြီးတော့ နှလုံးအဆို့တုကို တပ်လိုက်ရတယ်။

အင်း....ဖာရချုပ်ရတာလဲ မလွယ်ဘူး။ နှလုံးက ပျက်စီးနေတာလဲကြာ၊ အသားတွေကလဲ ပွတာပွ၊ မာတာမာ၊ နှလုံးအပေါက်ကလဲကျဉ်းတော့ ဘယ်အပ်ချုပ်ရတာ လွယ်မလဲ။ ဘာပဲဖြစ်ဖြစ် ကြိုးစားလုပ်ရတယ်။ အသက်တောင် မရှူနိုင်ဘူး။ အဆို့တုတပ်တော့လဲ ဒီအတိုင်းပဲ။ ဘယ်လောက် ခက်သလဲ။ စဉ်းစားကြည့်။ တလက်မလောက်ကျယ်တဲ့ အပေါက်ကလေးမှာ ချုပ်ရာ သုံးဆယ်တိတိရှိတယ်။ ဟုတ်ပါတယ်၊ နှလုံးတုစက်ရပ်ဖို့ လိုအပ်တဲ့အချိန်ပြည့်ခါနီးမှာပဲ ခွဲပြီးချုပ်ပြီးပါတယ်။ ဒါ့ကြောင့် လူနာရဲ့ အခြေအနေကို ပြန်စစ်ရပါတယ်။

"သွေးကြောနှုန်း ဘယ်လောက်လဲဟေ့"

"နာရီဝက်မှာ ၂၀ ပါ ဆရာ"

"နှလုံးတုစက်က ဘယ်လောက်ကြာကြာဖွင့်ထားသလဲ"

"ငါးဆယ့်ငါးမိနစ်ပါ ဆရာ"

"အခု တနာရီပြည့်ခါနီးရော"

"မစစ်ရသေးဘူး ဆရာ"

"ဘာဖြစ်လို့"



"ခွဲတွေခွဲခန်းက မရသေးလို့ပါ ဆရာ"

"အို....တော်တော်ဆိုးတဲ့ကောင်တွေ၊ မြန်မြန်တောင်း"

အခုအတိုင်းဆိုယင်တော့ သွေးကြောနှုန်းဟာ ကောင်းနေတယ်။ ဒါဆိုယင် လူနာရဲ့ သွေးလှည့်မှု အဆုတ်သုပ်ငန်း၊ ကျောက်ကပ်လုပ်ငန်းတွေလဲ ကောင်းနေမှာပဲ။ ဒီလိုဆိုယင် မဆိုးပါဘူး။ လူနာရဲ့ နှလုံးကိုပြန်ချုပ်၊ ရင်ပတ်ကို ပြန်ချုပ်ရုံပဲ ရှိပါတော့တယ်။ ဟုတ်တယ်၊ ခွဲစိတ်ရာမှာ စက်မှုကိရိယာတွေကောင်းယင်၊ ခွဲစိတ်တဲ့ ဆရာဝန်တွေ ကျွမ်းကျင်ယင် လူနာတွေဟာ ခွဲစိတ်ခံလို့ သေစရာမရှိပါဘူး။ အခုလိုပဲ အောင်မြင်မှာပါပဲ။ အခုလိုသာ ငါတို့ခွဲနိုင်ယင် ငါ့ဟိုနိုင်ငံဟာ ရုရှား၊ အမေရိကန်၊ အင်္ဂလန်က ဆရာဝန်တွေနဲ့ ယှဉ်ပြိုင်နိုင်ပါတယ်လေ။ ငါတို့လဲ သူတို့လိုပဲ ဆေးဂျာနယ်တွေမှာ စာတွေရေးနိုင်ပါတယ်။

"အင်း....ပါမောက္ခ၊ ဘာတွေယှဉ်ချင်ပြန်ရ၊ ကြွားချင်ပြန်ရတာလဲ၊ ဒါက အရေးမကြီးဘူး၊ မင်းခွဲတဲ့လူနာတွေ ရှင်ဖို့က ပိုအရေးကြီးတယ်" ဒီလိုပဲ ငါဟာ ပြန်သတိပေးပြီး ခွဲလက်စကဆက်ခွဲ၊ ချုပ်လက်စ ဆက်ချုပ်ရတယ်။

အားလုံးချုပ်ပြီးတာနဲ့ နှလုံးဟာ ပုံမှန်ပြန်ဖြစ်သွားတယ်။ ခုန်တော့ မခုန်သေးဘူး။ ခုန်အောင် ငါတို့ ပြန်လုပ်ရမယ်။

"ကဲ....နှလုံးခုန်မှန်အောင်လုပ်တဲ့စက်ကို ဖွင့်ဟေ့" ငါ ဒီလိုပြောလိုက်တာနဲ့ ငါ့လက်ထောက်တွေလဲ လိုအပ်တာတွေ ပြင်ဆင်ကြ၊ ဆက်ကြတယ်။ စက်ဖွင့်လိုက်တာနဲ့ နှလုံးဟာ အလျင်

www.burmeseclassic.com

www.burmeseclassic.com



လိုပဲ ပြန်ခုန်လာတယ်။ အင်း....ဘယ်လောက် ပျော်စရာကောင်း သလဲ။

"နှလုံးလျှပ်စစ်အားတိုင်းကိရိယာကို ဖွင့်ဟေ့"

ဟော သူကလဲ့ ပုံမှန်။ ဟုတ်တယ်၊ နှလုံးဟာ လူကောင်း တယောက်ရဲ့ နှလုံးလို ပုံမှန်ခုန်နေ၊ အလုပ်လုပ်နေတာကို တွေ့ရ တယ်။ ဘယ်လောက် ပျော်စရာကောင်းသလဲ။ တို့အားလုံးရဲ့ မျက်နှာတွေဟာ ပြုံးလို့။ အားလုံးအောင်မြင်မှုရဲ့ အရသာကို ခံစားနေကြတယ်။

"အောင်မြင်ပြီ၊ အောင်မြင်ပြီ"

ဒီလိုတောင် ငါက ထအော်လိုက်ချင်တယ်။ ပါမောက္ခဖြစ်နေ လို့သာ မအော်ဖြစ်တာ။ နောက်ပြီး ဘာအောင်မြင်သေးတာလဲ။ လူနာမှ သတိမရသေးတာ။ ခွဲတဲ့အနာမှ မကျက်သေးတာ။ ဆေးရုံမှ မဆင်းရသေးတာ။ လူနာ သတိရတဲ့အထိ၊ ခွဲတဲ့အနာ ကျက်တဲ့အထိ၊ ဆေးရုံကဆင်းတဲ့အထိတောင် ကြည့်ရဦးမယ်။ အဲဒီအခါကျမှ တကယ်အောင်မြင်ပြီလို့ ပြောနိုင်မယ်။

"ကဲ တပည့်တို့၊ ပိုက်တွေ ပြန်ဖြုတ်ကြစို့" ပြောပြောဆိုဆိုနဲ့ ငါလဲ ခွဲနေတုန်းက နှလုံးမှာတပ်ထားတဲ့ပိုက်တွေ သွေးကြော တွေ အားလုံး၊ ဆက်ထားတဲ့ ပိုက်တွေအားလုံးကို ပြန်ဖြုတ် ခိုင်းရတယ်၊ အဲဒီလို ဖြုတ်တဲ့အခါ သွေးကြောတွေထဲ လေ မဝင်အောင် ဂရုစိုက်ရတယ်၊ဟုတ်တယ်၊သွေးကြောထဲ နှလုံးထဲ လေဝင်ယင် ဦးနှောက်တို့ အဆုတ်တို့မှာ သွေးကြောပိတ်ပြီး ဒုက္ခများနိုင်တယ်။ အဲဒါနဲ့ သေသွားနိုင်တယ်။



အဲဒီလို ဖြုတ်နေတုန်းမှာ ဗြုန်းဆို နှလုံးက သွေးတွေ ပန်းထွက်လာတယ်။ 'အံမာလေး လုပ်ကြပါဦး၊ ဟဲ့ မြမြရီ ဟိုက ပိတ်၊ ဟဲ့ ဗညား ဒီကပိတ်' ငါလဲ အလန့်တကြား အော်လိုက် ရတယ်။ အော်လဲ အော်စရာပဲ။ အမှတ်မထင် နှလုံးကသွေး ပန်းထွက်လာတာပဲ။ သေရေးရှင်ရေး၊ဟုတ်တာပေါ့။ နှလုံးကို ချုပ်ထားတဲ့ ချုပ်ရိုးတချောင်း ပြုတ်သွားတာကိုး။ အဲဒါကို ပြန်မပိတ်နိုင်ယင် ခွဲတာဘယ်လောက်ကောင်းကောင်း သွေးယို တာနဲ့ နှလုံးရပ်သေမှာ။ အဲဒါဆို လူနာ ဘယ်လိုမှ မရှင်နိုင်ဘူး။ ဒါ့ကြောင့် အဲဒါကို ပြန်မချုပ်နိုင်ခင် ငါ့လက်ညှိုးနဲ့ပဲ ပိတ်ထား ရတယ်။ ဘာနဲ့တူလဲဆိုတော့ ရေကြီးတဲ့အခါ ရေကာတာ ပေါက်တဲ့နေရာမှာ လက်နဲ့ပိတ်ထားတဲ့ ၊လူတွေလိုပဲ။ တခြား အကူမလာမချင်း ပိတ်ထားရမယ်။ အကူမလာခင် အပေါက်က ခွာလိုက်ယင် ရေတွေ တရဟော ထွက်လာပြီး တာကျိုးသွား မယ်။ တမြို့လုံး ရေလျှံသွားမယ်။ နှလုံးခုန်တဲ့အခါ နှလုံးရဲ့ ညှစ်အားကြောင့် သွေးအားကလဲ သန်ပါပေ့၊ ဒါ့ကြောင့် ငါ့လက်ညှိုးကို အပေါက်က မခွာနိုင်ဘူး။

ကဲ ဘယ်လိုလုပ်ရပါ့။ တော်တော်ကြာမှ လက်ညှိုးနဲ့ အပေါက်ကြားမှာ ပလတ်စတစ်စည်းပ်၊ ရိုရိုမြကို ဖိခိုင်းပြီး ငါက ချုပ်ရတယ်။ တော်တော်ခက်တဲ့အလုပ်။ ငါ့တကိုယ်လုံး ချွေးတွေ ရွဲသွားတာပဲ။ စိတ်ပန်း၊ လူပန်း။ တနေ့လုံး ခွဲထားတဲ့ဟာ အပေါက်ကလေးနဲ့ ပျက်စီးတော့မလို့။ ဘုရား၊ ဘုရား။

နှလုံးရဲ့လုပ်ငန်းကို ပြန်စစ်ရတယ်။

"သွေးကြောနှုန်း"

www.burmeseclassic.com



"၁၀ ဆရာ"

"ဘယ်လောက်ကြာပြီလဲ"

"မိနစ် ၁၆၀၊ ၂နာရီနဲ့ မိနစ် ၄၀"

အင်း တော်တော်ကြာသွားပါပြီလား၊ မေ့ဆေး ကောင်းလေ၊ စက်တွေကောင်းပေလို့သာ။

"ကဲ မေ့ဆေးရပ်တော့ဟေ့"

အားလုံးချုပ်လုပ်ပြီးလို့ လူနာကို ပြန်ရှင်အောင် လုပ်ခိုင်းရတယ်။ ဒါဟာ မေ့ဆေးဆရာဝန်ရဲ့အလုပ်။ မောင်တင်မြင့် ပင်ပန်းပေဦးတော့ကွာ။

ဟုတ်တယ်၊ ခွဲစိတ်ပြီး မေ့ဆေးပြေအောင်၊ ပြန်ရှင်အောင် လုပ်ရတဲ့အလုပ်ဟာလဲ ခက်ခဲတဲ့အလုပ်၊ အရေးကြီးတဲ့အလုပ်ပဲ၊ သေနေတဲ့ လူဘယောက်ကို ပြန်ရှင်အောင်လုပ်တာနဲ့ အတူတူပဲ။ ပထမ မေ့ဆေးစက်တွေ ရပ်ရတယ်။ နောက်အသက်ပြန်ရှူအောင် လုပ်ရတယ်။ အသက်ရှူတုန်းမှာ သွေးတိုးနှုန်းတွေဟာ အားလုံး ပြန်မှန်ဖြစ်အောင် လုပ်ရတယ်။ မောင်တင်မြင့်ကတော့ ဒီဘက်မှာ စိတ်ချရပါတယ်။ သူဟာ တော်တဲ့မေ့ဆေးဆရာဝန်ပဲ။

'သွေးအား ၇၀ သူငယ်အိမ်မှုမှန်ပဲ'

မကြာခင် သူကသတင်းပို့တယ်။ ဒီအတိုင်းဆိုယင် လူနာရဲ့ အခြေအနေဟာ ကောင်းတာပေါ့။ သွေးအားသိပ်ကျယင်၊ သိပ်တက်ယင်၊ သူငယ်အိမ် ကျယ်လွန်းယင် မကောင်းဘူး။ ဦးနှောက်သွေးကြော လေပိတ်လို့ ဖြစ်တတ်တယ်။ အဲဒါဆို ဒုက္ခ။ အခုတော့ အားလုံးကောင်းပုံပဲ။ ကောင်းပါ့မေ့။



သွေးအားက နည်းနည်း နည်းလို့ သွေးအားမြင့်အောင် သွေးထပ်သွင်းခိုင်းရတယ်။ အဲဒါနဲ့ သွေးအားတက်လာတယ်။ ပထမ ၈၅ နောက် ၉၀၊ ဒါဆို သူ့သွေးလှည့်လည်နှုန်းအားဟာ ကောင်းတယ်။ ဒါဆို နှလုံးအလုပ်မှန်လို့ပဲ။

ကြည့်ယင်းကြည့်ယင်း လူနာဟာ အသက်မှန်မှန် ရှူလာတယ်။ နှလုံးခုန်နှုန်းလဲ မှန်နေတယ်။ 'ဟော သူ မျက်စိ ဖွင့်လာပြီ'

ဟုတ်တယ်၊ သူ့မျက်စိဖွင့်လာပြီ။ သူပြန်ရှင်လာပြီ။ နှလုံးခွဲကုခံရတဲ့လူနာဟာ အသက်ပြန်ရှင်လာပြီ။ ငါခွဲတဲ့ နှလုံးရောဂါရှင် ပြန်ရှင်လာပြီ။ အို ဘယ်လောက်ပျော်စရာကောင်းသလဲ။ သူရှင်ပြီ။

အင်း ခြေလှတ်လက်လွတ်ပျော်လို့ မဖြစ်သေးဘူး။ သူ့ရဲ့သွေးကြောနှုန်း၊ သွေးအား၊ နှလုံးလျှပ်စစ်စီးမှု၊ ကျောက်ကပ်လုပ်ငန်း အားလုံး ပြန်စစ်ကြည့်ရမယ်။ သွေးထွက်မထွက်လဲ စစ်ကြည့်ရမယ်။ နှလုံးခွဲပြီးတဲ့ လူနာတယောက်မှ သတိပြန်ရလာယင် အရေးကြီးဆုံးက သွေးကြောနှုန်း မများဖို့၊ သွေးမထွက်ဖို့၊ ဦးနှောက်သွေးကြောလေခိုပြီး မပိတ်ဖို့ပဲ။ အဲဒါတွေ ငါတို့ မိနစ်တိုင်း စစ်ကြည့်နေရမယ်။ ဆေးရုံက ဆင်းတဲ့အထိ ငါတို့စောင့်နေရမယ်။ အဲဒါဆို နှစ်ပတ်စောင့်ကြည့်ရမယ်။ ဒီနှစ်ပတ်အတွင်း အဲဒါတွေ မဖြစ်မှစိတ်ချရမယ်။ ဒီအထဲ ရောဂါပိုးမဝင်အောင်လဲ ဂရုစိုက်ရဦးမယ်။ ဟုတ်ပါတယ်။ အခုခေတ်မှာတော့ ခွဲတဲ့စိတ်တဲ့

www.burmeseclassic.com



အခါ ပိုးသန့်စင်မှုကို ဂရုစိုက်၊ ခွဲပြီးယင် ပိုးသတ်ဆေး ပဋိဇီဝ ဆေးတွေ ကျွေးနိုင်လို့ ဒါကိုတော့ သိပ်ပူဖို့ မလိုပါဘူး။

'ကဲ လုပ်စရာရှိတာတွေ ဆက်လုပ်ကြကွာ'

'ဟုတ်ကဲ့ ဆရာ'

အားလုံးပဲ ဆက်လုပ်ကြတယ်။ ငါလဲ ခွဲစိတ်ပြီးတာနဲ့ ငါ့ အခန်းကို ပြန်လာခဲ့တယ်။ ဟုတ်တယ်။ ကနေ့ခွဲစိတ်မှုက ပြီးသွား ပြီ၊ အားလုံး အစကအဆုံး ငါးနာရီကြာတယ်။ ကျန်သေး တာက လူနာပြန်ရှင်အောင် ဂရုစိုက်ဖို့၊ စစ်ဆေးစရာတွေကို စစ်ဖို့ပဲ။

ပင်ပန်းလိုက်တာ အားလုံးနုံးလို့၊ ငါတော့ မဟန်နိုင်ဘူး၊ လက်အိတ်ချွတ်ပြီး ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ပစ်ထိုင် လိုက်တာပဲ၊ ခွဲစိတ်ဝတ်စုံတွေတောင် ချွတ်မပစ်နိုင်ဘူး။ ဘာပဲ ဖြစ်ဖြစ် ငါတော့ ပျော်တာအမှန်ပဲ။ ဗမာပြည်မှာ ပထမဆုံး နှလုံးဖွင့်ခွဲမှုကို အောင်မြင်အောင် လုပ်နိုင်ပြီ။ ကနေ့ဟာ ငါ့ အတွက် ပျော်စရာအကောင်းဆုံးပဲ။ ငါပင်ပန်းပေမယ့် ပင်ပန်း ရကျိုး နပ်ပါတယ်။

အပျော်ဆုံးအချိန်။ ဟုတ်ကဲ့လား။ အလျင်ကရော ပျော် ခဲ့တဲ့အချိန် မရှိတော့ဘူးလား။ ရှိတာပေါ့။ ရှိတာပေါ့။ ဆရာဝန် ဖြစ်စ၊ ဗမာပြည်မကနေ မိုင်းတုံကို ရောက်စမှာပေါ့။ ဟုတ် တယ်၊ ဟုတ်တယ်။ အဲဒီဘုန်းကလဲ ကလေးမမွေးနိုင်လို့ သေ တော့မယ် ဖြစ်နေတဲ့ သူကြီးသမီးကို အောင်အောင်မြင်မြင် မွေး



ပေးနိုင်လို့ ပျော်ခဲ့တာပေါ့။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး တောင် ဒေါက်တာမောင်မောင်ညိုက ဆောင်းပါးဝတ္ထုတပုဒ် ရေးခဲ့သေးတယ်။ နာမည်က ဘာတဲ့။ 'အပျော်ဆုံး အချိန်'တဲ့ လား။ အဲဒီအကြောင်းများ သိချင်ကြသေးလား၊ သိချင်ကြယင် တော့ ဖတ်ကြည့်ကြလေ။

## အပျော်ဆုံးအချိန်

[ ၁ ]

ကျွန်တော် သည်အရပ်သို့ ရောက်လိမ့်မည်ဟု တခါမျှ မထင်ခဲ့ ဖူးချေ။ သည်အရပ်ကို ကျွန်တော်ငယ်စဉ်က မကြားဖူး။ ကျောင်းနေစဉ် တက္ကသိုလ်တုန်းကလည်း မကြားစဖူး။ သည်ကို မပြောင်းခင် နှစ်ရက်ကမှ သည်အရပ်နာမည်ကို ကျွန်တော် ကြားဖူးခဲ့လေသည်။ တောင်ကြီးမှာ ဖြစ်၏။ ကျွန်တော့်မှာ သူငယ်ချင်းတယောက် ခွင့်သွားသဖြင့် သူ့အစား တပ်ရင်းမှ လာကာ အလုပ်လုပ်ပေးနေရချိန် ဖြစ်လေသည်။ တပတ်နှစ်ပတ် ခန့် ကြာမည်လား မပြောတတ်၊ သူငယ်ချင်းလည်း ခွင့်ပြန်လာ ရော၊ ကျွန်တော့်အား မိုင်းတုံစစ်ဆေးရုံသို့ ပြောင်းရမည်ဟု အမိန့်ချမှတ်တော့၏။

www.burmeseclassic.com



'ကိုလှမောင်ရာ မိုင်းတုံဆိုတာ ဘယ်မှာလဲ'ဟု ကျွန်တော်က မေးသောအခါ သူငယ်ချင်းက 'ရှမ်းပြည်နဲ့ ယိုးဒယားနယ်စပ်မှာ ရှိတယ်ပြောတာပဲ၊ ဒီကနေ မိုင်နှစ်ရာလောက် ဝေးမယ်ထင်တယ်'ဟု ပြန်ပြော၏။ နောက် ဆက်၍လည်း မေးမရ၊ သူလည်း မိုင်းတုံအကြောင်းကို သိပ်မသိပေ။

'ကဲ ပြောင်းရမယ့်အရပ်ဟာ ဘယ်လိုလဲတော့ မသိဘူး၊ သွားတော့ သွားရမှာပဲ၊ တာဝန်ကိုတော့ ကြေရမှာပေါ့ကွာ' ဆိုပြီး ကျွန်တော်လည်း ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ကာ လာခဲ့ရလေသည်။ နောက်ဆံဘင်းစရာ၊ ငဲ့စရာသံယောဇဉ် မရှိသူဖြစ်၍လည်း ပြောင်းဖို့ပြုဖို့ လွယ်ကူခဲ့လေ၏။

ထိုနေ့က ကျွန်တော်ပြောင်းရမည့်အကြောင်း သူငယ်ချင်းများကို ပြောယင်း လိုက်နှုတ်ဆက်ရ၏။ စဝ်စံထွန်းဆေးရုံမှ ဒေါက်တာဇော်ဝင်းကမူ 'မင်း မဲဇာရောက်တာပဲ'ဟူ၍ ဆိုလေသည်။ သူနှင့် အခန်းကပ်နေသော ဒေါက်တာသိန်းညွန့်ကလည်း 'ကိုယ့်လူနဲ့ခွဲရမှာ ဝမ်းနည်းသကွာ၊ တို့တော့ ပျင်းနေတော့မှာပဲ'ဟု ပြောလေသည်။ ပျင်းနေတော့မှာပဲဟူ၍ သူက တခြားကြောင့် ပြောသည် မဟုတ်၊ ကျွန်တော် တောင်ကြီးမှာရှိလျှင် သူတို့နှင့် ဂေါက်သီးကွင်းလိုက်ခြင်းနှင့် ညညမှာ သူတို့နှင့် ဟိုးလီးဝုဒ် ဖဲကစားတတ်ခြင်းကြောင့်ဖြစ်၏။ ယခုကား သူတို့မှာ အဖော်လျော့သွား၍ 'ပျင်းတော့မှာပဲ'ဟု ဆိုခြင်းဖြစ်လေသည်။

နောက်တနေ့မှာပင် တောင်ကြီးမှကားဖြင့် လွယ်လင်သို့ လာခဲ့ရ၏။ လွယ်လင်မှာ တညအိပ်ပြီး နံနက်စောစောပင် နမ်းဆမ်သို့ ကားဖြင့် တခါလာခဲ့ရလေသည်။ နမ်းဆမ်ရောက်မှ တပ်မတော်လေယာဉ်ပျံဖြင့် မိုင်းဆတ်သို့စီးခဲ့ရောက်ခဲ့ရ၏။ မိုင်းဆတ်ကိုမူ လူတိုင်း ကြားဖူးကြမည်ထင်၏။ ၁၉၅၄ ခုနှစ်မှ ၅၆ ခုနှစ်က တရုတ်ဖြူတို့ တပ်စွဲခဲ့သော အရပ်ဖြစ်၍ ဗိုလ်မှူးချုပ်ကျော်ဇောတိုက်ထုတ်သိမ်းပိုက်ခဲ့ရာ အရပ်ဖြစ်လေသည်။ ကျွန်တော့်မှာ ရာဇဝင်ကျော်သော အရပ်ကိုရောက်ခဲ့၍ စိတ်ထဲတွင် ပီတိဖြစ်မိသော်လည်း တကယ်တော့ သိပ်မကျေနပ်နိုင်။ ဘာမျှကြည့်စရာ ရှုစရာဟူ၍မရှိ၊ တရုတ်ဖြူတို့ ဆောက်ခဲ့သော လေယာဉ်ကွင်းမှတပါး အခြားအမှတ်အသား တခုမျှ မရှိပေ။ မိုင်းဆတ်ဆိုသည်မှာ တရွာတည်းမဟုတ်ပဲ သုံးလေးရွာကိုစုခေါ်ခြင်းလည်းဖြစ်၏။ ရှိစေ။ ကျွန်တော့်မှာ ကျွန်တော်သွားရမည့် မိုင်းတုံသို့ မရောက်သေး၍ စိတ်ရှုပ်နေမိ၏။ 'ဘယ်လိုသွားရမှာလဲဗျာ'ဟူ၍ လာကြိုသောဗိုလ်တယောက်အားကျွန်တော်က မေးလိုက်ရာ....

'ဖြေးဖြေးပေါ့ဆရာ၊ ဆရာ့ကို ကျွန်တော်တို့ ခေါ်သွားမှာပေါ့'ဟူ၍ သူကဆိုသဖြင့် စိတ်သက်သာရာ ရတော့၏။ မိုင်းဆတ်ပြည်စောင့်ရဲ ရိပ်သာတွင် ထမင်းစားနားနေကာမိုင်းတုံသို့ကားဖြင့်ထွက်မည်ပြုကာရှိသေး၊ မိုးအကြီးအကျယ်ရွာလာ၏။

'ဆရာရေ မိုးသည်းယင်တော့ ကနေ့သွားလို့ ရမှာမဟုတ်ဘူး ဆရာ'ဟု ဗိုလ်ကိုလေးကဆိုသဖြင့် ထိုနေ့က မိုင်းဆတ်မှာပင် ညအိပ်ကြရသည်။ ပျင်းစရာ စိတ်ပျက်စရာ ကောင်းလိုက်သည်ကား မပြောပြနိုင်တော့ပေ။ အိပ်သောဝါးတဲမှာ မိုးကယိုလို့ ကြမ်းတွေက လှိမ့်လိုက်တိုင်း မြည်နေ၍ အိပ်မရခဲ့ချေ။ လေကထန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်မှာလည်း ပြောစရာမရှိ။ ချမ်းလိုက်သည်မှာ လွန်ပါရော။ နောက်ဆုံး နံနက်လင်း၍ မိုးတိတ်မှပင် စိတ်အေးရလေသည်။

နံနက် ၇နာရီလောက်တွင် မိုင်းဆတ်မှ ကျွန်တော်တို့ ထွက်ခဲ့ကြ၏။ နေ့လယ် ၂နာရီထိုးမှ မိုင် ၄၀ဝေးသော မိုင်းထုံသို့ ရောက်ကြလေသည်။ မိုင်၄၀ကို ၇နာရီ ကားမောင်းရသည် ဆိုတော့ အံ့ရော။ အပြစ်တော့မတင်သာ။ တလမ်းလုံး ချောင်း အထပ်ထပ် တောင်အကွေ့ကွေ့ကို ဖြတ်၍ မောင်းလာရ၏။ တောင်ပေါ်လမ်းများကို မောင်းရသျှင် ကားကိုလူကစီးရသည် မရှိပဲ လူကသာ ကားကိုတွန်း၍ တက်ခဲ့ကြရ၏။ ဤမျှ ခရီးကြမ်းသဖြင့် ၇နာရီတည်းနှင့် မိုင်းတုံကို ရောက်သည်မှာ တော်သေးသည်ဟု ဆိုရမည်။ အကြောင်းမူ မိုင်းတုံတွင် မြို့နယ်တပ်မှူးက 'ဟာ ဆရာတို့ ဒီတခါ အစောကြီးရောက်တာပဲ။ ခါတိုင်းဆိုယင် ည ၆နာရီ ၇နာရီလောက်မှ ရောက်တယ်ဆရာ'ဟု ဆီးဆိုသဖြင့် ကျွန်တော့်မှာ 'ဟင်း'ချရတော့သည်။ 'တယ် အဆက်အသွယ် ကောင်းတဲ့ အရပ်ပဲကွာ'ဟူ၍ စိတ်ထဲမှ ရေရွတ်မိ၏။ ပင်ပင် ပန်းပန်းနှင့် စားသောက်ပြီး အိပ်ရာပေါ်သို့ ပစ်လှဲအိပ်လိုက် ရတော့သည်။ နောက်တနေ့ နေမြင့်မှ နိုးတော့၏။

[၂]

ဘာပဲပြောပြော ကျွန်တော်ကား သည်အရပ်သို့ တာဝန်အရ ရောက်လာခဲ့ရပေပြီ။ တာဝန်အရ ရောက်လာရ၍လည်း တာဝန်



မလစ်ဟင်းရန် အလုပ်သုပ်ရ၏။ ဆေးရုံတွင် အချိန်မှန်မှန် ထိုင်ကာ လာသမျှလူနာကိုစမ်းသပ်ကုသပေးရ၏။ ကျွန်တော့်မှာ စစ်ဆေးရုံကို ကိုင်ရန် တာဝန်ရှိလာသော်လည်း အရပ်ဆေးရုံ တွင် ဆရာဝန်မရှိသဖြင့် စစ်သား အရပ်သား ခွဲခြားမနေနိုင်၊ စည်းကမ်း ကြီးမနေနိုင်တော့ပေ။ လူတိုင်းကိုပင် ကုသပေးရ တော့၏။

ကျွန်တော်က စေတနာ ဗလပွနှင့် ကုသပေးသော်လည်း ကျွန်တော်တို့ တောင်ပေါ်လူမျိုးသည် အပြောရခက်သည်။ မဖွံ့ ဖြိုးသော ဒေသတွင် နေကြရသောကြောင့်လား မသိပေ၊ သူတို့ သည်ဆေးရုံသို့ ရောဂါဖြစ်ဖြစ်ချင်း ဘယ်တော့မှမလာ။ အစတွင် သူတို့ယုံကြည်သလို ကုကြပူကြ၏။ သူတို့နတ်ဘေ့ ဆရာတွေက နောက်ဆုံးကုမရ၍ လက်လျှော့မှပင် ကျွန်တော် ထံလာကြလေ တော့သည်။ ထိုအခါကြတော့လည်း ကျွန်တော့်မှာ စိတ်ဆိုး မနေနိုင်၊ ဆေးရုံတွင် ယုံကြည်မှုရှိလာအောင် ဟောရပြောရ၊ ကုရ တော့၏။ ပျောက်သောသူလည်း ရောဂါပျောက်သွား၏။ သေ သောသူလည်း သေလေသည်။ ကျွန်တော့်မှာ စေတနာထားရ အာညောင်းရသည်သာရှိ၏။ ရွာမှလူများဆေးရုံအပေါ် ယုံကြည် လာအောင်ကား ပို၍ မလုပ်နိုင်ပေ။ ကြွခိုင်ရေးတရားပွဲတွင် ဟောပြော၏ ။မရ။ မိခင်နှင့်ကလေးများ စောင့်ရှောက်ရေး အသင်းဖွဲ့ကာ ဟောပြော၏။ ပို၍ကားယုံကြည်မလာ။ အထူး သဖြင့် ပိုဆိုးသည်ကား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဖွဲ့ထားပါလျက်ဘယ်တော့မှဆေးရုံတွင်လာမမွေးကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဆေးရုံဆိုလျှင် အရပ်ဆေးရုံရော စစ်ဆေးရုံပါ ရှောင်လေသည်။ ကလေးမွေးစရာရှိလျှင် အရပ်လက်သည်နှင့်ပင် မွေးကြ၏။ မမာမကျန်းရှိလျှင်လည်းရိုးရာကိုပသ၍လည်းကောင်း အရပ်ဆရာကိုပင့်၍လည်းကောင်းကုမြဲကုကြ၏။ မဖြစ်သင့်သော အန္တရာယ်များသည်အမြဲဖြစ်လေတော့သည်။ သေးသောရောဂါ သည်မှာရောဂါကြာရှည်လာ၍ကြီးလာ၏။ တော်ရုံတန်ရုံရောဂါ မှာလည်း ကုနည်းမမှန်ကြသဖြင့်သေခြင်းဖြင့်သာ အဆုံးသတ် တော့သည်။ ကျွန်တော်ကား ဝမ်းနည်းရုံသာတတ်နိုင်သည်။ ဘာမျှမဟောနိုင်၊ မပြောနိုင်၊မကယ်နိုင်ချေ။ သူတို့ကမှဆေးရုံကို မယုံကြည်ကြပဲကိုး။ မိုင်းတုံမှ လူကြီးလေးငါးယောက်ကို ကျွန်တော်က မေးဖူး၏။

‘ဦးကြီးတို့ရွာက ဆေးရုံရှိလျက်နဲ့ ဆေးရုံကို ဘာလို့ မလာ ကြဘာလဲ၊ဆေးရုံဆိုတာ ဘယ်သူ့ကိုမဆို ကုပေးဖို့ပါ’ဟု။

သည်တော့ လူကြီးများက ရယ်ကြ၏။

‘ဒါတော့ ဗိုလ်ကြီးရယ်၊ လူနာတွေကမသိတာနဲ့ ဟန့်တာနဲ့ မလာတာနေမှာပါ’ဟုတယောက်က ရှမ်းသံနှင့်ဆိုသည်။ အခြား တယောက်ကမူ…

‘သူတို့လဲ လွယ်ရာနီးရာနဲ့ပဲ ကုကြထင်ပါ့ဗျာ။ ကျုပ်တို့လဲ ပြောပါဦးမယ်’ဟု ဆို၏။

‘ဗိုလ်ကြီးလဲ အလျင်ကလို တရားဟောပါဦး’ဟုလည်း ဆက် လေသည်။



သူတို့တတွေ သူတို့အချင်းချင်း ပြောကြ မပြောကြကား ကျွန်တော်မသိ။ ကျွန်တော်ကား တရားပွဲလုပ်၍လည်း ခဏခဏ ကျန်းမာရေးအကြောင်း၊ဆေးရုံအကြောင်းကိုဟောပြောပါ၏။ ရ၏။ ဆေးရုံလာသမျှလူများကိုလည်း ဟောပြောပညာပေးရ ၏၊ နားမဝင်သူတို့သည် ဆေးရုံကို တော်တော်ကြောက်ကြလေ သည်။ ဗမာရှေးလူကြီးတို့ပြောတဲ့ ‘လူမစည်ကားရာသည်ဆေးရုံ ရုံး၊ သုသာန်’ကို သူတို့က ပို၍ ယုံကြည်သည်ထင်၏။ ကျွန်တော် က မိုင်းတုံတွင် အနေကြာသော ကျွန်တော့်ဆေးရုံမှ ဦးညွန့် မောင်ကို ဤအကြောင်းပြောသောအခါ သူက ရယ်လျက်‘သူတို့ ထံပေါ့ ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီးကသာ အသက်ငယ်တော့ သမား အိုမှ၊ ရွှေခနပျို့မှဆို မို့လား၊သိပ်မယုံကြဘူးထင်ပါရဲ့’ဟုဆို၏။

‘အေးဗျာ ဟုတ်လိမ့်မဗျို့’

ကျွန်တော်ကပြန်ဖြေယင်း ရယ်ရလေသည်။ ကျွန်တော့် စိတ်ထဲတွင်ကား သူတို့တတွေ ဆေးရုံကို ယုံကြည်လာအောင် မည်သို့လုပ်ရမလဲ ဟူ၍သာ စဉ်းစားနေမိလေ၏။

[၃]

တညတွင် အိပ်ကောင်းတုန်း ကျွန်တော့်တပည့်လေးကလာပြီး ‘ဗိုလ်ကြီး ဗိုလ်ကြီး ထပါဦး၊ လူနာရောက်နေတယ်’ဟုနိူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အိပ်မှုန်စုံမွှားဖြင့် ထရလေသည်။ နာရီကိုကြ
လိုက်သောအခါ ၁၂ နာရီထိုးနေပြီကို သိရ၏။

'အေး....ဘာလူနာလဲကွာ၊ ငါလာခဲ့မယ်' ဆိုကာ လက်နှိ
ဓာတ်မီးနှင့် ဆေးရုံသို့လာခဲ့ရသည်။ ကျွန်တော့်အိမ်မှာဆေး
ထဲတွင်ရှိသဖြင့် ဆေးရုံကို အလွယ်တကူပင် ရောက်၏။ ဆေး
ရောက်တော့ ရှမ်းတွေကို ဟိုစုစု သည်စုစုမြင်ရသည်။ ဘာဖြ
ပါလိမ့်ဟု စိတ်ထဲမှထင့်ကာ အပြင်လူနာအခန်း၌ ဝင်ထိုင်ယင်
'ဘာဖြစ်တာလဲဟေ့' ဟူ၍ညတာဝန်ကျသူကို မေးရလေသည်
တာဝန်ကျရဲဘော်ကလေးက 'ဗိုလ်ကြီး၊ သူကြီးသမီး ကလေး
မမွေးနိုင်လို့တဲ့၊ အခုခေါ်လာတယ်' ဟု ဖြေလေသည်။ 'အေး...
သူကြီးကိစ္စမို့ တရွာလုံးလိုက်လာတာပဲ' ဟူ၍ စိတ်ထဲမှ ပြော
လိုက်မိသည်။ သူကြီးလည်း ကျွန်တော့်ရှေ့တွင်လာရပ်၏။

'ဗိုလ်ကြီး ကယ်ပါဦးခင်ဗျာ၊ ကျုပ်သမီးလေး မီးဖွားခက်
နေလို့ပါ' ဟု ဆိုသည်။

'ကောင်းပြီလေ၊ ကျွန်တော် တတ်နိုင်သလောက်တော့ လုပ်
ပေးပါ့မယ်' ဟု ပြောပြီး ကျွန်တော်လည်း လူနာကို ကြည့်ရလေ
တော့သည်။ လူနာမှာ လှည်းပေါ်တွင်ပင် ရှိနေသေး၍ ခွဲစိတ်
ခန်းထဲသို့ ယူသွားခိုင်းရသည်။ ခွဲစိတ်ခန်းဆို၍လည်း တကယ့်
ခွဲစိတ်ခန်းမဟုတ်။ လူနာထားသောတဲထဲတွင် တဝက်ကန့်ကာ
ခွဲစိတ်ကိရိယာအချို့နှင့် လူနာခုတင်တလုံးသာရှိသော အခန်း
ဖြစ်၏။ ခွဲစိတ်စရာ အသေးအဖွဲ့ကလေးများကိုခွဲရာ၊ ကလေးမွေး
ပေးစရာရှိလျှင် မွေးပေးရာအခန်းသာ ဖြစ်လေသည်။



အရေးရှိမှ သုံးရန်ထားသော မီးစက်ကိုဖွင့်ခိုင်း၍ ကျွန်တော်
လူနာကို ကြည့်ရ၏။ လူနာမှာ အသက်နှစ်ဆယ်ခန့်သာ ရှိသေး၍
များစွာ ပင်ပန်းနွမ်းနယ်ပုံ ပေါက်နေလေသည်။ မျက်နှာမှာ
ဖြတ်ဖြူရော်ဖြစ်နေကာ မျက်တွင်းများချိုင့်နေ၏။ ကိုယ်ပေါ်
တွင် စောင်လွှမ်းထားကာ ဖုတ်လိုက်ဖုတ်လိုက်နှင့် အသက်ရှူနေ
လေသည်။

'ကဲ....ဆိုစမ်းပါဦး၊ ဘယ်အချိန်ကစ ဗိုက်နာနေသလဲ' ဟု
မေးရသည်။

'မနေ့ကညနေကတည်းက ဗိုလ်ကြီး၊ အခုထိ မွေးမရဘူး၊
လက်သည်စုံပြီ' ဟုဆို၏။ 'သူ့ယောကျ်ားကော' ဟူ၍ မေး
သောအခါ 'ကုန်ကူးသွားနေတယ်' ဟု သူကြီးက ဆိုလေသည်။
ကျွန်တော်လည်း ဘာမျှထပ်မမေးတော့။ မဆိုင်သူအားလုံးကို
အခန်းထဲမှထွက်စေကာ မိန်းမတယောက်ကိုသာ ထားစေခဲ့၏။
ကျွန်တော်လည်း စောင်လှပ်ကာ အားလုံးကိုအကဲခတ်ရ၊ စမ်းရ
သည်။ သွေးခုန်နှုန်းမှာမြန်လျက် အားနည်းနေ၏။ သွေးအား
မှာလည်း သိပ်မကောင်းလှပေ။

'ကဲ....ဒရစ် (သွေးကြောထဲသို့ သကြားရည်သွင်းခြင်း) ပေး
ကွာ' ဟု တပည့်တယောက်ကို ခိုင်းရသည်။ လူနာကို သကြားရည်
သွင်းထားယင်း စမ်းသပ်စရာရှိသည်ကို ဆက်စမ်းသပ်ရသည်။
ဗိုက်အနေအထား၊ ကလေး၏အနေအထား မှန်ကန်သော်လည်း
ဗိုက်တခုလုံး ညိုမည်းနေ၏။ ကျွန်တော့်ထံမရောက်ခင် အပြင်
မှာတုန်းက ကလေးမမွေး မွေးအောင် လုပ်ချင်ရာ လုပ်ခဲ့ကြဟန်

www.burmeseclassic.com

www.burmeseclassic.com



တူ၏။ တခါက ကလေးမမွေးနိုင်သဖြင့် ဗိုက်ပေါ်တွင် ဝါးလ
တင်ကာ လူတွေစုထိုင်ပြီး လှိမ့်ချခဲ့သဖြင့် လူကြီးရောကလေးပ
သေဆုံးဖူးကြောင်း ကြားသိဖူး၍ ကျွန်တော့်မှာ စိတ်ပူနေ
လေသည်။ တော်ပါသေး၏။ ဗိုက်မှာညှိမည်းနေသော်လည်
ဒဏ်ရာမပြင်းလှ။ အန္တရာယ်မရှိလှပေ။ ကလေး၏နှလုံးခုန်ခြ
မှာ အနည်းငယ်တိုးသည်ကလွဲ၍ အားလုံးကောင်း၏။

'သူကြီး၊ သားဦးလား' ဟု လှမ်းမေးသောအခါ သူကြီးက
'ဟုတ်တယ် ဗိုလ်ကြီး' ဟု အပြင်မှ လှမ်းအော်ရှာ၏။ အင်း..
သားဦးဆိုတာ ခက်တတ်တာပဲဟု ညည်းယင်း ကျွန်တော့်မှ
လုပ်စရာရှိသည်ကို ဆက်လုပ်ရလေသည်။ လက်ဆေး၊ ကိုယ်ဝတ
ရုံကိုဝတ်၊ လက်အိတ်ကိုစွပ်ကာ သားအိမ်ဝသို့ စမ်းသပ်ရသည်
သားအိမ်ဝမှာ ပွင့်နေပြီဖြစ်၍ ကလေးခေါင်းမှာ တစ်နေ၍
မိခင်မှာ မညှစ်နိုင်သဖြင့် ကလေးခေါင်းမှာ ရှေ့သို့ မတိုးထွက်
တော့ပေ။ မွေးလမ်းဝကို ဓားဖြင့်ခွဲခြင်း (Episiotomy) လုပ်
ပေးလိုက်၏။ ကလေးမှာ ထွက်မလာသေးပေ။ မိခင်မှာ ညှစ်
အားမရှိသဖြင့် သိပ်စောင့်မနေနိုင်။ တခုခုတော့ လုပ်ရမည်ဖြစ်
လေသည်။ ကျွန်တော့်မှာ ဆိုင်းမနေနိုင်ပဲ ညှပ်ကို အသင့်ပြင်
ခိုင်းကာ ညှပ်ဖြင့်ဆွဲရတော့၏။ တခါနှစ်ခါနှင့်မရ။ ကံကောင်း
သဖြင့် နောက်တကြိမ်ကျမှသာ ရတော့သည်။ 'အူဝဲ....အူဝဲ' နှင့်
အပြင်ရောက်လျှင်ပင် ချာတိတ်က အော်ငိုတော့၏။

'ဘာလေးလဲ ဘာလေးလဲ' ဟူ၍ အားလုံးက အပြင်မှ
လှမ်းမေးကြ၏။



'ယောကျ်ားလေးဗျို့' ဟု ကျွန်တော်က လှမ်းအော်သော
အခါ အားလုံးပင် 'ဟေး'ကနဲအော်ကာ ကခုန် မြူးထူးကြလေ
သည်။ သူတို့ကား ကလေးအပြင်ရောက်ပြီဖြစ်၍ ဝမ်းသာနေ
ကြ၏။ ကျွန်တော်ကား ဝမ်းမသာနိုင်သေး။ မိခင်အတွက်ပူပန်
နေသေး၏။ မိခင်မှာ တရက်ကျော်ကျော် ဗိုက်နာထားသဖြင့်
မောနေ၏။ အချင်းကျကာမှ အားလုံးကိစ္စပြီးကာ စိတ်အေး
ရပေမည်။ ကျွန်တော်သည် မိခင်ကို သကြားရည်ဆက်ပေးယင်း၊
ထိုးသင့်သည့်ဆေးထိုးယင်း အချင်းကျလာချိန်ကိုစောင့်နေမိ၏။

'ဗိုလ်ကြီး၊ သမီးကော ဘယ့်နှယ်နေသလဲ' ဟု သူကြီးက
လှမ်းမေးသဖြင့် 'ကောင်းပါလိမ့်မယ်'ဟု မတင်မကျ ပြန်ဖြေ
ရသည်။ သူကြီးသမီးကား မှိန်းလျက်၊ အချင်းကလည်းမကျ၊
၁၅ မိနစ်မကျ၊ နာရီဝက်မထူး၊ တနာရီ မကျသေး။

'အင်း....ငါစိုးရိမ်သလိုတော့ ဖြစ်လာပြီ' ဟု တွေးမိကာ
ကျွန်တော့်မှာ စိတ်ပူလာလေသည်။ ကျွန်တော် စိတ်ပူသည်မှာ
အခြားမဟုတ်၊ ဤကဲ့သို့ သားဦးမိခင်များမှာ မွေးချိန်ကြာက
အချင်းကျခဲ၏။ တိတိကျကျဆိုရလျှင် သားဦးမိခင် များသည်
၂၃ နာရီထက်ကျော်ပြီး ဗိုက်နာနေလျှင် ကလေးမွေးရသည်မှာ
ခက်သလောက် အချင်းကလည်း သူ့အလိုလို မကျတော့ပေ။
သားအိမ်ထဲတွင်ပင် အချင်းမှာ ကပ်နေတော့၏။ ၎င်းကို အချင်း
ကပ်ခြင်း (Reiention of Placenta)ဟု ခေါ်လေသည်။
အချင်းကပ်နေ၍ ချက်ကြိုးကို အတင်းဆွဲလည်းမရ၊ ချက်ကြိုး
ကို သိပ်ဆွဲလျှင် ချက်ကြိုးပြတ်တတ်သည်။ ချက်ကြိုးပြတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အချင်းကို ရှာမရပဲ ပိုဒုက္ခရောက်တတ်လေသည်။ ချက်ကြိုး မပြတ်ပါကလည်း ၎င်းကို အတင်းဆွဲပါက သားအိမ် အတွင်း အပြင်လှန်ကာ (**Inversion of Uterus**) သတိမေ့၍ မိခင် သေဆုံးတတ်သည်။

'ကဲ....အခု ဘာလုပ်ရမလဲ။ ကျွန်တော် သိပ်မစဉ်းစားနိုင် ဗိုက်ပေါ်မှ လက်ဖြင့်ဖိကာ အချင်းကို ညှစ်ရ၏။ မကျချေ 'အင်း....ခက်တော့တာပဲ'ဟု တွေးမိကာ ထပ်ကြိုးစားရ၏မရ မွေးပြီး တနာရီခွဲသာ ကြာသွားသည်။ အချင်းကား မကျသေး သူကြီးကလည်း 'သမီးကော ဘယ့်နှယ်လဲဗိုလ်ကြီး'ဟု ခဏခဏ မေးနေ၏။ ကျွန်တော့မှာ စိတ်အိုက်နေကာ ဘာမျှမပြောနိုင် 'မစိုးရိမ်ရပါဘူး'ဟူ၍သာ ခဏခဏပြန်ဖြေရသည်။ မတင်မကျ

မနေ့တနေ့က ညကြီးသန်းခေါင်မှာ သေနတ်ဒဏ်ရာ ရသူ ကို ခွဲစိတ်ရ၍ အိပ်ရေးပျက်သလို ယနေ့ညလည်း အိပ်ရေးထပ် ပျက်ရသဖြင့် ကျွန်တော့်မှာ မျက်စိတွေပူ၍ စပ်နေ၏။

လူကလည်း သိပ်အားမရှိသည့်အထဲ အချင်းမကျသဖြင့် ချွေးစို့နေလေသည်။ 'အင်း....အချင်းမကျရင်တော့ မဖြစ်ဘူး' ဟု တွေးမိကာ ကျွန်တော်သည် နောက်တနည်း ထပ်ကြိုးစား ရ၏။ မိခင်ကို မေ့ဆေးအမြန်ပေးရသည်။ မေ့ဆေးဆို၍လည်း ဆေးရုံကြီးတွေမှာသုံးသော မေ့ဆေးမျိုးမဟုတ်၊ ဆေးရုံကြီး တွေမှာဆိုလျှင် မေ့ဆေးမှာ စိတ်ချရသော အောက်စီဂျင်နှင့် နိုက်တရပ်အောက်ဆိုက် ရောထားသည့် မေ့ဆေးဖြစ်၏။ လိုသ လောက် ပေးနိုင်ရုံမက မေ့ဆေးပါရဂူက ဘေးမှာ အမြဲရှိနေသ ဖြင့် ဘာမျှမပူရ၊ ယခုကား ဤသို့မဟုတ်ပေ။



မေ့ဆေးမှာ အရေးပေါ်သုံး မေ့ဆေးဖြစ်၍ သွေးကြောထဲ သို့ ထိုးရ၏။ အခန့်မသင့်က သေနိုင်သည်။ မေ့ဆေးမှာ နာရီ ဝက်ခန့်သာ ခံသဖြင့် ဤအတွင်းတွင် လုပ်စရာရှိသည်ကို ပြီး အောင်လုပ်မှဖြစ်၏။ ဇိမ်ဆွဲနေ၍ မရပေ။ ကျွန်တော့မှာ မေ့ ဆေးကို ကိုယ်တိုင်ပေးရ၏။ ပေးပြီးသည်နှင့် သားအိမ်ထဲလက် နှိုက်ကာ အချင်းကို ထုတ်ယူနိုင်ရန် ကြိုးစားရသည်။ နည်းနည်း ဆွဲ၏ မရ၊ မျှားမျှားအားစိုက်၍ထုတ်၏ ကျွန်တော့်မှာမျက်စိတွေ ပြာလာကာ မြောသွားလေသည်။

၅ မိနစ်မျှကြာသောအခါ ကျွန်တော် သတိရလာ၏။ ကျွန် တော့မှာ အပြင်လူနာစားပွဲခပေါ်သို့ ရောက်နေလေသည်။ 'ဗိုလ် ကြီး ဘယ့်နှယ်နေသေးလဲ'ဟု ရဲဘော်နှင့်သူကြီးကပါ လှမ်းမေး ၏။ 'ကောင်းပါတယ်၊ ကလေးမ အချင်းကျပလား'ဟု ကျွန် တော်က မေးလိုက်သောအခါ....

'မကျသေးဘူး ဗိုလ်ကြီး၊ သူ့ကံပေါ့ ဗိုလ်ကြီးရယ်'ဟု သူကြီးက ဆိုရှာသည်။ ကျွန်တော့်မှာ စိတ်ထဲတွင် ထိခိုက်သွား လေသည်။

'ဟာ....မဟုတ်တာ၊ ရ ရမှာပေါ့။ ကျွန်တော် အိပ်ရေးပျက် တာ ၃-၄ ရက်လောက်ရှိလို့ပါ၊ ကိစ္စမရှိပါဘူး'ဆို၍ ကျွန်တော် မှာ ထရ၏။ ရဲဘော်တွေ ရှမ်းတွေကမူ ကျွန်တော့်ကို အံ့ဩသလို ကြည့်နေကြလေသည်။ ကျွန်တော်ကား ဘာပဲဖြစ်ဖြစ် သူကြီး သမီးနှင့်မြေးကို ကျန်းမာလာအောင် လုပ်ရမည်ဟု သိရ၏။ အရပ်ဆရာတွေ သူတို့လက်သည်တွေ မလုပ်ရသည်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က ရအောင်လုပ်ပြရမည် ဖြစ်လေသည်။ သူတို့မရသလို ကျွ
တော်လည်း မရဟုဆိုက မည်သူမျှ ကျွန်တော့အား ယုံကြ
အားကိုးတော့မည်မထင်။ အကယ်၍ သူကြီးသမီးမှာ တစုံတ
ဖြစ်ပါကလည်း ယခုမှာမူ ကျွန်တော့်အပေါ်သာ အပြစ်တ
ကြတော့မည် ဖြစ်လေသည်။ အားလုံးက ကျွန်တော့်ကို အ
ခတ်နေမှန်းလည်း သိ၏။ ရွာခံလူသိုက်အားလုံး ဆေးရုံမှမပြ
ကြသေးပဲ စောင့်ကြည့်နေသည်ကပင် ထင်ရှားနေပြီ မဟု
လား။

ကျွန်တော်သည် ရဲဘော်တယောက်ကို သကြားရည် ဖျေ
ခိုင်းကာ တခွက်သောက်ပြီး နောက်လူမမာရှိရာသို့ ပြန်ဝင်ခဲ့
၏။ လူမမာကား မှိန်းလျက်၊ သကြားရည် (Glucose Drip
လည်း ဆက်သွင်းထားလျက်၊ ချက်ကြိုးလည်းတွဲလွဲ၊ မေ့ဆေ
မပြေသေး၍ ကလေးမမှာ ဘာမျှမသိ၊ မေ့ဆေးမပြယ်မှလည်
အချင်းကိုဆက်ထုတ်၍ရမည် ဖြစ်လေသည်။ ကျွန်တော်လည်
လက်အိတ်လဲကာ လုပ်ငန်းကို ပြန်စရ၏။ လက်ဖြင့် အချင်းထုတ်
သောနည်း (Manual Removal of Placenta) မှာ အလွယ်
ဆုံးဖြစ်သော်လည်း အန္တရာယ်ကား မသေးလှ၊ သားအိမ်တွင်
သို့ လက်လျှိုစဉ်မှာပင် မိခင်မှာ လန့် (Shock) ပြီး သတိမေ့သေ
တတ်၏။ သွေးထွက်လွန်ကာ သားအိမ်လည်း ပေါက်နိုင်လေ
သည်။ ကျွန်တော့မှာ များစွာပင် သတိထားလုပ်ရ၏။ ဤအခ
အောင်မြင်ပါမှ ဖြစ်မည်ဟူ၍လည်း စိတ်ထဲမှအောက်မေ့မိလေ
သည်။ ကျွန်တော့်မှာ အားမရှိတော့သဖြင့် ခြေတွေလက်တေ



တုန်ကာ မျက်လုံးများ ပြာလာပြန်၏။ သတိထားလိုက်၊ ဆွဲလိုက်ဖြင့် အချင်းကို ညင်သာစွာပင် လက်ဖြင့် ထုတ်နေရလေသည်။ မေ့ဆေးမှာ ပြယ်စပြုလာသဖြင့်လည်း မြန်နိုင်သမျှ မြန်အောင် ကြိုးစားရ၏။ မေ့ဆေးမပါပဲ ဤအလုပ်မှာ လုပ်မရ၊ များစွာပင် နာကျင်သောအလုပ် ဖြစ်ပေသည်။ ကလေးမမှာ မေ့ဆေး ပြယ်စပြု၍ လူးလွန့်လာ၏။ အချင်းကား မကျသေး၊ မေ့ဆေး ပြယ်၍မှ အချင်းကိုထုတ်မရပါလျှင် ကျွန်တော့်မှာ ဤနည်း ကို စွန့်လွှတ်ရတော့မည်ဖြစ်၏။ ဤနည်းကို စွန့်လွှတ်ပြီးပါက ဗိုက်ခွဲ၍ အချင်းထုတ်ရန်သာ ကျန်တော့သည်။

ဗိုက်ကိုခွဲနိုင်ရန်မှာလည်း ကျွန်တော့်မှာ ဘာမျှကိရိယာ တန်ဆာပလာမရှိ။ အချင်းကိုဆွဲချမရ၊ ထုတ်မရသဖြင့် ဗိုက်ထဲမှ ချန်ထားခဲ့ရန်လည်း မဖြစ်ပေ။ ဗိုက်ထဲတွင် အချင်းကျန်နေပါက သားအိမ်အနာဖြစ်ခြင်း၊ မီးတွင်းဖျားခြင် (puerperal Sepsis)၊ သားအိမ်မှ သွေးဆင်းခြင်း (Leukorrhoea) နှင့် သားအိမ်တွင် အချင်းအသားပို (Placental Polyp) ဖြစ်ခြင်း စသော ရောဂါများကို မိခင်မှာ ခံစားရလိမ့်မည် ဖြစ်လေသည်။ ကျွန်တော့်မှာ မေ့ဆေးကလည်း ပြယ်ကာနီး၊ အချင်းကလည်း မကျသေး၊ မျက်စိကလည်း ပြာလာပြန်ပြီ၊ ဘာလုပ်ရမှန်းမသိ၊ ချွေးတွေသာ စို့နေတော့၏။ သည်တခါမအောင်လျှင် သည့် အရပ်မှာတော့ ဆေးရုံဟာ တသက်လုံး နာမည်ပျက်တော့မှာ ပဲဟူ၍လည်း တွေးမိကာ စိတ်ပူနေလေ၏။ အချိန်ကလည်း သိပ်မရှိတော့၊ မေ့ဆေး ထပ်ပေး၍လည်းမဖြစ်၊ ကျွန်တော် အားကုန်နေသဖြင့် ဆက်မလုပ်နိုင်။ ဤအခါ အောင်မြင်ပါမှ

www.burmeseclassic.com



ကျွန်တော်သည် အစွမ်းကုန်ကြိုးစားရ၏။ တော်သေးသည်ဆိုရ ထည်း ဖြေဆေးပြယ်သဖြင့် ကလေးမ ညည်းသောအခါ အချင်း မှာ ကျွန်တော့်လက်ထဲတွင် ပါလာလေသည်။

'အချင်းကျပြီး၊ သူကြီးသမီးကောင်းပါပြီ' ဟူ၍သာ အော် ပြောနိုင်တော့၏။ ကျွန်တော့်မှာ အားအင်ကုန်ခန်းကာ မဟန် နိုင်တော့ချေ။

[ ၄ ]

နောက်တနေ့နံနက်၉-နာရီကျမှ ကျွန်တော်အိပ်ရာက နိုးသည်။ ကျွန်တော့်မှာ ညက ကလေးမွေးစဉ်က ဝတ်ထားသောကိုယ်ရုံ အင်္ကျီနှင့်ပင် အိပ်ခဲ့မိ၏။ ကျွန်တော့်ဘေးမှာကား ဆေးရုံမှ ဦးညွန့်မောင်နှင့် သူကြီးရောက်နေသည်။

'နေကောင်းပါလား ဗိုလ်ကြီး၊ ဗိုလ်ကြီးကျေးဇူးကို ကျုပ် တော့ မမေ့နိုင်ပါဘူး'ဟု သူကြီးက လှိုက်လှဲစွာပြော၏။

'ကောင်းပါတယ်ဗျာ၊ သူကြီးသမီးနဲ့ မြေးကော ဘယ့်နှယ် လဲ'ဟု ကျွန်တော်မှာ ပြန်မေးရလေသည်။

သူကြီးက'ကောင်းကြပါတယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးကိုတော့ တရွာလုံးက အံ့သြကျေးဇူးတင်နေကြပါတယ်'ဟု ဆိုလေသည်။

'ကျွန်တော်လဲ မနက်ကတရွာလုံးကိုစုပြီး၊ ညကအကြောင်း ကို ပြောပြတယ်။ ဗိုလ်ကြီးကို အစစ အကူအညီပေးဖို့လဲ ပြော



ပြတယ်'ဟုလည်း ဆက်၏။ 'ဗိုလ်ကြီးအကြောင်းကို ညကသိကြ ရလို့ တရွာလုံးကပဲ ဗိုလ်ကြီးကို ယုံကြည်အားကိုး နေကြပါ ပါတယ် ဗိုလ်ကြီး၊ နောက်ကို ဘာဖြစ်ဖြစ် ဆေးရုံလာကြမယ် လို့လဲ ပြောနေကြပါတယ်။ ဗိုလ်ကြီးတော့ ပင်ပန်းဦးပေါ့ ဟဲဟဲ'ဟု သူကြီးက ဆိုကာ ကျွန်တော့်အား ထမင်းစားကြရန် ဖိတ်ကြားလေသည်။ ကျွန်တော်ကား ဘာမျှပြန်မပြောတတ်၊ ခေါင်းသာညိတ်၍ ပြုံးနေမိလေသည်။

သူကြီးပြန်သွားသောအခါ ကိုညွန့်မောင်က 'ဗိုလ်ကြီးနှယ်၊ အရပ်က ဒီလိုပဲ တခုခုကိုလက်တွေ့မြင်ရမှယုံကြတာ။ အခုဆို သူကြီးသမီးကို သေရွာက ကယ်လိုက်လို့ ဗိုလ်ကြီးကိုယုံကြပြီ။ နောက်ဘာပဲဖြစ်ဖြစ် ဆေးရုံကိုလာတော့မှာပဲ'

'ကောင်းတာပေါ့ဗျာ၊ ဒါမှကျွန်တော်လဲဆေးကုရ၊ တရားထဲ ဟောရတော့မှာ'ဟူ၍ ဝမ်းသာအားရ ဖြေနိုင်တော့သည်။ တ်ထဲတွင်ကား များစွာကျေနပ်ပီတိဖြစ်လျက် ရှိလေ၏။ ပျော် ည်း အလွန်ပျော်မိလေသည်။ မိုင်းတုံမှာ အဆက်အသွယ် က်သဖြင့် စိတ်ပျက်စရာတွေကိုလည်း သတိမရ၊ အစားအသောက် င်းရဲ့ကာ စျေးမရှိ ဘာမရှိနှင့် ပျင်းစရာကောင်းတာကိုလည်း တိမရ၊ မိဘ မောင်နှမ သူငယ်ချင်းတွေနှင့်ခွဲခွာနေရသဖြင့် လွမ်း ်လည်း သတိမရ၊ ချစ်သော နန်းမျက်ဝန်းတယောက်ထံမှ စာ ႔၊ ပေမပါး၍လည်း တွေးရှ်ဆွေးမနေနိုင်။ ကျွန်တော်ကား တ အောင်မြင်စွာ သူကြီးသမီး၏ကလေးအား မွေးပေးနိုင်ခဲ့ပုံ သာ အားလုံးမြင်ယောင်သတိရလျက် ပျော်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဒေါက်တာမောင်မောင်ညိုက ငါ့ကို ဇာတ်လိုက်လုပ်ရေးထားတာ၊ ငါဖြင့် ရယ်တောင် ရယ်ချင်သေးတယ်။ သူကတော့ စာရေးစရာ မဟုတ်တာ၊ ရေးကောင်းမယ့်အကြောင်းဆိုရေးပစ်လိုက်တာပဲ။ ငါလဲစာရေးတတ်အောင် ကြိုးစားရဦးမယ်။

အဲဒီတုန်းကပျော်တာနဲ့ အခုပျော်ရတာ တူတော့မတူပါဘူးလေ။ ဟုတ်တယ်၊ အဲဒီတုန်းက ဆေးပညာအရ လုပ်ရိုးလုပ်စဉ်တခုကို ကိုယ်ကလုပ်ပေးရတာ။ သေမယ့် လူရှင်တဲ့အတွက်သာ၊ ဆေးရုံကို မယုံတဲ့လူတွေယုံလာအောင် လုပ်နိုင်လို့သာ ပျော်ရတာ၊ အခုပျော်ရတာနဲ့တခြားစီပဲ။ ကြည့်ပါဦး၊ မကြာခင်ပဲ ငါ့အခန်းထဲမှာ ငါ့လက်ထောက်တွေ၊ သူနာပြုတွေ ရောက်လာတယ်။ အားလုံးငါ့ကို ဝိုင်းချီးကျူးကြတယ်၊ တယောက်ကို တယောက်လဲ ချီးကျူးကြတယ်။ အားလုံးပျော်လို့၊ မြူးလို့။ ခုနက တခုခုအလိုမကျလို့ မျက်နှာစူပုပ်နေတဲ့ ခွဲစိတ်ခန်းဆရာမမရီနာတောင် ပျော်လို့ ပြုံးလို့။

ကြည့်ပါဦး၊ ပြောကြဆိုကြပုံတွေကလဲ။ 'ဒီတခါတော့ အောင်မြင်မယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပြီးသားပဲ ဆရာ' ဗညား အဲဒီလိုပြောတယ်။

'ဟုတ်တယ်ဆရာ ကျွန်မလဲယုံကြည်ပြီးသား' မြမြရီကလဲ ဒီလိုပဲ ပြောတယ်။

'ဟုတ်လား၊ ငါကတော့ သိပ်မထင်ဘူးကွာ၊ ငါ့စိတ်ထဲမှာတော့ ထထင်ထင်ပဲ။ ကြည့်ပါလား၊ အဆုတ်တွေကလဲအနာရှုတ်နဲ့ ဟာပ်နေ၊ နှလုံးကလဲသိပ်ကြီးပြီး ပျော့နေ၊ ပြီးတော့ အဆို့ရှင်



အပေါက်ကလဲ ထုံးတွေတင်နေတာ။ ဒီလောက်ထိခက်လိမ့်မယ်လို့ ငါမထင်ဘူး။ ခွဲစိတ်စမှ သာ ဆက်ခွဲရတာ။ ဒီအထဲ နှလုံးကိုအားလုံးချုပ်ပြီးမှ ချုပ်ရိုးတခုပြဲသေး။ ငါဖြင့် ပူထူသွားတာပဲ။ အခုမှပဲ နည်းနည်းစိတ်အေးရတယ်၊ ဒါတောင် သူဆေးရုံကဆင်းမှ အားလုံးစိတ်ချမှာကွာ'၊

ဒီလိုပဲ ငါက ပြန်ပြောလိုက်တယ်။ 'ဘာပဲဖြစ်ဖြစ် ဆရာ၊ ဆရာ ဒီတခါခွဲတာ သိပ်ကောင်းပါတယ်၊ ကျွန်တော်တော့ ဆရာ့ကို သိပ်သဘောကျသွားတာပဲ'

ဗညားက ဆက်ပြောတယ်။

'ဆရာခွဲတာ ကောင်းပါတယ်ဆရာ၊ ဒါပေမယ့် ကျွန်မစိတ်မကျေနပ်တာက အားလုံးပြီးမှ ဘာလို့ချုပ်ရိုးတခု ပြတ်ရသလဲလို့။ ကံကောင်းလို့၊ ရင်ခေါင်းပြန်ပိတ်ပြီးမှ အတွင်းမှ ချုပ်ရိုးတွေ ပြုတ်ယင် ဒုက္ခ'

မြမြရီက အဲဒီလို ပြောပြန်တယ်။

'ဒါကတော့ကွာ၊ ငါချုပ်တာမခိုင်လို့နေမှာပါ။ နောက်ပြီး တချို့ချုပ်ရိုးတွေကလဲ မခိုင်လို့နေမှာပါ။ ဒါတောင်ငါတို့ သေသေချာချာ စစ်ဆေးပြီးမှ လုပ်တာ၊ အခုတော့အားလုံး ခိုင်မှာပါ။ အေးပေါ့လေ၊ မင်းကငါ့ပထမလက်ထောက်ဆိုတော့ အစစ စေ့စပ်ရမှာပေါ့'

ဟုတ်ပါတယ်၊ မြမြရီဟာ ဗမာပြည်မှာ ပထမဆုံး အမျိုးသမီးခွဲစိတ် ဆရာဝန်၊ ပထမဆုံးနှလုံးခွဲကုတဲ့ ဆရာဝန်၊ တော်လဲ

www.burmeseclassic.com

www.burmeseclassic.com



တော်၊ စေ့လဲစေ့စပ်ပါပေတယ်။ ဒီလိုတော်တဲ့ စေ့စပ်တဲ့လက်ထောက်တွေနဲ့ အလုပ်လုပ်ရတာ ပျော်စရာပါပဲ။

'ကော်ဖီဆရာ'

ဘယ်အချိန်က ထွက်သွားတယ်မသိတဲ့ မရီနာဟာ ကော်ဖီပန်းကန်တွေနဲ့ ပြန်ရောက်လာတယ်။ မောနေတုန်း၊ ပန်းနေတုန်း ကော်ဖီပူပူတခွက်သောက်ရတဲ့ အရသာဟာ ဘယ်အရသာနဲ့မှ မတူဘူး။ ဒါကြောင့် 'အေးကျေးဇူးပဲကွာ၊ မရီနာကို ဒါကြောင့် ဆရာတို့က အားကိုးတာ' လို့ ပြောပြီး ကော်ဖီယူသောက်ရတယ်။

'ကဲ ကနေ့အောင်မြင်မှုဟာ အားလုံးရဲ့ အောင်မြင်မှုပဲ လူနာကို ဆက်ဂရုစိုက်စရာရှိတာ စိုက်ကြ။ မြမြရီ၊ ရပို့(Report) ရေးစရာ ရှိတာရေး၊ ဆရာလဲ ခွဲစိတ်မှုမှတ်တမ်း ရေးလိုက်ဦးမယ်....'

ဒီလိုပြောပြီး ငါလဲ အဝတ်အစားတွေလဲလိုက်တယ်။ အဝတ်အစားလဲယင်း ခွဲစိတ်ခုံကိုကြည့်လိုက်တော့အားလုံးဟာ ငြိမ်ဆိတ်သန့်ရှင်းနေတာကို တွေ့ရတယ်။ သီဟကတော့ အိပ်တုန်း။ လေးဘာဏ်ကတော့ အားလုံးကို လိုက်ရှင်းနေ၊ သိမ်းနေတယ်။ တင်မြင့်နဲ့ ဥမ္မာလဲ လုပ်စရာရှိတာ လုပ်ကြယင်း စကားတပြောပြောနဲ့ပေါ့။ ကြည့်ရတာ အားလုံးစိတ်ချမ်းသာစရာပါပဲ။ အင်း....အခုလိုဆိုတော့လဲ ပင်ပန်းရကျိုး နပ်ပါပေရဲ့။ ဒီအကြောင်းကို ငါလဲစာရေးဦးမှ။ ကြွားဖို့ ကျော်ကြားဖို့ မဟုတ်ပါဘူး။ တခြားလူတွေသိဖို့၊ တခြားလူတွေ အားကျအတုယူဖို့။



ဒီလိုဆိုလို့ ငါလဲ အောင်မြင်ကျော်ကြားမှုကို မကြိုက်ဘူး၊ မလိုလားဘူးလို့ မဆိုလိုပါဘူး။ ငါလဲလူပဲ။ ထိုက်သင့်တဲ့ အောင်မြင်ကျော်ကြားမှုကိုတော့ လိုချင်တာပေါ့။ ဒါပေမယ့် လူ့ဘဝမှာ အောင်မြင်ကျော်ကြားမှုနောက်ကို သိပ်လိုက်ယင် ပျက်စီးတတ်တယ် မဟုတ်လား။

အင်း....ငါဘာတွေ လျှောက်တွေးနေသလဲ။ အဝတ်အစား မြန်မြန်လဲမှ။ ငါ့ရုံးခန်းပြန်ပြီး ရေးစရာရှိတာတွေ ရေးဦးမှ။

www.burmeseclassic.com

# ဪ ကိုသီဟ

ငါလဲ ငါ့ရုံးခန်းထဲကို ပြန်ရောက်သွားတယ်။ ခွဲစိတ်ခန်းနဲ့ ရုံးခန်းက သိပ်မဝေးတော့ ခဏ ကလေးနဲ့ ပြန်ရောက်သွားတာပေါ့။ ငါ့ရုံးခန်း ဟာ ကျယ်လဲကျယ်၊ လင်းလင်းထင်းထင်းလဲ ရှိပါတယ်။ ဟုတ်ပါတယ်။စားပွဲ၊ ကုလားထိုင်၊ စာအုပ်၊ ဗီရိုတွေလဲ အပြည့်ပေါ့။ ပါမောက္ခ အခန်းဆိုတော့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း စုံစုံလင်လင် ရှိရမှာပေါ့။အခန်းမှာ ကန့်လန့်ကာ လှလှ က လေး တွေ၊ ပန်းအိုးလှလှကလေးတွေ ရှိလို့ ငါ့ကို သိပ်အလှကြိုက်တယ်လို့လဲ မထင် ပါနဲ့။ ဒါတွေက နန်းရဲ့ လက်ရာတွေ၊ သူက ကြုံတိုင်း ငါ့အခန်းကို လှအောင် လာလာပြင် ပေးတာ။ ဟုတ်ပါတယ်။ ငါ့ဇနီးသည်ဟာ လုပ် ဖော် ကိုင်ဖက်ဟောင်း ကြင် လျာ ဟောင်း တဦး ဖြစ်ပါတယ်။



ငါ့အခန်းရောက်တာနဲ့ စားပွဲမှာထိုင်ပြီး ခွဲစိတ်မှုမှတ်တမ်းကို စရေးလိုက်တယ်။ ခွဲစိတ်ဆရာဝန် တဦးအနေနဲ့ ဘာလုပ်လုပ် အသေးစိတ်ပြန်ရေးထားမှ တာဝန်ကျေတယ်။ ရေးမထားယင် နောက်ကျ မမှတ်မိတော့ဘူး။အဲဒီအခါကျမှ လူနာတခုခုဖြစ်ယင် ဘာပြန်လုပ်ရမှန်း မသိတော့ဘူး။ နောက်ပြီး အခုလိုအသေးစိတ် ရေးထားမှလဲ တခြားလူနာတွေဖတ်ပြီး လိုက်လုပ်နိုင်မယ်။ကိုယ် ကိုယ်တိုင် မေ့နေယင် ပြန်ဖတ်ပြီးလုပ်နိုင်မယ်။ အခု ခွဲစိတ်မှုက အသစ်မို့ အားလုံး တိတိကျကျရေးဖို့လိုတယ်။

အခုလို ခွဲစိတ်မှုမှတ်တမ်းကိုရေးနေယင်းငါ့စိတ်ဟာဟိုရောက် ဒီရောက်နေတယ်။ ဟုတ်တယ်၊ ခွဲတုန်းက အကြောင်းသာမက မခွဲခင်ကအကြောင်းတွေ၊ ခွဲတဲ့လူတွေရဲ့ အကြောင်းတွေ၊ ပြီး အခွဲခံတဲ့ မောင်သီဟရဲ့အကြောင်းတွေအားလုံး စုံနေတာပဲ။လူ့ စိတ်ကတကယ်တော့အံ့သြဖို့ကောင်းသား၊ ခွဲနေတုန်းကတော့လဲ ခွဲစိတ်မှုဘာခုပဲ သတိရတယ်။ ခွဲစိတ်မှုအောင်မြင်ဖို့ကလွဲပြီး ဘာမှ သတိမရဘူး။ဟော အခုတော့လဲ စိတ်အေးလက်အေးနဲ့ဆိုတော့ အကြောင်းစုံ ပြန်သတိရတော့တာပဲ။

ခွဲစိတ်မှုမှတ်တမ်းကိုရေးပြီးတော့ညနေ ၆ နာရီခွဲနေပြီ။အခင်း ခွဲပြီးတာတောင် တနာရီကြာပါပကော။ လူနာလဲ အခုလောက် ဆို သတိကောင်းကောင်း ရလောက်ပါပြီ။ ဘာမှလဲ မဖြစ်ဘူး ထင်ပါရဲ့။ ဖြစ်ယင်တော့ ရီရီမြတို့၊တင်မြင့်တို့ ငါ့ကိုလာခေါ်ကြ မှာပဲ။ အခုထိလာမခေါ်ပုံထောက်တော့ ဘာမှမဖြစ်ဘူးထင်ပါ ရဲ့။ ဖြစ်တောင် ငါ့ကို မလိုလို့မခေါ်တာနေမှာပေါ့။ ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ငါလဲ နောက်ထပ်တနာရီ၊ နှစ်နာရီလောက်စောင့်ကြည့်လိုက်ဦးမယ်။ ပြီးမှပဲ အိမ်ပြန်ရေချိုး ထမင်းစားတော့မယ်။

'ကလင်....ကလင်'

အင်း-နားလို့စဉ်းစားလို့ကောင်းတုန်း၊ဘယ်က တယ်လီဖုန်းလာပါလိမ့်။ အိမ်က၊ နန်းဆီကများလား။ ဟုတ်လှပေါ့။ ကြည့်လေ။

'ကိုကို ခွဲပြီးပြီလား၊ ထမင်းဘယ်တော့စားမလဲ'တဲ့။

'ခွဲပြီးပြီ နန်းရေ့။ ဒါပေမယ့် စောင့်ကြည့်ရတုံး'

'အော်ပရေးရှင်းက အောင်မြင်တယ် မဟုတ်လား၊ ကိုကို့ လူနာကော သတိရပြီလား'

'အော်ပရေးရှင်းက အောင်မြင်ပါတယ် နန်းရဲ့။ လူနာလဲ အခြေအနေကောင်းပါတယ်။ ဒါပေမယ့် ကိုကို တနာရီ၊နှစ်နာရီ လောက် စောင့်ကြည့်ဦးမယ်'

'ဟင် အခုတောင် ၆ နာရီခွဲနေပြီကိုကို၊ ကိုကိုထမင်းဆာနေမှာပေါ့၊ နန်းထမင်းပွဲအပို့လွှတ်လိုက်မယ်လေ'

'နေပါစေကွယ်၊ ကိုကိုကော်ဖီတွေသောက်ထားလို့ မဆာသေးဘူး၊ နန်းတို့သာ စားနှင့်ကြ၊ ကိုကို့အတွက်ဘာမှမပူနဲ့'

'အို....မဟုတ်တာ ကိုကိုရယ်၊ ကိုကိုစောင့်နေချင်ယင် စောင့်ပါ၊ ကိုကိုပင်ပန်းလှတယ်။ ဘရန်ဒီနဲ့ ဆင်းဒဝစ်ချ်တွေပို့လိုက်မယ်လေ။ ကိုကို့တပည့်တွေအတွက်ရောပေါ့'

'နန်းသဘောပဲလေ။ ကိုကို့အတွက်တော့ သိပ်မပူပါနဲ့။ ဆာယင် နန်းတို့ စားနှင့်ကြနော်' အင်း နန်းတယောက်ဟာ



ငါ့စိတ်ကြိုက် နေထိုင်ပြောဆိုခဲ့တယ်။ ငါခိုင်းသမျှလုပ်ခဲ့တယ်။ ငါ့အတွက်ဆို မပင်မပန်း အစွမ်းကုန်လိုက်လျော ပြုစုခဲ့တယ်။ ဘာလိုလို့နဲ့ နန်းနဲ့ငါရတာ ၁၀ နှစ်ကျော်ပြီ။ အခုထိနန်းတယောက် အပြုအစု အယုအယတွေ မလျော့သေးဘူး။ ငါ့အပေါ်မှာ ရိုးမသွားသေးဘူး။ အခုလို စိတ်တိုင်းကျ ရထားတဲ့ မိန်းမမို့လဲ ငါဟာ ဘာလုပ်လုပ် အောင်မြင်နေတာ ထင်ပါရဲ့။ ကျေးဇူးတင်လှပါတယ် နန်းရယ်။

မကြာခင် အိမ်က ခိုင်းတဲ့ကောင်လေး ဘရန်ဒီပုလင်း၊ ဝီစကီပုလင်းတွေနဲ့ ရောက်လာတယ်။ မြီးစရာ အမဲသားကြော်၊ ကြက်သား ဆင်းဒဝစ်ချ်တွေလဲ ပါလာတယ်။ ငါနဲ့ ငါ့တပည့်တွေနဲ့ အတူတူ ခွဲစိတ်အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ စုသောက်ရမလား။ စကားတပြောပြောနဲ့ပေါ့။ အင်း ခုနကပဲပြောခဲ့ကြ၊ ပျော်ခဲ့ကြပြီ၊ အခုတခါတော့ ငါတယောက်တည်း နားချင်သေးတယ်။ ဒါကြောင့် ငါ့အတွက် ဘရန်ဒီတပုလင်းနဲ့ အမဲသားကြော် တပန်းကန်ထားခိုင်းပြီး ကျန်တဲ့အစားအစာ အဖျော်ယမကာတွေကို ခွဲစိတ်ခန်းသွားပို့ ခိုင်းလိုက်ရတယ်။ ဗညားတို့၊တင်မြင့်တို့ ပျော်လိုက်ကြတာတဲ့။ မိန်းကလေးတွေက သူတို့အတွက် ဘာမှ မပါဘူးဆိုလို့၊ မဟုတ်ဘူး ဆင်းဒဝပ်ချ် အသားညှပ် မုံ့တွေက သူတို့ဖို့လို့ ပြောရတယ်။ အဲဒီအခါကျမှ သူတို့လဲ ဝမ်းသာသွားကြတယ်။ နောက်ပြီး သူတို့အတွက် ခေါက်ဆွဲကြော် သွားဝယ်ခိုင်းလိုက်ရတယ်။

ကဲအခုငါတယောက်တည်း ဘာလုပ်ရမလဲ။စာဖတ်ရမလား။ စာရေးရမလား။ အခုနကပဲ ခွဲစိတ်မှတ်တမ်းရေးပြီးပြီ။ တခြား

www.burmeseclassic.com



စာတွေ မရေးချင်သေးဘူး။ စာရေးရတာ ပင်ပန်းလှတယ်။ ဦးနှောက်အလုပ်။ ဒီလိုဆို ရေဒီယို နားထောင်ရမလား။ ကက်ဆက်တိတ်ရကော်ဒါဖွင့်ပြီး နားထောင်ရမလား။ ဒါလဲ သိပ်မဟုတ်သေးဘူး။ ဟုတ်တယ်၊ ရေဒီယိုဖွင့်လိုက်ယင်လဲ ကြားချင်တဲ့ သီချင်းသံမကြားရပဲ သတင်းကြေငြာချက်တွေ၊ ဟောပြောသံတွေ ကြားရယင် ပျင်းစရာ စိတ်ပျက်စရာကြီး။ ကက်ဆက်တိတ်ရကော်ဒါ ဖွင့်နားထောင်ရအောင်ကလဲ ငါက ဘယ်တေးဂီတမှ ဟုတ်တိပတ်တိသိတာကြိုက်တာ မဟုတ်ဘူး။ နားထောင်ကောင်းတဲ့သီချင်း၊ တေးသံဆိုယင် ပြီးတာပဲ။ ဒီတော့ အခုလို အခါမျိုးမှာ ဘရန်ဒီသောက်ယင်း သီချင်းနားထောင်ရမယ်ဆိုယင် ဘာမှ မလုပ်သလို အားနေဦးမှာပဲ။ ဟုတ်ပါတယ်၊ တချို့ဆရာတွေ၊ သိပ္ပံပညာရှင်တွေကတော့ တူရိယာသံ နားထောင်ပြီး အလုပ်လုပ်ယင် ပိုအလုပ်ဖြစ်တယ်တဲ့။ ဒါနဲ့ သူတို့ဌာနတွေမှာ ရုံးချိန်၊ စာသင်ချိန်မှာတောင် ရေဒီယိုဖွင့် သီချင်းဖွင့်ကြတယ်။ ငါသိသလောက်တော့ အဲဒီလို ဖွင့်ကြလို့လဲ သူတို့တတွေ၊ သူတို့ဌာနကလူတွေ ပိုအလုပ် လုပ်နိုင်လာတာကို မတွေ့ရပါဘူး။ တချိန်လုံးထိုင်ပြီး အချိန်ဖြုန်းနေတာပဲ တွေ့ရတယ်။

ကဲ ငါဘာလုပ်ရပါ့မလဲ။

အင်း....အခုနေအားတုန်း ကိုသီဟာရဲ့မှတ်စုကို ဖတ်ရယင် မကောင်းဘူးလား။ သူက ဖတ်ဖြစ်အောင် ဖတ်ပါလို့ မှာခဲ့တယ် မဟုတ်လား။ သူ့မှတ်စုက ဘယ်လိုမှတ်စုမှန်းမသိ။ ဖတ်ကြည့်ရယင်တော့ အကောင်းသား။ သူ့စာတော့ မဖတ်ပါဘူးလေ။ စာက ကိုယ်ရေးကိုယ်တာပဲ။



ဒါနဲ့ ငါလဲ ကိုသီဟာရဲ့ မှတ်စုစာအုပ်ကို ထုတ်ယူလိုက်တယ်။ သူ့စာအုပ်က တော်တော်ထူသား။ စာမျက်နှာ ၁၆၀လောက်ရှိတဲ့ ကတ်ထူစာအုပ်အဖုံးမှာ 'တွေးချင်ရာရာ' လို့ ရေးထားတယ်။ အင်း သူဘာတွေများ တွေးရေးထားပါလိမ့်။ သင်္ချာရိုးရိုးလား။ အင်ဂျင်နီယာ တွက်ကိန်းတွေလား။ နှလုံးရောဂါအကြောင်း သူ့အကြောင်းလား။ နိုင်ငံရေးအကြောင်းလား။ ဘာပဲဖြစ်ဖြစ် အချိန်ရတုန်း ဖတ်ကြည့်ရဦးမယ်။ ငါလဲ ဗဟုသုတတိုး သူ့မှာတဲ့ တာဝန်လဲ ကျေသွားတာပေါ့။

အင်း သူရေးထားတာကတော့ အစုံပါပဲ။

ကြည့်ပါဦး....

'သေရမှာနီးလာသဖြင့် ဝမ်းနည်းမိသည်။ ကျွန်ုပ်သေသွားလျှင် ကျန်ရစ်မည့်အရာများကား ကျွန်ုပ်၏ ဆောင်းပါးများ၊ သင်္ချာတွက်ကိန်းများနှင့် ဤမှတ်စုတခုသာ ရှိသည်။ ကျန်သောအရာများမှာ ပြောပလောက်သည် မဟုတ်။ ရေးချင်ရာ ရေးထားသော စာများ၊ ရိုက်ချင်သလို ရိုက်ထားသော ဓာတ်ပုံများသာ ရှိသည်။ တကယ်တော့ လူတယောက်သည် မသေမီ လူသားများကို အကျိုးပြုသော အကျိုးပြုချက်တခုခုကို ထားရစ်ခဲ့ရန် သင့်ပေသည်။

အင်း စာရေးထားတာက အင်္ဂလိပ်ဆန်လိုက်တာ။ ဗမာစာကို အင်္ဂလိပ်လိုများ ရေးနေသလား၊ ဟုတ်ပါရဲ့ အခုခေတ်

www.burmeseclassic.com

www.burmeseclassic.com



ဗမာတွေဟာ ဗမာစာကို ဗမာလို မရေးကြဘူး၊ အင်္ဂလိပ်လိုပဲ ရေးနေကြတယ်။ ကြည့်ပါလား၊ အာရပ်နဲ့ အစ္စရေးတပ်တွေ တိုက်ပွဲဖြစ်ပွားတာကို အာရပ်နှင့် အစ္စရေးတပ်များအကြား တိုက်ပွဲဖြစ်ပွားရာတဲ့။ ရယ်စရာမကောင်းဘူးလား။ နောက်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်းဆိုယင် ဆရာဝန်တွေ ဖွဲ့ထားတဲ့ အသင်းမှန်း လူတိုင်းသိသား။ ဒါကို မြန်မာနိုင်ငံဆရာဝန်များ အသင်းတဲ့။ များတလုံးထည့်ထားတယ်။ ဗမာမှာ အဲဒီလို ဗဟုကိန်း ရှိသလား။ အို အခုခေတ် ဗမာစာဖတ်ရတာ၊ ဗမာ စကားနားထောင်ရတာ သိပ်အဆီအငေါ် မတည့်ပါဘူး။ ငါပဲ တောသားကျလို့လား။ သူတို့ပဲ ဗမာစာကို ခေတ်မီအောင် လုပ်နေလို့လား။ ထားပါတော့။ ဒါက ငါနဲ့ မဆိုင်ပါဘူး။ ငါနဲ့ ဆိုင်တာက သီဟရဲ့မှတ်စုပဲ။

သီဟမှတ်စုအလိုအရဆိုယင် လူဟာမသေခင် တခုခုချန်ရစ်ခဲ့ရမတဲ့။ အဲဒီလို တခုခုဟာလဲ တခြားလူသားတွေကို အကျိုးပြုရမတဲ့။ အင်း တော်တော်ကောင်းတဲ့ အယူအဆပဲ။ ဟုတ်တယ်။ လူဆိုတာ တခြားတိရစ္ဆာန်တွေလို မွေးပြီးသေသွားလို့မရဘူး။ မသေမီမှာ အလုပ်လုပ်ကြရမယ်။ လူသားတွေကောင်းကျိုးကို ဆောင်ရွက်ကြရမယ်။ အဲဒီလိုမှသာ လူ့လောကဟာ ယဉ်ကျေးတိုးတက်လာမယ်။ သိပ္ပံပညာ၊ အနုပညာတွေဟာ ထွန်းကားလာမယ်။ ဟုတ်ပါတယ်။ သိပ္ပံပညာရှင်တွေဟာ တီထွင်မှုတွေ လုပ်ကြတာ လူသားတွေအတွက်ပါပဲ။ ဒါပေမယ့် တီထွင်မှုတိုင်း လူသားတွေကို အကျိုးပြုသလား။ ဥပမာ သိပ္ပံပညာထဲမှာ



သေနတ်လက်နက်၊ အဏုမြူဗုံး တီထွင်တာ၊ အနုပညာမှာ သရုပ်ပျက် တေးဂီတပန်းချီပန်းပုတီထွင်တာ။

ဟော ဆက်ဖတ်ကြည့်ပါဦး။

'ဤစကြဝဠာ၌ သက်ရှိ သက်မဲ့အားလုံးသည် အဖွဲ့အစည်းစနစ် (**System**) ဖြင့်သာ တည်ရှိလုပ်ကိုင်နေကြသည်။ သို့ဖြစ်၍ စကြဝဠာအကြောင်းကို နားလည်လိုက ယင်း၏ဖွဲ့စည်းပုံကို နားလည်ကြရမည်။ သက်ရှိသက်မဲ့တို့အကြောင်းကို သိလိုက ယင်းတို့၏ ဖွဲ့စည်းပုံ၊ ဆောက်တည်မှု၊ အလုပ်လုပ်ပုံ၊ ဆက်စပ်ပုံတို့ကိုနားလည်ကြရမည်၊ ယင်းသို့ နားလည်ရန်အတွက် ယင်းတို့၏ ဖွဲ့စည်းပုံရုပ်သည် အဓိကထား လေ့လာရမည့်အရာ ဖြစ်သည်။ ရုပ်ကိုနားလည်ပြီးမှသာလျှင် အလုပ်လုပ်ပုံ၊ ဆက်စပ်ပုံတို့ကို လေ့လာကြရမည်'

အင်း ဒါလဲ မှန်သား။ ဒါကိုတော့ သူက သင်္ချာသဘောနဲ့ ပြောတယ်ထင်ပါရဲ့။ ဟုတ်တယ်။ သင်္ချာမှာ အရေးကြီးဆုံးက အဖွဲ့အစည်း မဟုတ်လား၊ စနစ်မဟုတ်လား။ အဖွဲ့အစည်းတွေ စနစ်တွေတတ်မှ သင်္ချာပညာရှင်ဖြစ်နိုင်တာကိုး။ ကမ္ဘာကျော် သင်္ချာပညာရှင် အိန်းစတိန်းဟာ စကြဝဠာရဲ့ ဖွဲ့စည်းပုံကို ဆက်စပ်ပုံ နိယာမ (**Theory of Relativity**)နဲ့ ဖော်ထုတ်ခဲ့တယ် မဟုတ်လား။

'ဤသို့ ဆက်စပ်ပုံကို လေ့လာရာ၌ စံရှိရန်မှာ အလွန် အရေးကြီးသည်။ စံမရှိက မည်သို့မျှ ဆက်စပ်မှုမပြနိုင်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ အသုံးချ၍ရမည်မဟုတ်။ မှန်ပါ၏။ လူလူချင်း ဆက်ဆံစကားပြောရာ၌ပင် စကားလုံး၏ အဓိပ္ပာယ်ကို သိထားမှသာ ပြောဆို ဆက်ဆံနိုင်၏။ စကားလုံး၏ အဓိပ္ပာယ်ကို မသိက မပြောဆို မဆက်ဆံနိုင်။ အကြောင်းမူ လူတယောက်ပါးစပ်မှ ထွက်လာသော စကားလုံးတလုံးသည် တကယ်တော့ အသံလှိုင်းသာ ဖြစ်၏။ ယင်းအသံလှိုင်းကို ကြားရသူကသိပြီး စံဖြစ်မှ အဓိပ္ပာယ် ပေါက်မှသာ ပထမလူ ပြောဆိုချက်ကို နားလည်နိုင်ပေသည်။ ထို့အတူ စာဖတ်နိုင်ခြင်း၊ စာရေးနိုင်ခြင်းမှအစ အခြားနည်းဖြင့် ဆက်ဆံကြရာ၊ ဗဟုသုတ ဖလှယ်ကြရာ၌ စံရှိမှသာ ဖြစ်နိုင်ပေသည်။ စံသည် ကမ္ဘာလောက၌ အရေးအကြီးဆုံးပစ္စည်းဖင် ဖြစ်ပေသည်’

အမယ် တယ်ဆိုတဲ့ စာပါလား၊ ကဲ ဆက်ဖတ်ကြည့်ရအောင်။

‘စံဆိုသည်မှာ ကမ္ဘာလောက၌ အချိန်နှင့် နေရာကို ကိုယ်စားပြုသော စနစ်တခုခု၊ ဖွဲ့စည်းမှုတခုခု၏ ရုပ်ပုံဖြစ်သည်။ အိမ်တလုံးကိုမဆောက်မီ စံအဖြစ် အိမ်ပုံစံဆွဲရ၏။ ပြီးမှ ယင်းအတိုင်း ဆောက်ရ၏။ စက်ပစ္စည်းတခု တီထွင်လိုက ပထမပုံစံဆွဲရ၏။ ပုံစံမှာ စံကိုက် မကိုက် တွက်ချက်ကြည့်ရ၏။ စံကိုက်သောအခါမှ တကယ့် စက်ပစ္စည်းကိုဆောက်တည်ရလေသည်။ ထို့အတူ နိုင်ငံတခု



ကို တည်ဆောက်ရာ၌ စံကိုပထမထားသင့်၏။ စံရပြီးမှသာလျှင် လိုအပ်ချက်များကို လက်တွေ့အကောင်အထည် ဖော်သင့်သည်။ သို့မဟုတ်က တိုင်းပြည်မှာ ကမောက်ကမ ဖြစ်နိုင်၏။ တိုင်းပြည်တပြည်၌ အရေးအကြီးဆုံးမှာ စီးပွားရေးစနစ်ဖြစ်၏။ ယင်းစနစ် မှန်မှသာလျှင်....’

အို စကနေနိုင်ငံရေး၊ စီးပွားရေးတွေရောက်လာပါပကော။ ဒါတွေတော့ ငါသိပ်နားမလည်၊ ငါ့သချာ်ဆရာက ဘယ်ဆိုးလို့လဲ၊ ငါနားမလည်တဲ့ နိုင်ငံရေး စီးပွားရေးတွေကိုတောင် နားလည်သကိုး၊ ဒါကြောင့်လဲ ကိုသီဟဟာ သချာ်လောကမှာ တက္ကသိုလ်လောကမှာ နာမည်ကျော်ပေတာပဲ၊ ကိစ္စမရှိ၊ ငါတော့ နိုင်ငံရေးနားမလည်လို့ တခြားဟာတွေ ဆက်ဖတ်သွားဦးမယ်၊ နောက်တခုက ဘာတဲ့ ပညာသင်ကြားခြင်းတဲ့၊ ကဲ ဖတ်ကြည့်ရအောင်။

‘ပညာသင်ကြားခြင်း ဆိုသည်မှာ စံမရှိသူ တဦးက အများလက်ခံထားသော စံများကို ရယူခြင်းပင် ဖြစ်သည်။ ဤစံမှာ စာပေအနုပညာကို ရယူခြင်းပင် ဖြစ်သည်။ ဤစံမှာ စာပေ၊ အနုပညာ၊ ရူပဗေဒ၊ သချာ်၊ ဆေးပညာ၊ ပညာအားလုံး ဖြစ်နိုင်သည်။ ဤစံများသည် ခေတ်အလိုက် နေရာဒေသအလိုက် ထာဝစဉ် ပြောင်းလဲနေရာ ပညာ သင်ကြားခြင်း ဆိုသည်မှာ လူ့ဘဝ၌ မဆုံးနိုင်သော အလုပ်ကိစ္စတခုဖြစ်သည်။ ဤသို့ ပညာသင်ကြားရာ၌

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်သည် အဓိက စံသိုရုဌာနဖြစ်သည်။ ဤသို့
သင်ကြားရာ၌ မကုန်ခန်းနိုင်အောင်ထိ မည်သူမျှ မသင်
ကြားနိုင်။ သင်ကြားမှုမှာ ဦးနှောက်ကောင်းမကောင်း
ဦးနှောက်၏ အရည်အချင်းပေါ်လိုက်၍သာ ဖြစ်နိုင်
သည်။ သို့ဖြစ်၍ ဦးနှောက်ကောင်းသူမှာ မကောင်းသူ
ထက် ပညာသင်ကြားရာတွင် တပန်းသာသည်။ ဤသည်
မှာ သင်ကြားထားမှုကို၊ ပြန်လည်လက်တွေ့အသုံးချရာ၌
လည်း အတူတူပင် ဖြစ်သည်'

အင်း မဆိုးပါလား၊ လွယ်မလိုလိုနဲ့ခက် ခက်မလိုလိုနဲ့
နားလည်နိုင်သားပဲ၊ ကဲ ဆက်ဖတ်ကြဦးစို့။

'လူတယောက်၏ ဦးနှောက်တွင် ကလာပ်စည်
သန်းပေါင်း တသောင်းလေးထောင်ကျော် ရှိသည်။
လူတကိုယ်လုံးတွင်ဆိုပါက သန်းပေါင်း သုံးသိန်းကျော်
ရှိသည်။ ဤကလာပ်စည်းများသည် တခုချင်းသော်
လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အလုပ်
လုပ်နိုင်ကြသည်။ ဤအထဲ၌ ဦးနှောက်ကလာပ်စည်
များသည်သာသင်ကြားမှုနှင့် စပ်ဆိုင်သည်။ ဤကလာပ်
စည်းများ အလုပ်လုပ်မှုပေါ် မူတည်၍ အသိဉာဏ်
မှတ်ဉာဏ်တီထွင်မှု စသည်များ ဖြစ်ပေါ်လာသည်။
ဦးနှောက်၏ မှတ်ဉာဏ်သည် တခုပြီးတခု ဆံ့သလောက်
သာ မှတ်နိုင်သည်။ သို့ဖြစ်၍ အသစ် အသစ်သော အသိ
ဉာဏ် သင်ကြားမှုများ ဝင်လာလျှင် အဟောင်းများပ



မေ့ပျောက်ကုန်ရသည်။ ဤသို့ မေ့ကုန်သဖြင့် လူ၏
အသိဉာဏ် မှတ်ဉာဏ်သည် ထာဝစဉ်မတည်။ သို့ဖြစ်၍
စံများမှာ ကြာသော် ပြောင်းကုန်သည်။ ပြောင်းကုန်
တော့သည်။ ထိုအခါ စံတို့မှာ မတိကျ၊ အကယ်၍သာ
လူတွင် စံများကို မပြောင်းလဲအောင် ထိန်းသိမ်းနိုင်
ပါက လူ၏ အသိဉာဏ်မှာ ဤသည်ထက် ပိုလာပေလိမ့်
မည်။ ထိုအခါ လူ၏ တီထွင်မှုတွေသည်လည်း ဤထက်
ကောင်းလာပေလိမ့်မည်'

အင်း တော်တော်လာတဲ့ ကိုသီဟပါလား၊ သချာ ဆရာ
ဆိုပေမယ့် လူ့ဦးနှောက် အကြောင်းလဲ တော်တော်သိပါ
လား။ ခွေ့ာမေ၊ ဇီဝကမ္မဗေဒတွေကို သူလေ့လာထားတယ်
ထင်ပါရဲ့။

'အကယ်၍ လူဦးနှောက်သည် စံများကို လိုသလို
ထိန်းထား အသုံးပြုနိုင်ပါက လူ၏ခန္ဓာကိုယ် အစိတ်
အပိုင်း အားလုံး၏ အလုပ်လုပ်ပုံကိုလည်း မပျက်မယွင်း
အောင် ထိန်းသိမ်းထားနိုင်ပေလိမ့်မည်။ ဤသို့ ထိန်း
သိမ်းထားနိုင်ပါက လူတို့၏ အနာရောဂါများမှာ
လျှင်မြန်စွာ ကုသပျောက်ကင်းနိုင်ပေလိမ့်မည်။ သို့ဖြစ်၍
လူ့ ကလာပ်စည်းများ၊ အင်္ဂါများ၊ အဖွဲ့အစည်းများ
ဖြစ်ပေါ်ပုံ၊ အလုပ်လုပ်ပုံ၊ ပျက်စီးပုံတွေကို သေချာစွာ
စံထား၍ မှတ်သားနိုင်က ဆေးပညာမှာ ဤထက်
တိုးတက်လာပေလိမ့်မည်'

www.burmeseclassic.com

www.burmeseclassic.com



အလယ်....အလယ် တော်တော်လာတဲ့စာပါလား၊ မောင်
သီဟရယ်၊ မင်းဒါလောက်ခက်တာတွေကို တွေးနေ ကြံနေတာ
လား၊ မင်းဆိုလိုတာကို ငါနားလည်ပါပြီကွာ၊ မင်းက လူ့ခန္ဓာ
ကိုယ်အကြောင်းကို ခြေဖျားက ခေါင်းအထိ၊ အရေပြားက ရိုး
တွင်းခြင်ဆီအထိ အသေးအဖွဲ့ကစ သိအောင်လုပ်မယ်။ ပြီးယင်
ဒါတွေကိုအသုံးပြုပြီး လူတွေကို အသက်ရှည်အောင် ရောဂါ
ကင်းအောင်လုပ်မယ်။ဟုတ်တယ်မို့လား။အင်းမင်းပြောတာက
လွယ်ပါတယ်။လူ့ခန္ဓာကိုယ်မှာရှိတဲ့အင်္ဂါတွေလိုက်ပြီးပါရဂူတွေ
အထူးကုတွေ လုပ်ခိုင်းတာပဲ။ ဟုတ်ပါတယ်။ မျက်စိကုပါရဂူ
နားကုပါရဂူ၊ လည်ချောင်းကုပါရဂူ၊ နှလုံးကုပါရဂူ၊ အရိုးကု
ပါရဂူ စသည်ဖြင့်။ဒါပေမယ့်၊ မောင်သီဟရေ အဲဒီပါရဂူတွေ
သူတို့လေ့လာတဲ့ အင်္ဂါတွေအကြောင်း အကုန်မသိသေးဘူးကွ
သိဖို့ကလဲမလွယ်ဘူး။ တယောက်ချင်းတောင် ဆိုင်ရာအပိုင်းတွေ
ကို သိဖို့မလွယ်ယင် လူဘယောက်တည်းက အကုန်သိ၊ ဘယ်သိ
လွယ်ပါ့မလဲ၊ ဒါကိုမင်းက သင်္ချာသဘော မှတ်မလို့လား။ဘာ
ဆိုင်းဘာနဲ့တစ်စ်(Cybernetics)ဆိုတာလား။

အင်း....မင်းအကြံကတော့ ကောင်းပါပေ့။ သို့ပေမယ
ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ။

'ဤသို့ မှတ်သားထားရုံမက လူ၏ခန္ဓာကိုယ် တ
ဆောက်ပုံကိုလည်း ချက်ချင်းတည်ဆောက်ရန် ကြံ
သည်၊ လူလုပ်သလို စက်ကလည်း အားလုံး လိုက်လုပ်
လိမ့်မည်။ သို့ဖြစ်၍ လူတွင်ဖျားက စက်လည်းဖျားနို



သည်။လူနေကောင်းက စက်လည်းနေကောင်းနိုင်မည်။
ဤသို့ဆိုစာ လူတို့တွင် ဆေးပညာက မသိသေးသော
အနာရောဂါပိုးများဝင် ဆေးကုမရပါက စက်ထဲကို
ထိုရောဂါပိုးများ ထည့်ပြီး မည်သည့်အင်္ဂါများ ပျက်စီး
ပြောင်းလဲသည်ကို ရှာကြည့်ရမည်။ မည်သည့်ဆေး
စွမ်းသည်ဆိုသည်ကို စက်ထဲတွင် စမ်းကြည့်ရမည်။
စက်မှတဆင့် သိပါက လူတွင် ဆက်ကုရမည်၊ ထို့အတူ
နှလုံးရောဂါရသည့် လူရှိပါက သူနှင့်တူသော စက်ရုပ်ကို
လုပ်၍ သူ့ရောဂါမျိုး စက်တွင်ဖြစ်စေ၍ လေ့လာရမည်၊
ကုသရမည်၊ ခွဲရမည်။ ထိုသို့ဆိုက ခွဲစိတ်မှုတိုင်းသည်
အောင်မြင်ပေလိမ့်မည်'

အင်း....မောင်သီဟကြံသလိုသာဖြစ်ယင်တော့ကောင်းပေါ့။ လူ့ထက်သာတဲ့စက်ရုပ် လူလိုခံစားနိုင်တဲ့စက်ရုပ် လူကို ဆရာလုပ်မယ့်စက်ရုပ်။ မင်းတွေးဆချက်တွေဟာ တကယ် အဆင့်မြင့်ပါပေတယ်ကွာ။ မင်းကို ဆရာ မသေဖေ့ချင်သေးဘူး။ ဟုတ်တယ်၊ မင်းရဲ့အကြံဉာဏ်နဲ့ မြန်မာပြည်နဲ့ သင်္ချာလောက၊ အင်ဂျင်နီယာလောက၊ ဆေးလောကကိုတိုးတက်အောင်လုပ်ပေးသွားပါဦး မောင်သီဟ။ မင်းဟာ တကယ့်လူတော်ပါ။

**လူ့ဦးနှောက်ကို အတုလုပ်နည်း**

**လူ့ခန္ဓာကိုယ်ကို တည်ဆောက်ခြင်း**

**လူ၏ခံစားမှုများကို သင်္ချာနည်းဖြင့် တွက်ချက်ခြင်း**

**ကြီးထွားလာသောစက်ရုပ်**

www.burmeseclassic.com

www.burmeseclassic.com



**ရောဂါရလာသောစက်ရုပ်**

**ခွဲစိတ်ခံမည့် စက်ရုပ်**

အင်း....ဒီဘက်ပိုင်းကျ ငါဖတ်လို့ နားမလည်တော့ဘူး။ ရှေ့ကသူပြောခဲ့တာတွေကို သူ့သင်္ချာနည်းနဲ့ တွက်ချက်ပြထားတယ်။ အိတ်က်စ်တွေ၊ ဇက်တွေ၊ မြားတွေ၊ ဗြိုဂံတွေ စုံနေတာပဲ။ ငါတော့ ခေါင်းရှုပ်သွားတာပဲ။ ဒါနဲ့ သူ့မှတ်စုကို ပိတ်ပြီး ဘရန်ဒီ ၂ခွက်ကိုဖောက်ပဲ သောက်လိုက်ရတယ်။ ပြီးယင် ရေဒီယိုကို နည်းနည်းဖွင့်လိုက်တယ်။ ရေဒီယိုကသီချင်းတွေ လာနေတာနဲ့ အတော်ပဲ၊ ဒါပေမယ့် သီချင်းကမကောင်းတာနဲ့ ငါပြန်ပိတ်လိုက်တယ်။ ဘရန်ဒီသောက် အမဲကြော်ဝါးပြီး မှိန်းနေလိုက်တယ်။

နောက် တော်တော်လေးကြာမှ သီဟရဲ့မှတ်စုစာအုပ်ကို ပြန်လှန်ရတယ်။ ဒီတခါတော့ မဖတ်တော့ဘူး။ ဟိုလှန်ဒီလှန်ပဲ လှန်နိုင်တော့တယ်။ သူရေးထားတဲ့ မှတ်စုခေါင်းစဉ်တွေလဲ ကြည့်ပါဦး။

**ခံစားမှု**

**ပျော်ရွှင်ခြင်း**

**ထိင်နဲ့အိမ်ထောင်မှု**

**အိမ်ထောင်မှုနှင့်ဝါသနာ**

အို...စုံနေတာပဲ။ ငါလဲ ခေါင်းစဉ်တွေ သဘောကျပြီး ဇာတ်မယ်လုပ်တုန်း ငါ့ဆီပြေးလာတဲ့ ခြေသံတွေကြားရတယ်။



ဘာများပါလိမ့်။ အလန့်တကြား တံခါးဝမှာတော့ ဗညားရယ် မောဟိုက်လို့။

'ဆရာ....ဆရာ လာပါဦး'တဲ့

'ဘာဖြစ်လို့လဲ'ဆိုတော့

'သူ့နှလုံးရပ်သွားလို့'တဲ့

ဘုရားရေ။ ငါလဲဘာမှမပြောနိုင်ဘူး။ တချိုးတည်းသူ့နောက်က ထလိုက်သွားရတယ်။ သောက်ထားတဲ့ဘရန်ဒီအရှသာတောင် ဘယ်ပျောက်သွားမှန်းမသိဘူး။ ခွေးရူးလိုက်လို့ ပြေးရတဲ့လူလိုပဲ ပြေးလိုက်သွားမိတယ်။ အခန်းထဲမှာလဲ တယ်လီဖုန်းသံတွေ ညံကျန်ရစ်တယ်။ ခွဲစိတ်ခန်းကပဲ စိတ်မချလို့ ထပ်ဖုန်းဆက်တယ် ထင်ပါရဲ့။

သီဟဟာ ခွဲစိတ်ခုံပေါ်မှာ ပက်လက်။ သူ့ဘေးက ဒေါက်တာတင်မြင့်ဟာ သူ့ပေါ်မှာကားယားခွပြီး နှလုံးပြန်ခုန်အောင် လက်နဲ့ ဖိလှုပ်ပေးနေတယ်။ လေးညာဏ်က အောက်စီဂျင်ပိုက်ကို ကိုင်လို့၊ ဥမ္မာလဲဘေးမှာ။ ဆရာမတွေလဲ ဟိုဟာကိုင် ဒီဟာကိုင် အားလုံး မျက်လုံးမျက်ဆန်ပြူးလို့ ပြောလို့။

'အက်ဒီနာလင်းထိုး ပြီးပြီလား'

အက်ဒီနာလင်းဟာနှလုံးရပ်ယင် နှလုံးထဲထိုးထည့်ရတဲ့ဆေး နှလုံးပြန်ခုန်အောင်တတ်နိုင်တယ်။ ပန်းနာရင်ကျပ်သိပ်ဖြစ်ယင်လဲ အက်ဒီနာလင်း ထိုးရတယ်။

'မထိုးရသေးဘူးဆရာ၊ နှလုံးရပ်ရပ်ချင် အပေါ်ကမှိုင်ပေး နေရတာ'

www.burmeseclassic.com

www.burmeseclassic.com



'မရီနာ၊တူးစီစီ မြန်မြန်ဟေ့'

မရီနာလဲ အပြေးအလွှား အက်ဒီနာလင်း သွားယူတယ်၊သူ ရောက်လာတာနဲ့ မြမြရီက လူနာနှလုံးထဲ ဆေးထိုးထည့်ပေးလိုက်တယ်။ဒေါက်တာတင်မြင့်ကတော့ နှလုံးညှစ်လျက်၊ အင်း သူညှစ်တာ အားမရသလိုပဲ။ ငါညှစ်ယင် ပိုကောင်းမလားလို့ တွေးနေမိတယ်။မထူးပါဘူးလေ။ သူကဆရာဝန်၊သူကမေ့ဆေး ပါရဂူ။ ဒါ သူ့တာဝန်ပဲ။

'ဦမှာ၊ အီး စီ ဂျီ (နှလုံးလျှပ်စစ်တိုင်း ကိရိယာ)ပေါ်မှာ ဘာတွေ့ရသလဲ'

'ဘာမှ မတွေ့ရဘူးဆရာ၊ ညှစ်နေလို့ထင်တယ်'

ဘယ်မှာတွေ့ရမလဲ နှလုံးမှမခုန်သေးတာ။ ငါရော ဘာလုပ်နေလဲ၊ ဒီလိုပဲရပ်ကြည့်၊ ဒီလိုပဲ အမိန့်ပေးနေရမလား။ အခုနက တော့ အေးအေးဆေးဆေး အရက်သောက် စာဖတ်လို့၊ ငါလဲ တော်တော်အသုံးမကျတဲ့အကောင်။

'ဒေါက်တာတင်မြင့်၊ နှလုံးညှစ်တာ ခဏရပ်လိုက်ပါ၊ ဦမှာ အီးစီဂျီ ယူစမ်း'

ဒေါက်တာတင်မြင့်လဲ အံကြိတ်ပြီး ရပ်လိုက်တယ်။ အားလုံး ငါ့ကိုကြည့်ပြီး ငြိမ်နေကြတယ်။ ဦမှာလဲ အီးစီဂျီ ယူယင်း....

'တချက်တချက် နည်းနည်းခုန်တာတွေ့ရတယ် ဆရာ'တဲ့

'ဟုတ်လား'

'တင်မြင့် ထပ်ညှစ်၊ ရီရီမြ အက်ဒီနာလင်း ဆက်ထိုး'



နှစ်ယောက်စလုံး ငါပြောသလိုပဲ လုပ်ကြတယ်။ အားလုံး စိတ်ပါလက်ပါ၊ လူနာအတွက် အားလုံးစိုးရိမ်နေကြတယ်၊ တကယ်လို့ အခုလိုသုပ်လို့ နှလုံးပြန်မခုန်ယင် ရင်ခေါင်းပြန်ဖွင့်၊ နှလုံးကို ပြန်ကိုင်ရမယ်၊ အဲဒါဆို သိပ်မကောင်းဘူး။ဒါကြောင့် အက်ဒီနာလင်း ထပ်တောင်းပြီး ဒီတခါတော့ ငါကိုယ်တိုင် နှလုံးထဲ ထိုးထည့်လိုက်တယ်။ထိုးပြီးတာနဲ့ တင်မြင့်ကို ဆက်ညှစ် ခိုင်းရတယ်။ တမိနစ်၊နှစ်မိနစ်၊ဘာသံမှ မကြားရဘူး။ ဘယ်သူ မှလဲ စကားမပြောကြဘူး။

'ဦမှာ အီးစီဂျီ၊ ဟေ့ လေးဉာဏ် အောက်စီဂျင် ကောင်း ကောင်းသွင်းပါကွာ၊ ဗညား ဘာလို့ ဒီလိုရပ်နေတာလဲ၊ရီရီမြ နှလုံးခွဲတဲ့ ကိရိယာဘေ့ အသင့်ထား'

အားလုံးကို ငါအော်လိုက်တယ်၊ သူတို့အားလုံးလဲ ပျာကုန် ကြတာပဲ။

'နှလုံးပြန်ခုန်လာပြီဆရာ၊ တမိနစ် တရာနှုန်း'

ဦမှာက အီးစီဂျီစက်ကနေ လှမ်းပြောတယ်၊ အင်း နှလုံး ပြန်ခုန်လာပြီတဲ့၊ မဆိုးပါဘူး သူပြန်ရှင်မှာပါ။

'သွေးခုန်နှုန်းတိုင်း၊ သွေးအားတိုင်း သူငယ်အိမ်ပြန်ကြည့်'

'သွေးခုန်နှုန်းလဲ တရာပဲဆရာ၊ သွေးအားက အပေါ် ၇၀၊ အောက် ၆၀၊ သူငယ်အိမ် ကောင်းပါတယ်'

ဗညားကလဲ ဒီလိုပြန်ပြောတာနဲ့ ငါလဲ တော်တော်ဝမ်းသာ သွားတယ်။ဟုတ်တယ် အခုအတိုင်းဆို သူပြန်ရှင်မှာပါ၊ကြည့်ပါ

www.burmeseclassic.com

www.burmeseclassic.com



လား၊ သူ့မျက်နှာတွေ ပြန်သွေးရောင်ပြလာပြီ။ သူ့ ရင်ဘတ်လဲ နှလုံးခုန်လို့ နိမ့်လိုက် မြင့်လိုက် ပြန်ဖြစ်လာပြီ။ အင်း အခုမှပဲ စိတ်ပြန်အေးရတယ်။ ဒါပေမယ့် လုံးဝစိတ်မချရသေးဘူး။ စောင့်ကြည့်ရဦးမယ်။

အဲဒီလို စိတ်အေးသွားတာနဲ့ လူလဲမောသွားတာပဲ၊ ဟုတ်တယ် နိုးလှုပြီကိုး၊ အခုထိ မနားရသေးဘူး၊ ရပ်နေတာ ကြာတော့လဲ ညောင်းလာပြန်ရော ဒါနဲ့။

'ငါ့ကို ထိုင်ခုံတခုပေးကြပါကွာ'

လို့ ပြောလိုက်ရတယ်။ မပြောလို့ မဖြစ်ဘူး၊ ငါ့ဒူးတွေ တုန်လာပြီလေ၊ ငါလဲ အားနည်းချင်လာပြီ။

မရီနာက ငါ့နောက်မှာ ခွေးခြေတခု လာချပေးတယ်။ သူ့ ခွေးခြေပေါ်မှာ ထိုင်လိုက်မှပဲ နည်းနည်းအနေရ သက်သာသွားတယ်။

'ကဲ ဥမ္မာ၊ အီးစီဂျီကို စောင့်ကြည့်၊ လူနာကိုလဲကြည့်၊ ပြီး အခြေအနေကို ငါ့ကို ပြောပြောပြ'

'အယင်အတိုင်းပဲဆရာ၊ ဘာမှ ပြောင်းလဲမှုမရှိဘူး၊ အခြေအနေကောင်းပါတယ်'

သူက ဒီလိုပြောပေမယ့် ငါက သိပ်စိတ်မချဘူး၊ ဒါနဲ့ သီဟရဲ့ မျက်နှာကို လှန်ကြည့်လိုက်တယ်။

'အလိုဘုရားရေ'

သူ့ သူငယ်အိမ်တွေ ကျယ်လို့ပါလား၊ သူငယ်အိမ်ကျယ်ယင် ဦးနှောက်ထိခိုက်လို့ပဲ၊ သေများသေပြီလား၊ ဘုရား၊ ဘုရား၊ ငါလဲ။



'လာကြပါဦး'

ဆိုပြီး အတင်းအော်လိုက်မိတယ်၊ အားလုံးပဲ ငါ့ဆီဝိုင်းလာကြတယ်။

'ကဲ သွေးအားတိုင်း၊ သွေးဖောက်၊ စက်တွေစစ်၊ အီးစီဂျီ ဆက်ယူ'

ငါ ဒီလိုပဲ ပြောရတယ်။ ပြီးမှ....

'အက်ဒီနာလင်း ထပ်ထိုး၊ အောက်စီဂျင်ထပ်ပေး၊ သွေးသွင်းဖို့ အဆင်သင့်ပြင်'

လို့ ပြောရတယ်။

အားလုံး ငါခိုင်းသလို လုပ်ကိုင်ပြီးတော့ အခြေအနေဖြင့် ကောင်းလာတယ်၊ သူငယ်အိမ်လဲ ပြန်ကျဉ်းသွားတယ်။ တော်ပါသေးရဲ့၊ သူမသေသေးဘူး၊ နာရီဝက်လောက်ကြာတော့....

'သူ မျက်စိဖွင့်လာပြီ'

ရီရီမြက ဝမ်းသာအားရအော်လိုက်တယ်။ တင်မြင့်ကလဲ....

'ဟုတ်တယ်၊ သူမျက်တောင်ခတ်နေပြီတဲ့'

ကဲ ပျော်စရာ၊ ပျော်စရာ၊ သူအသက်ပြန်ရှင်လာပြီ။

'ဒီမှာ သိပ်မပျော်ကြနဲ့ဦး၊ ဆက်ဂရုစိုက်ကြဦး၊ နှလုံးခွဲပြီးတဲ့ လူနာမှန်သမျှ နှလုံးခုန်နှုန်း၊ သွေးခုန်နှုန်း၊ သွေးထဲက ဓာတ်တွေ မှန်မမှန် စစ်ဦး၊ အီးစီဂျီ ယူဦး၊ သူငယ်အိမ်ကြည့်ဦး၊ အားလုံး ကောင်းမှ အဲဒီလို သတိရမှုစိတ်ချ'

လို့ ငါက သတိပေးလိုက်ရတယ်၊ ဒီလို သတိပေးလိုက်ရပေမယ့် စိတ်ထဲကတော့ မပျော်သေး၊ ဟုတ်တယ် ဒုတိယမွေး သေရေးရှင်ရေးမှာ သူပြန်ရှင်လာတာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူလုံး၀ ကောင်းတဲ့အထိ ဂရုအများကြီးစိုက်ဖို့ လိုသေးတယ်။ ဟုတ်တယ်၊ နှလုံးခွဲပြီးတဲ့ လူနာတယောက်ဟာ နှလုံးခဏခဏ ရပ်တတ်တယ်။နှလုံးရပ်တာ ငါးမိနစ်ထက် ပိုကြာယင် ဦးနှောက် ပျက်စီးရော၊ ဦးနှောက် ပျက်စီးယင် အသက်ပြန်ရှင်အောင် လုပ်လို့မရတော့ဘူး။ ဒါ့ကြောင့် နှလုံးခွဲပြီးတဲ့ လူနာကို နှလုံးမရပ်အောင်၊ ရပ်ယင် ချက်ချင်း ပြန်ခုန်လာအောင် သိပ်ဂရုစိုက်ဖို့လိုတယ်။

အခု ကိုသီဟဟာ နှလုံးရပ်ပြီး ပြန်ရှင်လာတယ်၊ မျက်တောင်တွေ ဘာတွေတောင် ခတ်နိုင်ပြီ။ ဒါကြောင့် လုံးလုံးစိတ်ချရပြီလားလို့ ထင်ကြမယ်။ အမှန်တော့ စိတ်မချရသေးဘူး။ သူ့ကို ထပ်စောင့်ကြည့်ဖို့ အများကြီးလိုသေးတယ်။ ငါလဲ ကိုသီဟရဲ့ ရောဂါအကြောင်း ခွဲစိတ်မှုအကြောင်းကို ပြန်လှန်စဉ်းစားယင်း သူ့အတွက် လုပ်စရာရှိတာတွေကို ဆက်စီစဉ်ယင်း သူ့အတွက် လုပ်စရာရှိတာတွေကို ဆက်စီစဉ် စဉ်းစားနေမိတယ်။

'ဒီမှာ ကော်တီဆုန်းရယ်၊ သွေးအားတိုးဆေးနည်းနည်းရယ် ထပ်ထိုးပြီးယင် အားလုံးပြန်စစ်'

လို့ ပြောလိုက်ရတယ်။

ငါပြောလိုက်တာနဲ့ သူတို့အားလုံးလဲ လှုပ်လှုပ်ရွရွ ဖြစ်သွားတယ်။ မကြာခင်မှာ ဒေါက်တာတင်မြင့်က ငါထိုးခိုင်းတဲ့ဆေးတွေကို လူနာရဲ့နှလုံးကို ထိုးထည့်ပေးလိုက်တယ်။ကျန်တဲ့လူတွေလဲ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတယ်။ ဥမ္မာလဲ အီးစီဂျီနဲ့နှလုံးတုစက်ကို ဂရုစိုက်ကြည့်နေတယ်။



'သွေးလဲထပ်သွင်းဖို့ အသင့်ပြင်ထား'

လို့ ရီရီမြကို ပြောလိုက်ရတယ်။ ရီရီမြနဲ့မရီနာလဲ သွေးပုလင်းအသစ်တွေ၊ သွေးသွင်းတဲ့ ကိရိယာတွေကို လူနာအနားချက်ချင်း ယူလာကြတယ်။ သွင်းဖို့ပြင်ကြ၊ ဆင်ကြတယ်။အင်းငါ့တပည့်တွေဟာ ခိုင်းလိုက်ယင်တော့ ဖင်သွက်သား၊ဘယ်တော့မှ မပျင်းကြဘူး။ ဒီအတွက်တော့ ငါ့မှာ ကျေနပ်မှု အမြဲဖြစ်ရပါတယ်။

'ကဲ....လုပ်စရာရှိတာ လုပ်ပြီးကြယင် နည်းနည်းနားကြပါလား၊ ထမင်းကော ဆာကြပြီလား'

'ဆရာကျွေးတာတွေ စားထားလို့ မဆာပါဘူး ဆရာ'

လို့ အားလုံးက ပြန်ပြောကြတယ်။ ဒါနဲ့ ငါလဲ ဥမ္မာ့နားကပ်သွားပြီး။

'ဘယ့်နှယ်လဲ ဥမ္မာ၊ အခြေအနေ ကောင်းရဲ့လား'

လို့ မေးလိုက်ရတယ်။

'တမိနစ် တရာနှစ်ဆယ့်ငါး ရှိတယ် ဆရာ။ သိပ်မကောင်းဘူး။ ခုန်အားနည်းလာတယ်'တဲ့။

'ဟုတ်တယ်၊ သွေးတိုးအားလဲ နည်းနည်း ကျလာပြန်ပြီ။ အခု ၉၅ ပဲရှိတော့တယ်'

လို့ တင်မြင့်က ဝင်လာပြီး ပြောပြန်တယ်။

'သွေးအားကျယင်၊ အက်ဒီနာလင်း နည်းနည်း ထပ်ထည့်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



လို့ ငါလဲ ပြောလိုက်ရတယ်။ သူလဲ ငါပြောတဲ့အတိုင်းပဲ အက်ဒီနာလင်း နည်းနည်း ထပ်ထိုးလိုက်တယ်။ အက်ဒီနာလင်းက သွေးကြောတွေကို ကျဉ်းစေတယ်။ သွေးကြောတွေကျဉ်းတာနဲ့ သွေးအားမျှားလာရတယ်။ ဒါနဲ့ နှလုံးက ပိုအလုပ်လုပ်ရတယ်၊ သူချည်းဆို သိပ်မကောင်းပြန်ဘူး။ ကြာရင် နှလုံးပျက်တတ်တယ်။ ဒါ့ကြောင့် ကော်တီဆုန်းလဲ ထိုးပေးဦးလို့ ပြောရတယ်။ တင်မြင့်လဲ ခေါင်းညိတ်ရှာပါတယ်။

'သွေးလဲ ထပ်သွင်း'

လို့ ပြောလိုက်ရတယ်။ ရီရီမြလဲ သွေးသွင်းလိုက်တယ်။ ဒါနဲ့ နာရီဝက် တနာရီလောက် ကြာသွားပြန်တယ်။ လူတွေလဲ နုံးလှပြီ။ ဒါပေမယ့် မတတ်နိုင်ဘူး။ လူနာရဲ့အသက်ရှင်ရေးက ပိုအရေးကြီးလို့ သူတို့ မညည်းအားဘူး။ဆက်လုပ်နေကြရတယ်။

'အင်း....ငါလဲ အိမ်ကို ဖုန်းဆက်ရဦးမယ်။ အခုလောက်ဆို အိမ်က နန်းလဲ ပူလှရော့မယ်။ သူက ငါ့အတွက်လဲပူတယ်၊ လူနာအတွက်လဲ ပူတယ်။ ငါဖုန်းဆက်ဦးမှ။ နန်း....နန်း ငါ့အတွက်ဆိုယင် သိပ်ပူတတ်တာ။ ငါနဲ့ပတ်သက်တဲ့ လူနာတွေဆိုလဲ သူသိနေတာပဲ၊ သီဟအကြောင်းဆိုယင် ကြားဖူးတာနဲ့ သူ ပူနေဦးမှာ'။

ကဲ....အိမ်ကို ဖုန်းဆက်ဦးမှ။ ဖုန်းမဆက်ခင် လူနာအခြေအနေကို ကြည့်ဦးမှ....

'သွေးတိုးအား'

'၉၅ ပဲဆရာ'



'နှလုံးခုန်နှုန်း'

'တရာ့နှစ်ဆယ် ဆရာ'

'ဘာမှ သိသိသာသာ တိုးတက်မလာသေးဘူး။ငါလဲ ဘာမှ မလုပ်နိုင်သေးဘူး။ စောင့်ကြည့်ရမှာပဲ။ နှလုံးထပ်ရပ်ယင် အနာကသွေး သိပ်ထွက်ယင်သာ ထပ်ခွဲချင်ခွဲမယ်။ ဒီအတိုင်းဆိုယင်တော့ စောင့်ကြည့်ရုံပဲရှိတော့တယ်။ ဒါ့ကြောင့်....

'တင်မြင့်နဲ့ ရီရီမြ မင်းတို့စောင့်ကြည့်နေ၊ လိုတယ်ထင်ယင် ငါ့ကိုခေါ်၊ ငါ ငါ့အခန်းထဲ သွားနားလိုက်၊ စာဖတ်လိုက်ဦးမယ်'

လို့ ပြောရတယ်။

'ဟုတ်ကဲ့ဆရာ၊ စိတ်ချပါ'

လို့ သူတို့နှစ်ယောက်လည်း ပြန်ပြောကြတယ်။ဒါနဲ့ ငါလဲ ခွဲစိတ်ခန်းက ငါ့ရုံးခန်းကို လာခဲ့ရတယ်။ ငါ့ရုံးခန်းရောက်တာနဲ့ အိမ်ကို ဖုန်းဆက်ရတယ်။ ချက်ချင်းပဲ ချစ်ဇနီးနန်းနဲ့ အဆက်အသွယ်ရတယ်။

'ကိုကို လူနာအရေးကြီးလို့ ထပ်စောင့်လိုက်ဦးမယ်။နန်းတို့ ထမင်းစားနှင့်ကြ'

'ဘယ်လောက်ကြာမလဲ ကိုကို၊ နန်းတို့ စောင့်နိုင်ပါတယ်'

'ဘယ်လောက် ကြာမလဲ မသိဘူး၊ အနည်းဆုံး တနာရီလောက်တော့ ထပ်ကြာဦးမယ်ထင်တယ်၊ သမီးကော အိပ်ပြီလား၊ အခုပဲ ၈ နာရီရှိပြီ'

www.burmeseclassic.com

www.burmeseclassic.com



'သမီးတော့ ထမင်းစားပြီး အိပ်နေပြီ ကိုကို၊ ကြာဦးမယ်ဆိုယင် နန်းထမင်းချိုင့်နဲ့ လိုက်လာခဲ့မယ်။ ကိုကို တပည့်တွေအတွက်လဲ စားဖို့ယူခဲ့မယ်'

'နန်း ပင်ပန်းနေပါ့မယ်ကွယ်'

'ကိစ္စမရှိပါဘူး ကိုကို၊ နန်းလာခဲ့ပါ့မယ်'

ငါလဲ သူနဲ့စကားပြောပြီး စိတ်က လန်းလာတယ်။ အပင်ပန်းခံတဲ့မိန်းမ။ ငါ့ဝါသနာပါရာ၊ ငါကြိုက်ရာ ဘာလုပ်လုပ် ဘယ်တော့မှ ဝင်မစွက်ဘူး။ တတ်နိုင်သမျှကူညီဖို့ စဉ်းစားနေရှာတယ်။ သူမှာငါနဲ့မရခင်ကတည်းကငါ့အလုပ်တွေကူလုပ်ပေး၊ ငါရေးချင်တဲ့စာတွေ ကူရေးပေးနေတာ။ ငါနဲ့ရတော့လဲ ငါ့စိတ်ကြိုက်ပဲ လိုက်လုပ်ပေးနေတာ။ ပိုက်ဆံစကားလဲ ဘယ်တော့မှ မပြောဘူး။ ဟုတ်ပါတယ်။ ငါနဲ့သူနဲ့က ငါဆရာဝန်ဖြစ်မှ၊ ငါနိုင်ငံခြားက ပြန်လာပြီးမှ တွေ့ကြတာပါ။ အဲ့ဒီကျမှ ချစ်ကြတာပါ။ သူ့အလျင်က ငါ့မှာ- ရည်းစားတွေရှိဖူးပါတယ်။ ဟုတ်တယ်၊ သူတို့က ငါ့ကိုကြိုက်တာထက် ငါ့ပညာကိုကြိုက်တာ။ မယူသေးဘူး၊ အိမ်တို့ကားတို့က စမေးတာ။ ဒါနဲ့ ငါလဲ သူတို့နဲ့မယူဖြစ်ဖူး။ နန်းကိုပဲယူလိုက်တယ်။ လူတွေကတော့ ပြောကြတာပေါ့။ ငါဟာ မျက်နှာများတယ်။ သစ္စာမရှိဘူး။ မိန်းကလေးတွေကို ဖျက်ဆီးတယ်လို့။

ဒါပေမယ့် တွေးကြည့်ပါဦး။ ငါ့မှာ အိမ်ထောင်ရေးနဲ့ ပတ်သက်လာယင် အယူသီးတာရှိတယ်။ ဘာလဲဆိုယင် ငါ့အိမ်ထောင်ဟာ အချစ်ကို အဓိကထားရမယ်။ ငွေ၊ အိမ်၊ ကား ဆိုတာ ထိုက်မှရတာလို့။ ငွေ၊ အိမ်၊ ကားတွေကို အဓိကထားတဲ့ မိန်းမနဲ့ ငါအိမ်ထောင်မပြုဘူးလို့။ နောက်ပြီး ငါ့အိမ်ထောင်ဖက်ဟာ ငါ့ဘဝ၊ ငါ့အလုပ်၊ ငါ့ဝါသနာမှာ အကူအညီပေးနိုင်သူသာ ဖြစ်ရမယ်လို့။ ဒါကလည်း သူချစ်ကိုယ်ချစ် ဝါသနာ တူမှသာ ဖြစ်နိုင်တာ။ ဘွဲ့တွေ၊ ဂုဏ်တွေနဲ့ချည်း မဖြစ်နိုင်ဘူး။



ဒါ့ကြောင့် ငါနန်းကိုယူခဲ့တာပဲ၊ ငါယူခဲ့တာ မမှားပါဘူး။ အခုတော့ ငါ့အိမ်ထောင်ဟာ သာယာစိုပြည်ပါတယ်။ နန်းလဲပျော်၊ ငါလဲ ပျော်ပါတယ်။ အခုပဲကြည့်၊ ကိုသိဟတယောက် ရောဂါပျောက်ယင်တော့ ပျော်ဝံ့မလား၊ ဟုတ်တယ် သူကြည့်ရတာ သိပ်ပျော်ပုံမရဘူး၊ လူက လူတော်ပဲ၊ ဒါပေမယ့်သူ့အိမ်ထောင်ရေးဟာ သိပ်အဆင်မပြေဘူးလို့ ကြားရတယ်၊ အို ဒါက ငါနဲ့မဆိုင်ပါဘူးလေ၊ ငါ့အလုပ်ကသူ့အသက်ကို ကယ်ဖို့ပဲ၊ ကျန်တာတော့ သူ့ဟာသူ ဖြေရှင်းပေါ့၊ ဒါပေမယ့် ငါသူ့မှာတဲ့စာ ပေးဖို့ကျန်သေးပါလား၊ အဲဒါကိုတော့ ငါလုပ်ပေးရဦးမယ်။

အင်း သူ့စာက ဘာစာပါလိမ့်၊ ငါလဲ စိတ်ဝင်စားတာနဲ့ သူ့စာအိတ်ကို သံဗီရိုထဲက သော့ဖွင့်ပြီး ဆွဲထုတ်ယူကြည့်မိတယ်။ စာအိတ်က အစိုးရစာအိတ်ကြီး၊ အထဲမှာ ဘာတွေရေးထားသလဲမသိ၊ ထူလဲထူတယ် သူက 'ဆရာ ဖတ်ကြည့်ယင် ဖတ်ကြည့်ပါ၊ ပြီးမှ လိပ်စာရှင်ကိုပေးပါ'ဆိုတာနဲ့ ငါလဲသူ့စာအိတ်

www.burmeseclassic.com



ကို ဖောက်လိုက်ရတယ်၊ စာအိတ်ကြီးထဲမှာ စာအိတ်တခု။ အဲဒီစာအိတ်ပေါ်မှာမှ လိပ်စာတပ်ထားတယ်။ လိပ်စာရဲ့အမည်ရှင်က 'မြမာလာ'တဲ့။ အမည်ကလေးက လှပါပေ့။ ငါလဲ စိတ်ဝင်စားလာတာနဲ့ သူ့စာကို ဖတ်ဖို့ သူ့စာအိတ်ထဲက စာတွေကို ထုတ်ယူလိုက်တယ်၊ စာတွေက အများကြီး ၊ ရေးထားတာတွေကတော့ ဒီအတိုင်းပဲ....

**အချစ်ဆုံးမြမာလာရေ....**

ဒီစာဟာမြမာလာအတွက်နောက်ဆုံးရေးတဲ့ မောင့်စာများ ဖြစ်နေမလားမသိဘူး။ ဘာဖြစ်လို့လဲဆိုယင် သန်ဘက်ခါ ဆိုယင် မောင့်ကို ပါမောက္ခက ခွဲပေးမယ်လို့ ပြောတယ်၊ ခွဲဖို့လဲ အားလုံးအသင့်လုပ်ထားပြီးပြီ။ ဒီတော့ ခွဲပြီး မောင်ရှင်ယင်ရှင် မရှင်ယင်တော့ဒီစာဟာမောင့်ဆီကနောက်ဆုံးစာ ဖြစ်ချင်ဖြစ်နေမှာပဲ၊ တခုတော့ ရှိတာပေါ့လေ၊ ပါမောက္ခကခွဲမယ်ပြောပြီး မခွဲဘူးဆိုယင်တော့ မောင်ဒီထက် ပိုအသက်ရှည်ချင်ရှည်ဦးမှာပေါ့၊ နာတာရှည်နဲ့ နှလုံးရောဂါနဲ့။ အဲဒီအခါကျလဲ ဒီစာဟာ နောက်ဆုံးစာဖြစ်ချင်မှ ဖြစ်မှာပါ အချစ်ရယ်၊ ဘာပဲဖြစ်ဖြစ်လေ မောင်ကတော့ ပါမောက္ခကို မခွဲဖြစ် ခွဲဖြစ်အောင်အတင်းတိုက်တွန်း တောင်းပန်ထားတာ



ပဲ၊ ဒီတော့ ခွဲဖြစ်မယ်ဆိုတဲ့ အသိနဲ့ ဒီစာကို မြမာလာဆီ ရေးရတာပဲ အချစ်ရယ်။

သန်ဘက်ခါမှာမောင့်နှလုံးကိုခွဲမယ်ဆိုတဲ့အသိနဲ့ကနေ့တော့မောင်လဲမသေမီလုပ်စရာရှိတာတွေကို လုပ်ထားမှ ဆိုတဲ့သဘောနဲ့ မောင်လုပ်ချင်တာတွေကိုလိုက်လုပ်နေရတယ်၊ ဒါနဲ့ မောင်မြမာလာဆီစာရေး၊ မောင့်စာရွက်စာတမ်းတွေရွေး၊ မှတ်စုစာအုပ်တွေထုတ်နဲ့ အလုပ်များနေရတယ်၊ ဒါတွေအားလုံးကို မောင့်ပါမောက္ခကိုလွှဲထားခဲ့မယ်။ ဒါမှမောင်ဖြစ်ချင်တာတွေ ဖြစ်မှာ၊မောင်မှာချင်တာတွေမှာတဲ့လူဆီရောက်မှာ၊ မောင့်ကိုခွဲပြီးပြီဆိုတာနဲ့ မြမာလာ မောင့်ဆီရောက်လာမယ်ဆိုတာ မောင် တပ်အပ်သိပါတယ်၊ဘာပဲဖြစ်ဖြစ် မြမာလာ လာယင်မျက်ရည်မကျရဘူးနော်၊ မြမာလာ သတ္တိရှိရမယ်၊ မြမာလာဟာ မောင့်မြမာလာ မောင့်လုပ်ဖော်ကိုင်ဘက် သိပ္ပံပညာရှင် သချ်ာဆရာ ဒီတော့ မြမာလာသတ္တိရှိရမယ်နော်၊ ဘယ်လောက်ဝမ်းနည်းဝမ်းနည်းမျက်ရည်မကျရဘူး မရှိုက်ရဘူး ဣန္ဒြေမပျက်ရဘူး။

မောင်မြမာလာဆီကို ရေးစရာတွေ အများကြီးရှိတယ်၊ ရေးလဲရေးနေတယ်။ ဒါပေမယ့်

www.burmeseclassic.com



ဘာက ဘယ်လိုစလို့ဘယ်လိုရေးရမလဲ မသိဘူး။ မြမာလာဆီကို မောင်ဘယ်လောက်ချစ် ဘယ်လောက်မြတ်နိုးတယ် မြမာလာအတွက် မောင်ဘယ်လောက် စွန့်စားချင်တယ် ဆိုတာတွေကို ရေးပြချင်တာလဲအပုံပဲ။ ဒါပေမယ့် အသက်ရယ် မောင်ဘယ်လို ရေးပြရမလဲ။ မောင့်မြမာလာ မောင် ရောက်တတ်ရာရာ ရေးထားသမျှကို သည်းခံပြီး ဖတ်ပါနော်။

သန်ဘက်ခါ မခွဲခင် ကနေ့ရေးရတာက မြမာလာဆီကိုစာမရေးပဲ မောင်သေသွားမှာ စိုးလို့ ဟုတ်တယ်၊ ခွဲတာက အောင်မြင်ချင်မှ အောင်မြင်မှာ။ မောင်ကလဲစွန့်စားတာ၊ ဆရာကလဲ စွန့်စားခွဲတာ။ ဒါကြောင့်မြမာလာဆီကိုကနေ့ပဲ ရေးရတာ နက်ဖြန်မှရေးယင်အချိန်ရချင်မှရမှာ။ ညှိသည်တွေလာလိုက်၊ ဆရာဝန်တွေ သူနာပြုတွေ ဆေးကျောင်းသားတွေလာလိုက်၊ နောက် ခွဲဖို့ စိတ်ဖို့ အစမ်းသပ်ခံ အစစ်ဆေးခံနဲ့ အားမှာ မဟုတ်ဘူး။ အင်း ဘာလိုလိုနဲ့မောင့်နောက်ဆုံး အချိန်ဟာ နီးလာပြီ။ မောင်ရဲ့ နှလုံးမသာယာ တဲ့ဘဝ အဆင်မပြေတဲ့ဘဝ၊ အဆင်မပြေတဲ့ ဘဝဟာ နိဂုံးချုပ်ဖို့နီးလာပြီပဲ။ အဲဒီလိုနီးလာ ပြန်တော့လဲ စိတ်ကတမျိုးပဲ၊ ကြောက်သလိုလို ရွံ့သလိုလို ဟာသလိုလို နာသလိုလို။



ဟုတ်တယ် ချစ်တဲ့မြမာလာနဲ့ ချစ်တဲ့သူနဲ့ တခါထဲကွဲသွားရတော့မယ်။ ကိုယ်ဝါသနာပါတဲ့ လောကကိုယ်လုပ်နေတဲ့ အလုပ်တွေကို တခါထဲ စွန့်သွားရမယ်ဆိုတော့လဲ စိတ်က နာသား။ မအေက မကောင်းသော်လဲ သားလေးရာဇာ ရှေ့ရေးအကွက်လဲ တွေးပူမနိမ်သား။ ဒါနဲ့ မခွဲပဲ နေပစ်လိုက်ချင်သလိုလို၊ ဟုတ်တယ် နေရသမျှ လေးနေပြီး၊ သူ့ဘာသာ သေသွားတဲ့အခါ မှာ သေသွားသွားဆိုပြီး မခွဲချင်သလိုလို လုပ်နေဆဲ စက်ဦးနှောက်၊ စက်လှူ၊ အလုပ်တွေကိုလဲ ဆက်လုပ်ချင်သလိုလို။ ဒါပေမယ့် မြမာလာ မောင်က သချာဆရာ၊ မောင်က သတ္တဗေဒ အင်ဂျင်နီယာ မဟုတ်လား၊ မောင်မခွဲပဲနေယင် အလွန်ဆုံးနေရ တလနှစ်လပဲဆိုတာ မောင်သိပါတယ်ကွယ်၊ အလုပ်လုပ်နိုင်ယင် အလွန်ဆုံး တပတ် နှစ်ပတ်ပဲဆိုတာ မောင်သိပါတယ်။ အဲဒါဆိုယင် မောင့်နှလုံးဟာ ခွဲကုလို့ ရတော့မှာ မဟုတ်ဘူး။ အဲဒါဆိုယင်မောင်ဟာသေရုံပဲ။ အားလုံးကိုစွန့်ပြီး၊ ချစ်တဲ့ မြမာလာကို စွန့်ပြီး၊ သားကိုစွန့်ပြီး။ လောကနဲ့ အလုပ်တွေကိုစွန့်ပြီး သေရုံပဲ။ ခွဲလိုက်တာကမှ ရှင်ချင်ရှင်ဦးမယ်။ ရှင်ယင် ရောဂါရှင်းရှင်းပျောက်ပြီး လုပ်ချင်တာတွေကို အကုန်လုပ်နိုင်မယ်။ အနည်းဆုံး

www.burmeseclassic.com



အနှစ် နှစ်ဆယ် အစိတ် ဆက်လုပ်နိုင်ဦးမယ်။ ဒါ့ကြောင့် မောင့်အနေနဲ့တွက်ပြီး အခွဲခံလိုက်တာပဲ။ ခွဲဖို့ တောင်းပန်လိုက်ရတာပဲ....။

တကယ်ဆိုတော့ မောင့်ကိုခွဲမယ့် ပါမောက္ခကလဲ လူညံ့တဦး မဟုတ်ပါဘူးလေ။ သူဟာ အငယ်ဆုံး ပါမောက္ခ၊ အတော်ဆုံးဆရာဝန်၊ ပထမဆုံး နှလုံးခွဲစိတ်ကုဆရာ၊ စိတ်စေတနာ အကောင်းဆုံး လူတယောက်။ အဲဒီလိုလူနဲ့မှ ခွဲတာမအောင်ယင် ဘယ်သူနဲ့ခွဲ အောင်မလဲ။ ဒီလူနဲ့မှ မခွဲယင် ဘယ်သူနဲ့ခွဲမလဲ။ ဒါနဲ့မောင်လဲ သူနဲ့ခွဲဖို့ စီစဉ်လိုက်ရတာပါ မြမာလာ။

ဒီရောဂါဟာ ဘာ့ကြောင့် မောင့်ကိုသာဖြစ်ရသလဲ။ ဘာ့ကြောင့်မြမာလာကိုချစ်တဲ့မောင့်ကိုမှ ရွေးဖြစ်ရသလဲ။ မောင့်လို ပညာအများကြီးတတ်၊ အလုပ်အများကြီးလုပ်၊ အသက် အများကြီး ငယ်သေးတဲ့ မောင့်ကိုမှ ရွေးဖြစ်ရသလဲ။ ဒီအတွက်တော့ မောင့် မကျေနပ်ဘူး၊ ကံကြမ္မာကိုလဲ မကျေနပ်ဘူး၊ ဘုရားသခင်ဆိုတာရှိယင်လဲ ဘုရားသခင်ကိုလဲ မကျေနပ်ဘူး၊ ဘာ့ကြောင့် မောင်တယောက် ဒီရောဂါကို ခံပြီးနေရမလဲ။ ဒီရောဂါကြောင့် မောင်လုပ်ချင်တာ မလုပ်ရ၊ မသွားရ၊ မောင်နေချင်တဲ့လူနဲ့မနေရပဲနေရမလဲ။



ဒါကို မောင်မကျေနပ်ဘူးမြမာလာ၊ ဒါကြောင့် ဒီရောဂါဒဏ်ရာက မောင် ကင်းချင်တယ်၊ ဒီရောဂါကို မောင့်ဆီက ပျောက်စေချင်တယ်၊ မပျောက်ပဲ ဝဋ်ခံနေရတာအတူတူ သေတာမှ ကောင်းဦးမယ်၊ မသေလို့ ရှင်မယ်ဆိုယင် ဒီရောဂါက လုံးလုံးကင်းပြီးမှမောင်ရှင်ချင်တယ်၊ ဒီရောဂါက လုံးလုံးရှင်းမှ မြမာလာနဲ့မောင် အတူတူနေချင်တယ်၊ မြမာလာကို မောင် ဂရုစိုက်ချင်တယ်၊ မြမာလာနဲ့ အတူတူအလုပ်လုပ်ချင်တယ်။ ဒါနဲ့ မောင်အသက်စွန့်ပြီး နှလုံးအခွဲခံလိုက်တာပဲ။

လူတွေကတော့ မောင့်ကို သိပ်သတ္တိရှိတာပဲလို့ ပြောချင်တယ်။ ဆရာဝန်တွေကဆိုသိပ်အံ့သြတာပဲ။ နှလုံးအခွဲခံတာ သချိုင်းခြေတဘက်လှမ်းပြီးသား သိလျက်နဲ့ မောင်က အပြုံးမပျက်လို့ သူတို့သိပ်အံ့သြကြတယ်။ မောင်ဟာ့သေရမှာမကြောက်တဲ့သူ၊ သီဟဆိုတဲ့နာမည်နဲ့ လိုက်တဲ့သူလို့ ချီးကျူးကြတယ်။ တကယ်တော့မြမာလာရယ်၊ မောင်က သတ္တိရှိလွန်းလို့၊ သေရမှာမကြောက်လွန်းလို့ အခွဲခံတာ မဟုတ်ပါဘူး။ ဒီရောဂါဒဏ်ကို ဆက်လက်ခံနိုင်ဖို့ သတ္တိမရှိလို့ မသေချင်လို့ အခွဲခံတာပါ။ ဟုတ်တယ်လေ၊ အခွဲမခံယင် အနှေးနဲ့အမြန် သေဖို့သေချာတယ်၊ အခွဲ

www.burmeseclassic.com

www.burmeseclassic.com



ခံယင် သေချင် ချက်ချင်းသေမယ်။ မသေယင် တသက်လုံးရောဂါကင်းရှင်းပြီးအသက်ရှည်ရှည် နေရမယ်။ ဒါ့ကြောင့် ဒါ့ကြောင့်၊ မောင်အခွဲခံ တာပါ။

တကယ်ဆိုတော့ မောင်ဟာ အခွဲမခံခဲ့ယင် ရောဂါဒဏ်သာမက၊ အိမ်ထောင်ရေးဒဏ်ပါခံ နေရမှာ၊ ဟုတ်တယ်၊ မောင့်ကို ပေးစားထားတဲ့ မိန်းမဟာ မောင့်ကိုချစ်လို့ယူတာမှ မဟုတ်ပဲ။ မောင်ရဲ့ ပီအိပ်ချ်ဒီဘွဲ့၊ ဒီအက်စ်စီဘွဲ့၊ အက်ဖ်အာရ် အိုင်ဘီအေ၊ အက်ဖ်အာရ်အိုပီ စတဲ့ဘွဲ့ထူး ဂုဏ် ထူးတွေ၊ မောင်ရဲ့ တီထွင်မှု ဂုဏ်သတင်းတွေ၊ မောင့်မိဘရဲ့ အမွေတွေကိုကြိုက်လို့ ယူခဲ့တာပဲ။ မောင့်ကို ယူကတည်းက မောင့်ကသူဘာဂရုစိုက် သလဲ။ သူ့ဟာသူ သွားချင်ရာသွား စားချင်ရာ စား၊ သူ့သူငယ်ချင်းတွေ အမျိုးတွေ အဆွေတွေ နဲ့ ပျော်လို့၊ ပါးလို့၊ ပလွှားလို့၊ ဘလို့၊ လှလို့။ မောင့်ကိုတော့ မောင့်အလုပ်ခန်းထဲမှာ အိမ်က အစေခံတွေနဲ့ ပစ်ထားခဲ့တယ်။ မောင့်အလုပ် မှန်သမျှလဲ စိတ်မပါ၊ အားမပေး။ ငွေလိုယင်ပဲ မောင့်ဆီလာမယ်၊ မောင့်ကိုချွာမယ်၊ မောင့်မိဘ တွေက ထားခဲ့တဲ့ အမွေတွေကို သူ့နာမည်ကို ပြောင်းယူဖို့ပဲ လုပ်နေတယ်။ ဟုတ်တယ်၊ မောင် မှားခဲ့တာပဲ။ ကလေးတယောက် ရတဲ့အထိ



မောင်တို့ဟာအနေကြာလာပေမယ့်စိတ်သဘော ချင်း မတိုက်ဆိုင်ဘူး။ ဝါသနာချင်း မတူဘူး။ တယောက်ကိုတယောက် မချစ်ဘူး။ သူ့အကြိုက် ကိုယ့်အကြိုက် မလိုက်လျောကြဘူး။ နောက်ပြီး ရန်ပဲ ခဏခဏဖြစ်ပြီး သူနေချင်သလိုနေ၊ ကိုယ် နေချင်သလို နေခဲ့ကြတယ်။ တခါတခါများဆို ယင် တယောက်နဲ့တယောက် စကားမပြောကြ တာတောင် တလကိုးသီတင်း။

ဒီလောက်ဖြစ်နေလျက်နဲ့ မောင်တို့ဘာကြောင့် မကွာရှင်းကြသလဲ၊ ကင်းကင်းမနေကြသလဲလို့ မေးစရာတော့ရှိတာပေါ့၊ ဒါတော့မြမာလာရယ် သူက မောင့်ကို ယူကတည်းက မောင့်ပညာ၊ မောင့်ဂုဏ်၊ မောင့်မိဘအမွေကို မက်မောပြီး ယူခဲ့တာ။ ဘယ်မှာလွယ်လွယ်နဲ့ကွာပေးပါ့မလဲ။ ကွာပေးမယ်ပြောတိုင်း မောင့်ဆီက သူ့လိုအပ် ချက်တွေတင်ပြရတာအမော။ မောင်ကလဲမမက် ပေမယ့် သူက သိပ်လောဘကြီးတော့လဲ ဘာကို မှ မပေးချင်တော့ဘူး။ မောင်သေယင်တောင်မှ မောင့်သားအတွက်သာ ချန်ခဲ့မယ်။ သူ့အတွက် မချန်ခဲ့ဘူးလို့ တွက်သေးတယ်။ ဟုတ်ပါတယ်၊ ဗုဒ္ဓဘာသာနိုင်ငံမှာ ယောကျ်ားသေယင် ကျန် တာ မယားရတာပေါ့။ ဒါပေမယ့် မြမာလာ မသေခင်ကတည်းက မောင်က ပစ္စည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သွားယင်ရေ။ပြီးတော့မောင်တို့ကဗုဒ္ဓဘာသာမှ မဟုတ်တာ။ မောင့်မှာက ဘာသာမရှိ၊ သူ့မှာက ခရစ်ယာန်။ ဒီတော့ အမေ့ကိစ္စမှာတော့ မောင့်စိတ်ကြိုက်လုပ်လို့ရမှာပါ။

မောင့်ရောဂါ ဒီလောက်ဆိုးလာတာလဲ သူ့ကြောင့်ဆို မမှားပါဘူး။ ဒါတောင် မောင်ခွဲတာကို သူမကြိုက်ဘူး။ သဘောမတူဘူး။ ဘယ်ကြိုက်ပါ့ တူပါ့မလဲလေ၊ မောင့်ပစ္စည်းတွေကို သူ့မှမလွှဲခဲ့ပဲကိုး။ ဒီတော့ မောင်ခွဲလို့သေသွားယင် သူဘာသွားရမလဲ။

ဟုတ်ပါတယ်၊အပြစ်မရှိတဲ့မောင့်သားရာဇာအတွက်တော့ စိတ်မကောင်းစရာပေါ့။ ဒါပေမယ့် မပူပါနဲ့ မြမာလာရယ်။ သူ့အတွက်မောင်အားလုံးစီစဉ်ထားပါတယ်။ နောက်ပြီးသူ့အမေဘက်ကလဲ ဆွေကြီးမျိုးကြီးပဲ။ သူဒုက္ခရောက်အောင်အထိတော့ ပစ်မထားပါဘူး။ အခုပဲ သူမောင်တို့နဲ့မှ မနေတာ။ မောင်စိတ်မကောင်းတာက နောင်ကြီးလာယင် သူ မောင့်လိုသင်္ချာဆရာ၊ ဗီသုကာဆရာ၊ သတ္တုဗေဒ အင်ဂျင်နီယာ ဖြစ်မလာမှာကိုပဲ။ ဒီအတွက်တော့ မောင်စိတ်မကောင်းဘူး။ ဒါပေမယ့် မောင်သေသွားယင် တတ်နိုင်သလောက် မြမာလာ သူ့ကို ထိန်း



ကျောင်းသင်ကြားပေးပါကွယ်။ သူဟာ ဉာဏ်ကောင်းတဲ့ကလေး၊ပြောယင်ရတဲ့ကလေး၊အဖေတူတဲ့သားကလေးပါ။ အမေကဆိုးသော်လည်း သူက မဆိုးရှာပါဘူးကွယ်။

မြမာလာရယ်၊ မြမာလာနဲ့ မောင်တွေ့ရတာဟာ ခန်းခြောက်နေတဲ့ မောင့်ဘဝမှာ စမ်းရေတခု တွေ့ရတာနဲ့ အတူတူပါပဲကွယ်။ တကယ်ပါကွယ်၊မောင်အင်္ဂလန်ကပြန်လာတော့ မောင့်မှာ အလုပ်တွေကများ၊ သောကတွေကများနဲ့နေရထိုင်ရ၊ စိတ်ဆင်းရဲရတဲ့အချိန်၊ မောင့်အိမ်ထောင်ရေးလဲ ပျော်စရာကင်းမဲ့ပြီး ခြောက်သွေ့တဲ့အချိန်၊ ဒီအချိန်မှာ မြမာလာကို မောင်စတွေ့ခဲ့ရတယ်။ မောင်က သင်္ချာကထိကလေ။ မြမာလာ အခုမှအလုပ်ရတဲ့ သရုပ်ပြဆရာမလေး။ မောင်ဟာ အစပထမ မြမာလာကို ဂရုမစိုက်ခဲ့ပါဘူး။ ဟုတ်ပါတယ်၊ မောင့်အကျင့်ကိုက လူတွေကိုစိတ်မဝင်စားဘူး။ အလုပ်ကိုပဲစိတ်ဝင်စားတယ်။ ဒီအထဲက ဘာပဲပြောပြောမစိုပြည်သော်လဲသားနဲ့မယားနဲ့၊မြမာလာမှာလဲ ဒီအရွယ်ရောက်ပြီးမှ အမြီးမပေါက်ယင် ဘာမျောက်လဲ မေးရမလို၊ ဘွဲ့ရပြီး အလုပ်ရမှ အိမ်ထောင်မရှိသေး၊ ရည်းစားမရှိသေးယင် ဘာမျောက်လဲလို့ မေးရမလိုပေါ့ကွယ်။ ဟုတ်တယ်၊

www.burmeseclassic.com



မြမာလာကို ကျောင်းဆင်းကျောင်းတက် လာလာတွေ့တဲ့ လူတယောက်ကိုလဲ အစကတည်းက မောင်သတိထားခဲ့မိပါတယ်။

ဒါပေမယ့် မြမာလာမေတ္တာဆိုတာ အဆန်းသား။ မြမာလာနဲ့ မောင်နဲ့ သင်္ချာတွေတွက်ကြယင်း၊ အလုပ်တူလုပ်ကြယင်း၊ သိပ်ခင်လာရင်းနှီးလာကြတယ်။နောက် မြမာလာဝါသနာနဲ့ မောင့်ဝါသနာဟာ သိပ်တူနေပြန်တော့ တယောက်နဲ့ တယောက် သဒ္ဒါကြည်ညို အယူအယတွေ့ အယုံအကြည်တွေ ပိုလာကြတယ်။ ဒီကစပြီး တယောက်နဲ့တယောက် မေတ္တာသက်ဝင် လာကြတော့တယ်။

ဟုတ်ပါတယ်၊ မြမာလာနဲ့ မောင်နဲ့ကြားမှာ တယောက်ကို တယောက် မေတ္တာရှိတာ၊ ယုယတာ၊ပြုစုကြတာ၊ယုံကြည်ပွင့်လင်းကြတာ၊ တိုင်ပင်ကြတာကလွဲလို့ တခြားဘာမှ မရှိသေးပါဘူး။ ဒါပေမယ့် တယောက်ယောက်အသက်ရှည်ဖို့အတွက် တခြား တယောက်ယောက်က နှလုံးသားကို ထုတ်ပေးဖို့ အဆင်သင့်ပဲ ဆိုတာတော့ မောင်တို့သိကြပါတယ်။ မောင်တို့တင်မဟုတ်ဘူး၊ မောင်တို့တဌာနလုံး၊ မောင်တို့ အသိုက်အဝန်း အသိအကျွမ်းတွေ အားလုံးသိကြပါတယ်။



ဒါနဲ့ မောင်တို့ပြဿနာတွေ ဖြစ်တော့တာပေါ့။ မောင့်မိန်းမက မြမလာနဲ့ မောင်နဲ့ စွပ်စွဲတယ်။ အုတ်အော်သောင်းတင်းဖြစ်အောင် လုပ်တယ်။ မောင်တို့ယူမယ်ဆိုယင် သူ့ကို ဘယ်လောက် လျော်ကြေး ‘ပေးရမယ် စသည်ဖြင့် စသည်ဖြင့် လုပ်လာတယ်။ နောက်ပြီး မောင့်ကို မြမာလာ ယူချင်ယင်လဲ ဒီအတိုင်းပဲယူ၊ ဒါပေမယ့် မောင့်ကိုဘာမှမပြုစုရ၊ ဘာမှ လုပ်မပေးရလုပ်လာတယ်။ သူက ဘာမှမပြုစုဘူး။ ဒါနဲ့ မောင့်ဘဝဟာ တနေ့မှ စိတ်ချမ်းသာစရာ မရှိတော့ဘူး။ မောင့်ရောဂါဟာလဲ ကျွမ်းလာတယ်၊ဒီလိုအချိန်မှာမောင့်အမည်ကသူ့အမည်ကို ပစ္စည်းတွေလွှဲဖို့ လုပ်လာတယ်။မလွှဲမချင်း မောင်လုပ်ချင်တဲ့ အလုပ်တွေလုပ်မရအောင်လဲ နှောင့်ယှက်လာတယ်။ မောင့်တွက်ပြီးသား စာရွက်စာတမ်းစီမံကိန်းတွေကိုလဲ ဖွက်လိုဖွက်၊ ဖျက်လိုဖျက်လုပ်လာတယ်၊ မောင်ကလဲ ရောဂါသည်ဆိုတော့ ဘာမှမလုပ်နိုင်ဘူး။ ဒါ့ကြောင့် လုပ်စရာရှိသမျှ ကျောင်းမှာပဲ လုပ်ကြရတယ်။ မြမာလာနဲ့ တိုင်ပင်ပြီး လုပ်ရတယ်။ မြမာလာကိုပဲ အားကိုးရတော့တယ်။

ဟုတ်ပါတယ်၊ မောင့်ဘဝမှာ မြမာလာကို တွေ့ရတာဟာ အကြီးဆုံး ကံကောင်းခြင်းပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မြမာလာနဲ့ တွေ့မှပဲ မောင်ဟာ နေပျော်လာတယ်။ လုပ်သမျှ အောင်မြင်လာတယ်။ အလုပ်တွေလဲ ပြီးလာတယ်။ အခုဆိုယင် မောင်နဲ့မြမာလာ တီထွင်ခဲ့တဲ့ စက်ခလုတ်တွေ၊ စက်ရုပ်တွေဟာ အစိုးရက ပုံစံယူ ထုတ်လုပ်နေပြီ မဟုတ်လား။ နောက် လာမှာတွေလဲ အများကြီး။ မောင်တို့ အခုလုပ်နေတဲ့ လူ့ခန္ဓာ ကိုယ်စားယန္တရားနဲ့ လူ့ဦးနှောက် အတုတွေဟာလဲ ပုံစံပေါ်လာပြီ မဟုတ်လား။ ဆက်တွက်ဖို့ စမ်းသပ်ဖို့ပဲ လိုတော့တယ်။ အရေးအကြီးဆုံးက သက်ရှိရုပ်အတွက် စံထုတ်ဖို့ မဟုတ်လား။ ဒါကတော့ အခုမှ မောင်တို့ စကြရတာ။ မောင်တို့ ဆက်လုပ်စရာတွေ အများကြီး။ မြမာလာလို လူမျိုး မောင့်လိုလူမျိုးတွေ ထပ်ရလာယင် မောင်တို့ရဲ့ သက်ရှိစံစီမံကိန်းဟာ အောင်မြင်မှာပါ အချစ်ရယ်။ ဒါ့ကြောင့်ပဲ မောင့်သားကို မောင်တို့လို သင်္ချာဆရာ ဖြစ်စေချင်တာပေါ့။ ပညာကို အဖေကသား၊ သားကနေ မြေးအထိ လွှဲသွားနိုင်အောင်လို့။ ဟုတ်ပါတယ်၊ အနောက်နိုင်ငံတွေမှာတော့ ဒီလိုပဲ မျိုးရိုးဆက်ပြီး လုပ်သွားတဲ့ အလုပ်တွေ၊ အောင်မြင်တဲ့အလုပ်တွေ အများကြီးပဲ။ မောင်တို့နိုင်ငံတော့ ဘယ်လို နေမလဲ



မသိဘူး။ သူများက မစရယင် မောင်တို့က စရမှာပေါ့ကွယ်။

အချစ်ရယ်၊ မောင်သေသွားယင်လဲ မငိုပါနဲ့။ မောင်တို့နှစ်ယောက် ကြံစည်ထားတဲ့အလုပ်တွေ အောင်မြင်အောင်သာ ဆက်လုပ်သွားပါကွယ်။ မောင်တို့လို အခြေခံသိပ္ပံပညာမှာ ဝါသနာပါတဲ့ လူတော်တွေ ပေါ်ထွက်လာအောင် စည်းရုံးလို့ ဆော်ပေးပါကွယ်။ အခု မောင်တို့ပြည်မှာ ဖြစ်နေတာက ကျော်ကြားတဲ့ အလုပ်၊ ငွေရတဲ့အလုပ်၊ မပင်ပန်းတဲ့အလုပ်မှ လူတွေက လိုက်ချင်ကြတာကလား။ မထင်ရှားတဲ့အလုပ်၊ ငွေမရတဲ့အလုပ်၊ နေ့ရောညပါ အပင်ပန်းခံလုပ်ရတဲ့ စဉ်းစားရတဲ့ အလုပ်ဆို မလုပ်ချင်ကြတော့ဘူးကွယ်။ အဲဒီလိုဆိုယင် မောင်တို့ပြည်ဟာ ပျက်တော့မှာပဲ၊ မောင်တို့လူမျိုးဟာ ကျဆုံးတော့မှာပဲ၊

မြမာလာ၊ မြမာလာရဲ့ ကျေးဇူးတွေဟာ မောင့်အပေါ်မှာ အများကြီးရှိပါတယ်။ လူတွေကတော့ ပြောကြမယ်။ မြမာလာက တပည့်၊ မောင်ကဆရာ၊ ဘယ်မှာ မြမာလာကျေးဇူးတွေ မောင့်ပေါ်ရှိမလဲလို့။ ဒါလဲ နားမလည်ကြ၊ မသိကြတဲ့လူတွေ ပြောကြတာပါ။ တကယ်က မောင်

www.burmeseclassic.com

www.burmeseclassic.com



အခုလို တွက်ချက်ရတာ၊ ပုံစံထုတ်ရတာ၊ စဉ်းစားရတာတွေဟာ မြမာလာကြောင့်ပါကွယ်။ မောင့်ကို အနစ်နာခံကူ၊ အနစ်နာခံ ပြုစုမှုကြောင့်ပါကွယ်။ ဟုတ်ပါတယ်၊ ဒီလိုကူညီယင်း၊ ပြုစုယင်း တိုင်ပင်ယင်းလဲ မြမာလာလဲ ပညာတိုးလာတာပါပဲ။ ဒါနဲ့ပဲ မြမာလာဟာ မဟာသိပ္ပံ(သင်္ချာ) ဘွဲ့ကို အသုံးချသင်္ချာ၊ သတ္တဗေဒသင်္ချာနဲ့ ပထမတန်းက ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တယ် မဟုတ်လား။

ဟုတ်ပါတယ် မြမာလာ၊ မောင်တို့ပြည်မှာ မြန်မာလာကလွဲယင် မောင့်ပညာကိုဘယ်သူမှမရသေးပါဘူး။ မောင်လုပ်ချင်တာတွေကိုမြမာလာကလွဲပြီး ဘယ်သူမှ ဆက်မလုပ်နိုင်ပါဘူး။ ဒါ့ကြောင့် မြမာလာ၊ မောင်တို့အလုပ်တွေကိုတော့ လုပ်ဖြစ်အောင်ဆက်လုပ်ပါကွယ်။ ဆေးရုံတွေ ဆေးကျောင်းတွေက အကူအညီလိုလို့ တောင်းလာယင်လဲ ခွဲစိတ်ကိရိယာတွေ၊ ခန္ဓာကိုယ် အစိတ်အပိုင်းအတုတွေကို မောင့်လိုပဲ ပုံစံထုတ်ပြီး ကူညီပေးပါကွယ်။ နှလုံးတုစက်၊ ကျောက်ကပ်တုစက်တွေလဲ ပိုကောင်းအောင် တွက်ချက်ပေးပါကွယ်။

ဒီလိုလုပ်ပေးလို့ မြမာလာပင်ပန်းမယ်ဆိုတာ မောင်သိပါတယ်။ ဒါပေမယ့် မောင့်မှာ ဘယ်



သူမှ မှာစရာမရှိဘူး။ ဘယ်သူ့မှ တောင်းပန်စရာမရှိပါဘူး။ ဒါကြောင့်ပါ။ တကယ်လို့မောင်ရှိယင်တော့ မြမလာဘေးမှာ မောင်အမြဲ ရှိနေမှာပေါ့။

မောင်သေသွားယင်လဲ ဝမ်းမနည်းပါနဲ့မြမာလာ။ မောင် မှာတာတွေ ဆက်လုပ်ခြင်းဟာ မောင့်ကို ချစ်ခြင်းပဲဆိုပြီး ဖြေပါမြမာလာ။ မြမလာ နေဖို့ထိုင်ဖို့အတွက်လဲ ဘာမှမပူပါနဲ့။ မောင် မြမာလာအတွက် ရွှေ့နေဦးအောင်မြင်နဲ့ အားလုံး စီစဉ်ထားခဲ့ပါတယ်။ ဒါတွေဟာ မြမာလာကို ချစ်တဲ့သူတယောက်က စီစဉ်ခဲ့တာဖြစ်လို့ လက်ခံပါ မြမလာ။ မြမလာမလိုဘူး၊ မလိုချင်ဘူးဆိုတာတော့ မောင် သိပြီးသားပါ။

တကယ်လို့ မောင် ရှင်ခဲ့ယင်တော့ မောင့်ပြဿနာတွေကို မောင်ပြေလည်အောင် ရှင်းပါ့မယ်။ ဘယ်လိုရှင်းမလဲဆိုတာတော့ မောင်ပြောမပြတတ်ဘူး။ ဒါပေမယ့် မောင်ဟာ မောင့်နှလုံးရောဂါက ကင်းတာဟာ ခန္ဓာကိုယ်နှလုံးရောဂါကသာမက စိတ်နှလုံးရောဂါ၊ အိမ်ထောင်ရေးရောဂါကပါ ကင်းသွားတာပဲ ဖြစ်ချင်တယ်။

ဒီအတွက် မောင် ဘာဖြစ်ဖြစ်၊ ဘာလုပ်ရ လုပ်ရ လုပ်မှာပဲ။ မြမာလာကို မောင်အချစ်ဆုံး၊

www.burmeseclassic.com

www.burmeseclassic.com



မောင့်ပညာ မောင့်အလုပ်ကို မောင် အခင်တွယ်ဆုံး။

အို မြမာလာ။ မြမာလာနဲ့ မောင် ထပ်တွေ့ရဦးမလား။ မြမာလာကို မောင်ဆက်ချစ်နေရပါဦးမလား။ မြမာလာရဲ့ အပြုအစု အယုအယ၊ အကူအညီတွေကို ဆက်ခံစားနိုင်ပါဦးမလား။ မောင် ဝမ်းနည်းတယ် မြမာလာ။ မြမာလာလို အတော်ဆုံး အလှဆုံး၊ ချစ်စရာအကောင်းဆုံး ချစ်သူတယောက်၊ လုပ်ဖော်ကိုင်ဖက်တယောက်ကို တွေ့ရပြီးမှ မောင်ဟာ သေရဦးမလား မသိဘူး။ အလှူင်တန်းကတော့ မောင် သေရမှာ တကယ်မကြောက်ပါဘူးမြမာလာ။ မြမာလာနဲ့ တွေ့ပြီးမှတော့ မြမာလာနဲ့ခွဲပြီး သေသွားရမှာကို ကြောက်တယ်မြမာလာ။

အို မြမာလာ၊ မောင့်ကံဟာ ဆိုးလှချည်လား။ ဘာပဲဖြစ်ဖြစ် မောင်ဟာ မြမာလာရဲ့ မောင်ဆိုတာတော့ ယုံပါကွယ်။ တကယ်လို့များ မောင်သေသွားခဲ့ယင်....

မြမာလာကို မောင် နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်။ မြမာလာကို မောင်နောက်ဆုံးအနမ်းတွေ ပေးခဲ့ပါတယ်။ မြမာလာရဲ့ချိုမြကြိုင်လျှမ်း



တဲ့ အနမ်းတွေကိုတော့ မောင် မျှော်လင့်တောင့်တလျက်ပါပဲ။

အို မြမာလာ အချစ်ရယ်

" မြမာလာရဲ့
**သီဟ**

စာကတော့ ဖတ်ပြီးသွားပြီ။ တော်တော်ရှည်တဲ့ ရည်းစားစာပဲ။ အို ရည်းစားစာလား၊ အလုပ်အတွက် အမှာစာလား၊ သူ့ဝန်ခံချက်စာလား၊ ဘာစာမှန်းတောင် တိတိကျကျ ပြောလို့မရဘူး။

မောင်သီဟ မင်းကတော့ တော်ပါပေ့။ သိမ်မွေ့သာ၊ ကွန်ပျူတာသာ၊ အဘိဓမ္မာသာ တော်တာမဟုတ်ဘူး။ စာရေးရာမှာလဲ တော်ပါပေ့။ မင်းရဲ့ တိုင်းပြည်ပေါ်ထားတဲ့ စေတနာကလဲ ကောင်းပါပေ့။ လေးစားစရာပါ။ ဒါပေမယ့် မင်းဘဝကတော့ သနားစရာပါပဲ။ အို မောင်သီဟ မင်းကို ငါတို့ မသေစေရဘူး။ ဒီလိုပဲ ငါကစာဖတ်ပြီး ငါ့ဟာငါ ပြောလိုက်မိတယ်။

'အို သူမသေပါဘူး ကိုကိုရဲ့၊ မပူပါနဲ့'

လို့ ငါ့နောက်ကပြောလိုက်တဲ့အသံကြားမှ ငါလဲအသံကြားရာကို လှည့်ကြည့်လိုက်ရတယ်။ အို ချစ်ဇနီးနန်းပါလား။ ပိုးလို့။ သူ့လက်ထဲမှာလဲ ဘာမှမပါဘူး။

'ဟင်....နန်းရောက်လာပြီ၊ ကိုကိုဖြင့် စာဖတ်နေတာနဲ့ နန်းရောက်လာတာတောင် မသိဘူး၊ ဆောရီးပဲနန်း'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး ကိုကို၊ ကိုကိုစာဖတ်နေတာနဲ့ နန်း စားစရာ သောက်စရာတွေကို ပြင်ထားပြီးပြီ၊ ခွဲစိတ်ခန်းကိုလဲ စားစရာတွေ ပို့ထားခဲ့တယ်၊ ဒေါက်တာတင်မြင့်နဲ့ ဥမ္မာတို့က လူနာ အခြေအနေ ကောင်းလာပြီတဲ့'

သွေးအားက ၁၁၀၊၇၀။ သွေးခုန်နှုန်းက ၁၀၀ပဲရှိတော့တယ်။သွေးလဲမထွက်၊ သတိလဲမမေ့တော့ဘူးတဲ့။အဲဒါကြောင့် ကိုကို လူနာမသေတော့ပါဘူးလို့ နန်းပြောတာ။

'တကယ်ဝမ်းသာလိုက်တာနန်းရယ်၊ ထမင်းတောင် မဆာတော့ဘူး'

'မဆာလဲ စားရမယ်ကိုကို။ ဒီလောက်ပင်ပန်းထား၊ အဆာခံထားတဲ့ဟာ ကိုကို ဂက်စတရစ်(အစာအိမ်အနာ)ဖြစ်နေမှာပေါ့လာပါ'

ဒါနဲ့ ငါလဲ စာတွေပြန်သိမ်း ပြန်ထည့်ပြီး သူထမင်းပြင်ပေးတာကို ငါ့ရုံးခန်းမှာပဲ စားရတယ်။ ချစ်တဲ့သူနှစ်ယောက် မျက်နှာချင်းဆိုင်စားရလို့ ပျော်လိုက်တာ။ ဒါပေမယ့် ငါ့မှာ သီဟအတွက် စိတ်မကောင်း။ တချက်တချက် ထမင်းစားယင်း စကားပြောယင်း သူ့အကြောင်း တွေးမိတာနဲ့ ငေးငေးသွားမိတယ်။ ဒါကို နန်းရိပ်မိတယ်ထင်ပါရဲ့။

'သိပ်လဲ မစဉ်းစားပါနဲ့ ကိုကို၊ ပထမ ကိုသီဟ ခွဲစိတ်မှု အောင်ဖို့၊ ရောဂါပျောက်ဖို့ အရေးကြီးပါတယ်။ နောက်မှ သူ့ကိုယ်ရေးကိုယ်တာကို ကူညီဖြေရှင်းပေးပေါ့။ ဒီလိုပြောလို့



နန်း ကိုကို့စာကို ခိုးမဖတ်ဘူးနော်။ ကိုကို့အမူအရာနဲ့ ကိုသီဟ အကြောင်း နည်းနည်းကြားဖူးလို့ နန်း ခန့်မှန်းပြောတာ'

လို့ပြောတယ်။ ဒါနဲ့ ငါလဲ

'ဟုတ်တယ်၊ မောင်သီဟဟာ လူတော်ပဲ နန်း၊ ဒါပေမယ့် ဘဝကံ၊ အိမ်ထောင်ရေးကံ မကောင်းရှာဘူး။ ဒါကို စိုးရိမ်မိလို့ပါ။ သူ့စာကတော့ ကိုကိုဖတ်ဖို့ သူခွင့်ပေးထားတာပဲ နန်း။ ဖတ်လဲ သိပ်အရေးမကြီးပါဘူး။ ဒါပေမယ့် မဖတ်တာပဲ ကောင်းပါတယ်'

လို့ပြန်ပြောလိုက်ရတယ်။ နောက်မှထမင်းဆက်စားရတယ်၊ ထမင်းစားပြီး မကြာခင် နန်းထမင်းစားပွဲ သိမ်းနေတုန်းမှာပဲ ဒေါက်ဒေါက်နဲ့ တံခါးခေါက်သံကြားရတယ်။ ဒါနဲ့

'ဝင်ခဲ့'လို့

ပြောလိုက်ရတယ်။ ရှေ့တံခါးဟာ အသာလေး ပွင့်လာပြီး မိန်းကလေးတယောက် ဝင်လာတယ်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အသားကဖြူဖြူ၊ မျက်နှာကသွယ်သွယ်၊ ခေါင်းမှာ ခေါင်းစီးပဝါ အနီတခုကို စည်းလို့။ လက်ကိုင်အိတ်အဖြူ ဆွယ်တာအင်္ကျီအဖြူနဲ့။ မြမာလာပဲထင်ပါရဲ့။

'မြမာလာဆိုတာလား၊ လာ လာ ငါ့နှမ ဝင်ခဲ့'

လို့ ငါလဲ ပြောလိုက်ရတယ်။ သူလဲ ငါ့ကို အံ့ဩသလို ကြည့်ယင်း အေးအေးသက်သာပဲဝင်လာတယ်။ ငါ့ကိုတလှည့်၊ နောက်ပန်းကန်တွေသိမ်းနေတဲ့ နန်းမျက်နှာကိုတလှည့်ကြည့်လို့

www.burmeseclassic.com

www.burmeseclassic.com



'သူက ဆရာ့ဇနီးပါ၊ အခုပဲ ထမင်းစားပြီးတယ်၊မင်းကော စားခဲ့ပြီလား'

'ကျွန်မ မစားခဲ့ရသေးပါဘူး ဆရာ၊ ဒါပေမယ့် ကျွန်မ မဆာပါဘူး'

နောက် ပြောပြီး သူဟာ ငါ့စားပွဲရှေ့ကကုလားထိုင်ပေါ်မှာ မရှိန့်မရဲ ထိုင်ရှာတယ်။ ငါလဲ ကုလားထိုင်ပေါ်မှာထိုင်ယင်း

'ထိုင်ပါ ထိုင်ပါ၊ နန်းခရ၊ သူ့အတွက်ပါ ကော်ဖီထည့်ပါကွာ'

လို့ ပြောလိုက်ရတယ်။ နန်းလဲ ဓာတ်ဘူးနဲ့ယူလာတဲ့ကော်ဖီကို သုံးခွက်ခွဲထည့်ပြီး ငါ့ရှေ့တခွက်၊ မြမာလာရှေ့မှာ တခွက်ချ သွားတယ်။ သူကတော့ တခြားတနေရာမှာ သွားထိုင်တယ်။

'မမလဲလာပါ၊ ကျွန်မမှာ လျှို့ဝှက်ပြောစရာမရှိပါဘူး'

လို့ မြမာလာက ပြောရှာတယ်၊ ဒါနဲ့ နန်းလဲ ငါတို့စားပွဲကို ပြန်ရောက်လာတယ်။

'ညီမ ကော်ဖီသောက်လိုက်ဦး၊ ပြီးမှစကားပြော၊ လာတာ ရော အဖော်ပါရဲ့လား'

လို့ သူက ပြုံးမေးလိုက်တယ်။

'ဟုတ်ကဲ့'

လို့ ပြောပြီး သူလဲ ကော်ဖီသောက်လိုက်တယ်။ နောက်

'ဆရာ၊ သူ့ခွဲတာ ဘယ့်နှယ်နေပါသလဲ'

လို့ မေးတယ်။



'သူဆိုတာ မောင်သီဟလား၊ ဟုတ်တယ် ခွဲစိတ်မှုက ကောင်းပါတယ်၊ အခုထိတော့ အခြေအနေ မဆိုးပါဘူး'

'သူ ရှင်ပါ့မလား ဆရာ'

'ရှင်မယ်ထင်ပါရဲ့၊ ဆရာတို့ကတော့ သူတို့ သိပ် ရှင်စေချင်တယ်၊ ရှင်အောင်လဲ အစွမ်းကုန်လုပ်ပေးမှာပဲ'

'ကြားရတာ ဝမ်းသာလိုက်တာ ဆရာ'

'အေး....မင်းကိုတွေ့ရတာလဲ ဆရာဝမ်းသာတယ်၊ဒီမှာ မင်း အတွက်စာ'

ပြောပြောဆိုဆိုနဲ့ ငါလဲ အခုနကစာကို ယူပေးလိုက်ရတယ်။ သူလဲ ကြောင်ကြည့်နေတယ်။

'ဟုတ်တယ်၊ မင်းအတွက် မောင်သီဟက သူ့ကိုမခွဲခင်က ပေးခဲ့တာ၊ ခွဲပြီးမှပေးပါဆိုလို့ အခုတော်ပဲ၊ ငါလဲဖတ်ပြီးပြီ'

'ဆရာလဲဖတ်ပြီးပြီ'

သူဟာ အတော်အံ့ဩသွားတယ်။ နောက် မျက်နှာလဲ ရဲသွားတာပဲ။ ရှက်လို့ထင်ပါရဲ့။ ဒါနဲ့ ငါက ပြောလိုက် ရတယ်။

'မရှက်ပါနဲ့မြမာလာ၊ လူနာနဲ့ဆရာဝန်ကြားမှာ ဘာမှ ရှက်စရာ၊ လျှို့ဝှက်စရာမရှိဘူး၊ ဆရာတို့တာဝန်က လူနာတွေရောဂါ ကင်းအောင်၊ ပျောက်အောင်လုပ်ပေးဖို့ပဲ၊ ဒီတော့ မြမာလာ စာဖတ်ကြည့်ဦး၊ ပြီး ဆရာ မင်းကို နည်းနည်းပါးပါးလေး မေး ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ညီမရဲ့၊ ဆရာဝန်နဲ့လူနာဆိုတာ ဘာမှရှက်စရာ၊ လျှို့ဝှက်စရာမရှိဘူး၊ အဲဒီ ရှက်စရာ၊ လျှို့ဝှက်စရာတွေကိုသိလဲ ဆရာဝန်တွေက တခြားလူတွေကို လျှောက်မပြောပါဘူး'

နန်းက မြမာလာ ရှက်နေမှာစိုးတာနဲ့ ဝင်ပြောတယ်။ မြမာလာလဲ အဲဒီအခါကျမှ သူ့မျက်နှာ ဝင်းလာတယ်။

'ဟုတ်ကဲ့ မမ'

တဲ့။ ပြီးမှ ငါ့ဘက်ကိုလှည့်ပြီး

'ဆရာ၊ ကျွန်မ သူ့ကိုတွေ့နိုင်မလား'

လို့ မေးတယ်။

'အခုတော့ တွေ့လို့မရသေးဘူး၊ မပူပါနဲ့ကွာ၊ သူ သတိရလာယင်၊ အခြေအနေကောင်းလာယင် တွေ့ခွင့် ပေးပါ့မယ်'

'ဒါဖြင့် ကျွန်မ မပြန်ပဲ စောင့်နေမယ်'

'ဟယ်....ဒီလိုတော့ဘယ်ဖြစ်မလဲ၊ မင်းအိမ်ပြန်သွား၊ ဖုန်းပေးခဲ့၊ ကောင်းတဲ့အခါကျမှ ငါတို့ဖုန်းဆက်မယ်'

'မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်မတို့အိမ်က ရန်ကုန် အရှေ့ပိုင်းမှာ၊ အဝေးကြီးမို့ပါ၊ နောက်ပြီး ကျွန်မ ဒီကိုလာတာလဲ လူတွေ သိပ်မသိစေချင်လို့ပါ'

'ဒါဖြင့် ငါ ဘာလုပ်ရပါ့'

ငါလဲ အဲဒီလိုပြောပြီး သူ့ကို စိုက်ကြည့်နေမိတယ်။ သူ့ကိုလဲ သနားလာတယ်။



ဟုတ်တယ်၊ သူ့က ချစ်သာချစ်ရ မပိုင်ရသေးဘူး။ ပိုင်ပြီး သူနဲ့တွေ့ယင်ဒုက္ခ၊ တိုကလဲ ပိုင်တာပိုင် မချစ်။ ဒါကို နန်းက ရိပ်မိတယ်ထင်ပါရဲ့။

'ညီမ မမတို့အိမ်က လိုက်စောင့်ပါလား'

လို့ ပြောလိုက်တယ်။ ဒါနဲ့ ငါလဲ....

'ဟုတ်တယ်၊အဲဒီအကြံကောင်းတယ်၊ အခု ဆရာ သူ့အခြေအနေသွားကြည့်လိုက်မယ်၊ မင်း ဆရာတို့အိမ်လိုက်ခဲ့'

'ကျေးဇူးတင်ပါတယ် ဆရာ'

www.burmeseclassic.com

## မြမာလာ

ဒါနဲ့ ငါလဲ ခွဲစိတ်ခန်းကို ပြန်သွားရပြန်တယ်။ ခွဲစိတ်ခန်းထဲမှာတော့ သီဟရဲ့ဘေးမှာ ငါ့တပည့်တွေဟာ အလုပ်ကိုယ်စီနဲ့ ရှိနေကြတယ်။

တင်မြင့်ကထုံးစံအတိုင်း လူနာရဲ့ဘေးမှာ လူနာရဲ့ အသက်ရှူနှုန်း၊ သွေးခုန်နှုန်းတွေကို တိုင်းကြည့်နေတယ်။

မြမြရီကလဲ လူနာ့ဘေးမှာ။ လက်ထဲမှာလဲ နာရီကိုင်လို့။ ဟုတ်တာပေါ့၊ သူက လူနာရဲ့သွေးခုန်နှုန်း၊ သွေးတွက်နှုန်း၊ သွေးခဲနှုန်း အားလုံးကို တိုင်းနေတာကိုး။ သူ့တိုင်းနေပုံထောက်တော့ သွေးထွက်တာ လုံးလုံးမတိတ်သေးဘူးထင်ရဲ့။



ဒါပေမယ့်လူနာကြည့်ရတာ အခြေအနေကောင်းနေသားပဲ။ သူ အသက်မှန်မှန်ရှူနေတယ်။ အောက်စီဂျင်ပိုက် သုံးရပေမယ့် အသက်ရှူစက်ကို မသုံးရတော့ဘူး။ အခုလို ကိုယ့်ဟာကိုယ် အသက်ရှူနိုင်တာကိုက တိုးတက်မှုတခုပဲ။ ဒါပေမယ့် သွေးနဲ့ ပတ်သက်တာတွေကိုတော့ ဆက်စစ်ကြည့်ရဦးမယ်။

'ဘယ့်နှယ်နေသေးလဲဟေ့'

'အားလုံးကောင်းလာပါပြီ ဆရာ၊ စိုးရိမ်စရာ မရှိတော့ပါဘူး'

ဗညားက လှမ်းပြောတယ်။

'ဥမ္မာကော'

'အလျင်ကထက်တော့ ကောင်းပါပြီ ဆရာ'

'သွေးနဲ့ပတ်သက်တာတွေရော'

'သွေးထွက်တာ နည်းနည်းရှိသေးတယ် ဆရာ၊ သွေးခဲတာလဲ ခြောက်မိနစ်ကြာတယ်'

မြမြရီက လှမ်းပြောတယ်။

'အင်း....အဲဒါဆို သွေးထပ်သွင်းရမှာပေါ့၊ အခု ဘယ်လောက် သွင်းနေသလဲ'

'တရက် ခြောက်ပုလင်းနှုန်း ဆရာ'

'အေး....အေး၊ ဆက်လုပ်ကြ၊ သွေးတိုးအားကော'

'သွေးတိုးအားကတော့ ကောင်းလာပါပြီဆရာ၊ ၁၀၀/၇၀ ရှိလာပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



တင်မြင့်က ပြောပြောဆိုဆို သူမှတ်ထားတာတွေကို လာပြတယ်။ ဒါနဲ့ ငါလဲ သူ့မှတ်သားချက်တွေကို စစ်ကြည့်ရတယ်။ အင်း....မိနစ်တိုင်းအားလုံးကို မှတ်သားထားတာပဲ၊ တော်တော်ဂရုစိုက်ကြ၊ တိကျကြပါပေတယ်။ ကျေနပ်အားရစရာပါပဲ။ ဒါပေမယ့် သွေးတိတ်ဖို့၊ သွေးခဲတာမှန်ဖို့ ကျန်သေးတယ်။

ဒါကို ဂရုစိုက်ရဦးမယ်။ ဒါ့ကြောင့်....

'အေး...အခြေအနေကောင်းလာတယ်၊ ဒါပေမယ့် ဆက်ဂရုစိုက်ကြဦး၊ သွေးထဲ ဆီးထဲက အလက်ထရိုလိုက်(ဓာတ်ဆားများ တည်ရှိနှုန်း)တို့ ဘာတို့ ညာတို့ ဆက်စစ်ကြည့်ဦး၊ သိပ်ပင်ပန်းယင် စစ်ဗတာတွေ ခဏစောင့်ခိုင်းပြီး နားကြ၊ ငါ့လိုယင်လဲ ခေါ်'

ငါလဲ သူ့ကိုမေးပြီး ပြန်မယ်လုပ်တယ်။ နောက်မှ မျက်စိကိုစမ်းဖို့ သတိရတာနဲ့ မျက်စိနဲ့ ဦးနှောက် အခြေအနေတွေကို စမ်းကြည့်ရတယ်။ မဆိုးပါဘူး။ အလျင်ကစာယင် တော်တော်တိုးတက်လာတာပဲ။ သူငယ်အိမ်ကျဉ်းတယ်၊ တုံ့ပြန်မှုမှန်တယ်။ ဦးနှောက်စမ်းသပ်မှုကတော့ စက်နဲ့လုပ်ရတယ်။ သူက အိပ်ပျော်နေရှာတယ်။ ဒါ့ကြောင့်....

'သူ့အာရုံကြောစနစ်လဲ ကောင်းသားပဲ'လို့ ငါက ပြောလိုက်ရတယ်။

'အခုနကတော့ သူနည်းနည်း ကယောင်ကတမ်း အော်ချင်တယ်၊ စိတ်ငြိမ်ဆေးထိုးထားရတယ်'



လို့ မြမြရီက ပြောတယ်။

'အေး ကောင်းသားပဲ'

လို့ ငါလဲပြန်ပြောလိုက်ရတယ်။ ပြီးတော့ ခွဲစိတ်ခန်းက ငါ့ရုံးခန်းကို ပြန်လျှောက်လာတယ်။ ပြန်လျှောက်လာယင်း၊ ကနေ့ခွဲစိတ်မှုအကြောင်း၊ လူနာအကြောင်း၊ မြမာလာအကြောင်းကို စဉ်းစားလာမိတယ်။ ဟုတ်တယ် ကိုသီဟဟာ ငါ့အတွက်စိတ်ဝင်စားစရာအကောင်းဆုံး လူနာတယောက်ပဲ။ တခါမှ ဒီလိုလူနာမျိုး ငါမတွေ့ဖူးသေးဘူး။

ငါ့အခန်းထဲကို ပြန်ရောက်တော့ နန်းနဲ့မြမာလာတို့ စကားကောင်းနေတာ တွေ့ရတယ်၊ နန်းကတော့ ထုံးစံအတိုင်း ပြုံးလို့ ရွှင်လို့ သွက်လို့။ မြမာလာကတော့ နန်းပြောသမျှကို ငေးနားထောင်နေတယ်။ ငါဝင်သွားတော့ နှစ်ယောက်စလုံး ငါ့ကို ဘယ်လိုလဲဆိုတဲ့ မျက်နှာမျိုးနဲ့ကြည့်ကြတယ်။ ဒါကြောင့်....

'အခြေအနေမဆိုးပါဘူး၊ ကောင်းနေပါတယ်'

လို့ ပြောလိုက်ရတယ်။

'သူသတိရပြီလား ဆရာ'

'သတိတော့ မရသေးဘူး၊ ဒါပေမယ့် နည်းနည်းတော့ ယောင်တယ်'

'ကျွန်မ ဘယ်တော့ကြည့်ခွင့်ရမလဲ ဆရာ'

'သူကောင်းလာတဲ့အခါပေါ့'

'ဘယ်တော့ကောင်းလာမလဲ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ အတိအကျ မပြောနိုင်ဘူး မြမာလာ၊ နက်ဖြန် သဘက်၊ ဒါမှမဟုတ် တရက်ရက်ပေါ့'

'မနက်ကျ ကျွန်မလိုက်ကြည့်ပါရစေ ဆရာ'

'ဖြစ်နိုင်ပါတယ်လေ၊ မြမာလာ သူ့ကို တော်တော်တွေချင် နေပြီ ထင်တယ်'

မြမာလာက ဘာမှပြန်မပြောဘူး၊ပြုံးနေတယ်။နန်းမျက်ဝန်း ကသာ

'ဘယ်လိုပြောလိုက်တာလဲ ကိုကို၊ သူ့ခမျာ တွေ့ချင်ရှာမှာ ပေါ့'

'ဪ....နန်းတောင် သူတို့အကြောင်းကို သိနေပြီလား'

'မိန်းမချင်းပဲ ကိုကို၊ သိသင့်သလောက် သိတာပေါ့၊ ဟုတ်ဖူးလား ညီမရယ်'

မြမာလာ ခေါင်းညိတ်ရှာတယ်။

'ကဲ ကဲ တို့အိမ်သွားရအောင်၊ မြမာလာလဲ တို့ကားနဲ့ လိုက်ခဲ့ပေါ့'

အဲဒီလိုပြောပြီး ငါတို့တတွေလဲ အိမ်ပြန်ဖို့ပြင်ရတယ်၊ နန်း ကတော့ ဒရိုင်ဘာနဲ့ပစ္စည်းတွေသိမ်းတယ်။နောက် ငါ့ရုံးခန်းကို ရှင်းလင်းပြင်ဆင်ပေးတယ်။မြမာလာကတော့ သူ့စာနဲ့လက်ပွေ့ အိတ်ပဲယူပြီး နန်းနဲ့ ဆင်းသွားတယ်။ ငါလဲ အဝတ်လဲပြီး ယူစရာရှိတဲ့ စာအုပ်စာတမ်း ကိရိယာတန်ဆာပလာတွေကို ယူခဲ့ တယ်။သီဟရဲ့မှတ်စုလဲ ယူလာရတယ်။နောက် ဒရဝမ်တယောက် ခေါ်ပြီး အခန်းစောင့်ထားခဲ့ရတယ်။



အိမ်ကိုပြန်ရောက်တယ်ဆိုယင်ပဲ နန်းက မြမာလာကို လိုလေ သေးမရှိ ပြင်ဆင်ညှော်ခံတယ်။ ငါတော့ ရေချိုးအဝတ်အစားလဲ ရတယ်။သမီးကလေးကိုသွားကြည့်တော့ သူ့အခန်းထဲမှာသနား စရာအိပ်နေတယ်။ငါလဲသမီးကို တချက်မွှေးမွှေးပေးပြီးပြန်ထွက် လာရတယ်။ညှော်ခန်းမှာတော့ နန်းနဲ့ မြမာလာတို့ ထိုင်ကော်ဖီ သောက်နေကြတယ်။ ငါလဲ သူတို့ထဲ ဝင်ရတာပေါ့။ နောက် မေးစရာ ပြောစရာတွေကို မေးရတယ်။

'ကဲ မြမာလာအကြောင်း ဆရာတို့ကို ပြောပြပါဦး'

သူက ရှက်သလိုလိုနဲ့ ပြုံးပြီး ခေါင်းငုံ့နေတယ်။ အတော် ကြာတဲ့အထိ ဘာမျှမပြောလို့၊

'မြမာလာ ဆရာတို့ကို ရှက်ဖို့မလိုပါဘူးကွယ်၊ ဆရာတို့လဲ ငယ်ရာက ကြီးလာတာပဲ၊ နောက်ပြီး မြမာလာ အကြောင်းကို ကိုသီဟစာဖတ်ပြီးလို့ သိပြီးပြီပဲ၊ မြမာလာလဲ အဲဒီစာကို ဖတ် ပြီးပြီ မဟုတ်လား'

ဒီတော့မှ သူက မျက်နှာပြန်မော့လာပြီး....

'ဟုတ်ကဲ့၊ ဖတ်ပြီးပါပြီ၊ အဲဒီစာထဲကအပြင် ဘာမှသိပ်ပြော စရာ မရှိပါဘူး ဆရာရယ်'

'မြမာလာကမပြောယင် ဆရာကမေးမယ်လေ။ ဆရာ မေး တာကို မြမာလာဖြေပေါ့၊ဆရာ့ကို သိပ်စပ်စုတယ်လို့ မထင်ပါနဲ့။ ကိုသီဟဟာ တော်ရုံတန်ရုံလူနာမဟုတ်ဘူး။ ဆရာ့အတွက်ခင်း အတွက် တိုင်းပြည်အတွက် အရေးကြီးတဲ့သူ။ သူဟာသူ့ခတော်

www.burmeseclassic.com



တယောက်၊ တိုင်းပြည်ကိုချစ်တဲ့ လူတယောက်။ဒီတော့ သူ့ကို ဆရာရှင်စေချင်တယ်။ ရှင်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ သူလုပ်ချင်ရာတွေကို အောင်အောင်မြင်မြင် လုပ်စေချင်တယ်။တကယ်ဆိုတော့ သူ့အသက်ကိုစွန့်ပြီး နှလုံးအခွဲခံတာကိုက တိုင်းပြည်အတွက်၊ မင်းအတွက်၊ ဆရာ့အတွက် စွန့်လုပ်တာပဲ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဆရာ'

'ကဲကဲ၊ ဒါဖြင့် ပြောနိုင်သလောက် ပြောပြပါကွာ။ ဒါမှမဟုတ် မြမာလာနဲ့သူနဲ့ ဘာတွေလုပ်ခဲ့တယ်၊ နောက်ထပ်ပြီး ဘာတွေလုပ်ဖို့ရည်ရွယ်ထားတယ်ဆိုတာပြောပြပါကွာ။နောက်မှ မြမာလာတို့ဘယ်လိုတွေ့တယ်၊ရှေ့လျှောက်ဘယ်လိုနေကြထိုင်ကြမယ်ဆိုတာ ပြောပြပါ။ဟုတ်လား။မင်းအစ်မနန်းလဲရှိနေတာပဲ။ မရှက်ပါနဲ့ကွာ'

'ဟုတ်ကဲ့ဆရာ၊ ကျွန်မပြောပါမယ်၊ ကျွန်မငယ်ငယ်ကလေးကတည်းကသံချိုကို ဝါသနာပါတယ်ဆရာရဲ့။ ဆယ်တန်းဖြေတော့လဲသံချိုလူရည်ချွန်ရတယ်။ ဒါနဲ့ တက္ကသိုလ်ရောက်တော့ သံချိုဘာသာကို လိုက်ခဲ့တာပဲဆရာ။ အဲဒီအချိန်က ကျွန်မ ဆေးကျောင်းတို့အာရ်အိုင်တီ(စက်မှုတက္ကသိုလ်)တို့ကို လိုက်ခွင့်ရပါတယ်ဆရာ။ ဒါပေမယ့် ဝါသနာမပါတာနဲ့ မလိုက်ခဲ့တာ'

'ဟုတ်တာပေါ့။ဝါသနာပါရာလိုက်တာ ကောင်းတာပေါ့။ ဝါသနာမပါပဲ သူများလိုက်တဲ့လိုင်းလျှောက်လိုက်လို့အလကားပေါ့။ ဘယ်ပညာဖြစ်ဖြစ် ဝါသနာပါယင်၊ တကယ်လုပ်ယင် ကောင်းတာပဲ'



'ဟုတ်ပါတယ်ဆရာ၊ကျွန်မလဲ အဲဒီသဘောနဲ့သံချိုကိုလိုက်ခဲ့တာပါပဲ။ သိပ္ပံဘွဲ့ရတဲ့အခါကျ ကျွန်မဂုဏ်ထူးတွေ ဘာတွေနဲ့ အောင်ခဲ့တယ်။ ဆရာကလဲ ဆရာဆိုတာ ဆရာဦးသိဟကို ပြောတာပါ။ နိုင်ငံခြားက ပြန်လာခါစ၊ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်၊ သူ့ပညာကို ဆရာစားမချန်ပဲ အကုန်သင်ပေးတယ် ဆရာရဲ့။ကျွန်မကလဲ ကြိုးကြိုးစားစားစိတ်ပါလက်ပါ လိုက်သင်တာပေါ့။ အဲဒီတွင်ဆရာကလဲအားရ၊ ကျွန်မကလဲပျော်၊ ဒါနဲ့ ကျွန်မ မဟာသိပ္ပံဘွဲ့တွေဘာတွေ ရသည်အထိ ဆရာနဲ့အတူလုပ်ခဲ့တာပဲဆရာ'

'ဒါဆို မြမာလာနဲ့ ကိုသိဟနဲ့ သိတာ ကြာပြီပေါ့'

'ဟုတ်ကဲ့ဆရာ၊ အတူအလုပ်လုပ်လာကြ၊ သုတေသနပြုလာကြတာ အခုဆို လေးငါးနှစ်လောက်ရှိပါပြီ။ဒီလေးငါးနှစ်ဟာ ကျွန်မအတွက် ပျော်စရာကောင်းတဲ့၊ အားတက်စရာကောင်းတဲ့ အချိန်တွေပဲဆရာ။ ဘာဖြစ်လို့လဲဆိုယင် ကျွန်မ ဝါသနာပါတဲ့ အလုပ်တွေလဲ အောင်မြင်အောင်လုပ်ရကိုင်ရတယ်။ ဆရာအဖို့လဲ သူလုပ်ချင်ရာတွေ ကူညီလုပ်ကိုင်ပေးနိုင်တယ်။ ဆရာနဲ့ကျွန်မနဲ့ လုပ်တဲ့ သုတေသနတွေဟာလဲ အောင်မြင်မှုလမ်းစမှာ ရောက်လာတယ်။ တခုပဲဆိုးတာက အခုနောက်ပိုင်း နှစ်နှစ် သုံးနှစ်မှာ ဆရာ့နှလုံးရောဂါဟာ ဆိုးလာတာ ဆရာ့အိမ်ထောင်ရေး အခြေအနေဟာ ဆိုးလာတာပါပဲ'

'အင်း....စိတ်ဝင်စားစရာပါပဲ။ဆက်ပြောပါဦး။သုတေသန အကြောင်းလေးတွေပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ အဓိကအလုပ်ကတော့ ဆိုင်ဘာနဲတစ် (Cibernetis)ပါပဲဆရာ။ ဆိုင်ဘာနဲတစ်ဆိုတာ ကိုတိုပြောရယင်တော့ သတ္တဗေဒလောက၊ သတ္တဗေဒ ဖြစ်စဉ်တွေကို သင်္ချာနည်းနဲ့ တွက်ချက်မှတ်သားတာပေါ့။ ဒီကနေ့ စက်ဦးနှောက် ကွန်ပျူတာတွေ၊ နှလုံးတု၊ အဆုတ်တုတွေ ပေါ်လာအောင်၊ နောက် လူအတု၊ လူလိုလုပ်နိုင်တဲ့ စက်တွေ ပေါ်လာအောင် လုပ်တဲ့ ပညာပါပဲဆရာ'

'အေး အဲဒါ ဆရာလဲကြားဖူးတယ်။ မြမာလာတို့ရဲ့ လုပ်ငန်းက တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ။ အခု ဆရာတို့ ဆေးရုံမှာသုံးတဲ့ နှလုံးအတုစက်၊ အဆုတ်အတုစက်တွေရဲ့ လုပ်ငန်းတောင် မောင်သီဟက တွက်ချက်ပေးဖူးတယ်။ တချို့ဟာ တွေကျတော့ ပိုကောင်းအောင်ပြင်ဖို့ နည်းလမ်းတွေ ပေးထားတယ်။ တချို့သူပြောတဲ့အတိုင်း လုပ်ခိုင်းလို့ တိုးတက်လာတာ တွေ့ရတယ်။ တချို့လဲ ဆရာတို့လဲ နားမလည်၊ အင်ဂျင်နီယာတွေလဲ နားမလည်လို့ လုပ်မရသေးဘူး။ ဒါနဲ့ စံထွင်တာတို့၊ လူ့အကြောင်း စက်နဲ့ မှတ်မယ်ဆိုတာတို့က ဖြစ်နိုင်ပါ့မလားကွာ'

'အဲဒါ ကျမတို့က သိပ်စိတ်ဝင်စားနေတာပေါ့ဆရာ၊ ဆရာဦးသီဟရဲ့အလိုကတော့ လောကမှာ စနစ်ဆိုတာ၊ စံဆိုတာ ဘယ်မှာဖြစ်ဖြစ်ရှိတယ်။ သတ္တလောက လူ့လောကမှာလဲ ရှိတာပဲ။ အဲဒီ သတ္တလောက၊ လူ့လောကမှာလဲရှိတဲ့ အဲဒီစနစ်၊ အဲဒီစံကို သိယင် ဘာမဆို သင်္ချာနည်းနဲ့ တွက်ချက်မှတ်သား အသစ်တီထွင်နိုင်တယ်လို့ ပြောတာပဲဆရာ'



'ဥပမာကွယ်'

'ဥပမာဆရာ၊ လူနှလုံးဆိုပါစို့။ နှလုံးဟာ တကယ်တော့ ညှစ်တဲ့ကိရိယာပဲ။ အရေးကြီးတာက မှန်မှန်ညှစ်ဖို့။ သွေးတိုးအားကို လိုတိုးပိုလျော့ ပြုပြင်ပေးနိုင်ဖို့၊ မကောင်းတဲ့ သွေးနဲ့ ကောင်းတဲ့သွေး ခွဲခြားပေးနိုင်ဖို့ပဲ။ အဲဒီတော့ နှလုံးလိုလုပ်နိုင်တဲ့စက်ရှိယင် နှလုံးအစစ် မလိုတော့ဘူး။ ဒါကို သင်္ချာနည်းနဲ့ ဗိသုကာအင်ဂျင်နီယာနည်းနဲ့ တွက်ချက် ပြင်ဆင်ပေးနိုင်တယ်။ တခုပဲရှိတယ်၊ နှလုံးအစစ်ကတော့ လိုယင်လိုသလို ကြီးလာနိုင်၊ သေးသွားနိုင်တယ်။ စက်နှလုံးကတော့ အဲဒီလို မဖြစ်နိုင်ဘူး။ နောက်ပြီး နှလုံးအစစ်က လူ့ရဲ့စိတ်ပေါ်တည်ပြီး အခုန်မြန်နိုင် နှေးနိုင်တယ်။ စက်ကတော့ မလုပ်နိုင်သေးဘူး။ ဒါကြောင့် နှလုံးအစားထိုးကုချင်ယင် လူ့နှလုံးနဲ့ပဲ အစားထိုးကုတာ အခုနေ အကောင်းဆုံးပဲ။ ဒါပေမယ့် နှလုံးရဲ့အခင်တွေ အဆို့တွေ ပျက်ယင်တော့ သက်မဲ့ပစ္စည်းနဲ့ အစားထိုးကုနိုင်တယ်။ မဟုတ်ဘူးလားဆရာ'

'ဟုတ်ပါတယ်။ ဆရာတို့ အခုပဲ နှလုံးအခင်အတုတွေတပ်ကုနေတာပဲ၊ မောင်သီဟရဲ့ ပညာပါတာပေါ့'

'အဲဒီလိုပဲ အဆုတ်ဆိုယင်လဲ အဓိကက လေကိုရှူဖို့ သွင်းဖို့ အဲဒီလေထဲက အောက်စီဂျင်ကိုယူပြီး သွေးထဲက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကိုထုတ်ဖို့၊ ဒီလိုလုပ်နိုင်ဖို့ သွေးကြောတွေ ကပ်နေနိုင်ရမယ်။ ပါးရမယ်။ ကျုံ့နိုင်ပြန့်နိုင်ရမယ်။ အဲဒါ မှန်မှန်လုပ်နိုင်ယင် အဆုတ်အတု လုပ်နိုင်တာပေါ့ဆရာ။ ဒီအချက်

www.burmeseclassic.com



ကို မူတည်ပြီး နှလုံးတုအဆုတ်တုစက် (Heart-Lung Machine)ကို တီထွင်တာပေါ့။ ဆရာတို့ အခုသုံးတဲ့စက်ဟာ အဲ အတိုင်း တွက်ချက်ထားတာပဲ၊ ကျွန်မတို့ တခါကြည့်ဖူးပါ တယ်'

'ကြည့်ဖူးမှာပေါ့၊ အဲဒါပျက်နေလို့ မင်းတို့ဆီကို ချက် (Check)လုပ်ဖို့ ဆရာတို့ပို့ဖူးတယ်။ ဟုတ်တယ် မှတ်မိပြီ၊ အဲ တုန်းက မင်းတို့ပဲ တွက်ချက်ပေးတာမို့လား'

'ဟုတ်ပါတယ်ဆရာ။ အဲဒီလိုပဲ ကျောက်ကပ်ဆိုယင်လဲ သူ့ အလုပ်က ဘာလဲ။ သွေးထဲက အညစ်အကြေးတွေ ထုတ်ဖို့၊ ရေကိုအပြင်ထုတ်ပစ်ဖို့။ ဆိုလိုတာက ဆီးဖြစ်အောင် လုပ်ပေးဖို့ပဲ။ အဲဒီလုပ်ငန်းကို စက်တခုခုက လုပ်ပေးနိုင်ယင် ကျောက်ကပ်အစစ်ပျက်ယင် အစားထိုး ပေးနိုင်တာပေါ့၊ ဒါနဲ့ ကျောက်ကပ်အတု (Artificial Kidney)တွေ ပေါ်လာတာ ပေါ့'

'ဟုတ်ပါတယ်ကွယ်။ မင်းပြောတာတွေ အကုန်မှန်ပါတယ်။ တကယ်ဆိုတော့ လူ့ခန္ဓာကိုယ်ကြီးဟာ စက်ယန္တရားကြီးနဲ့ တူ ပါတယ်။ သူလုပ်တာကိုင်တာကို စက်ယန္တရားနဲ့ အကုန်လုပ်နိုင် ပါတယ်။ လူ့ဦးနှောက်က မှတ်တာ တွက်တာကိုလဲ စက်ဦး နှောက်က မှတ်လို့တွက်လို့ရပါတယ်။ ဒါပေမယ့် မြမာလာ ရယ်၊ ဆရာနားမလည်တာက လူ့အတွေးအခေါ် လူ့အသိ ဉာဏ်မျိုး ခံစားမှုမျိုးကို ဘယ်လိုလုပ် စက်က သိမလဲ။ အဲဒါကိုပဲ ဆရာသိချင်နေတာ'



'အဲဒါကို ကျွန်မတို့ကလဲ စိတ်ဝင်စားနေတာပဲ ဆရာရဲ့။ ဆရာဦးသီဟနဲ့ ကျွန်မတို့ရဲ့ထင်မြင်ချက်က လူ့ခန္ဓာကိုယ်ရဲ့ နှလုံး တို့ အဆုတ်တို့ ကျောက်ကပ်တို့ကို အတုလုပ်လို့ရယင် ဦးနှောက် ကိုလဲ အတုလုပ်လို့ရရမယ်။ ဒီလိုလုပ်လို့ရဖို့အတွက် ဦးနှောက် ရဲ့အကြောင်း၊ အာရုံကြောအကြောင်းကို အစုံအလင် မသိသေး လို့သာ ကျွန်မတို့ စမ်းတဝါးဝါး ဖြစ်နေတာကိုး ဆရာရဲ့၊ အဲဒါ ကို သိအောင် ကျွန်မတို့စူးစမ်းလေ့လာရမယ်။ ကျွန်မတို့ရဲ့ ယူဆ ချက်က လူ့အသိဉာဏ်၊ ခံစားမှု၊ လှုပ်ရှားမှုတွေဟာ ဦးနှောက် နဲ့အာရုံကြောတွေရယ်၊ ပြန်မဲ့အကျိတ်တွေရယ်ပေါ်မှာ မူတည် နေတယ်။ သူတို့ရဲ့ လုပ်ပုံကိုင်ပုံ အသေးစိတ်ကိုသိယင် လူ့အသိ ဉာဏ်ခံစားမှုတွေကို သိနိုင်မယ်လို့ ထင်တာပဲဆရာ'

'စိတ်ဝင်စားစရာပါပဲကွာ၊ ကဲ အဲဒါလေး ဆက်ပြောပါဦး'

'ဟုတ်တယ်၊ ညီမဥစ္စာ သိပ်စိတ်ဝင်စားစရာ ကောင်းလာပြီ'

'နန်းကလည်း ဝင်ထောက်တယ်။ ဒါနဲ့ သူ့ခုမျှ ကော်ဖီ သောက်ယင်း ဆက်ပြောပြန်တယ်။ သူ့ကြည့်ရတာ သိပ်မောပုံ မရဘူး။ သူဝါသနာပါတဲ့၊ တတ်တဲ့ပညာကို စိတ်ဝင်စားတဲ့၊ သိချင်တဲ့လူတွေကို ပြောနေရလို့ မမောတဲ့ပုံ။ ဝမ်းသာနေတဲ့ပုံ၊ သူ့မျက်လုံးလေးတွေဟာ ကြည်နေ တောက်နေတာပဲ။

မှန်ပါတယ်။ သူ့မျက်လုံး မျက်ခုံးကလဲ လှပါတယ်။ နှာတံ ကလဲပေါ်၊ နှုတ်ခမ်းကလဲ တွဲတွဲလျလျ လှလှပပပဲမို့ မြင်လိုက် ယင် ချစ်စရာပါပဲ။

www.burmeseclassic.com



အင်း တော်လဲတော် လှလဲလှတဲ့ မိန်းကလေး။ မောင်သီဟ ချစ်မယ်ဆိုလဲ ချစ်ချင်စရာပါပဲ။ ဘယ်ယောကျ်ားမျိုး မဆို ကိုယ့်မိန်းမက ကိုယ့်ကိုမချစ်၊ မခင်၊ မကြင်နာ။ ကိုယ့်ထက် ပစ္စည်းဥစ္စာ ဆွေမျိုးအသိုက်အဝန်း ဂုဏ်ပကာသနကို ခင်တွယ် နေယင်၊ ကိုယ့်ကို လူလိုမထင်ယင် ကိုယ်နဲ့ကွဲဖို့ ခွဲဖို့ စီမံပြောဆို နေယင် အဲဒီမိန်းမမျိုးကို ဘယ်မှာရေရှည် ဆက်ပေါင်းသင်း နိုင်မှာလဲ။

အဲဒီလိုအခါမျိုးမှာ ကိုယ့်ကို ချစ်ကြင်နာတဲ့သူ၊ ကိုယ့်အနွံ အနာကို ခံတဲ့သူ၊ ကိုယ်နဲ့ ဝါသနာတူတဲ့သူ၊ ဒီအထဲ လှလဲလှ သွက်လဲသွက် ချက်ချက်ချာချာလဲရှိ၊ ချစ်စရာလဲကောင်းတဲ့သူကို မချစ်ပဲနေနိုင်ပါ့မလား။ ယူဖို့မဆုံးဖြတ်ပဲ နေနိုင်ပါ့မလား။

အို...ငါဘာတွေ တွေးနေပါလိမ့်။ ငါတောင် မြမာလာဘက် ကို ပင်းသလိုဖြစ်နေပြီ။ ဘာလဲ ငါဟာကိုသီဟကိုကျွန်းမာအောင် လုပ်ပေးဖို့လား။ သီဟဘက်က လိုက်ပြောပေးဖို့လား။

အင်း...လူ့ဘဝဟာ တယ်ထူးဆန်းတာပဲ။ လူချင်းတွေတာ ချစ်တာမုန်းတာ၊ ခင်တာမခင်တာတွေ ဖြစ်လာရော။ ကြည့် ပါလား။ ငါဆိုအခုသီဟနဲ့ မြမာလာကို သိပ်ချစ်သွားပြီ၊ သိပ်လဲ သဘောကျနေပြီ။ ကဲ မြမာလာရဲ့ ပြောစကားကို ဆက်နား ထောင်ကြဦးစို့။

'ဟုတ်ပါတယ်ဆရာ။ ကျွန်မတို့ထင်တာက လူ့ခန္ဓာကိုယ်မှာ ဦးနှောက်ဟာ ထိပ်ဆုံးက၊ ဦးနှောက်အောက်မှာ အာရုံကြောတွေ နောက်အောက်မှာ ပြွန်မဲ့အကျိတ်တွေ ရှိတယ်။ အဲဒီသုံးခုဟာ



တခုနဲ့တခု ဆပ်စပ်နေပြီး သူတို့သုံးခုရဲ့ လုပ်ရပ်ပေါ်မှာ လူ့ အတွေးအခေါ်၊ အသိဉာဏ်လှုပ်ရှားမှု စသည်တို့ဟာ ဖြစ်ပေါ် လာတာသ်လို့ ထင်ပါတယ်ဆရာ။

'ဥပမာ ဆရာ တခုခုကိုကိုင်ချင်ယင် ပထမ ဦးနှောက်ထဲမှာ ကိုင်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာတယ်။ ဒီဆန္ဒဟာ ဦးနှောက်ကလာပ် စည်းတွေကို အလုပ်လုပ်စေပြီး သူတို့ကတဆင့် လက်ကအာရုံ ကြောတွေဆီကို အာရုံဖြန့်ပေးတယ်။ အဲဒီအာရုံအရ လက်က ကိုင်စရာရှိတာကို ကိုင်လိုက်တယ်။ အပူအအေး ခံစားတာလဲ ဒီလိုပဲ။ လက်ကမီးကိုထိလိုက်တယ်။ ပူတာကို လက်ကမသိဘူး ဆရာ။ လက်ကနေ အာရုံကြော တလျှောက်သွား၊ နောက်မှ ဦးနှောက်ရောက်တယ်။ ဦးနှောက်ရောက်မှ ဒါက ပူပါလား ဆိုတာ သိတယ်။

'အဲဒီလိုအာရုံတွေပြန့်ကားသွားတာက သွေးနှုန်းနဲ့သူ။ သူတို့ရဲ့ အပူအအေးဟာ တကယ်တော့ တွက်လို့ရတယ်။ အဲ စားစရာ သောက်စရာနဲ့ ပတ်သက်လာယင်တော့ ဆရာတခုခု စားချင်တဲ့ စိတ်ဖြစ်လာယင် ပထမဦးနှောက်က တောင့်တတယ်။ ဒီတောင့်တ ချက်ကတခါ အာရုံကြောတွေရောက်၊ အာရုံကြောတွေက တဆင့် ပါးစပ်ကိုလှုပ်စေ လျှာကိုလှုပ်စေတယ်။ သွားရည်အိတ်က သွားရည်တွေ ထွက်စေတယ်။ ပြွန်မဲ့အကျိတ်တွေကတဆင့် အစာအိမ်က ဆီရည်တွေထွက်စေတယ်။ ဒါတွေကြောင့် အစာ စားလိုက်ယင် ဝါးလို့မျိုလို့ရတယ်။ အစာခြေလို့ရတယ်။ ဆီး သွားတာ မစင်သွားတာလဲ ဒီလိုပဲဆရာ။ ဒါတွေအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က တွက်ချက်လို့ရမယ်၊ အတုလုပ်လို့ရမယ်၊ ထိန်းကျောင်းလို့ရမယ် ထင်တယ်ဆရာ'

'ဒါတွေကတော့ လုပ်ငန်းဆိုင်ရာ ခန္ဓာဗေဒနဲ့ သက်ဆိုင်တာပဲ။ ဇီဝကမ္မနဲ့လဲ သက်ဆိုင်တယ်၊ ဒီလောက်တော့ ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် အချစ်တို့အမုန်းတို့ဆိုတာတွေ သူ့ရဲ့အပြုအမူတွေ ကျယ်ငကောကွာ'

အဲဒါလဲ ဒီလိုပါပဲဆရာ။ အချစ်တို့ အမုန်းတို့ဆိုတာဘာလဲ။ ဒါတွေက ခံစားမှုတွေပဲ။ ဘယ်မှာ ခံစားသလဲ။ နဂိုက ဦးနှောက်မှာ။ ဦးနှောက်မှာခံစားပြီးမှ ချစ်နေယင် ပျော်တယ်။ မုန်းနေယင် စိတ်ညစ်တယ်။ ရန်ဖြစ်တယ်။ ဒါတွေက ဦးနှောက်ကတဆင့် သက်ဆိုင်ရာ ခန္ဓာအစိတ်အပိုင်းတွေကို အာရုံပြန့်လွှင့်ပြီး ခိုင်းတာ။ ဒါကြောင့် ချစ်နေတဲ့အခါ လူဟာစိတ်ချမ်းသာပြီး အိပ်ပျော်စားဝင်ဖြစ်လာတယ်။နှလုံးခုန်မှန်တယ်။သိပ်ပျော်တဲ့အခါ သီချင်းဆိုလိုဆို၊ ကလိုကဖြစ်လာတယ်ဆရာ။ဝမ်းနည်းတဲ့အခါ စိတ်ညစ်တဲ့အခါကျ ငိုလိုငို၊ မှိုင်လိုမှိုင် ဖြစ်လာရော။ ဒီအပြုအမူတွေအားလုံးမှာ အင်အားရှိတယ်၊ သင်္ချာရှိတယ်လို့ ကျွန်မတို့က ထင်ပါတယ်။ ဒါတွေကိုတွက်နိုင်ယင် ကျွန်မတို့အနေနဲ့ ဦးနှောက်အတု၊ လူအတုအားလုံးကို အတုလုပ်ရမယ်၊ ထိန်းသိမ်းရမယ်လို့ ထင်ပါတယ်ဆရာ။ ကျွန်မတို့ သိပ် အတွေးခေါင်တယ်လို့များ ဆရာထင်မလား'

'ဒါကတော့ ကိုယ့်ပညာနဲ့ ကိုယ်ပေါ့လေ။ ဆရာတော့ သိပ်စိတ်ဝင်စားသွားတာပဲ။မင်းတို့လုပ်ငန်းအောင်မြင်ယင်တော့



လူတွေလဲ အတော်အကျိုးရှိမှာပဲ။ မင်းတို့လဲ ကမ္ဘာကျော်သွားမှာပဲ။တိုင်းပြည်လဲမင်းတို့ကြောင့် သိပ်ဂုဏ်တက်သွားမှာပဲ'

'ဟုတ်တယ်၊ မြမာလာတို့ ကိုသီဟတို့ဟာ တကယ်တော်တာပဲ။ မမတော့ မြမာလာတို့ကို တကယ်အထင်ကြီးသွားပြီ။ နှစ်ယောက်စလုံးကိုပဲ လုပ်ငန်းအောင်မြင်တဲ့အထိအမြဲပျော်ပျော်ရွှင်ရွှင်နဲ့ နေသွားစေချင်တယ်။ မြမာလာတို့ဟာ တကယ်သိပ္ပံပညာရပ်နဲ့ တိုင်းပြည်အတွက် လုပ်နေကြတာပဲ။

ဒီလောက်လဲ အထင်ကြီးစရာတော့ မရှိပါဘူးမမရယ်။ ကျွန်မတို့လဲကျွန်မတို့တတ်တဲ့ပညာ၊ ဝါသနာပါတဲ့ အလုပ်နဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုချင်တာနဲ့ လုပ်နေတာပါ၊ ဆရာ ဦးသီဟဟာ ဒီဘက်မှာသိပ်စိတ်သန်တာ။လူကလဲလူတော်။ဒါကြောင့်လဲ ကျွန်မဆရာ့ကို သိပ်ကျန်းမာစေချင်တာ'။ 'အသက်ရှည်စေချင်တာ ဆရာ၊ သူ့အခြေအနေ ဘယ်လိုနေမလဲဆရာ'

'အခုတော့ မျှော်လင့်ချက်ရှိသားပဲ မြမာလာ။ ဆရာလဲ ကိုသီဟကို အခုမှပိုပြီးတန်ဖိုးထားလာတယ်။သူမသေစေရပါဘူး မြမာလာ။ ဆရာအစွမ်းကုန် ကြိုးစားပြုစုမှာပါ။ စိတ်ချပါ'

'သိပ် ကျေးဇူးတင်ပါတယ်ဆရာ။ သူပြန်ကျန်းမာလာယင် ဆရာကို ကျွန်မ ဘာနဲ့ကန်တော့ရ ကန်တော့ရ။ ကန်တော့ဖို့ အဆင်သင့်ပါဆရာ။ ဆရာ့ကျေးဇူးကို ကျွန်မ တသက်မမေ့ပါဘူး၊ တခါတလေများ ကျွန်မလေ ဆရာ့အစား ကျွန်မပဲ သူ့ရောဂါ သူ့ဝေဒနာကို ခံစားလိုက်ချင်တယ်'

'တကယ်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပါဆရာ၊ ကျွန်မစိတ်ထဲမှာရှိတာ ပြောတာပါ'

'ဟုတ်ပါတယ် ဆရာယုံပါတယ်၊ မောင်သီဟာစာကို ဖတ်တုန်းက ဒီလောက်အထိ မင်းကို အထင်မကြီးဘူး၊အခုမှ မင်းကို ပိုအထင်ကြီးလာတယ်'

'အို....ဆရာ ကျွန်မတို့အကြောင်းတွေ သိပြီးပြီပေါ့'

'အေးဟုတ်တယ်၊ မင်းဆီရေးတဲ့စာ၊ ဆရာဖတ်မိလိုက်တယ်'

'ရှက်စရာကြီး ဆရာရယ်'

'ရှက်စရာမရှိပါဘူးကွယ်။ ဆရာဝန်နဲ့ လူနာအကြားမှာ ဘာမှ လျှို့ဝှက်ထားစရာမရှိပါဘူး၊အခုလိုအကြောင်းစုံသိတော့ မင်းတို့ကို ကူညီစရာရှိယင် ပိုကူညီနိုင်တာပေါ့၊ ဒါနဲ့ မြမာလာက ရန်ကုန်ကပဲလား'

ကျွန်မ မိုးကုတ်ကပါဆရာ၊ ရန်ကုန် ရောက်နေတာတော့ ကြာပါပြီ၊ ကွန်ဗင့်မှာ နေကတည်းကပေါ့'

'ဟုတ်လား၊ မိုးကုတ်ကလား၊ မိုးကုတ်ကဆို မင်းချမ်းသာမှာပေါ့၊ မင်းမိဘတွေက ဘာလုပ်သလဲ၊ ကျောက်ကုန်သည်တွေပဲလား'

'ဟုတ်ပါတယ်ဆရာ၊ ချမ်းတော့မချမ်းသာပါဘူး'

'ကဲ....မင်းအကြောင်း ဆရာ့ကိုပြောပြပါဦး'

'အထူးအထွေပြောစရာမရှိပါဘူး ဆရာ'

သူက ရှက်စနိုး ပြောလိုက်တယ်။

'အို ကိုကိုကလဲ ကန္နေညတော်ပါတော့လား၊ ညဥ့်ပဲနက်ပြီ၊ သူ့ခမျာ စိတ်ပန်းလူပန်းအိပ်ချင်ရှာရောပေါ့၊ကိုကိုလဲအိပ်တော့'



နန်းကဝင်ပြောတာနဲ့ ငါလဲဆက်မမေးရဘူး။ စိတ်ကတော့ မကျေနပ်သလို။ ဒါပေမယ့် နန်းက ငါ မြမာလာအကြောင်း သိပ်သိချင်မှန်းသိတာနဲ့ အိပ်ရာထဲကျမှ မြမာလာအကြောင်းကို ပြောပြတယ်။

သူ ပြောသမျှ ငါ သိရသလောက် မြမာလာအကြောင်းကတော့....

'မြမာလာက မိုးကုတ်က ဆိုပေမယ့် တော်တော်ကံကောင်းတဲ့ကလေးမ ကိုကိုရဲ့။သူက ငယ်ငယ်ကတည်းက မေမြို့ ကွန်ဗင့်ကျောင်းမှာ ကျောင်းနေလာရတာ။ သူ့မိဘက ပိုက်ဆံအားဖြင့် စားနိုင် သောက်နိုင်ထဲက ပေမယ့်လဲ သူ့ အပြောပေါ့လေ။ ကြည့်ရတာတော့ ချမ်းသာပါတယ်။ ပညာလိုလားတော့ သမီးကို ပညာအကောင်းဆုံး ရအောင် ကျောင်းအကောင်းဆုံးမှာ ထားချင်တာကလား။ ဒါကြောင့် အသက် ၅နှစ်၊ ၆နှစ်ကတည်းက မေမြို့ ကွန်ဗင့်မှာထားခဲ့တာ။ ကႏလးအနေနဲ့ ငယ်ငယ်ကလေးနဲ့ မိဘနဲ့ ခွဲနေရပေမယ့် ပညာအကောင်းဆုံးရတယ်။ စည်းကမ်းကောင်းတယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးစိတ် ပိုလာတယ်။ တယောက်တည်း သွားရဲ လာရဲ၊ လုပ်ရဲကိုင်ရဲ ဖြစ်လာတယ်။

အဲဒါ မေမြို့က ၅ တန်း၊ ၆တန်းအောင်တော့ သူ့သမီး ၁၀တန်းအောင်ယင် ရန်ကုန်တက္ကသိုလ်တွေမှာ မနေရမှာစိုးလို့ဆိုပြီး ရန်ကုန်စိန့်ဂျွန်းကွန်ဗင့်မှာ ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ အစကတော့ သူ့ကို ဒါဂျီလင်တို့ဘာတို့ ပို့ဦးမယ်လို့ဆိုပဲ။ နောက်မှ အစိုးရအပြောင်းအလဲတွေနဲ့ ဒါဂျီလင်ကိုထားဖို့ မလွယ်တော့တာနဲ့ ရန်ကုန်မှာပဲ ထားရရှာတယ်။ ရန်ကုန်မှာရောက်တော့ တခြားကလေးတွေဆို လည်လိုက် ပတ်လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ ရည်စားထားလိုက်နဲ့ ပျက်မှာ ကိုကိုရဲ့။ ဒါပေမယ့် သူ့ခမျာ စာကြိုးစားရှာတာနဲ့ ရှစ်တန်း ကိုးတန်းမှာ လူရည်ချွန် အရွေးခံရရှာတယ်။ ဒါနဲ့ သူလဲ ပေလီ၊ တောင်ကြီး၊ အင်းလေးအနှံ့ ရောက်သွားသတဲ့။ အဲဒီလိုရောက်တာနဲ့ ပတ်သက်လို့ သူ့မှာ အမြတ် ထွက်လာတာကတော့ တိုင်းပြည်မှာ သယံဇာတတွေ ပေါလျက်နဲ့ လူတွေ ဆင်းရဲကြတယ်။

လူတွေဟာ စိတ်ကောင်းစေတနာကောင်းရှိလျက်နဲ့ အတတ်ပညာမရှိလို့ စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်ရပြီး မိုက်ကြရတယ်။ အဲဒါတွေကို သူမြင်ပြီး သူတော့ လူအများကို အကျိုးပြုနိုင်တဲ့အလုပ်ကိုလုပ်နိုင်ဖို့ တိုင်းပြည်အတွက် အကျိုးရှိမယ့်ပညာကိုသင်မယ်လို့ စိတ်ဆုံးဖြတ်ခဲ့သတဲ့။ ဒီအထဲမှာ သူ့အနေနဲ့ စိတ်ဝင်စားခဲ့တာကတော့ ရှမ်းပြည်က အင်းလေးနဲ့ လောပိတ လျှပ်စစ်အားစက်ရုံပဲ သူစိတ်ကူးမိတယ်တဲ့လေ။ မြန်မာပြည်မှာ လောပိတစက်ရုံတွေလို စက်ရုံတွေ ဆောက်လို့ရတဲ့နေရာတွေ အများကြီး။ အင်းလေးကန်လို သဘာဝကန် မဟုတ်တောင် ကန်အတုတွေ တူးလို့ရယင် အဲဒါတွေကို



တိုင်းပြည်အတွက် အသုံးချလို့ ရမယ်ပဲလို့တဲ့။ နန်းအထင်က သူ လူရည်ချွန် ဖြစ်သွားတာဟာ ကွန်ဗင့်ကျောင်းသူဘနေ နိုင်ငံချစ်တဲ့ကျောင်းသူ ဖြစ်သွားတာပဲလို့ ထင်တယ်။ လူရည်ချွန်စခန်းက ဆရာတွေက အဟောအပြော ဘယ်လောက်ကောင်းသလဲလို့။

ဟုတ်တယ်၊ သူကပြောတယ်။ လူရည်ချွန်စခန်းမှာ နေ လ နက္ခတ်တွေ အကြောင်း၊ ကွန်ပျူတာတွေ အကြောင်းပြောတော့ သင်္ချာပညာရဲ့ အတိမ်အနက်ကို သိရပြီး သင်္ချာဆိုတာ တွက်နေရုံသက်သက် မဟုတ်ပဲ လက်တွေ့လဲ အကျိုးပြုနိုင်ပါလား ဆိုတာ သိရသတဲ့။ အဲဒီကနေ ကွန်ပျူတာအကြောင်းတွေဖတ်၊ သင်္ချာဆရာ အကျော်ပညာရှင် အိန်စတိုင်းအကြောင်းတွေ ဖတ်ပြီး သင်္ချာကို သိပ်ဝါသနာပါခဲ့သတဲ့။ သင်္ချာဆရာသာမက သဘာဝတ္တ ပညာရှင် ဖြစ်တဲ့ ဘာထရမ်ရပ်ဆယ်လ် အကြောင်းလဲ ဖတ်ရပြီး သင်္ချာပညာဟာ လူ့လောက လူမှုရေး၊ နိုင်ငံရေးတွေနဲ့ ဆက်စပ်နေပါသလား ဆိုတာ တွေးမိပြီး သင်္ချာမှာ သိပ်ဝါသနာပါသွားသတဲ့။ အဲဒါကြောင့် ဆယ်တန်းမှာ သင်္ချာလူရည်ချွန်လဲ ရခဲ့သတဲ့။ ဆယ်တန်းအောင်တော့ သူ ဂုဏ်ထူးလေးခုနဲ့ အောင်တယ် ကိုကိုရဲ့။ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနဲ့ အင်္ဂလိပ်စာမှာ ဆေးတက္ကသိုလ်သွားခွင့်ရပေမယ့် သင်္ချာ လူရည်ချွန်လဲရတာနဲ့ သင်္ချာအဓိက လိုက်ခဲ့သတဲ့။ အဲဒီမှာ သူ့ဆရာ ကိုသိဟနဲ့ သွားတွေ့တာပေါ့ ကိုကို။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကိုသီဟကလဲ နိုင်ငံခြားကပြန်ရောက်စ၊ မြန်မာပြည်ရဲ့ သင်္ချာသင်ကြားမှုတွေကို ကမ္ဘာ့ အဆင့်အတန်းနဲ့ တပြေးတည်းညီအောင် မြှင့်ချင်လို့ သင်္ချာသင်ရိုးညွှန်းတမ်းတွေပြင်။ သင်္ချာ စာအုပ်သစ်တွေရေး။ သင်္ချာဘွဲ့အသစ်သင်တန်းတွေဖွင့်ပြီး သင်္ချာ အကြောင်းလူပြိန်းတွေနားလည်အောင် စာအုပ်တွေ နင်းကန်ရေးနေတဲ့ ကာလပေါ့။ ဒီမှာတင် သင်္ချာချစ်တဲ့တပည့်နဲ့ သင်္ချာချစ်တဲ့ ဆရာတို့ဟာ သင်္ချာလောကထဲမှာပဲ နစ်သွားတော့တာပဲ ကိုကိုရဲ့။ ဟုတ်ပါတယ်၊ သူတို့သင်တဲ့ သင်္ချာကကိုကိုတို့ နန်းတို့ ငယ်ငယ်ကသင်ခဲ့တဲ့သင်္ချာမျိုး၊ တွက်ရတဲ့ ဂဏန်းရိုးရိုးချည်းမဟုတ်ဘူးတဲ့ကိုကို။ အရာရာကို စနစ်နဲ့ သဘောတရားနဲ့ စဉ်းစားဆွေးနွေးပြီး ပုံစံထုတ်ရတဲ့ သင်္ချာ၊ ဒါနဲ့ သူတို့ဟာ ဆိုင်ဘာနဲတစ်ပညာကို လေ့လာလိုက်စားမိကြတာပေါ့။

'ဒီလိုလေ့လာလိုက်စားကြရာမှာ ဆရာကိုသီဟကလဲ နေ့ရော ညရောပါ ကျောင်းမှာပဲနေ အလုပ်လုပ်၊ မြမာလာကလဲ ဆရာ့လက်ထောက်ပီပီ ဆရာအလုပ်လုပ်ရာမှာ အမြဲအတူတူ ကူလုပ်၊ ဒါနဲ့ လူတွေကသမုတ်လာကြတယ်တဲ့ ဒါပေမယ့် လူတွေသမုတ်သလိုသူတို့ကမဟုတ်သေးပါဘူး။ ဒါပေမယ့် ကိုသီဟမိန်းမက သဝန်က ခပ်ကြောင်ကြောင်၊ မာနကကြီးကြီး၊ ရိုင်းကလဲ ရိုင်းရိုင်းဆိုတော့ တခါတခါ ကျောင်းလိုက်လာပြီး ဟိုစပ်စု သည်စပ်စုနဲ့ သူ့ဆရာအထင်လွဲအောင် စွပ်စွဲတော့ ဆဲတော့သတဲ့။



ဒါတင်မကဘူး၊ ကိုသီဟက အေးအေးနေတတ်တဲ့လူဆိုတော့ အေးအေးနေလေ နိုင်လေပဲ။ တခါတလေများ ကိုသီဟဆီ ပြန်မလာ။ ကိုသီဟ ဘယ်လိုစားလို့ ဘယ်လိုနေနေ၊ သူ့မိန်းမက အခိုင်းအစေတွေနဲ့ပဲ ပစ်ပယ်ထားသတဲ့ ကိုကို။ ဒါနဲ့ ကိုသီဟဟာ အလုပ်ကပန်း၊ စိတ်ကပန်းပြီး ဖျားတော့သတဲ့။ ဖျားလို့ ဆေးရုံတက်ကုတာတောင် သူ့မိန်းမက သိပ်လာမကြည့်ဘူး။ ဂရုမစိုက်ဘူးတဲ့။ သူ့မိဘတွေ အမျိုးတွေနဲ့ တခါပဲလာကြည့်ပြီး ဆေးရုံမှာ ဘာမှအရေးမကြီးဘူးဆိုပြီး ထားခဲ့သတဲ့။ ဒီတင် မြမာလာက သူ့ဆရာရင်းပဲဆိုပြီး ကိုယ်ဖိရင်ဖို ပြုစုပေးရသတဲ့။ ဒါကို သေးကတော့နားမလည်တော့ အမျိုးမျိုးပြောကြမှာပေါ့လေ။

'ဒါပေမယ့် မြမာလာက အခုဆိုဘွဲ့ရနေပြီ။ ရင့်ကျက်နေပြီ မဟုတ်လား။ ဘယ်မှမလဲကိုကို။ နောက်ပြီး သူ့မှာ တယောက်တည်းနေလာတဲ့အကျင့်၊ နေ့ရဲ့တဲ့ သတ္တိကလဲ ရှိတယ်မဟုတ်လား၊ ဒီမှာ ဆရာကလဲ သူ့ကို သိပ်သနားသိပ်အားနာသွားသတဲ့။ သနားရာ၊ အားနာရာက ချစ်တာကလဲရှိတော့ ချစ်လဲချစ်လာကြမှာပေါ့လေ။ အပြစ်ပြောစရာ မရှိပါဘူး။ ဒါက သဘာဝပဲ။ သဒ္ဒါလွန်လို့ တဏှာကျွန်တာတော့ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ကိုသီဟဟာ အိပ်ရာက မထနိုင်ပဲကိုး ကိုကိုရဲ့၊ သူ့ရောဂါကလဲ ရှမက်တစ်ဖီဘာ (လေးဘက်နာရောဂါ) မဟုတ်လား။ တခါတည်း နှလုံးရောဂါ

www.burmeseclassic.com



တန်းရတာပေါ့။ အဲဒါအဖျားပျောက်လို့ ဆေးရုံက ဆင်းလဲ သူ့ခမျာ နှလုံးရောဂါကတော့ မပျောက်ရှာတော့ဘူး။ ဒီမှာတင် မြမာလာကလဲ သူ့ဆရာကို ပိုသနား ပိုကြည်ညို ပိုချစ်သွားပြီး ဘာပဲဖြစ်ဖြစ် ဆရာ့လုပ်ငန်းတွေ အတွေးအခေါ်တွေ အောင်မြင်အောင် သူ ဝိုင်းလုပ်ပေးမယ်လို့ ဆုံးဖြတ်လိုက်သတဲ့ ကိုကို၊ ဒီအတွက် သူ့မှာ စွန့်လွှတ်ရတာတွေ နစ်နာတာတွေ တော့ ရှိတာပေါ့ ကိုကို။

'ပထမအချက်ကတော့ မယားရှိတဲ့ လူတယောက်ကို ချစ်မိတွယ်တာမိလို့ သူများအပြောခံရတယ်။ ဟုတ်ပါတယ်၊ မယားကမှမယားလိုမနေ၊ လူယဉ်ကျေးလိုမပြုမူ၊ မယားမှ မပီသတာ သူတို့မှာ အပြစ်မရှိဘူးပေါ့။ နောက်ပြီး ကိုသီဟကလဲ သူ့မိန်းမကို ကွာပြီးမှ သူ့ကိုယူမယ်၊ မကွာခင်တော့ ဘာမှမလုပ်ဘူး။ နောက်ပြီး မြမာလာကြိုက်တဲ့လူရှိလဲယူပါလို့ ခွင့်ပြုပါသတဲ့၊ ဒါပေမယ့် ကိုကိုရယ် အချစ်မေတ္တာမှာဥပဒေအရာနဲ့အိမ်ထောင်မြောက်မှု မမြောက်မှုက အဓိကမှ မဟုတ်ပဲ၊ နောက်ပြီး ပညာမတတ်တဲ့ လူတွေမှ မဟုတ်ပဲ၊ ပညာတတ်တွေပဲ။ ဒါတွေကို သူတို့ ဘယ်ဂရုစိုက်မလဲ။ သူ့မိန်းမကလဲ ကိုသီဟကို မချစ်တာ မပြုစုတာ၊ အရှက်သာခွဲချင်တာ၊ ကွာမယ်ဆိုတော့လဲအလွယ်တကူ ကွာမပေးချင်ဘူး။ ဟိုပစ္စည်းရမှ ဒီပစ္စည်းရမှနဲ့ အကြောင်းအမျိုးမျိုးပြပြီး ရေရှည်ဆွဲနေတာ။ ဒီအတွင်းမှာ ကိုသီဟ့ပစ္စည်းတွေကို သူ့နာမည်



ပြောင်းနိုင်တာပြောင်း၊ မပြောင်းနိုင်တာတွေကို သူရအောင် အမျိုးမျိုးလုပ်၊ အဲဒီလိုဖြစ်နေတာပဲ ကိုကိုရဲ့။ မြမာလာကတော့ ကိုသီဟကျန်းမာယင် ပျော်ယင် လုပ်သမျှ အောင်မြင်ယင် တော်ပြီ။ ဘာမှမလိုဘူးပေါ့လေ။ ဒါပေမယ့် ကိုသီဟကလဲ့ လူကသာ ရှုံ့နာရှိုက်ကုန်း။ လူအေးလူဆေးပေမယ့် သူ့ကိုညစ်တယ်၊ ကပ်တယ် ထင်ယင်လဲ သူက တုံးပေကပ်သတ်နဲ့ ပြန်ပေချင်တာ။ ဒါက ပထမအချက် မြမာလာနစ်နာတာ ကိုကို။

'ဒုတိယအချက် မြမာလာ စွန့်လွှတ်လိုက်ရတာကတော့ သူ့အလျင်က ရည်းစားပဲ၊ ဟုတ်ပါတယ်။ ရည်းစားပေမယ့် မည်ကာမတ္တပါ။ မြမာလာက ငယ်ငယ်ကတည်းက စာပဲစိတ်ဝင်စား၊ စာပဲ ကြိုးစားလာတော့ ရည်းစားထားဖို့ ဘာဖို့ စိတ်မဝင်စားဘူး မရှိခဲ့ဘူးပေါ့။ ဒါပေမယ့် ၁၀တန်းအောင်တဲ့ အခါကျ တက္ကသိုလ်ကလဲ မဖွင့်သေးတော့ အကြာချည်း မိုးကုတ်ကို ပြန်နေရတယ် မဟုတ်လား။ ဒီမှာတင် မိုးကုတ်ကလူတွေ၊ မိုးမိတ်က လူတွေနဲ့ ပြန်သိကျွမ်းခင်မင်ကြတာပေါ့။ အရွယ်က ၁၆နှစ် ၁၇နှစ်၊ လူရည်ချွန်ကလဲရပြီး၊ ၁၀တန်းကလဲဂုဏ်ထူးလေးခုနဲ့အောင်ပြီးပြီဆိုတော့ မိုးကုတ်မိုးမိတ်တဝိုက်မှာ မြမာလာဟာ နာမည်သိပ်ကျော်၊ စန်းသိပ်ပွင့်သွားတာပေါ့ကိုကို။ ဒီမှာတင်မိုးကုတ်က သဌေးသားတဦးနဲ့ လူငယ်တို့ဘာဝ မေတ္တာမျှမိဖူးတာပေါ့။ အဲဒီသူငယ်ကလဲ အဲဒီနှစ်မှာပဲ ၁၀တန်းအောင်တယ်။

www.burmeseclassic.com



ဘာဂုဏ်ထူးမှ မပါပေမယ့် ၁၀တန်း အောင်တာချင်း အတူတူ တက္ကသိုလ်သွားရမှာချင်းအတူတူဆိုတော့ အသိဖြစ်ရာက ခင်သွား၊ မေတ္တာမျှသွားတာပဲ ထင်ပါတယ် ကိုကို။

'နောက်တက္ကသိုလ်ပြန်ဖွင့်တော့ မြမာလာက သင်္ချာအဓိက လိုက်တယ်။ ဟိုသူငယ်က ဥပဒေအဓိက လိုက်တယ်။ ဥပဒေလိုက်တာကလဲ မြမာလာနဲ့ ရန်ကုန်မှာ ကျောင်းအတူတူနေရအောင် လိုက်တာပဲဆိုပဲ။ ရန်ကုန်ရောက်တော့ ဟိုသူငယ်က လူရှည်လည် ကြေးရတတ်။ မြမာလာက စာသမား၊ သင်္ချာသမား၊ အတွေးသမား၊ အရေးသမားသက်သက်၊ ဘယ်မှာ အဖက်လိုက်ကြပါ့မလဲ။ ဟိုသူငယ်က မြမာလာကို ဟိုခေါ်သည်ခေါ် လုပ်ချင်၊ သူနဲ့ ပဲတွဲစေချင်၊ မြမာလာကလဲ သူခေါ်ရာမလိုက်၊ စာပဲလိုက်။ နောက် သူငယ်က ပစ္စည်းကရှိတော့ သောက်သောက် စားစား ပျော်ပျော်ပါးပါးနေ၊ ဒီကနေ တခြားမိန်းကလေးတွေနဲ့ ပွေပေါ့လေ။ ဒီမှာတင် သူတို့ သဘောကွဲကြ၊ ရန်ဖြစ်ကြတာပေါ့။ တကယ်ဆိုတော့ မိုးကုတ်က နှစ်ဘက်စလုံးက မိဘတွေကတော့ သူတို့နှစ်ယောက်ကို ရစေချင်တာပေါ့။ ေ ကာင်လေးတွေဘက်ကလဲ ကောင်မလေးက ရုပ်ချော၊ သဘောကောင်း၊ ရိုးသား၊ စာကြိုးစား၊ လိမ္မာလို့ ချွေးမတော်ချင်၊ ကောင်မလေးဘက်ကလဲ သူတို့သမီးအလိမ္မာကို မိဘချင်းလဲခင်၊ ချမ်းလဲချမ်းသာတဲ့သူနဲ့ ပေးစားချင်တာပေါ့။ ဒါ့ကြောင့် လူကြီးချင်းတောင် အရိပ်အမြွက်စကား ပြောပြီးကြပြီးသား။

'ဒါပေမယ့် ကိုသီဟပြဿနာကို အကြောင်းပြုပြီး ကောင်လေးနဲ့ ရန်ဖြစ်ကြ၊ ကွဲကြတာပဲ ကိုကိုရဲ့။ ဒီနေရာမှာ ကောင်လေးကလဲ အကြောင်းရှာတာဆိုတာ ပေါ်ပါတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ မြမာလာနဲ့လဲ လမ်းခွဲပြီး မကြာဘူး၊ သူလဲ ဥပဒေကျောင်းသူတဦးနဲ့ ယူလိုက်တယ်။ ဒါနဲ့ပတ်သက်ပြီး မြမာလာရဲ့ မိဘကတော့ သူတို့သမီးကို ဘာမှအပြစ်မပြောဘူး၊ သူတို့က သူတို့သမီးကို ယုံကြည်ပြီးသားကိုး။ သူ့သမီး ဘာလုပ်လုပ် အမှန်ပဲဆိုတာ။

'အခု ကိုသီဟအနေနဲ့ကလဲ သူ့မှာ နှလုံးရောဂါကရှိနေတော့ နှလုံးရောဂါချည်းနဲ့ သူ့ပြဿနာအားလုံးကို ရင်မဆိုင်ချင်ဘူး။ ဒီရောဂါချည်းနဲ့ဆိုယင် သူ့မိန်းမနဲ့ ကွာပြီးတောင် မြမာလာကို မယူရက်ဘူး။ ဒါကြောင့် သူက သူ့ရောဂါကို ပျောက်ချင်တယ်။ မြမာလာကလဲ သူ့ဆရာ ဘာပဲဖြစ်ဖြစ် သူကတော့ ချစ်နေ ပြုစုနေ ကူညီနေမှာပဲ။ သူ့ဆရာကျန်းမာမယ်ဆိုယင် ဘာမဆို လုပ်ပေးချင်တယ်။ ဒါကြောင့် နိုင်ငံခြားသွား ဆေးကုဖို့တောင် တိုက်တွန်းနေတယ်။ သူ့ကို ယူဖို့ မယူဖို့က ဒီလောက် အရေးမကြီးဘူးပေါ့လေ။ သူတို့ အချစ်ဟာ တဏှာပေမ အချစ်ထက် ဝါသနာတူသံယောဇဉ်အချစ် (**Platonic Love**)က ပိုများတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'သူ့ဆရာ စိတ်ချမ်းသာယင်၊ ကျန်းမာယင် ပြီးရော။ သူ့ဆရာ အိမ်ထောင်တောင် ပြန်ကောင်းစေချင်သတဲ့။ ဒါပေမယ့် သူ့ဆရာ ဘာဆုံးဖြတ် ဆုံးဖြတ် အဲဒီဆုံးဖြတ်ချက် အောင်မြင်အောင် လုပ်ပေးမယ်ပေါ့လေ။ ဒါကြောင့် သူ့ဆရာက သူ့ခွဲပြီးမှ ကိုကို့ကို လာတွေ့ဖို့ မှာထားတာနဲ့ ခွဲပြီးမှ လာတွေ့ရတာတဲ့။ တကယ်တော့ ကိုကို ခွဲစိတ်နေကတည်းက သူက နန်းဆီမှာ စုံစမ်းနေတာ။ အဲ့ဒါ ကနေ့ညနေ ကိုကို့ အခန်းမှာတွေ့တော့ ကိုကိုခွဲစိတ်ခန်းပြန်သွားလို့ သူပြောပြသလောက် နန်းသိရသမျှ ပြန်ပြောတာပဲ။ ကျေနပ်ပြီလား။ ကဲ အိပ်တော့၊ နက်ဖြန်ကျ ကိုသီဟကို သွားကြည့်ရဦးမယ်'

အင်း-မြမာလာ၊ မင်းကလဲ အာဂ မိန်းကလေးပါလား။ မင်းတော်တာတော့ ငါသိပြီးပြီ။ မင်းရဲ့မေတ္တာကိုလဲ ငါရိပ်မိပါပြီ။ ဒါပေမယ့် ငါ အဓိကချီးကျူးတာက မင်းရဲ့သစ္စာပဲ။ တိုင်းပြည်အတွက်၊ ဆရာ့အတွက်၊ ပညာအတွက် မင်းဟာ အရာရာကို ရင်ဆိုင်ရဲ၊ စွန့်လွှတ်ရဲတယ်။ ဒီအတွက် မင်း ဘာမှလဲ မမျှော်မှန်းဘူး။ ဒီအတွက် မင်းဟာ အကျိုးခံစားခွင့် အများကြီး ရသင့်ပါတယ်။

မင်းရဲ့မေတ္တာကလဲ တကယ် စဉ်းစားကြည့်တော့ တကယ်အံ့သြ ချီးကျူးဖို့ ကောင်းပါတယ်။ လောကမှာ မေတ္တာအမျိုးမျိုးရှိတဲ့အနက် (**Platonic Love**)လောက် ကြီးမြတ်နက်နဲတဲ့ မေတ္တာ မရှိပါဘူး။ ဒီမေတ္တာမျိုးဟာ ထားနိုင်တဲ့လူမှ ထားနိုင်တာ။ ထားနိုင်ဦးတော့ နားလည်တဲ့လူမှ တန်ဖိုးထားတတ်တာ။ မင်းနဲ့မောင်သီဟဟာ ဘာပဲဖြစ်ဖြစ် ဒီမေတ္တာမျိုးကို ထားနိုင်၊ တန်ဖိုးထားနိုင်ကြတဲ့အတွက် ငါ အများကြီးအံ့သြချီးကျူးရပါသကွယ်။ ဒီမေတ္တာရဲ့အကျိုးကိုလဲ မင်းအများကြီး ခံစားသင့်ပါတယ်။



အချစ်မေတ္တာ တကျာနဲ့ပတ်သက်လို့ ဒေါက်တာ မောင်မောင်ညိုက ဒီလို ရေးဖူးတယ်။

## အချစ်မေတ္တာတကျာ

အချစ်စိတ်သည် လိင်စိတ်နှင့် တွဲနေသည်ကား မှန်၏။ သို့သော် လိင်ဆက်ဆံမှု ပြုချင်ရုံချည်း ချစ်သည်မဟုတ်။ မိချစ်၊ မောင်ချစ်၊ နှမချစ်၊ ဆွေမျိုးချစ်များ ရှိနေခြင်းကပင် ဤအတွက် သက်သေဖြစ်နေ၏။ ဗုဒ္ဓဘာသာ၌ ၅၂၈ သွယ်အချစ်၊ ၁၅၀၀ အချစ်ဟူ၍ရှိရာ ဤသည်လည်း လိင်မပါသောအချစ်နှင့် လိင်ပါသောအချစ် ခွဲခြားထားခြင်းပင် ဖြစ်ပေသည်။ ဆေးပညာရှင်၊ စိတ်ပညာရှင်တို့၏ အလိုအရမူ အချစ်မှာ ဤထက် အမျိုးအစား များပြား၏။ သူတို့အဖို့ သက်ရှိသက်မဲ့ အရာတွေ၊ အကြောင်းအရာတခုခုကို စွဲလမ်းတပ်မက်လျှင်၊ ယင်းတပ်မက်မှုနှင့် ဒွန်တွဲလျက် တပ်မက်သူတွင် စိတ်လှုပ်ရှားမှု၊ အာရုံခံစားမှု

www.burmeseclassic.com



သာယာမှုများရှိပါက ယင်းအကြောင်းအရာသည် အချစ်မေတ္တာ ကြောင့် ဖြစ်သည်ဟုပင် ဆိုကြသည်။

ဖြစ်တတ်သော လှုပ်ရှားမှုများက ကြင်နာယုယလိုခြင်း ကာကွယ်စောင့်ရှောက်လိုခြင်း၊ ပိုင်ဆိုင်လိုခြင်း၊ သစ္စာစောင့် သိ ထိန်းသိမ်းလိုခြင်း၊တွယ်တာခြင်း၊ သဒ္ဓါမြတ်နိုးခြင်း စသည် တို့ ဖြစ်သည်။

သက်ရှိလူကို ချစ်မိဟမှု ကိုယ့်တွင်ခံစားရသလို ကိုယ့်အတွက် သူ့တွင်လည်း ခံစားစေလိုသည်။ သူ၏ယုယမှု၊ ပြုစုမှု၊ စောင့် ရှောက်မှု၊ ကာကွယ်မှု၊ ထိတွေ့ပွတ်သပ်မှု တို့ကိုလည်း ခံယူလို သည်။ ဤသို့ ခံယူလိုရာမှ ဆန့်ကျင်ဘက်ဖြစ်ခြင်းက လိင်ဆက် ဆံမှု ပြုလိုသည်အထိ ဖြစ်လာသည်။ ဤအချစ်မျိုးကား လိင် ချစ် (Sexual Love)ဖြစ်၏။ ၁၅၀၀ အချစ်ပင် ဖြစ်သည်။

မိဘ၊ မောင်နှမသားချင်း ဆွေမျိုးရင်းချာ တော်ပါမှုကား ပတ်ဝန်းကျင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ ဥပဒေ များကြောင့်သာ လိင်ဆက်ဆံလိုစိတ်ကို ထိန်းသိမ်းထား၍ ရ သည်။ ဤအချစ်မျိုးကို ရိုးရိုးချစ်စိတ် (ဝါ) မိဘမောင်နှမချစ် (Kinship Love)ဟု ခေါ်သည်။ မြန်မာတို့အဖို့ ၅၂၈ သွယ် ရိုးရိုးမေတ္တာပင် ဖြစ်ပေ၏။

ဆန့်ကျင်ဘက်လိင်ဖြင့်လည်း လိင်ဆက်ဆံရန် မသင့်တော် လျှင်ဖြစ်စေ၊ စိတ်မရှိလျှင်ဖြစ်စေ လိင်စိတ်မှာ ဖြစ်ပေါ်မလာ။ ယင်းပုဂ္ဂိုလ်နှင့် အတူသွား အတူစား အဆွေခင်ပွန်း ဖွဲ့ရခြင်း ယင်းအကျိုးကို သယ်ပိုးပေးခြင်းများနှင့်သာ ကျေနပ်နှစ်သိမ့် လာသည်။ သို့ဖြစ်၍ စိတ်တူသဘောတူ ဝါသနာတူသူ အ



ကျင်ဘက်လိင်ချင်း ချစ်ရာ၊ တွယ်တာကြရာ၌ လိင်သည် အဓိက မဟုတ်၊ လိင်ကြောင့်ချည်းမဟုတ်ပေ။ ဤကဲ့သို့သော ဝါသနာ တူသူ ယုံကြည်ချက်တူသူ အချင်းချင်းချစ်ကြပုံမျိုးကို မြတ်သော အချစ်(Platonic Love)ဟူ၍ ခေါ်သည်။ ဤအချစ်မျိုးကို စာရေးဆရာ လောက၊ ရုပ်ရှင် အနုပညာရှင်များ လောက၊ နိုင်ငံရေးလောကများ၌ များစွာတွေ့နိုင်လေသည်။

သက်မဲ့ ဖြစ်သော တိုင်းပြည်၊ နိုင်ငံ၊ အမျိုး ဘာသာ၊ သာသနာကို ချစ်သည် ဆိုရာ၌လည်း ယင်းတိုင်းပြည်၊ နိုင်ငံ၊ အမျိုးဘာသာ၊သာသနာတို့ကို မြတ်နိုးကြင်နာ၊ယုံကြည်ကိုးစား လာရာမှ ယင်းတို့ တည်တံ့ခိုင်မြဲအောင်၊ တိုးတက်လာအောင်၊ အန္တရာယ်မရှိအောင် ပြုစုစောင့်ရှောက်လိုလာခြင်း၊ ကာကွယ် လိုခြင်း၊ အလုပ်အကျွေး ပြုစုလိုခြင်းတို့ ဖြစ်ပေါ်လာသည်။ ဤ အချစ်မျိုးကား စိတ်ကူးယဉ် အနှစ်သာခံအချစ် (Idealistic Love)ဖြစ်ပေ၏။

အချို့ကား အခြားသူများ ဆင်းရဲဒုက္ခတွေ့ပြတ် နေသည်ကို မြင်လျှင် လွန်စွာ သနားကြင်နာခြင်း ဖြစ်လာ၏။ သို့ဖြစ်၍ ယင်းတို့ ကောင်းစွာ နေထိုင်စားသောက်နိုင်အောင် ကူညီလုပ် ကိုင်ပေးချင်၏။ စိတ်ကလည်း ရှိပါ၏။ပါးစပ်ကလည်းပြော၏။ သို့သော် ကိုယ်ထိလက်ရောက်ကား မတတ်နိုင်။ ဤသို့ စိတ်ကူး ယဉ် ချစ်ခင်ယင်း မိမိမှာ သာယာမှုရနေ၏။ ဤသို့ နေရလျှင် ယင်းအချက်မျိုးကို စိတ်ကူးယဉ် အချစ် (Sentimental Love)ဟု ခေါ်လေသည်။

www.burmeseclassic.com



၅၂၈ အချစ်ဖြစ်စေ၊ ၁၅၀၀အချစ်ဖြစ်စေ၊ မည်သည့်အချစ်ဖြစ်စေ၊ အချစ်မေတ္တာ ပေါ်လာခြင်းသည် လူအတွက် အသုံးကျ၍ ကောင်းဖို့ပေါ်လာခြင်းဖြစ်၏။

မှန်၏။ မိခင်၏ အချစ်သည် သားသမီးအတွက် အရေးကြီး၏။ မွေးစမှ အရွယ်ရောက်သည်အထိ မိဘ၏ လောင်းရိပ်အောက်၌ လူမှာ အသက်ရှင်လာရ၊ ကြီးထွား လာရသည်။ မိဘက မချစ်ခင် မတွယ်တာ မပြုစု မစောင့်ရှောက်လျှင် ဘယ်မှာ လူဖြစ်လာပါ မည်နည်း။ သို့ဖြစ်၍ လူဖြစ်စေရန် သဘာဝက မိဘတွင် သားသမီးကို ချစ်စေသောအချစ် ဖြစ်ပေါ်စေခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ သန္ဓေတည်သည်မှ သားသမီးသေသည်အထိ မိဘများသည် သားသမီးကို ချစ်ကြရ၏။ ပြုစုစောင့်ရှောက်ကြ၏။ သားသမီးအတွက်ဆို အန်၍ပင် ကျွေးရန်အထိ အသင့်ဖြစ်လာကြလေသည်။ အကယ်၍ သားသမီးကို ချစ်စိတ် မိဘတွင် မဖြစ်ပေါ်ပါက ဘယ်သတ္တဝါ၊ ဘယ်လူမျိုးမှ အသက်ရှင်လာ၊ ကြီးထွားလာ၊ လူဖြစ်လာမည် မဟုတ်ချေ။

မောင်နှမ သားချင်း ဆွေမျိုးရင်းချာ အချစ်သည်လည်း အရေးကြီး၏။ သတ္တဝါတဦးအဖို့ လောကကို စ ရင်ဆိုင်ရာ၌ လောကအကြောင်းအလျင်သိနှင့်သော ပုဂ္ဂိုလ်များ၏ရှေ့ဆောင်လမ်းပြမှုသည်အလွန်အရေးကြီးလေသည်။ ဤသို့လောကကို ရှာဖွေစူးစမ်းရာ၌ မိဘမှာမွေးလာသော သားသမီးအားလုံးအတွက် မတတ်နိုင်။ အစ်ကိုအစ်မများသာ တတ်နိုင်လေသည်။ အစ်ကိုအစ်မ မရှိက နီးစပ်ရာဆွေမျိုးများ၊ မိတ်သင်္ဂဟများက စောင့်ရှောက် ကာကွယ် လမ်းညွှန်မှု ပြုရ၏။ ထို့ကြောင့်ပင်လျှင်



မိသားစုများ၊ ဆွေစဉ်မျိုးဆက်များ၊ အပေါင်းအသင်းများ၊ မြို့ရွာနယ်ပယ်များ ပေါ်လာခြင်းဖြစ်ပေသည်။

၁၅၀၀အချစ်သည်လည်း လူ့လောက၌ မရှိမဖြစ်။ လူအပါအဝင် သတ္တဝါတိုင်းအတွက် အထူး လိုအပ်သည်။ ၁၅၀၀ အချစ်ရှိမှသာလျှင် ဆန့်ကျင်ဘက်လိင် နှစ်ဦး လိင်စပ်ယှက်၍ ရမည်။ လိင်စပ်ယှက်၍ ရမှသာ သားသမီး ထွန်းကားမည်။ သားသမီးထွန်းကားမှသာလျှင် အမျိုးမတုံးမည်ဖြစ်၏။ မိသားစုဖြစ်လာလျှင်မူ သားသမီးရှိမှ၊ ကျောထောက် နောက်ခံရှိမှ ထိုမိသားစုမှာ အစဉ်တည်မည် ဖြစ်၏။ သို့ဖြစ်၍ပင် အမျိုးမတော်သော ဆန့်ကျင်ဘက် လိင် ၂ခု၊ ယောကျ်ားနှင့် မိန်းမတို့သည် ၁၅၀၀ အချစ်ကို အရင်းတည်ကာ လိင်ဆက်ဆံမှုပြုလာရခြင်း ဖြစ်လေသည်၊ လူမှုရေး လိုအပ်ချက်များအရသာ၊ လူ့ယဉ်ကျေးမှု တိုးတက်လာ၍သာ လက်ထပ်ခြင်း၊ မင်္ဂလာဆောင်ခြင်းတို့သည် တဖြည်းဖြည်းပေါ်လာရ၏။ အဓိကကား တဦးနှင့်တဦး အချစ်ကို စွဲမက်ဖို့၊ လိင်ဆက်ဆံဖို့။ ရည်ရွယ်ချက်ကား မျိုးရိုးထိန်းသိမ်းရန်။

ဝါသနာတူ၊ ယုံကြည်ချက်တူသူချင်း ချစ်ဖို့ စွဲမက်ဖို့လည်းလို၏။ ဤအချစ်၊ မြတ်သော အချစ်ကြောင့် သာလျှင် လူ့ယဉ်ကျေးမှု၊ အနုပညာ၊ သိပ္ပံပညာတို့ တိုးတက်လာရ၏။ ထို့ကြောင့်သာ ယင်းတို့ကိုဖော်ထုတ်ပေးသော၊ပြုလုပ်ပေးသော အနုပညာရှင်၊ သိပ္ပံပညာရှင်များ ပေါ်လာရ၊ ပွားလာရခြင်းဖြစ်၏။ ဤအချစ်မျိုးမရှိက လူ့လောကမှာ ဤမျှ မယဉ်ကျေး မတိုးတက်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့သည်လည်း အရေးကြီး၏။ ရှေးလူရိုင်းဘဝကမူ အရေးမကြီး။ တနယ်မကောင်း တနယ်ပြောင်း၊ ရေကြည်ရာ မြက်နုရာ သွားလာလုပ်ကိုင်၍ရ၏။ ကမ္ဘာမြေကျယ်သရွေ့ လျှောက်သွားနေ၍ရ၏။ မြေမှာ ဘုံဆိုင်၊ ရေမှာ ဘုံဆိုင်။ မြေမှာအကျယ်ကြီး၊ ရေမှာအလျှံပယ်။ နေလို၊ စားလို၊ သုံးလိုမကုန်။ ယခုခေတ်တွင်ကား မရ။ မြို့ရွာနယ်ပယ်များ၊ ပြည်နယ်၊ တိုင်းနိုင်ငံအထိ သီးခြားစီဖြစ်လာကြပြီ။ တမိသားမှ နှစ်မိသား။ မိသားစု၊ ဆွေမျိုးအုပ်စု၊ သူ့အုပ်စု၊ ကိုယ့်အုပ်စုမှစကာ သူ့လူမျိုး ကိုယ်လူမျိုးဟူ၍ ဖြစ်လာကြလေပြီ။ သို့ဖြစ်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့သည်လည်း နိုင်ငံအတွက် နိုင်ငံသားတိုင်းအတွက် အရေးကြီးလာပြီ ဖြစ်ပေ၏။

စိတ်ကူးယဉ် အချစ်သည်လည်း တကယ်တော့ အသုံးကျသည်သာ ဖြစ်၏။ စိတ်ကူးယဉ်အချစ်မရှိက သတ္တဝါချင်း ကြင်နာပွားမှုမရှိနိုင်။ ကြင်နာသနားမှုမရှိက ကြီးနိုင်ငယ်ညှဉ်း မင်းမဲ့ဝါဒ၊ တောရိုင်း၊ လူရိုင်းဝါဒ လွှမ်းမိုးပေတော့မည်။ ထိုသို့ဆိုလျှင် လူ့လောကသည် ဘယ်မှာနေပျော်ဖွယ် ရှိပါတော့မည်နည်း။

ဤအချစ်အားလုံးပင် လူ့ဘဝ၌ အရေးကြီး၏။ ဤအချစ်အားလုံးပင် အပျိုပေါက် လူပျိုပေါက် အရွယ်၌ ဖြစ်ပေါ်ထွန်းကားလာကြသည်။ တပိုင်တည်းကား မဟုတ်၊ ရုတ်တရက် ချက်ချင်းကားမဟုတ်။ သူ့အစီအစဉ်နှင့်သူ၊ သူ့အရွယ်နှင့်သူ။ ဆေးပညာရှင်၊ စိတ်ပညာရှင်၊ လူမှုရေးပညာရှင်တို့၏ အလိုအရ အပျိုပေါက် လူပျိုပေါက်တို့၌ အချစ်စိတ်များ ဖြစ်ပေါ်လာ



သည်မှာ အောက်ပါအတိုင်း အဆင့်ဆင့် ဖြစ်ပေါ်လာသည် ဟူ၏။

(၁) ပထမအဆင့်အရွယ်တူချင်းလိင်တူချင်းအပေါင်းအသင်း အုပ်စုကိုချစ်ခြင်း။

(၂) ဒုတိယအဆင့် ယင်းလိင်တူ အပေါင်းအသင်း အုပ်စုထဲမှတယောက် နှစ်ယောက်ကို အခြားသူများထက် ပိုမိုချစ်ခင်ခြင်း။

(၃) တတိယအဆင့် အရွယ်ရောက်ပြီး ဆန့်ကျင်ဘက်လိင်မှန်သမျှကို ချစ်ခြင်း။

(၄) စတုတ္ထအဆင့် အရွယ်ရောက်ပြီး ဆန့်ကျင်ဘက်လိင်များထဲမှ တယောက်တည်းကို စွဲမက်ချစ်ခြင်း။

## (၁) ပထမအဆင့် လိင်တူရွယ်တူ အုပ်စုကိုချစ်ခြင်း

ဤအဆင့်မှာ အသက် ၁၀နှစ် ၁၂နှစ်၊ အလွန်ဆုံး အသက် ၁၃-၄နှစ်တွင် ဖြစ်ပေါ်တတ်သည့် အချစ်စိတ်ရှိသည့် အဆင့်ဖြစ်သည်။

အသက်၁၀နှစ်မတိုင်မီ ကလေးဘဝက လိင်တူတူ မတူတူ ရွယ်တူချင်း ပေါင်းသင်းကစားခဲ့၊ ချစ်ခဲ့လည်း ဤအရွယ်ရောက်သော် လိင်မတူသူနှင့် မကစားချင်တော့၊ လိင်တူ ရွယ်တူများကို အဖော်အဖြစ် ရှာလာသည်။ ယောကျ်ားကလေးက ယောကျ်ားကလေးချင်းမိန်းကလေးကမိန်းကလေးချင်းပေါင်း၊ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



လေးအုပ်စုထဲ နှမဖြစ်စေ ဝင်မရောနှင့် မကြိုက်။ မိန်းကလေးအုပ်စုထဲ မောင်ဖြစ်စေဝင်မရောနှင့်မကြိုက်။ ကိုယ်အုပ်စုနှင့်ကိုယ် သီးသန့်နေချင်ကြသည်။ ကစားချင်ကြသည်။ ချစ်ကြသည်။ ဤသို့ချစ်ရာ ခင်ရာ၌ လိင်စိတ်မပါ၊ ဝါသနာအလျောက် စရိုက်အလျောက် ချစ်ကြခြင်းဖြစ်၏။ ယောကျ်ားကလေးများက အလိုလို အုပ်စုဖွဲ့လာသည်။ မိန်းကလေးများကား အတုမြင် အတတ်သင်ရာမှ လူကြီးများက အားပေးမှုဖြင့် အချင်းချင်း ပေါင်းသင်းဆက်ဆံယင်း အုပ်စုဖြစ်လာခြင်း ဖြစ်၏။

ဤသို့အုပ်စု ဖြစ်လာရာ၌ ယောကျ်ားကလေးများသည် ခွန်အားသုံးရသော ပြေးတမ်းလိုက်တမ်း၊ ဘောလုံးကန် စစ်တိုက်တမ်း ကစားခြင်းမျိုးကအစ လျှောက်လည်ခြင်း၊ သားရေခွနှင့် အမဲလိုက်ခြင်း၊ တံဆိပ်ခေါင်း စုခြင်းစသော တည်ငြိမ်သော လှုပ်ရှားမှုများ အပါအဝင် ဝါသနာတူရာ လုပ်ငန်းများကို လုပ်ရန်အုပ်စု ဖွဲ့မိကြခြင်း သို့တည်းမဟုတ် ဝါသနာတူလုပ်ယင်း အုပ်စုဖွဲ့မိကြခြင်းဖြစ်သည်။ မိန်းကလေးများမှာမူ ဖန်ခုန်ဇယ်ခုပ်၊ ဈေးရောင်းခြင်းစသော ထိုင်ရသည့် ဣန္ဒြေရသည့် အားကစားများကစားယင်း၊ ဇာထိုးပန်းချုပ်၊ ထမင်းချက်ပြုတ်ယင်း အဖော်ဖြစ်လာအုပ်စုဖြစ်လာကြ၏။ ဤသို့အုပ်စုဖြစ်လာယင်းတယောက်နှင့်တယောက် ပိုမိုခင်သွားကြရာ မိမိအုပ်စုဆို မိမိအုပ်စုမှဖြစ်လာတော့၏။ အခြားသူများက မိမိအုပ်စုကိုထိလျှင် မခံချင်။ မိမိအုပ်စုထဲကိုလည်း မိမိတို့နှင့်သဘောမတူက ပါဝင်ခွင့်မပေးလို။ ယောကျ်ားလေးများဆို ပိုဆိုး၏။ တအုပ်စုနှင့် တအုပ်စု၊ သူလူငါလူပြိုင်ရာဆိုင်ရာမှ ရန်ပွဲများအထိ ဖြစ်လာကြ၏။



ဤသို့အုပ်စုလိုက်ပြိုင်သော်လည်း အုပ်စုထဲတွင်ကား ညီညွတ်မှုရှိ၏။ ခေါင်းဆောင်လုပ်သူ၏ စကားကို နားထောင်ကြ၏။ ခေါင်းဆောင်လုပ်သမျှ လိုက်လုပ်ကြ၏။ ခေါင်းဆောင်ကလည်း အုပ်စုသဘောကျ လိုက်လုပ်ရ၏။ အုပ်စုရန်သူရှိက ရှေ့မှရင်ဆိုင်ရ၏။ သို့ဖြစ်၍ အုပ်စုခေါင်းဆောင် လုပ်ရသည်မှာ မလွယ်။ ဖြစ်ရန်လည်း မလွယ်။ အုပ်စုဝင်ရှယ်တူများ သဘောတူမှ၊ အထင်ကြီးမှသာ ဖြစ်နိုင်၏။ သို့ဖြစ်၍ လူကြီးများက ရွေးပေး၊ ခန့်ပေး၍ မရ။

ဤသို့ အုပ်စုစိတ်ရှိခြင်းမှာ လူရိုင်းဘဝက စားသောက်မှုခက်ခဲ၍ အုပ်စုဖွဲ့ အမဲလိုက်ရန်လိုသောကြောင့် အုပ်စုဖွဲ့အမဲလိုက်ခဲ့ကြရာမှ ဤစိတ်များပေါ်လာသည်ဟု ပညာရှင်တို့က ဆိုကြသည်။ မှန်မမှန်ကား မပြောတတ်။ သို့သော် အုပ်စုဖွဲ့စိတ်မှာ လူ့လောကအတွက် အရေးကြီး၏။ ဤအုပ်စုစိတ်ကြောင့်သာလျှင် လူ့လောက၌ ကျောင်းများ၊ အသင်းများ၊ နိုင်ငံရေးပါတီများ ပေါ်လာနိုင်ခြင်းဖြစ်၏။ ဤအုပ်စုစိတ်ကြောင့်ပင် မိတ်ဆွေချင်း၊ ဝါသနာတူသူချင်း၊ ယုံကြည်မှုတူသူချင်း၊ သစ္စာရှိကြ၊ ရိုင်းပင်းကြခြင်းဖြစ်၏။ မကောင်းသည်ကား တအုပ်စုနှင့်တအုပ်စု၊ တဖွဲ့နှင့်တဖွဲ့၊ တသင်းနှင့်တသင်း၊ တပါတီနှင့်တပါတီ ပြိုင်ကြ ဆိုင်ကြ၊ ရန်ဖြစ်လိုကြခြင်းပေတည်း။ သို့ကြောင့်ပင် ဆိုရှယ်လစ်နိုင်ငံများ၌ နိုင်ငံရေးပါတီ တခုတည်းထားရှိကြခြင်း ဖြစ်သည်။

ဤသို့အုပ်စုဖွဲ့ရာ၌ ယောကျ်ား မိန်းမခွဲ၍ဖွဲ့စေသည်မှာလည်း အကျိုးရှိ၏။ အကြောင်းမူ ယောကျ်ား မိန်းမ အလျှင်ကလို၊

www.burmeseclassic.com

www.burmeseclassic.com



ကလေးတုန်းကလို နေချင်သလိုနေ၊ ပေါင်းချင်သလိုပေါင်း၍ မဖြစ်။ ဤအရွယ်၌ နှစ်လိင်စလုံး လိင်ဆက်ဆံမှုပြုက မျိုးစပ်အောင်မြင်နိုင်၊ ကလေးရနိုင်သည်။ ကလေးသာရနိုင်၏။ ကလေးကို ထိန်းရန်ဝေး၊ ကိုယ့်ဟာကိုယ်ပင် အမှီခိုမဲ့စွာ မရပ်တည်နိုင်သေး။ အပျံသင့်စ။ သို့ဖြစ်၍ ဤအရွယ်၌ ဆန့်ကျင်ဘက်လိင်ကို မပေါင်းလိုသည်မှာ ကောင်းပေသည်။ လိင်မယဉ်ကျေးသော လူမျိုးများ၌ ဤခေလေ့ကို ထုံးတမ်းစဉ်လာအရပင် အားပေး၍။ ဥပမာ တောင်ပစိဖိတ်မှ ဆမိုအာ(Samoa) ကျွန်းသူကျွန်းသားများ၊ နာဂတို့၏ အပျိုအိမ်များ၊ လူပျိုအိမ်များ။

## (၂) ဒုတိယအဆင့် လိင်တူ ရွယ်တူတဦးဦးကို ချစ်ခင်ခြင်း

ဤသို့ လိင်တူချင်း အုပ်စုဖွဲ့လာကြရာမှ တနှစ်မျှ၊နှစ်နှစ်မျှကြာလျှင် ဆိုလိုသည်မှာ အသက် ၁၃-၄နှစ်အရွယ်ဆိုက အုပ်စုထဲမှ တယောက်ယောက်ကို ပိုမိုခင်မင် တွယ်တာလာ၏။ သူတို့ကို သူများထက် ပိုအရေးပေးလို၊ ရင်းနှီးလိုလာ၏။ ဤသည်မှာ ထိုသူနှင့် တွေ့ရမြင်ရ၍မဟုတ်၊ သဘာဝအရပင် ဤအရွယ်၌ မိမိနှင့် သက်တူရွယ်တူ လိင်တူတယောက်ယောက်ကို ယုံကြည်ရာ၊ အားကိုးရာ၊ ရင်းနှီးရာအဖြစ် လိုလားသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ အုပ်စုရှိသူများမှာ အုပ်စုထဲမှ တယောက်ယောက်နှင့် ပိုမိုခင်မင် တွယ်တာလာခြင်းဖြစ်သည်။ သို့ဖြင့် ဆိုးတူကောင်းဖက်၊ သေဖော်သေဖက် ညီအစ်ကိုချင်းထက်ခင်သော သူငယ်ချင်း ဖြစ်ပေါ်လာရသည်။



ဤသို့ သူငယ်ချင်းရှိမလာက အခြားနည်းများဖြင့် အဖော်ရှာလာ၏။ ဥပမာ ဒိုင်ယာရီရေးခြင်း၊ စာရေးမိတ်ဖွဲ့ခြင်း၊ အဆိုအကများ ငင်ခြင်းတို့ဖြစ်၏။ တခါတရံ ရွယ်တူချင်း ချစ်ခင်ယုံကြည်စရာမရှိ၍ မိမိအား ပြုစုစောင့်ရှောက်သော၊ မိမိအားအလိုလိုက်သော မိမိထက်ကြီးသည့် ဆရာ ဆရာမ၊ အစ်ကို အစ်မများကို စွဲလမ်း ချစ်ခင် သွားတတ်၏။ မိန်းကလေးများက ယောကျ်ားကလေးများထက် ပို၍ ဤသို့ ချစ်တတ်၏။ ဤသို့ချစ်ရာမှ သဒ္ဒါလွန်ပြီး တဏှာကျွံကာ လိင်တူစုံမက်ခြင်းများပါ ဖြစ်သွားတတ်၏၊ သို့သော်များသော်အားဖြင့် ဤအချစ်မျိုးမှာ ကြာကြာမခံ။ ဤအဖြစ်မျိုးမှာ များများစားစား မဖြစ်ပေ။

သို့ဖြင့် နောက်တဆင့်သို့ ပြောင်းလဲသွား၏။

## (၃) တတိယဆင့် ဆန့်ကျင်ဘက်လိင်မှန်သမျှကို စိတ်ဝင်စားတပ်မက်ခြင်း

ဒုတိယဆင့်ဖြစ်ပြီး မကြာမီပင် အပျိုပေါက် လူပျိုပေါက်တို့မှာ ဟိုငေးဒီငိုင်ဖြစ်လာ၏။ ယခင်ကလုပ်နေကျ၊ ကစားနေကျများနှင့် သိပ်မပျော်။ သူငယ်ချင်းအရင်းတွေက အဖော်ခေါ်လျှင်ပင် တခါတရံမလိုက်ချင်။ အိမ်တွင်သာ ဟိုငေးဒီငိုင် လုပ်နေချင်၏။ သို့ဖြင့် မိဘများပင် အံ့ဩ စိုးရိမ်လာတတ်၏။ ‘အဘယ့်ကြောင့် ငါ့သမီး ငါ့သား ဤမျှ အိမ်ကပ်နေပါလိမ့်၊ ငြိမ်ပါလိမ့်’ ဟု။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ သဘာဝက လိင်တူချင်း ချစ်ခင်ရင်းနှီးရုံဖြင့် မလုံလောက်၊ ဆန့်ကျင်ဘက်လိင်နှင့် ချစ်ခင် ရင်းနှီးရန်လည်း လိုသည်ဟူ၍၊ အသိစိတ်ကိုနှိုးဆော်၍၊ အတွင်းမောတ်ခံကိုနှိုးဆော်၍ ဖြစ်၏။ သို့ဖြစ်၍ အပျိုပေါက် လူပျိုပေါက်များမှာ ဘာလုပ်ရမှန်းမသိ။ မိမိဟာ မိမိတော့မကျေနပ်၊ မိမိအုပ်စု သူငယ်ချင်းတွေနှင့်ချည်း နေ၍လည်းမကျေနပ်၊ ရန်ဖြစ်ထား၍ မဟုတ်။ အလိုလို ဖြစ်နေခြင်းဖြစ်၏။ သို့သော် သူ သတိထားလာမိသည်မှာကား ယခင်က မလှဘူးထင်သော ဂွကျထော်သည် ယခု လှသည် ထင်လာခြင်းဖြစ်၏။ ယခင်က ရန်ဖြစ်ထားသောအေးလှသည် ယခု ချစ်စရာကောင်းလာသည် ထင်လာ၏။ ပြီးသူတို့နှင့် ရင်ဆိုင်ရ၊ စကားပြောရသည်ကိုလည်း ကြည်နူးသလိုလို၊ မှန်၏။ အရွယ်ရောက်ပြီးမိန်းကလေးများနှင့် ဆက်ဆံရသည်မှာသာယာကြောင်း သူသိလာသည်။ အဖေအမေကို ဆက်ဆံရသည်ပင် မတူ။ ယောကျ်ားကလေးအဖို့ အမေနှင့် ဆက်ဆံရသည်မှာ ပိုကောင်း၏။ ပိုကြည်နူးစရာ။ မိန်းကလေးများလည်းထို့အတူ။ ယောကျ်ားကလေးများ၏အကြည့်ကိုပိုခံချင်လာ၏။ ယောကျ်ားကလေးများနှင့် ပေါင်းချင်လာ၏။ သူတို့နှင့် ပေါင်းရသည်မှာ အချင်းချင်း ပေါင်းရသည်နှင့် မတူကြောင်း သိလာသည်။

ပေါင်းစရာ သင်းစရာ အခြားပုဂ္ဂိုလ်များမရှိလျှင်၊ ရွယ်တူ မတိမ်းမယိမ်းများ။ မရှိလျှင် ယောကျ်ားကလေးများမှာ မိမိအစ်မ၊ အမေကိုပင် ပိုဘွယ်တာလာ၏။ ဆရာမများဆိုက ကြိုက်၍ပင် လာတတ်ကြသည်။ ထို့ကြောင့်ပင် ဤအရွယ်၌ ၁၃ နှစ်၊ ၁၄ နှစ် အရွယ်၌ မိန်းကလေး ယောကျ်ားလေးမဟူ



မိမိနှင့် လိင်မတူသော မိမိထက်ကြီးသည့် ပုဂ္ဂိုလ်များကို ချစ်ကြ၊ တွယ်တာမိကြခြင်းဖြစ်သည်။

ဤသို့ အဘယ်ကြောင့်ဖြစ်ရသနည်း။

အပျိုပေါက်လူပျိုပေါက်မှာအသက်ကြီးလာပြီဖြစ်၍၊ မျိုးရိုးပွားခြင်း တာဝန်ကို ထမ်းရွက်ရတော့မည်ဖြစ်၍၊ ဆန့်ကျင်ဘက်လိင် မိတ်ဘက်လိင်ကို ရှာရတော့မည်ဖြစ်၍ ဆန့်ကျင်ဘက်လိင်များအကြောင်းကို သိစေချင်၍ ဖြစ်ပေသည်။ ဤသို့ သိမှသာလျှင် ဆန့်ကျင်ဘက်လိင်နှင့်နေ၍ ရမည်ဖြစ်၏။ ဆက်ဆံ၍ရမည်ဖြစ်၏။ သို့မဟုတ်က မလွယ်။ သို့ဆိုလျှင် ဘယ်မှာ မျိုးရိုးပြန့်နိုင်လိမ့်မည်နည်း။

ဤသို့ ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားလာလျှင် ဆန့်ကျင်ဘက်လိင်နှင့် သိရခင်ရသည်ကို ကြည်နူးလာလျှင် နောက်တဆင့်သို့ တက်ရန် မခဲယဉ်းတော့။ နောက်တဆင့်ကား စတုတ္ထဆင့် ဆန့်ကျင်ဘက် လိင်တဦးဦးကို တပ်မက် ချစ်ခင်စွဲလမ်းခြင်း မည်ပေ၏။

## (၄) စတုတ္ထဆင့် ဆန့်ကျင်ဘက်လိင် တဦးဦး တပ်မက် ချစ်ခင်စွဲလမ်းခြင်း

ဆန့်ကျင်ဘက်လိင်မှန်သမျှကို စိတ်ဝင်စားလာရာမှ ကြာသော်ယင်း ဆန့်ကျင်ဘက်လိင်များနှင့် ပေါင်းသင်းဆက်ဆံလိုလာသည်။ အားလုံးနှင့်တပြိုင်တည်း ဆက်ဆံ၍မဖြစ်။ သဘာဝအရ တယောက်ယောက်နှင့်သာ ဆက်ဆံ၍ရမည်။ တယောက်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



တယောက်သာ ဆက်ဆံ၍ရမည်။ သို့ဖြစ်၍ ဆန့်ကျင်ဘက်လိင်အများနှင့် ပေါင်းသင်းလာရာမှ တယောက်ယောက်နှင့် ရင်းနှီးချစ်ခင်ချင်လာသည်။

ဤသို့ရင်းနှီးချစ်ခင်လိုရာ၌အကြောင်းရင်းမှာ ဆန့်ကျင်ဘက်လိင်အကြောင်းကို သိလိုခြင်း၊ ယင်းလိင်နှင့် မိတ်ဆက်လိုခြင်း၊ ဘဝကြင်ဖော်လုပ်လိုခြင်း၊ အိမ်ထောင် ဘးမွေးလိုခြင်းစသော သတ္တဗေဒ အခြေခံသဘောတရားများကြောင့် ဖြစ်သည်။

ဤသဘောများမှာ တပြိုင်တည်း ပေါ်လာသည် မဟုတ်။ တယောက်တည်းကို ရိုးမြေကျအပေါင်းအဖော်ပြုရန်တခါတည်း ပေါ်လာသည်မဟုတ်။

ပထမ၌ ဆန့်ကျင်ဘက်လိင်မှန်သမျှကို တယောက်ပြီး တယောက် ထည့်လဲတွဲပစ်ချင်သည်။ သို့ဖြစ်၍ ဆန့်ကျင်ဘက်လိင်က စွဲလမ်းနှစ်သက်အောင် မိမိကိုယ်ကိုပြင်ဆင်၏။ သ၏။ မိမိအရည်အချင်းများ တိုးတက်အောင် ကြံဖန်၏။ ကြိုးစား၏။ သူတို့စိတ်ဝင်စားမည့် အရာမှန်သမျှ အထင်ကြီးမည့်၊ အကြိုက်တွေ့မည့် အလုပ်မှန်သမျှကိုလည်း လုပ်ပြ၏။ ဤသို့လုပ်ရာမှ တယောက်ယောက်က ကြိုက်လျှင် သဘောခွေ့၊ မနောတွေ့။ သို့သော် တွေ့တွေ့ချင်း သူနှင့်ချည်း မကျေနပ်။ သူ့ထက်သာသူကို တွေ့လိုမြင်လို မိတ်ဖွဲ့လို မိတ်လိုက်လို၏။ သို့ဖြင့် ဆန့်ကျင်ဘက် လိင် တယောက်ပြီးတယောက်နောက်သို့ကောက်ကောက်ပါလိုက်ချင်တော့သည်။ သို့ဖြင့် ဤအရွယ်၌ ယောကျ်ားကလေး မိတ်ဆွေ၊ မိန်းကလေးမိတ်ဆွေ၊ အသိအကျွမ်း ရည်းစားသနားများ များလာရခြင်း ဖြစ်၏။



ဤအရွယ်မှာ ၁၆နှစ်၁၇နှစ်ခန့်။ ယောကျ်ားလေးများဆိုက အဖွံ့ထွားဆုံးအချိန်၊ အသွက်လက်ဆုံးအချိန်၊ မိန်းကလေးများဆိုကအလှဆုံးအချိန်၊အတောက်ပဆုံးအချိန်၊ မှန်၏။ သဘာဝက ထိုက်တန်သူချင်း လက်တွဲနိုင်ရန် မိတ်ရွေးချယ်ခွင့် ပေးထားသောကြောင့် မိတ်ရွေးချယ်ကြခြင်း ဖြစ်သည်။

ဤရွေးခွင့်မှာ လူတွင်မက သတ္တဝါတိုင်းတွင်ပင်ရှိ၏။ ငှက်ဆိုက အလှဆုံးငှက်မသည် အသန်ဆုံးငှက်ဖိုနှင့် ရ၏။ ခွေးဆိုက အလှဆုံးခွေးမသည် အသန်ဆုံး ဗိုလ်အကျဆုံးခွေးနှင့် မိတ်လိုက်ရ၏။ လူလဲ အလှဆုံးမိန်းကလေးသည် အတော်ဆုံးယောကျ်ားကလေးနှင့် ရတတ်ကြသည်။ ရရန်လဲ လို၏။ သင့်၏။

ဤ၌ အလှဆိုသည်မှာ ဘာကိုဆိုလိုသနည်း။

သဘာဝ အနေဖြင့်မူ ကြည့်ကောင်း၊ ရှုကောင်း၊ ပသာဒကောင်းခြင်းကိုမဆိုလို။ကျန်းမာခြင်း၊ထွားကျိုင်းခြင်း၊မပျင်းရိခြင်း၊သွက်လက်ခြင်း၊ထိုးထွင်းဉာဏ်ရှိခြင်း၊မျိုးဆက်ပြန့်နိုင်ခြင်းတို့စုပေါင်းနေခြင်းကိုသာ လှသည်ဟုဆိုသည်။ စဉ်းစားကြည့်လျှင် ဤအရည်အချင်းများမှာ သတ္တဝါတခုခု သတ္တလောက၌ ရေရှည်တည်ရန်၊ မတိမ်ကောရန်အတွက် အရေးကြီးသောအရည်အချင်းများဖြစ်သည်ကို တွေ့ရမည်။ သို့ဖြစ်၍ ဆန့်ကျင်ဘက်လိင်ချင်း တပ်မက်စွဲလမ်းရာ၌ ယင်းအလှကို မူတည်စေသည်မှာ သဘာဝကျ မှန်ကန်လှပေသည်။

ထကယ်တော့ လူတွင်လဲ အထက်ပါ အရည်အချင်းများပင် အလှအဖြစ် သတ်မှတ်ထားကြသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ။ မိန်းမ၏ လှခြင်းငါးမျိုးတွင်....

၁။ အရိုး၏ ကောင်းခြင်း။

၂။ အရည်၏ ကောင်းခြင်း။

၃။ ဆံပင်၏ ကောင်းခြင်း။

၄။ သွား၏ကောင်းခြင်း။

၅။ အသား၏ကောင်းခြင်းတို့ ပါသည်မဟုတ်လော။

အရိုးကောင်းမှ ခန္ဓာကိုယ်ထွားကျိုင်းမည်။ ခန္ဓာကိုယ် ထွားကျိုင်းမှ သွားရလာရလွယ်မည်။ အလုပ်လုပ်နိုင်မည်။ ကလေးမွေးဖွားရလွယ်မည်။

အရည်၏ကောင်းခြင်းနှင့် ပြည့်စုံမှ အနာရောဂါ ကင်းမည်။ လင်ယောကျ်ားအား ပြုစုံယုယနိုင်မည်။ ဖော့ဋ္ဌဗ္ဗ အတွေ့ကို ပေးနိုင်မည်။

ဆံပင်၏ ကောင်းခြင်းဆိုရာ၌ ခန္ဓာကိုယ်၏ ကျန်းမာခြင်း ပြည့်စုံမှ ဆံပင်ကောင်းသည်။ သို့ဖြစ်၍ ဆံပင် ကောင်းလျှင် ကျန်းမာရေးနှင့် ညီညွတ်ရမည်ဟု ဆိုလိုရာ ရောက်သဖြင့် ကျန်းမာမှ လူ့ဘဝ၌နေရကျိုးနပ်မည်။ လုပ်ချင်ရာလုပ်နိုင်မည်။ အိမ်ထောင်ကို ရေရှည်ထိန်းသိမ်းနိုင်မည်။ ဤသို့ ပြုစုလုပ်ကိုင်ရန် ခြေလက် လှုပ်ရှားရန်အတွက် ကြွက်သားများ ကောင်းရန် သန်မာရန်လို၏။ သို့ဖြစ်၍ အသား၏ကောင်းခြင်း၊ အမြဲတမ်း ကျန်းမာနိုင်ရန် စားရမည်။ ကောင်းကောင်းစားရမည်။ အစာကျေမှ နေကောင်းမည်။ 'ဝမ်းတလုံးကောင်းက ခေါင်းပင်မခဲ' ဟု ဆိုးရိုးရှိသည် မဟုတ်လော။ ထို့ကြောင့် သွားကောင်းရန်လိုသည်။



မှန်၏။ ယောကျ်ားများဆိုက ကျန်းမာရမည်၊ ခွန်အားရှိရမည်၊ ဉာဏ်ပညာရှိရမည်။ သို့မှသာ အိမ်ထောင်တခုကို နိုင်အောင်ထိန်းသိမ်းကျွေးမွေးစောင့်ရှောက်နိုင်မည်။

ဤကား သဘာဝအလိုအရ လူ့အလှများကို သတ်မှတ်ထားဖို့ဖြစ်၏။ ဤသို့ သတ်မှတ်ခြင်းမှာ ကျန်းမာရေးရှုထောင့်က ကြည့်သော် သဘာဝကျကြောင်း ပြောလို၍ ပြောခြင်းဖြစ်၏။ အပျိုပေါက် လူပျိုပေါက်ဘဝ၌ ဆန့်ကျင်ဘက်အချစ်ရှာရာတွင် အထက်ပါအရည်အချင်းများ အရေးကြီးသည်မှာ သဘာဝကျကြောင်း ပြောရပေမည်။

ဤသို့ အရည်အချင်းသတ်မှတ်၍ ရွေးချယ်ရာ၊ ဆန့်ကျင်ဘက်လိင်မိတ်ရှာရာတွင် အစပထမ နောက်ခြင်း၊ ပြောင်ခြင်းမှ စတတ်ကြ၏။ ကိုယ်ကြိုက်သူကိုယ်တိုင် ပြောင်လိုပြောင်၊ နောက်လိုနောက်၊ အခြားသူများနှင့် နောက်လိုနောက်၊ ကိုယ့်အကြိုက်သူများအကြိုက်လုပ်။ သူများပြောင်လျှင် မခံချင်ယောင်ဆောင် 'ညိုမြ' လုပ်။ အပျိုပေါက်လူပျိုပေါက်တယောက် ထိုသို့ဖြစ်လာလျှင် မရိုးတော့ဟုသာ မှတ်ရပေမည်။

ဤသို့ ပြောင်ရာ နောက်ရာမှ တကယ်စွဲလမ်းလာသော် သူ့အတွက်စိတ်ကူးယဉ်ရ၊ ပူပင်ရ၏။ သူနှင့်လဲအတူနေရလျှင်ကြည်နူးဝမ်းသာရ၏။ သူပျော်လျှင် ကိုယ်ပျော်သည်။ သူမှုန်းလျှင် ကိုယ်မှုန်းသည်။ သူ့အကြောင်း မကောင်းကြားလျှင် စိတ်မချမ်းသာ၊ သူ့ဒုက္ခကို ကိုယ့်ဒုက္ခ လုပ်ပစ်လိုက်ချင်၏။ ထိုသို့ဖြစ်လာလျှင် အချစ်နတ် ဖမ်းစားလာပြီ ဟုသာ မှတ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချစ်ကား ၁၅၀၀ အချစ်။ တယောက်တည်းအတွက် အချစ်။ သို့သော် ဤအချစ်မျိုးမှာပြောင်းလဲ၍ရ၏။ တယောက်မှ တယောက် ပြောင်း၍ရ၏။ အစားထိုး၍ရ၏။ သို့ဖြစ်၍ ဤလောက၌ ရည်းစားပျက်သူတိုင်း မသေခြင်း၊ ရည်းစားများခြင်းမှာ မဆန်းခြင်း ဖြစ်ပေသည်။

သို့သော် ယင်းချစ်သူနှင့်သွားဖန်များ၊ စားဖန်များ၍ လိင်ဆက်ဆံမှုပြုပါများမှ သူ့ကိုသာ ပို၍စွဲသွားသည်။ သူမှသူ။ ထိုမှ တဖန် ပဋိသန္ဓေရှိပါမှ အိမ်ထောင်သားမွေးစိတ် ပေါ်လာ၏။ သားသမီးရလိုစိတ်၊ သားသမီး ချစ်စိတ်ပေါ်လာ၏။ ထိုအခါ တအိုးတအိမ် အတည်တကျ တည်ထောင်ချင်လာ၏။ ထိုအခါ၌ ယောကျ်ားကလေးမိတ်ဆွေ (**Boy Friend**)၊ မိန်းကလေး မိတ်ဆွေ(**Girl Friend**)ဘဝမှ သမီးရည်းစား စေ့စပ်ထားသူ (**Fiancee**)၊ထိုမှလင်ယောကျ်ား (**Husband×Wife;Mates**) ဖြစ်သွားတော့၏။

အပျိုပေါက် လူပျိုပေါက် ဘဝ၌ကား (**Boy Friend, Girl Friend**) ယောကျ်ားကလေးမိတ်ဆွေ၊ မိန်းကလေး မိတ်ဆွေ သမီးရည်းစားဘဝမှ တက်ခဲ၏။ ပညာမစုံ အတောင်မစုံသေး၍ ဖြစ်၏။ အသက်ကလဲ ၁၈နှစ်၊ ၁၉နှစ်။ ဘယ်မှာ လောက၏တာဝန်များ၊ သားကျွေးမှု မယားကျွေးမှုများကို ထမ်းရွက်၍ ရဦးမည်နည်း။

ဤ၌ သမီးရည်းစား ဖြစ်လျှင် ယောကျ်ားကလေးနှင့် မိန်းကလေး ရည်မှန်းချက် မတူသည်ကိုကား သိထားရမည်။



အကြောင်းမူ ယောကျ်ားကလေးများ ရည်စားထားခြင်းမှာ ဆန့်ကျင်ဘက် လိင်ကို သိလို၊ ရင်းလို၍ စမ်းထားခြင်း ဖြစ်ပြီး မိန်းကလေးများမှာမူ ဘဝလုံခြုံရေးအတွက် အိမ်ထောင်ဘက် အဖြစ် ရည်မှန်းထားသောကြောင့် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ သဘာဝအခြေခံကား၊ ဖြတ်သန်းလာရသည့် အဆင့်များကား ဆိုခဲ့သည့်အတိုင်း အတူတူ။

အပျိုပေါက် လူပျိုပေါက်ဘဝ၌ ချစ်စိတ်သာ ဖြစ်ပေါ်လာသလော။ မုန်းစိတ်ကော မရှိပြီလော။ ရှိပါသော်ကော။ ရှိသည်မှ အလွန့်အလွန်။ မုန်းစိတ်သည် ချစ်စိတ်ထက် ပြင်းထန်၏။ မုန်းသူကို ပျက်ပျက်ပြုန်းသည်အထိ၊ ချေမှုန်းပစ်ချင်သည်အထိ ပြင်းထန်၏။ သို့သော် မုန်းခြင်းမှာ ချစ်ခြင်းမှ အရင်းခံ၏။ ချစ်ခြင်းမှ တန်ပြန်ဖြစ်၏။ အကြောင်းမူ ချစ်လျှင်မြတ်နိုး၏။ ပိုင်ဆိုင်လို၏။ ကာကွယ်စောင့်ရှောက်လို၏။ သို့သော် သူက အမြတ်နိုးမခံ၊ အကာအကွယ်မခံ၊ ထိုအခါ တပ်မက်သည့် စိတ်မှာ စက်ဆုတ်သည့်စိတ် ဖြစ်သွား၏။ ယုယပြုစုလိုသည့် စိတ်မှာ ချေမှုန်းလိုစိတ် ဖြစ်သွား၏။ သို့ဖြင့် ဖျက်လိုဖျက်ဆီး အကြံအစည်၊ အပြောအဆို၊ အပြုအမူများ ဖြစ်ပေါ်လာတော့သည်။ သို့ဖြစ်၍ များသောအားဖြင့် ကိုယ်နှင့်ခင်သူ၊ မင်သူ၊ သိကျွမ်းနီးစပ်သူ၊ တနည်းနည်းဖြင့် အကြောင်း သိရသူများကိုသာ မုန်းလာကြခြင်းဖြစ်၏။ ဘာမှမသိလျှင်၊ မည်သို့မျှ မသိလျှင် လုံးဝ မမုန်း။ ချစ်ခြင်းလည်းမဖြစ်။ မုန်းစိတ်နှင့် ချစ်စိတ်ကား ဒွန်တွဲနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမုန်းစိတ် ချစ်စိတ်ဒွန်တွဲနေမှုမှာ သားနှင့်အဖေ ဆက်ဆံမှု၊ သမီးနှင့်အဖေ ဆက်ဆံမှု၊ လင်မယား ဆက်ဆံမှုများတွင် အထင်အရှား တွေ့ရပေမည်။ သို့ကြောင့်ပင်လျှင် ရန်မဖြစ်ဖူးသော သားအဖ၊ သားအမိ၊ လင်မယား မရှိခြင်းဖြစ်သည်ဟူ၍ ပြောဆိုကြခြင်း ဖြစ်လေသည်။

မုန်းစိတ်မှာ လူ့ဘဝအတွက် အပိုမဟုတ်၊ မရှိသင့်သော အရာမဟုတ်။ မုန်းစိတ်ရှိမှ လူမှာ အစွမ်းပြလို၊ နိုင်လိုစိတ်များ ပေါ်လာ၏။ ယင်းစိတ်များကြောင့်ပင် ကာယလေ့ကျင့်မှု၊ ဉာဏ်ပညာတိုးတက်မှု၊ စစ်လေ့ကျင့်မှု၊ သိပ္ပံပညာ ထွန်းကားမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။ ယင်းမရှိက ဘယ်သူမျှ တိုးတက်မည် မဟုတ်၊ လူ့လောကလည်း တိုးတက်လာမည် မဟုတ်။

သို့သော် မုန်းစိတ်ကို မုန်းစိတ်အဖြစ် ပြန့်ပွားအောင် လုပ်ရန်ဆိုလျှင်ကား မှားလိမ့်မည်။ ဆိုလိုသည်ကား မုန်းစိတ်ကို မခံချင်စိတ်အဖြစ် ပြောင်းလဲ၍ မိမိအတွက် မိမိလူမျိုး၊ မိမိနိုင်ငံ၊ မိမိယုံကြည်ချက်ဝါဒအတွက် အသုံးကျအောင် လုပ်ဆောင်ရွက်ဘို့ ဆိုလိုခြင်းပါတည်း။

မုန်းစိတ် မခံချင်စိတ်ရှိက ဘာမဆို လုပ်၍ရသည်။ ဥပမာ စစ်ရှုံးဂျာမနီနှင့် ဂျပန်နိုင်ငံတို့ ယခု စီးပွားရေး အင်အားကြီးနိုင်ငံများဖြစ်လာသည်မှာ စစ်နိုင်ရန်သူများကိုမုန်း၊ ယင်းမုန်းမှုကို မခံချင်စိတ်အဖြစ် ပြောင်းလဲလုပ်ကိုင်၍ ဤသို့ အောင်မြင်လာခြင်းဖြစ်၏။ လူတဦးစီအနေဖြင့် ဆိုပါကလည်း မိမိမုန်းသူထက်သာအောင်၊ ပိုတော်အောင် ကြိုးစားခြင်းဖြင့် မိမိမှာ ပို၍



တိုးတက်ကြီးပွားလာသူ အမြောက်အမြားရှိ၏။ အမုန်းကို အမုန်းနှင့် တုံ့ပြန်ရန်မလို၊ ကိုယ်ထိလက်ရောက် ရင်ဆိုင်တိုက်ခိုက်ရန်မလို။ ကိုယ့်အကျိုးအတွက် အသုံးပြုရန်သာ လိုပေသည်။

ဘာပဲဖြစ်ဖြစ် မြမာလာ။ ကနေ့ဟာ မင့်အတွက်ပါပဲ။ ကနေ့ညဟာ မင်းရဲ့ညပါပဲ။

'ဂွတ်နိုက်၊ ကောင်းသောညပါ မြမာလာ။ ကောင်းတဲ့နံနက်ခင်းကိုလဲ စောင့်ကြိုကြပါစို့'

www.burmeseclassic.com

www.burmeseclassic.com

## ကောင်းသော နံနက်ခင်း

'ဖေဖေ ထတော့လေ'တဲ့။

မနက်စောစောမှာ သမီးစန္ဒီက ငါ့ကို လာနှိုးတယ်။ ပြောရင်း သူက ငါ့နှာခေါင်းကိုလာပိတ်တာနဲ့၊ ငါလဲ အသက်ရှူကျပ်လာတာနဲ့ လန့်နိုးလာတယ်။ ဟုတ်တယ် သမီးက ငါ့ကိုဖြစ်ဖြစ်၊ သူ့အမေကိုဖြစ်ဖြစ် နိုးစေချင်ယင် ဒီလိုပဲ လုပ်နေကျပဲ။ ငါလဲ နှာခေါင်းကိုလာပိတ်တဲ့ သမီးရဲ့ လက်ကို ဖမ်းဆုပ်ယင်း 'ဝူးဝူးဝါးဝါး' လုပ်လိုက်ရတယ်။



'ဘယ်သူလဲ ငါ့နှာခေါင်းကို လာပိတ်တာ၊ လက်ကို ဖြတ်ပစ်လိုက်ရမလား'

လို့ ငါလဲ နောက်ယင်း မျက်စိကိုဖွင့်လိုက်ရတယ်။ သမီးကတော့ သဘောကျလွန်းလို့ တခစ်ခစ်နဲ့။ နန်းကလဲ သူ့သမီးနဲ့ သူ့ယောကျ်ားကို သဘောကျပြီး ပြုံးကြည့်နေတယ်။ ငါနိုးလာမှန်း သိမှ—

'ကိုကို ထတော့လေ၊ ၆ နာရီထိုးပြီ'

လို့ ပြောတယ်။

ဒါနဲ့ ငါလဲ သမီးကို ငါ့ကိုယ်ပေါ်ပွေ့ချီပြီး နမ်းယင်း ထလိုက်ရတယ်။ ပြီးမှ နံနံရဲ့နဖူးကို နမ်းလိုက်ရတယ်။နန်းကတော့ ပြန်မနမ်းဘူး။ သမီးရှေ့မို့ထင်ပါရဲ့။

ငါလဲ အိပ်ရာကထ ရေမိုးချိုးပြီး အဝတ်အစား လဲရတယ်။ မြမာလာလဲ ငါ့အယင်ပဲ နိုးနေတယ်ထင်တယ်။ ငါရေချိုးတော့ သူ့ကို ဧည့်ခန်းမှာ ထိုင်စာဖတ်နေတာ တွေ့ရတယ်။ တခါတခါ အိမ်ဖော်မိန်းမကြီး ကော်ဖီဖျော်တဲ့နေရာကို ဝင်လုပ်နေတာ တွေ့ရတယ်။

'မလုပ်ပါနဲ့ မြမာလာ၊ ဒေါ်ထွေးကြီး လုပ်နေကျပါ'

လို့ နန်းကတော့ လှမ်းလှမ်းပြောပါရဲ့။

မကြာခင်မှာ ငါလဲ အဝတ်အစား လဲပြီးတယ်။ စန္ဒီကိုလဲ မူကြိုကျောင်းပို့ဖို့ အဝတ်အစား လဲပြီးပြီ။ ငါနှင့်သမီးက အိမ်က ခွာနေကျအချိန်ဟာ တချိန်တည်းပဲ။ သူက ကျောင်းသွားယင် ငါက ဆေးရုံသွားရတယ်။ သူ့အမေကတော့ ငါတို့ကို လိုက်ပို့ပြီးမှ သူ့ဆေးကျောင်း အလုပ်ရှိရာကို သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆေးကျောင်းက မနက် ၉ နာရီခွဲ ၁၀ နာရီသွားယင် ပြီးတယ်။ ညနေ ၃ နာရီခွဲကျ ဆင်းရတယ်။ အိမ်နဲ့ဆေးရုံနဲ့ မူကြိုကျောင်းနဲ့ နီးနေတော့ သူ့အတွက် အစစ အဆင်ပြေပါတယ်။

စားပွဲမှာ ငါရယ်၊ နန်းရယ်၊ မြမာလာရယ်၊ သမီးစန္ဒီရယ်၊ ကော်ဖီတဝိုင်းတည်း သောက်ကြတယ်။ ငါကတော့ ကော်ဖီခါးတခွက်၊ ကြက်ဥတလုံးနဲ့ ပေါင်မုန့်တချပ်ပဲ စားတယ်။ အစာစားယင်၊ ထမင်းစားယင်၊ ဝမှာစိုးလို့ အစားကို လျှော့စားရတယ်။

ခွဲစိတ်ဆရာဝန်ဆိုတာ အမြဲ ဖျတ်လတ် သွက်လက်နေဖို့လိုတယ်။ အဲဒီလို ဖျတ်လတ် သွက်လက်ဖို့ကလဲ ကိုယ်အလေးချိန်မှုမှန်ရှိမှ။ ဒါ့ကြောင့် ငါဟာ အစားအသောက်ကို သိပ်ဂရုစိုက်ရတယ်။

နန်းကတော့ ကော်ဖီချိုချိုတခွက်၊ ကြက်ဥတလုံးနဲ့ ထမင်းကြော်ကိုစားတယ်။ သူကတော့ စားနိုင်သလောက်စားတာပဲ။ ဒါတောင် သူဟာ သိပ်မဝချင်ဘူး။ သမီးလဲ မအေတူတယ်။

မြမာလာကတော့ သိပ်မစားဘူး။ အားနာလို့လားမသိ။ ကော်ဖီတခွက်၊ ကြက်ဥတလုံးနဲ့ ပေါင်မုန့်တချပ်ပဲ စားတယ်။ စားနေတာလဲ အေးတိအေးစက်ပဲ။ ငါ့ကိုပဲ ကြည့်ကြည့်နေတယ်။ ငါလဲ သူ့ကို တခါတခါပြန်ကြည့်ပြီး စားဖို့ပြောရတယ်။ သူ့မျက်နှာဟာ မိတ်ကပ်လုပ်မထားပေမယ့် ကြည့်လို့လှသားပဲ။ မိုးကုတ်သူမို့ ထင်ပါရဲ့။ အသားကဖြူဖြူ၊ မျက်ခုံးကထူထူ၊ ပါးကရဲရဲ၊ ဘယ်လိုပဲကြည့်ကြည့်၊ ကြည့်လို့လှသားပဲ။



ကနေ့ မင်္ဂလာဒုံရဲ့မနက်ခင်းဟာ နွေရာသီပေမယ့် အေးသားပဲ။ လေအေးက တဖြူးဖြူးတိုက်နေတယ်။ အိမ်ရှေ့က စိန်ပန်းပင်တွေကလဲ ရဲလို့။ ဟိုနေရာ သည်နေရာမှာ ငုဝါတွေလဲပွင့်လို့။ ပိတောက်တွေပဲ သိပ်မပွင့်သေးဘူး။ ဒါပေမယ့် ဆိုးတာက လေယာဉ်ပျံသံပဲ။ ဟုတ်တယ်၊ မင်္ဂလာဒုံမှာ နေရထိုင်ရ အေးဆေးသက်သာပေမယ့် လေယာဉ်ပျံကတော့ တခါတခါ ဆူညံသား။

ငါလဲ စားသောက်ပြီးတာနဲ့ ငါ့ဆေးရုံကိုသွားဖို့ပြင်ရတယ်။ ဒရိုင်ဘာကိုလဲ ကားအဆင်သင့်လုပ်ထားဖို့ ပြောရတယ်။ ဟုတ်တယ်၊ မနေ့က ပင်ပန်းထားတော့ ငါလဲ လမ်းမလျှောက်ချင်ဘူး။

'ကျွန်မရော လိုက်လို့ရမလား ဆရာ'

လို့ မြမာလာက မေးလို့ ငါလဲ

'လိုက်ချင်လိုက်ခဲ့လေ၊ လိုက်ခဲ့ယင်တော့ ရုံးခန်းထဲက ထိုင်စောင့်နေရမှာ ပျင်းစရာကြီး၊ မောင်သီဟ သတိရမှ လာကြည့်ချင်ယင်တော့ ဖုန်းဆက်လိုက်မယ်။အိမ်မှာနေရစ်ချင် နေရစ်ပါ၊ နန်းလဲရှိသားပဲ' လို့ ပြန်ပြောရတယ်။

'ကျွန်မ တခါတည်းလိုက်ခဲ့ပါရစေ' ဆိုတာနဲ့ ငါလဲ သူ့ကို ခေါ်ခဲ့ရတယ်။

ကားထဲမှာငါရယ်၊သူရယ်၊နန်းရယ်၊စန္ဒီရယ် လေးယောက်။ ငါနဲ့သူက ဆေးရုံမှာ ဆင်းနေရစ်တယ်၊ နန်းနဲ့ သမီးကတော့ ဒရိုင်ဘာနဲ့ ကားကို သမီးကျောင်းကိုသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ ကားထဲက မထွက်ခင်

'ဖေဖေ့လူနာတွေ နေကောင်းၪါစေ၊ မနေ့က ခွဲတဲ့လူနာ ရှင်တယ် မဟုတ်လား' လို့ သမီးက မေးသွားတယ်။

'ကျေးဇူးတင်တယ်သမီး၊ နေကောင်းပါလိမ့်မယ်'

လို့ ငါလဲ သမီးကို ပြန်ပြောရတယ်။

'ဆရာ့သမီးက သိပ်တတ်တာပဲ၊ ချစ်စရာကလေးနော်' လို့ မြမာလာက ပြောတယ်။

ဒီလိုပြောပြီး သမီးကို သူက ပွေ့နမ်းလိုက်သေးတယ်။ သမီးကလဲ သူ့ကို ပြန်နမ်းတယ်။ အဲဒီအခါမှာ သူ့ခမျာ ပြုံးလို့။ ကျေနပ်လို့ထင်ပါရဲ့။ ဒါပေမယ့် သူ့မျက်လုံးတွေကတော့ ရီဝေနေကြတယ်။ ဘာကြောင့်ပါလိမ့်။

ငါရုံးခန်းရောက်တဲ့အခါ မနက် ၇ နာရီထိုးပြီ။ မြမြရီရယ်၊ ဗညားရယ် ထိုင်စောင့်နေကြတယ်။ ငါရောက်တော့ ငါ့ကို မတ်တယ်ရပ်ကြိုကြတယ်။

'ဂွတ်မောနင်းဆရာ၊ ကျွန်မတို့လဲ အခုမှပဲရောက်တယ်'

လို့ ပြန်ပြောကြတယ်။

'မင်းတို့ ညက အိပ်ကြရဲ့လား' လို့ မေးတော့

'ဒီလိုပေါ့ ဆရာ၊ တနာရီ၊ နှစ်နာရီလောက်တော့ အိပ်ရပါတယ်' လို့ ပြန်ပြောကြတယ်။

'လူနာ အခြေအနေ ဘယ့်နှယ်နေလဲ'

'ကျွန်မတို့ ညဘ ပြန်တဲ့အထိတော့ ကောင်းပါတယ် ဆရာ၊ ကိုတင်မြင့်တို့၊ ဥမ္မာတို့ စောင့်နေကြတယ်၊ အခု သွားကြည့်ကြယင် ကောင်းမှာပဲ'



သူတို့က အဲဒီလိုပြောပြီး မြမာလာကို ကြည့်ကြတယ်။ မြမာလာ ဘယ်သူဆိုတာ သိချင်ကြလို့ ထင်ပါရဲ့။ ဒါနဲ့ ငါက

'သူက မြမာလာ၊ ကိုသီဟရဲ့ကောလိဂ်(လုပ်ဖော်ကိုင်ဖက်)ပဲ'

'မြမာလာ၊ ဒါက ဆရာ့ကောလိဂ် ဒေါက်တာ မြမြရီနဲ့ ဒေါက်တာ ဗညား'

ဆိုပြီး အားလုံးကို မိတ်ဆက်ပေးရတယ်။ သုံးယောက်သား ပြုံးပြုံးရွှင်ရွှင်နဲ့ လက်ဆွဲနှုတ်ဆက်ကြတယ်။

'မြမာလာ ဒီမှာစောင့်နေဦး၊ ဆရာတို့ ခွဲစိတ်ခန်း သွားလိုက်ဦးမယ်၊ သူသတိရယင် ဖုန်းဆက်လိုက်မယ်'

လို့ ပြောရတယ်။ ပြီးယင် ငါရယ် မြမြရီရယ်၊ ဗညားရယ်၊ သုံးယောက်သား ခွဲစိတ်ခန်းဘက်ကို လျှောက်သွားကြတယ်။ လမ်းကျ မြမြရီက....

'ဆရာ၊ အခုနက ဖုန်းလာတယ်၊ ဦးသီဟရဲ့ ဇနီးဆီက'

'ဘာပြောလဲ'

'ကိုသီဟ ခွဲတဲ့အခြေအနေ ဘယ့်နှယ်နေလဲ၊ သတိရလို့ စကားပြောနိုင်ယင် သူတို့လာချင်လို့တဲ့'

'ဒီတော့ မင်းဘာပြန်ပြောလိုက်သလဲ'

'အခုထိတော့ ဘာမှမသိရသေးဘူး၊ လာချင် လာစောင့် ပါလား' ဆိုတော့

'ကိစ္စမရှိပါဘူး၊ သတိရယင်သာ ဖုန်းပြန်ဆက်ပေးပါဆိုပြီး ဖုန်းနံပါတ်ပေးတယ် ဆရာ၊ ဘယ်လို မိန်းမလဲ မသိဘူး၊ ကိုယ့် ယောကျ်ား သေရေးရှင်းရေး ဖြစ်နေတာတောင် ဖုန်းနဲ့ မေးရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....သူလဲ မအားလို့နေမှာပေါ့ကွာ၊ မြမြရီလဲ မိန်းမပဲ၊ သူက ဘာကြောင့်မလာသလဲဆိုတာ မင်းလဲ သိမှာပေါ့'

'ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာ၊ မယားဆိုတာ လင်သေတဲ့အထိ လင့်အနားမှာ ဝတ်ကြီးဝတ်ငယ်ပြုစုရတယ် ဆရာရဲ့၊ ကောင်းတူဆိုးဖက် ဖြစ်ရသတဲ့၊ ဆင်းရဲချမ်းသာမရွေး အတူတူနေရသတဲ့။ သူ့ဟာက တမျိုးပဲ၊ ကျွန်မသာဆိုယင် သူ့လိုတော့ မနေတတ်ပေါင်'

'ဟုတ်လား မြမြရီ၊ ယောကျ်ားရယင် ဒီစကားတွေ မမေ့နဲ့နော်'

နောက်ဆုံးပြောတာက ဗညား၊ သူက မြမြရီကို စနေကြ။ သူကပြောလိုက်တော့ မြမြရီက သူ့ကိုမျက်စောင်းထိုးလိုက်တယ်။ ငါကတော့ သဘောကျလို့ ပြုံးနေရတယ်။

ခွဲစိတ်ခန်းရောက်တာနဲ့ မဝင်မီ ငါလဲ အဝတ်တွေလဲရတယ်။ မြမြရီနဲ့ ဗညားတို့လဲ ကိုယ့်အခန်းကိုယ်ဝင်ပြီး လဲကြတယ်။ အဝတ်လဲပြီးတာနဲ့ ခွဲစိတ်ခန်းထဲကို ဝင်သွားရတယ်။

သီဟဟာ ခွဲစိတ်ခုံပေါ်မှာပက်လက်ပဲရှိသေးတယ်။ ဒါပေမယ့် သူဟာ အသက်ရှူနိုင်ပြီ။ အောက်စီဂျင်ပိုက်ကိုတော့ တပ်ထားရတုန်း။ နှလုံးနဲ့ အဆုတ်တုစက်ကိုလဲ အဆင်သင့်လုပ်ထားတာတွေ့ရတယ်။ သွေးပုလင်းထဲက သွေးကတော့ တစက်စက်နဲ့ သူ့ကိုယ်ထဲကို ဝင်တုန်း။

တင်မြင့်ကအနားမှာ မှတ်စရာရှိတာမှတ်၊ တိုင်းစရာရှိတာတိုင်း၊ စမ်းစရာရှိတာစမ်းနဲ့ လုပ်နေတယ်။



ဥမ္မာကလဲ သူ့နှလုံးအိုးစီဂျီစက်နဲ့ တကုပ်ကုပ်။ ကျန်တဲ့သူတွေအားလုံးလဲ တကုန်းကုန်းပဲ။ လူတွေကြည့်ရတာ နုံးနေမှန်းသိသာတယ်။ မျက်တွင်းတွေချိုင့်၊ မျက်လုံးတွေဝေလို့၊ အိပ်ချင်ပုံ။

ဒါပေမယ့် အပြုံးတော့မပျက်ကြဘူး။ ဟုတ်တယ် သူတို့တတွေဟာ လုပ်စရာရှိယင် ပြီးအောင်လုပ်တတ်တဲ့ ဇွဲရှိတာအမှန်ပဲ။

'ကဲ....အခြေအနေ ပြောပြပါဦး'

လို့ ငါလဲ မေးလိုက်ရတယ်။

'အခုတော့ အားလုံးကောင်းနေတယ်ဆရာ၊ သွေးခုန်နှုန်း၊ သွေးကျိုးအား အသက်ရှူနှုန်း အားလုံးကောင်းတယ်။ ဆရာ့ဆီတောင် ဖုန်းဆက်ပြောမလို့'

တင်မြင့်က အဲဒီလိုပဲပြောတယ်။

'ဟုတ်လား ကောင်းတယ်၊ ကဲ....ဥမ္မာကော ဘယ်နှယ်လဲ'

'နှလုံးခုန်နှုန်း မှန်နေပါတယ်ဆရာ၊ မြန်တော့ နည်းနည်းမြန်သေးတယ်။ ဒါပေမယ့် ကောင်းပါတယ်'

'သွေးခုန်နှုန်းရော'

'တမိနစ် ၄၀ ပဲ ရှိသေးတယ်ဆရာ'

လေးညာဏ်က ဒီလိုပဲ ဖြေလိုက်တယ်။

'ကဲ....မြမြရီ ဆရာတို့ လုပ်စရာရှိတာကလေးတွေ နည်းနည်းလုပ်ရအောင်။ သွေးထဲက ဓာတုဗေဒ စမ်းသပ်မှုလုပ်ဖို့၊ ဆီးစစ်ဖို့ ကျောက်ဇယ်လုပ်ငန်း စစ်ဖို့မြင်။ ပြီးတော့ သွေးနည်းနည်းသွင်းရအောင် ဒီလိုလုပ်၊ သွေးနည်းနည်း ထပ်သွင်းရအောင်

www.burmeseclassic.com



သွေးသွင်းစက်လဲကြည့်။ ထိုးစရာဆေးတွေလဲ အသင့်ပြင်ထား။ ကဲ....စလုပ်ပေတော့'

'ဟုတ်ကဲ့ဆရာ'

ပြောလိုက်တာနဲ့ သုပ်ငန်းစကြတယ်။

လေးညာဏ် သွေးသွင်းနှုန်းလဲ ကြည့်ထားဦး'

'ဟုတ်ကဲ့ဆရာ၊ အခုတော့ တမိနစ်ကို ၄၀နဲ့ ၄၅စက် ဝင်နေတယ် ဆရာ'

'အေး ကောင်းတယ်၊ ဒီအတိုင်း ဆက်သွင်းနိုင်အောင် စက်အားကို ထိန်းခိုင်း'

'ဟုတ်ကဲ့'

နောက် အားလုံးပဲ ကိုယ်လုပ်စရာရှိတာတွေကို ဆက်လုပ်နေကြတယ်။စက်သံနဲ့ ဖိနပ်သံတွေလဲပြီး ခွဲစိတ်ခန်းတခုလုံး ငြိမ်နေတာပဲ။ မြမြရီ၊ ဗညား၊ တင်မြင့်၊ လေးညာဏ်၊ ဥမ္မာ အားလုံးကိုယ့်အလုပ်နဲ့ကိုယ်၊ သူနာပြုဆရာမတွေလဲ ဒီလိုပဲ။ တော်တော်လေးကြာမှ တင်မြင့်က....

'ဆရာ ကျွန်တော်တို့ မေ့ဆေးထပ်ပေးပြီး သွေးတိတ်အောင် လုပ်ဖို့များ လိုမလား'တဲ့။

'မလိုဘူး ထင်ပါတယ်ကွာ၊ သူ့ဟာသူ တိတ်လာပါလိမ့်မယ်'

ဒါနဲ့ သွင်းထားတဲ့သွေးကို ဆက်သွင်းကြတယ်။ဘာလိုလိုနဲ့ သိဟာကိုယ်ထဲကို သွေးသွင်းတာ အခုဆို ပုလင်း ၂၀ လောက်ရှိပြီ။ သွေးခဲတာက မှုမမှန်သေးဘူး။ ဘာများ ဖြစ်ပါလိမ့်။ သွေးထွက်နေတဲ့ သွေးကြော အသေးအဖွဲ့ ကလေးတွေများ



ကြိုးမချည်ပဲ ကျန်ရစ်သလား။ ဒါလဲမဖြစ်နိုင်ဘူး။ ငါလုပ်ခဲ့တုန်းက သေသေချာချာ လုပ်ခဲ့တာပဲ။ သွေးခဲတဲ့ ပစ္စည်းတွေများ နည်းလို့လား။ ဒါလဲ ဂရုစိုက်ထားသားပဲ။ မိုပိုလိုလို ဗိုက်တာခင်ကေတို့၊ပရိုသရောဗင်တို့ စတဲ့ သွေးခဲတဲ့ ဓာတုဗေဒပစ္စည်းတွေလဲ ပေးထားသားပဲ။ သွေးသိပ်ပေးယင်လဲ မကောင်း၊နှလုံးတို့၊ ကျောက်ကပ်တို့မှာ ဒဏ်ပိနိုင်တယ်။ အင်း ဆီးရောကောင်းရဲ့လားမသိ။ ဒါကြောင့်

'ဆီးစစ်ဆေးတာတွေရော ဘယ့်နှယ်နေလဲ'

လို့ လှမ်းမေးလိုက်ရတယ်။

'အခု နာရီဝက်အတွင်းမှာတော့ ၄၀ စီစီရှိတယ် ဆရာ'

လေးညာဏ်က သိဟာရဲ့ကိုယ်နဲ့ဆက်ထားတဲ့ ဆီးပြွန်ခံထားတဲ့ ပုလင်းကိုကြည့်ယင်း ပြောတယ်။ပုလင်းထဲမှာတော့ အညိုရောင်ဆီးတွေရှိနေတယ်။

'ဆရာ အခု တော်တော် ကောင်းလာပြီ'

လို့ မြမြရီက ဝင်ပြောတယ်။

'အင်း ဟုတ်သားပဲ။ ကျောက်ကပ်ရဲ့ အလုပ်ဟာ အခုအတိုင်းဆိုတော့ တိုးတက်နေသားပဲ။ ဘာမှ ပူစရာမရှိပါဘူး။ ဒီအတိုင်းဆိုယင်ဖြင့် သွေးထပ်သွင်းလို့ ရပါသေးတယ်။

'သွေးထပ်သွင်းဟေ့။ ဒီလိုပဲ စောင့်ကြည့်ရမှာပဲ'

လို့ ငါက ပြောလိုက်တယ်။

တင်မြင့်နဲ့ မြမြရီလဲ သွေးပုလင်းတွေကို စစ်ကြည့်လိုက်တယ်။ ပြီးတော့ ငါ့ဆီ နှစ်ယောက်သား ရောက်လာကြပြီး တိုးတိုးလေး ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ အခုတလုံးကုန်ယင် သွေးမရှိတော့ဘူး ဆရာ၊ ကျွန်တော်တို့ သွေးသွင်းတာ ပုလင်း ၂၀ ကျော်ပြီ။ သွေးဘဏ်ကလဲ သူ့သွေးမျိုး ထပ်မရနိုင်တော့ဘူးတဲ့'

'ဘာ အရေးတကြီးခွဲနေတာ သွေး ထပ်မရနိုင်ဘူးလား။ တော်တော် သောက်သုံးမကျတဲ့ ကောင်တွေ'

ငါလဲ စိတ်တိုတိုနဲ့ အော်ပြောလိုက်တယ်။ ဟုတ်တယ်၊ ငါတို့ ဒီလောက် ပင်ပင်ပန်းပန်း ခွဲစိတ်ထားတာ သွေးမရှိတာနဲ့ ဒီခွဲစိတ်မှုက အလကားဖြစ်ရတော့မလား။ သွေးမရှိတာနဲ့ ရှင်ရမယ့်လူဘယောက်ဟာ သေရတော့မလား။ ငါ တော်တော်ကို စိတ်တိုသွားတယ်။ ဒါပေမယ့် ငါ့စိတ်ကို ငါပြန်ထိန်းလိုက်ပါတယ်။

'ဒီလိုဆို သွေးတပုလင်း နှစ်ပုလင်းလောက် ထပ်ရှာကွာ။ သူ့သွေးအုပ်စုနဲ့တူတဲ့လူ မရှိဘူးလား'

'ဆရာ ကျွန်တော်လဲ့ ဘီမျောက်သွေးမဲ့ပဲ။ ကျွန်တော်လှူလို့ ရမလား'

ဗညားက လှမ်းပြောဘယ်။ ဆရာဝန်က လူနာကိုလှူရမတဲ့။ မဖြစ်နိုင်တာ။ သူက ခွဲစိတ်ရမယ့်လူ။

'ဟာ နင်လှူလို့မဖြစ်ပါဘူး၊ နင့်သွေးတွေ ဝင်သွားယင် လူနာသတိရတဲ့အခါ ရူးနေပါဦးမယ်'

မြမြရီက မနောက်စဖူး လှမ်းနောက်လိုက်ဘယ်။ အားလုံးပဲ ဝိုင်းရီကြတယ်၊ ငါလည်း ပြုံးလိုက်ရတယ်။

'ဒါဆိုနေဦး၊ ငါသွေးရဖို့ ဆက်သွယ်လိုက်ဦးမယ်။ လူနာကိုသာ ကြည့်ထား'



လို့ပြောပြီး၊ ငါလဲ ခွဲစိတ်ခန်းထဲက တယ်လီဖုန်းကိုသုံးပြီး သွေးရဖို့ လိုက်ဖုန်းဆက်ရတယ်။

ဘယ်ကမှ အဆင်မပြေဘူး၊ ဒါနဲ့ အဝတ်အစားလဲပြီး စိတ်ပျက်ပျက်နဲ့ ငါ့ရုံးခန်းကို လာခဲ့ရတယ်။ ရုံးခန်းမှာတော့ မြမာလာဟာ စာအုပ်တအုပ်ဖတ်ယင်း၊ ထိုင်စောင့်နေရှာတယ်။

'ဆရာ သူ့အခြေအနေ ဘယ့်နှယ်လဲ'

လို့ ငါဝင်လာတာနဲ့ မေးရှာတယ်။ သူ့မျက်နှာဟာ ငါ့ကို သိပ်အားကိုးတဲ့ပုံ။ ဒီအထဲက ပူပန်နေပုံ။

'အခြေအနေက ကောင်းပါတယ်။ အခု သွေးတပုလင်း နှစ်ပုလင်းလောက် ထပ်လိုချင်လို့ ပြန်လာတာ။ ဘယ်ကမှ မရသေးဘူး'

လို့ ငါက စိတ်ပျက်ပျက်အသံနဲ့ပြောပြီး ငါ့စာပွဲမှာ ထိုင်လိုက်ရတယ်။ ဒီအခါမှ သူ့မျက်နှာဟာ ပြုံးရောင်သန်းလာတယ်။

'ဆရာ ကျွန်မဆီက ယူပါလား။ ကျွန်မနဲ့ ဆရာဦးသိဟ သွေးနဲ့က အတူတူပါပဲ။ ဆရာဟိုအလျင်တခါ နေမကောင်းတုန်းကလဲ ကျွန်မပဲ လှူခဲ့ဖူးပါတယ်။ ကျွန်မ တခါသွေးလိုတုန်းကလဲ သူပဲ သွေးလှူခဲ့ပါတယ်'

'ဟယ် မင်းတို့ဟာက စိတ်တူသဘောတူမကဘူး၊ သွေးပါ တူနေပြန်ပါပေါ့လား၊ မျောက်သွေးမဲ့ (Rhesus Negative) ဆိုတာက သိပ်ရှားတာ'

'ဖြစ်နိုင်ပါ့မလား မြမာလာ၊ မင်း အားနည်းနေရှာပေါ့။ မင်းကြည့်ရဘာလဲ ပင်ပန်းလိုက်ဘာ'

www.burmeseclassic.com



'ဖြစ်ပါတယ် ဆရာ၊ ကျွန်မဆရာအတွက် ကျွန်မ တတ်နိုင်တာ ပေးပါရစေ'

'အင်း ဒါဆိုလဲ ပြီးတာပဲ'

ဒါနဲ့ ငါလဲ ခွဲစိတ်ခန်းကို ဖုန်းလှမ်းဆက်လိုက်ရတယ်။

'မြမြရီနဲ့ တင်မြင့် ဒီမှာ မြမာလာရဲ့ သွေးကိုစမ်းကြည့်။ သီဟာသွေးနဲ့သူယင် ယူလိုက်'

ဒါနဲ့ မြမာလာရဲ့သွေးကို ငါတို့စမ်းကြည့်ကြရတယ်။ မှန်ပါတယ်။ မြမာလာရဲ့သွေးနဲ့ သီဟာရဲ့သွေးဟာ အတူတူပဲ။ သွေးကိုယူမယ်လုပ်တုန်းမှာ ဗညား ငါ့နားကပ်လာတယ်။

'ဆရာ ကျွန်တော် အကြံတခုပေးချင်တယ်၊ ဖြစ်မလား မသိဘူး'

'ဘာလဲကွာ'

'အခု လူနာ သွေးသိပ်မခဲတာ ကျွန်တော်တို့ လှောင်ထားတဲ့ သွေးချည်းယူလို့ ဖြစ်မယ်ထင်တယ် ဆရာ၊ နောက်ပြီး လှောင်ထားတဲ့သွေး၊ ပုလင်းနဲ့ယူထားတဲ့ သွေးက အင်တီကို အေရှုးလင်း (သွေးမခဲစေတဲ့ဓာတ်)တွေ ထည့် ထား တယ် မဟုတ်လား။ ဒီတော့ အဲဒီသွေးတွေ သွင်းပါများလေ လူနာရဲ့ သွေးမခဲလေလို့ ထင်တယ်ဆရာ။ ဒီတော့ သွေးကိုလှူတဲ့လူဆီက တိုက်ရိုက် တခါတည်း လူနာထဲကိုထည့်ယင် မကောင်းပေဘူးလား'

အင်း ငါတို့ မစဉ်းစားမိတာ သူက စဉ်းစားမိတယ်။ ဟုတ်ပေသားပဲ။ ဒါလဲ ဖြစ်နိုင်တာပဲ။ ဒါနဲ့ ငါလဲ အကျိုးအကြောင်းကို တင်မြင့်တို့ မြမြရီတို့နဲ့ တိုင်ပင်ရတယ်။ ဘာမှ အန္တရာယ်မရှိ



လုပ်လို့ရတဲ့အတွက် လုပ်ဖို့ အားလုံးက သဘောတူကြတယ်။ သူပေးတဲ့အကြံဉာဏ်ကို အားလုံးက လက်ခံတဲ့အတွက်လဲ ဗညားလဲ ပျော်သွားတယ်။

ဟုတ်တာပေါ့။ အကြံဉာဏ်ဆိုတာ ကောင်းယင် ဘယ်သူက ပေးပေး၊ ရာထူးကြီးငယ်မရွေး၊ အသက်အရွယ်မရွေး လက်ခံရမှာပေါ့။

ဒါနဲ့ မြမာလာကို စမ်းသပ်စစ်ဆေး၊ အဝတ်လဲ၊ ပိုးမွှားကင်းအောင်လုပ်ပြီး၊ သီဟာရဲ့ဘေးမှာ ခွဲစိတ်ခုံတခုနဲ့ယှဉ်ထားရတယ်။ သီဟာကတော့ ဘာမှမသိ။ မြမာလာကတော့ အားလုံးသိတာပေါ့။ သီဟာကို မြင်နေရတဲ့အတွက် သူ့မျက်နှာဟာ သိသိသာသာကြီး ဝင်းလက်ပျော်ရွှင်နေတယ်။ သူချစ်တဲ့သူ ကြည်ညိုတဲ့ လူတယောက်ကို သူ့သွေးကို ပေးရတဲ့အတွက်လဲ သိပ်ကျေနပ်နေတဲ့ပုံပဲ။ သီဟာရဲ့မိန်းမသာသိယင် ဘယ့်နှယ်နေပါမလဲ။ အင်း ဒါတွေကိုတော့ ငါကလွဲယင် ဘယ်သူမှ မသိကြပါဘူး။

မြမာလာရဲ့လက်မောင်းက သွေးတွေက သီဟာရဲ့သွေးကြောထဲကို တိုက်ရိုက်ပဲ စီးဝင်နေတယ်။ ငါတို့လဲ နှစ်ယောက်စလုံးကို စောင့်ကြည့်ပြီး လုပ်စရာရှိတာတွေကို ဆက်လုပ်နေရတယ်။

'ဆရာ ချစ်သွေးသစ္စာကို ကြည့်ဖူးသလား'

ဗညားက ငါ့ကိုလာမေးတယ်။

'ဟင့်အင်း မကြည့်ဖူးဘူး၊ ဘာလဲ'

လို့ ပြန်မေးလိုက်ရတယ်။

'ချစ်သွေးသစ္စာဆိုတာ ဆရာသုခရိုက်တဲ့ ရုပ်ရှင်ကားတကား ဆရာ၊ ဇာတ်လမ်းက ဒေါက်တာမောင်သင်ရဲ့ ဝတ္ထုတိုတပုဒ်က

www.burmeseclassic.com



ယူသွားတာ၊ အဲဒီကားထဲမှာ ဆရာဝန်က သူ့ချစ်သူအတွက် သွေးကို ဒါရိုက်ထရန်စ်ဖြူးရှင်း(တိုက်ရိုက်သွေးသွင်းခြင်း) အခု လိုပဲ ပေးတယ်၊ သူ့ချစ်သူက အဲဒီအချိန်မှာ သွေးသွန်ပြီးသေ တော့မလောက် ဖြစ်နေတယ်၊ဖြစ်တာက အက်တိုပစ်ပရက်ဂနင်စီ (နေရာလွဲသန္ဓေ)ပေါက်တာ ဆရာ၊ အဲဒါကို သတိရလို့ပါ’

‘ဘာလဲ ကိုယ်ဝန်နဲ့ဆိုတော့ သူ့ချစ်သူလား၊ သူ့ဇနီးလား’

‘သူ့ချစ်သူ ဆရာ၊ ငယ်ငယ်ကရည်းစား၊ အခုဆေးကုတော့ သူများမယားဖြစ်နေပြီ။ ဒါပေမယ့် ဆရာက အချစ်မပျက်ပဲ အသက်ကယ်လိုက်တယ်ဆိုတဲ့ သဘောပေါ့’

‘ဟ....မင်းဟာက မဆီမဆိုင်’

လို့ ငါက ပြန်ပြောလိုက်ရတယ်။

စိတ်ထဲမှာတော့ လူတွေဟာ ချစ်ယင်၊ သစ္စာတိုင်ချင်ယင် သွေးနဲ့ သက်သေပြုကြတာတွေကို သွားစဉ်းစားနေမိတယ်။

သွေးဟာ ခန္ဓာကိုယ်အတွက် မရှိမဖြစ်တဲ့အရာပဲ ဖြစ်တယ်။ သွေးမရယင် ဘယ်ခန္ဓာကိုယ်အစိတ်အပိုင်း၊ ကိုယ်အင်္ဂါမှ အလုပ် မလုပ်နိုင်၊ အသက်မရှင်နိုင်ကြဘူး။ သိပ်အေးတဲ့နေရာတွေမှာ ဆိုယင် နားရွက်တွေ၊ ခြေချောင်းလက်ချောင်းကလေးတွေဟာ သွေးမရတာနဲ့ ပြတ်ကျကုန်ရတယ်။ သိပ်အေးလို့ အဲဒီအပိုင်း တွေဆီကို သွေးမရောက်နိုင်ကြလို့ပဲ။

လူတယောက် ကျန်းမာတယ်၊ မကျန်းမာဘူးဆိုတာကိုပြော နိုင်ဖို့ သွေးကို အမျိုးမျိုးစစ်ဆေးရတယ်။ သွေးဟာ ခန္ဓာကိုယ် အစိတ်အပိုင်းရဲ့ အခြေအနေ အားလုံးကို ထင်ဟပ်စေလို့ပဲ။ ဒါတွေတင် ဘယ်ကဦးမလဲ။ သွေးဟာ လူတွေရဲ့အသက်ကို



အများကြီး ကယ်တင်နိုင်သေးတယ်။ တချို့ ရောဂါရှိသူတွေ၊ သွေးအားနည်းသူတွေ၊ သွေးထွက်လွန်သူတွေကို သွေးသွင်းပြီး ကုသပေးကြရတယ်။ ကြီးကြီးကျယ်ကျယ် ခွဲစိတ်မှုမှန်သမျှမှာ သွေးဟာ မရှိမဖြစ် လိုအပ်တဲ့ အရာတခုပဲ။ အမြဲတမ်း သွေးပြန် သွင်းပေးရတယ်။ သွေးဟာ ခန္ဓာကိုယ်အတွက် အရေးကြီးလွန်း လို့ “သွေးသည်အသက်” လို့တောင် တင်စားပြီး ပြောကြ တယ် မဟုတ်လား။

သွေးကို သာမန်မျက်စိနဲ့ ကြည့်ယင် နီရဲရဲအရည်တွေလို့ပဲ မြင်ရတယ်။ အားလုံးက သွေးကို အရည်လို့ ထင်ကြမှာပဲ။ တကယ်တော့ သွေးဟာ အရည်နဲ့အဖတ် နှစ်မျိုးစလုံးပါတယ်။ တဝက်ကျော်ကျော်ဟာ ဆားငန်ရည်နဲ့တူတဲ့အရည်ဖြစ်ပြီး ကျန် တဝက် မရှိတရှိကတော့ အဖတ်တွေဖြစ်တယ်။ သွေးရည်ထဲမှာ ဆားဓာတ်၊ ကြက်ဥအကာဓာတ်၊ အသားဓာတ် အမျိုးမျိုး၊ သကြားဓာတ်၊ ယူရီးယားဓာတ် စတဲ့ ဓာတ်ဆားအမျိုးမျိုးမှာ အချိုးကျ ပျော်ဝင်နေကြတယ်။ ခန္ဓာကိုယ်တနေရာရာမှာဒဏ်ရာ ရယင် ဒီသွေးထဲက ဓာတ်တွေဟာ စုပေါင်းပြီး သွေးခဲအောင် ပြုလုပ်ပေးကြတယ်။

သွေးထဲမှာ ပါတဲ့အဖတ်တွေကတော့ သွေးဥတွေ ဖြစ်ကြ တယ်။ သွေးဥတချို့ကအနီ၊ တချို့ကအဖြူ၊ တချို့ကအပြား၊ တချို့ကအလုံး၊ တချို့ကတော့ ပြားတလှည့် လုံးတလှည့်၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးပဲ။ အရောင်နဲ့ ပုံပန်း ကွဲသလို သူတို့ရဲ့အရေးကြီးပုံ၊ အသုံးဝင်မှုတွေကလဲ တမျိုးနဲ့ တမျိုး မတူကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးမှန်ဘီလူးအောက်မှာကြည့်လို့ ဝိုင်းဝိုင်းပြားပြား အနီရောင်သွေးဥတွေကို တွေ့ယင် သူတို့ဟာ သွေးနီဥတွေပဲ ဆိုတာ သိနိုင်တယ်။ သွေးနီဥတွေထဲမှာ ဟေမိုဂလိုဗင်(Haemoglobin)လို့ခေါ်တဲ့ သံဓာတ်နဲ့ ရောင်ခြယ်ပစ္စည်းပါတယ်။

ဒါကြောင့် သွေးနီဥကနီနေတာ။ ပြီးတော့ ဒီဓာတ်ကြောင့်မို့လို့ သွေးနီဥက အောက်စီဂျင်နဲ့ ကာဘွန်ဒိုင်အောက်ဆိုက်ကို သယ်ယူပို့ဆောင်ပေးနိုင်ကြတာ။ ဒီဓာတ်က တော်တော်အရေးကြီးတယ်။ ဒီဓာတ်ကောင်းကောင်းဖြစ်ဖို့ သံဓာတ်လိုတယ်။

သွေးနီဥဘေ့ဟာ သွေးရည်နဲ့အတူ အဆုတ်ထဲကို ရောက်ကြတုန်း လေထဲက အောက်စီဂျင်ကို စုပ်ယူကြတယ်။ ပြီးတော့ နှလုံးရဲ့ ဗယ်ဘက်ခန်းထဲပြန်ဝင်ပြီး ခန္ဓာကိုယ် အနှံ့အပြားကို အောက်စီဂျင်ဖြန့်ပေးကြတယ်။မလိုတဲ့ကာဘွန်ဒိုင်အောက်ဆိုက်ကိုတော့ ပြန်သယ်လာပြီး အဆုတ်ထဲရောက်တော့ စွန့်ထုတ်လိုက်ကြတယ်။အသက်ရှူထုတ်လိုက်တော့ ဒီဓာတ်တွေ အပြင်ရောက်သွားတာပေါ့။

လူ့ခန္ဓာကိုယ် ကျန်းမာသန်စွမ်းဖို့၊ ဖျတ်ဖျတ်လတ်လတ်ရှိဖို့ သွေးနီဥတွေကောင်းရ၊များရတယ်။ သွေးနီဥနည်းယင် လူကဖြူဖပ်ဖြူရော်၊ ခနော်ခနဲ့နဲ့၊ ခဏခဏခေါင်းမူးတယ်။နှလုံးခုန်ရင်တုန်တယ်။ ပြီးတော့ အအိပ်ပျက် အစားပျက်လဲ ဖြစ်တတ်သေးတယ်။

ဆရာဝန်တွေ လူနာရဲ့မျက်ခွံကို လှန်ကြည့်၊ လျှာနဲ့ နှုတ်ခမ်းတွေကိုကြည့်၊ ခြေသည်းလက်သည်းနဲ့ အသားအရေကိုကြည့်ကြတာဟာ သွေးနီဓာတ်ကို ခန့်မှန်းကြည့်ချင်လို့ပဲ။အခြားရောဂါ



တွေရှိမရှိ သိဖို့လဲ ပါတာပေါ့လေ။ သွေးနီဓာတ်ကောင်းချင်ယင်တော့ အသားများများနဲ့ ဟင်းရွက် လတ်လတ်ဆတ်ဆတ်စားပေးဖို့လိုတယ်။

သွေးနီဥတွေအပြင် သွေးဖြူဥဆိုတာလည်း ရှိသေးတယ်။ သူတို့ကတော့ သွေးနီးဥထက် အရေအတွက် နည်းကြတယ်။ သွေးနီဥငါးသန်းရှိမှသူတို့မှာ လေးငါးခြောက်ထောင်လောက်ပဲရှိတယ်။အမျိုးစားကတော့အများကြီးပဲ။သွေးထဲမှာအနည်းဆုံးငါးမျိုးလောက် တွေ့နိုင်တယ်။ပုံစံအမျိုးမျိုး အရွယ်အမျိုးမျိုးရှိကြတယ်။သူတို့ဟာခန္ဓာကိုယ်ရဲ့ကိုယ်ခံဓာတ်နဲ့ခုခံကာကွယ်အားအတွက် သိပ်အရေးကြီးတယ်။ဘာကြောင့်လဲဆိုတော့ သူတို့ဟာအပြင်ကနေပြီး ခန္ဓာကိုယ်ထဲဝင်လာတဲ့ ရောဂါပိုးတွေ သူစိမ်းပစ္စည်းတွေ ခန္ဓာကိုယ်အတွက် ဥပဒ်မရောက်ရအောင် တွန်းလှန်တိုက်ခိုက် ချေဖျက်ပေးကြတယ်။ ဒါကြောင့် သွေးဖြူဥ အရေအတွက်မှန်မှ လူကကျန်းမာတယ်၊ ရောဂါရယင်လည်း မြန်မြန်နာလန် ထူနိုင်တယ်။ သွေးဖြူဥ သိပ်နည်းနေယင်တော့ ရောဂါခဏခဏရတတ်တယ်။ ဆေးရုံမှာဆိုယင် လူမမာရဲ့သွေးကိုဖောက်ပြီး သွေးဖြူဥတွေကို အမြဲ ရေတွက်ကြရတယ်။

ဒီသွေးဖြူဥတွေ သွေးနီဥတွေအပြင် သွေးဥတမျိုးလည်း ရှိသေးတယ်။ သူတို့ကတော့ သေးသေးကွေးကွေး ပြားပြားချပ်ချပ် သွေးခဲဥကလေးတွေပါပဲ၊ ခန္ဓာကိုယ်မှာ ဒဏ်ရာရလို့ စုတ်ပြဲသွားယင် သူတို့က သွေးခဲအောင် ကူညီလုပ်ကိုင်ပေးကြတယ်။ သွေးခဲမှုလည်း သွေးတိတ်မှာကိုး။

www.burmeseclassic.com

www.burmeseclassic.com



သွေးမြန်မြန်တိတ်တော့အသက်ချမ်းသာနိုင်တာပေါ့။ သွေးတိတ်မရပ်ယင် သွေးထွက်လွန်ပြီး သေတတ်တယ်။ ဒါကြောင့် သွေးခဲဥကလေးတွေဟာလဲ အရွယ်သေးပေမယ့် အရေးကြီးတာပါပဲ။

လူ့သွေးဟာ တိရစ္ဆာန်သွေးနဲ့ အရောင်တူပေမယ့် ခတ်ကတော့ မတူဘူး။ တခြားစီပါပဲ၊ ဒါကြောင့်လည်း သွေးကွက်တခုဟာ လူသွေးဟုတ်မဟုတ် စမ်းကြည့်ပြီးမှ ပြစ်မှုတရားခံကို ရှာကြရတယ်။ လူအချင်းချင်းတောင်မှ တယောက်နဲ့တယောက် သွေးချင်းတူချင်မှတူတာ၊ လူမှာ အဓိကကျဆုံး သွေးအုပ်စုလေးခုရှိတယ်။ အဲဒါကတော့ အေ၊ဘီ၊ အေဘီနဲ့အို (A,B,AB and O) သွေးအုပ်စုတွေပေါ့။

သွေးသွင်းတဲ့အခါကျယင် ကိုယ့်သွေးအုပ်စုနဲ့တူတဲ့ သွေးအမျိုးအစားကိုပဲ သွင်းကြရတယ်။ ဒါမှမဟုတ် 'အို'သွေးအုပ်စုပိုင်ရှင်ရဲ့သွေးကို သွင်းနိုင်တယ်။ ဥပမာပြောရယင်တော့ 'အေ' သွေးအုပ်စုပိုင်ရှင်က 'အေ'သွေးကိုပဲ အသွင်းခံရမယ်။ 'အေ' သွေးမရနိုင်တဲ့အခါကျမှ 'အို' သွေးကိုသွင်းရတယ်။ 'အို'သွေးကိုတော့ ဘယ်သူဖြစ်ဖြစ် လက်ခံနိုင်တယ်။ ဒါပေမယ့်'အို'သွေးပိုင်ရှင်ကတော့ 'အို'သွေးကလွဲလို့ ဘယ်သွေးကိုမှ လက်မခံနိုင်ဘူး။ 'အို' သွေးပိုင်ရှင်ကို'အို'သွေးပဲ သွင်းပေးရတယ်။ 'အေဘီ' သွေးအုပ်စုပိုင်ရှင်ကတော့ ကံကောင်းတယ်လို့ ဆိုရမလား မသိဘူး။ ဘယ်သူ့ထဲက သွေးကိုပဲဖြစ်ဖြစ် လက်ခံနိုင်တယ်။ ဒါကြောင့် သွေးလှူတဲ့အခါမှာပဲဖြစ်ဖြစ်၊ သွေးသွင်းတဲ့အခါမှာပဲဖြစ်ဖြစ် သွေးအုပ်စုကိုသိဖို့ စမ်းသပ်ကြရတယ်။ လှူသူနဲ့



ယူသူ သွေးအုပ်စုတူမှ တဦးကတဦးကို လက်ခံနိုင်မှ ပေးယူနိုင်တယ်။

သွေးအုပ်စုမတူပဲသွင်းမိယင် သွေးနီဥတွေ ကွဲကုန်ကြတယ်။ ခတ်မတည့်လို့ လူနာဟာ သိပ်ကို ဒုက္ခရောက်သွားနိုင်တယ်။ လူနာ အသက်ရှုကျပ်ပြီး မောပန်းလာမယ်။ တခါတလေ အန်မယ်။ အဆိုးဆုံးကတော့ လူနာ မေ့မြောသွားတတ်တာပါပဲ။အဆင်မသင့်ယင် မြန်မြန် မကုပေးယင်သေနိုင်တဲ့အထိ အန္တရာယ်ကြီးတော့ တော်တော် ကြောက်စရာကောင်းတယ်။ တခါတလေကျတော့ ပိုးမွှားပါတဲ့သွေးတို့၊ သွေးနီဥကြေပျက်နေတဲ့ သွေးတို့ကို မသိပဲ သွင်းမိပြန်ယင်လဲ သွေးအုပ်စုတူပါလျက်နဲ့ ဒီလိုအန္တရာယ်တွေ ဖြစ်တတ်သေးတယ်။

ဒါကြောင့် သွင်းတဲ့သွေးဟာ ပိုးမွှားကင်းစင်ဖို့ လတ်လတ်ဆတ်ဆတ်ရှိဖို့လည်း လိုသေးတယ်။ ဒါတွေတင် ဘယ်ကဦးမလဲ။ ဘယ်သွေးအုပ်စုပဲဖြစ်ဖြစ် မျောက်ခတ်မဲ့(Rhesus Factor)လို့ခေါ်တဲ့ခတ်ကတော့ ရှိတဲ့သူမှရှိတယ်။ မရှိတဲ့သူမှာ မရှိဘူး။ ဒီခတ်ကလည်း အရေးကြီးတာပဲ။ မျောက်ခတ်မဲ့သူကို မျောက်ခတ်ရှိတဲ့သွေးကို အုပ်စုတူတယ်ပဲထားဦး မပေးသင့်ဘူး။ အနောက်နိုင်ငံမှာတော့ မျောက်ခတ်မဲ့သူတွေက များကြတယ်ဆိုပဲ။ မြန်မာပြည်မှာတော့ ၇၅ရာခိုင်နှုန်းက မျောက်ခတ်ရှိကြတယ်။ဒီမျောက်ခတ်နဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်တခု ဖြစ်လေ့ဖြစ်ထရှိတယ်။

တကယ်လို့ အမေဟာ မျောက်ခတ်မဲ့ဖြစ်ပြီး မျောက်ခတ်ရှိတဲ့ ဖခင်ကရတဲ့ သန္ဓေသားကို လွယ်ရယင် မွေးလာအဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ သွေးနီးဥတွေကြေကွဲပြီး မျက်လုံးဝါတတ်တယ်။ အသားဝါတတ်တယ်။ အခြေအနေဆိုးလွန်းယင် သားလျှောနိုင်တယ်။ မျောက်ခေတ်သွေးက အမေမှာ သူ့ကို တိုက်ခိုက်ဆန့်ကျင်မယ့်ခေတ်ကို ဖြစ်ပေါ်စေတယ်။ သူတို့အချင်းချင်းခေတ်ပြုကြတော့ သွေးနီဥတွေ ကြေကွဲကုန်ရတယ်။ ဒါကြောင့် မျောက်ခေတ်မဲ့ အမျိုးသမီးတွေဟာ မျောက်ခေတ်မဲ့အမျိုးအစားတွေနဲ့ ပိုပြီးလက်ဆက်သင့်တာပေါ့။

သွေးသွင်းတဲ့နေရာမှာ သတိထားရတဲ့ အချက်အခု ရှိသေးတယ်။ အဲဒါကတော့ ငှက်ဖျားရောဂါ၊ ဆစ်ဖလစ်ရောဂါ၊ အသည်းရောင်ရောဂါရှိသူရဲ့သွေးကိုသွင်းမိယင် အဲဒီရောဂါတွေပါတတ်တယ်။ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ ဒါကြောင့် သွေးလှူရှင်တွေ သွေးလှူတဲ့အခါ သူတို့မှာ အဲဒီရောဂါတွေ ရှိမရှိစမ်းပြီး စိတ်ချရမှ သွေးကိုထုတ်ယူကြတယ်။ ထုတ်ပြီးသားသွေးကိုလဲ ပိုးမွှားမပေါက်ပွားအောင်၊ သန့်စင်အောင်၊ ကြာရှည်ခံနိုင်အောင် ရေခဲသေတ္တာထဲမှာ သိုလှောင်ထားရတယ်။ အရေးတကြီးလိုတဲ့အခါ ချက်ချင်းသုံးနိုင်တယ်။

သွေးသိပ်လိုနေတဲ့လူတယောက်ဟာ သွေးရမှ သူ့မှာအသက်ရှင်နိုင်တယ်။ တခြားဘယ်လိုပဲကုကု၊ ဘာပဲပေးပေး သူလိုနေတဲ့သွေးလောက် ဘာမှ တန်ဖိုးမရှိဘူး၊ အရာလည်းမရောက်လှဘူး။ ဒါကြောင့်မို့ သွေးလှူရှင်တွေ သိပ်လိုအပ်တာပေါ့။ ‘သွေးလှူခြင်းဖြင့် သူတပါး၏အသက်ကို ကယ်တင်ပါ’လို့သွေးလှူဘဏ်ကတောင် နှိုးဆော်ထားသေးတယ်မဟုတ်လား။ ကျန်းမာ



သန်စွမ်းနေတဲ့ လူတယောက်သွေးလှူဖို့ ဘာအန္တရာယ်မှ မဖြစ်နိုင်ဘူး။ သွေးလှူပေးနိုင်သူတွေ သွေးလှူသင့်ပါတယ်။

သွေးဆိုတဲ့ စကားတလုံးရဲ့နောက်မှာ ဒီထက်၊ ဒီထက်မကတဲ့ အကြောင်းအရာတွေ တွေးမယ်ဆိုယင် အများကြီးပါပဲလေ။ တွေးလို့တောင် ဆုံးနိုင်တော့မှာ မဟုတ်ဘူး။

‘မြမာလာ ဘယ့်နှယ်နေလဲ၊ ခေါင်းမူးသလား’

တော်တော်ကလေးကြာတော့ငါကမြမာလာကိုမေးရတယ်။

‘မမူးပါဘူးဆရာ၊ ကျွန်မနေလို့ကောင်းပါတယ်’

လို့ သူက ပြန်ပြောတယ်။

ငါလဲ သူ့နဖူးနဲ့ သူ့လက်ကောက်ဝတ်ကို စမ်းကြည့်ပြီး ဘာမှ မူမမှန်တာ မတွေ့ရတာနဲ့ သီဟကို ပြန်ကြည့်ရတယ်။ မြမာလာဘေးကမြမြရီကလဲမြမာလာဘာမှမဖြစ်ကြောင်းခေါင်းယမ်းပြရှာပါတယ်။

၁၅ မိနစ်လောက်တော့ သွေးသွင်းပြီးသွားတယ်။ ဒါနဲ့ မြမာလာကို တဘက်ခန်းကို ရွှေ့ထားရတယ်။ သူ့ရဲ့ သွေးအား၊ သွေးခုန်နှုန်းတွေကိုလဲ တိုင်းကြည့်ရတယ်။ ဘာမှမဖြစ်ပေမယ့် ခဏအိပ်နေလို့ ပြောလိုက်ရတယ်။ မြမာလာလဲ ပင်ပန်းလို့ထင်ပါရဲ့။ မကြာခင်ပဲ အိပ်ပျော်သွားတယ်။ ဒါနဲ့ ငါတို့လဲ သီဟဆီကို ပြန်လာကြည့်ရတယ်။

သွေးသွင်းပြီး ၁၀မိနစ်လောက်ကြာတော့ သီဟရဲ့ အခြေအနေကို ပြန်စစ်ကြည့်ရတယ်။ အခြေအနေကတော့ တိုးတက်လာဆဲပဲ။ သွေးခုန်နှုန်းလဲ ကောင်းလာတယ်။ ဘာမှမရှိရသေး

www.burmeseclassic.com



ပေမယ့် မျှော်လင့်ချက်တက်လာလို့ အားလုံးဝမ်းမြောက်ကြရတယ်။ မကြာခင်မှာ....

'အခု ငါးမိနစ်အတွင်းမှာ သွေးခဲ့နှုန်းပိုကောင်းလာပြီဆရာ၊ တမိနစ်ကို ၃၅စက်ပဲ ကျတော့တယ်'

'ဆက်တိုင်းကွာ'

'ဟော အစက်၃ဝပဲ ဆရာ'

'မဆိုးဘူး၊ ဆက်ကြည့်၊ အစက်၂ဝထိ ကျရမယ်'

နည်းနည်းလောက် စောင့်ကြည့်လိုက်တော့ အစက် ၂ဝ ရောက်သွားတယ်။ ဒီအချိန်မှာ နှလုံးခုန်နှုန်း၊ သွေးအား၊ ဆီးထွက်နှုန်းတွေက-လဲ မှုမှန်ဖြစ်နေပြီ။ လူနာရဲ့ အခြေအနေ အားလုံး ကောင်းပါတယ်။

သတိမရသေးတာ တခုပဲရှိတယ်။ ဟော ပြောယင်းဆိုယင်း လူနာဟာ လှုပ်ရှားလာတယ်။

'မောင်သီဟ....မောင်သီဟ'

ငါက သူ့ကိုခေါ်လိုက်မိတယ်။ အားလုံးသော ဆရာဝန်များလဲ သူ့အေးမှာ။ သူ့ကိုဝိုင်းလို့။ဟော သူမျက်တောင်ခတ်လာတယ်။ နောက် သူ့မျက်လုံးကိုဖွင့်လိုက်တယ်။ ဖြည်းဖြည်းလေးလေး။ ငါတို့ဖြင့် ဝမ်းသာလိုက်တာ။

'မောင်သီဟ၊ မင်းသတိရလာပြီလား'

ငါလဲ ဝမ်းသာအားရနဲ့ မေးလိုက်ရတယ်။ သူမျက်စိကို ●ကလပ်၊ပေကလှပ်လုပ်ယင်း ဟိုဟိုသည်သည် လိုက်ကြည့်နေ●ယ်။ သူ့စိတ်ထဲ မျက်စိထဲမှာ အားလုံးဟာ ဝါးနေတယ်ထင်ပါရဲ့။ နောက်မှ ငါ့မျက်နှာကို စိုက်ကြည့်တယ်။



'မောင်သီဟ၊ မင်းသတိရပြီလား၊ ငါ့ကို မှတ်မိရဲ့လား'

ငါလဲ သူ သတိရမရ သိချင်တာနဲ့ ဆက်မေးနေမိတယ်။ နောက်မှ သူ့ပါးစပ်ထဲက ခုထားတဲ့ပစ္စည်းတွေ၊လေပိုက်တွေကို ဖြုတ်ခိုင်းရတယ်။ သူဟာမှတ်မိသလို ငါ့ကိုပြုံးပြတယ်။ သူ့အပြုံးက သိပ်အားယူရတဲ့အပြုံး။

'ကဲ အသက်ဝဝရှူ၊ ဘာမှကြောက်စရာမရှိဘူး'

လို့ ငါတို့က ပြောရတယ်။

သီဟလဲ ငါတို့ပြောသလို ရှူပါတယ်။ ပထမတော့ သူ့မှာ သိပ်ပင်ပန်းသလိုပဲ၊ နောက်တော့လဲ မှန်မှန်ရှူနိုင်တယ်။

'ဘာမှ မလှုပ်နဲ့ဦးနော်၊ တပ်ထားတဲ့ ကိရိယာတွေက အများကြီး'

လို့ ငါက ပြောရတယ်။

သီဟလဲ ပြုံးပြီး ခေါင်းညိတ်ပြတယ်။ ခေါင်းတောင် ညိတ်နိုင်ပြီ။ သူဟာ ကိုယ့်ဟာကိုယ်၊ ကိုယ့်ဆန္ဒနဲ့ကိုယ် ပြန်လှုပ်နိုင်ပြီ၊ မသေနိုင်တော့ပါဘူး။

'ဘာမှ မပူနဲ့၊ မပြောနဲ့ဦး၊ အသက်မှန်မှန်ရှူ၊ ငြိမ်ငြိမ်လေးနေ၊ ဒီကိရိယာတွေ ဖြုတ်တန်တာဖြုတ်၊ တပ်တန်တာ တပ်ရမယ်'

လို့ ငါပြောလိုက်တာနဲ့ သူလဲ မျက်လုံးပြန်မှိတ်ပြီး အသက်မှန်မှန်ပြန်ရှူနေတော့တယ်။

ဒါနဲ့ ငါတို့လဲ စမ်းသပ်စစ်ဆေးစရာရှိသမျှကို စမ်းသပ်စစ်ဆေးရတယ်။ သွေးခဲ့နှုန်း၊သွေးခုန်နှုန်း၊ နှလုံးလျှပ်စီးအား၊

www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးနှုန်း၊ ဆီးထွက်နှုန်း၊ အသက်ရှူနှုန်း၊ နောက်သွေးရဲ့ ဓာတုဗေဒ၊ ဆီးရဲ့ဓာတုဗေဒ၊ ဦးနှောက်ရဲ့လုပ်ငန်းအစုံ။

အားလုံးပဲ ကောင်းလာတယ်။ ဆီးချုတဲ့ပြွန်က လွဲယင် တပ်ထားတဲ့ ပြွန်တွေအားလုံး၊ လျှပ်စစ်ကြိုးအားလုံးကို ဖြုတ်လိုက်ရတယ်။ ပြီးယင် နှလုံးရှေ့မှာ အရေထွက်ပေါက်ပြွန်တခု တပ်ထားပေးရတယ်။

အင်း....ဘာလိုလို့နဲ့ နှလုံးခွဲစိတ်မှုဟာ အောင်မြင်ပါပကော။ လူ့နာ အသက်ဆက်ရှင်ဖို့ သာ အရေးကြီးတော့တယ်။ ပြွန်အားလုံးဖြုတ်ပြီးတာနဲ့ ငါလဲ သီဟကို မေးရပြန်တယ်။

'မောင်သီဟ၊ မောင်သီဟ၊ မင်းသတိရပြီနော်'

သူက ပထမခေါင်းကိုလှုပ်၊ နောက်မျက်လုံးကိုတဖြည်းဖြည်း ချင့်ဖွင့်ပြီး ပြုံးပြတယ်။ အင်း သူသတိရပါပကော။

'မင်းစကားပြောချင်သလား၊ ပြောချင်ယင်ပြောလို့ရတယ်၊ ပြောကြည့်'

ငါ့အသံကိုကြားတော့ သူဟာ ငါ့ကိုပြုံးပြတယ်။ နောက် အားယူပြီး

'မြမာလာ'

လို့ ဖြည်းဖြည်းတိုးတိုးကလေးတလုံးချင်း ပြောပြတယ်။

အားလုံးသူ့အသံကြားရတော့ ဝမ်းသာနေကြတယ်။ ဗညား ကတော့ ပြုံးစိစိ၊ သူဘာကြောင့် ပြုံးစိစိလုပ်တယ်ဆိုတာ ငါသိပါ တယ်။ ဒါပေမယ့် မသိယောင်ဆောင်နေရတယ်။



'တွေ့ချင်သလား'

လို့ ငါက သူ့နားကပ်ပြီး မေးလိုက်ရတယ်။

'ဟုတ်ကဲ့၊ တွေ့ချင်ပါတယ်'

လို့ သူငါ့ကို ပြန်ပြောတယ်။ ပြီး ပြန်မှိန်းသွားတယ်။

ဒါနဲ့ ငါလဲ မြမြရီကို....

'မြမာလာကို ခေါ်ခဲ့ပါလား'

လို့ ပြောလိုက်ရတယ်။

မြမြရီလဲ မကြာခင်မှာ မြမာလာကို ခေါ်လာတယ်။ မြမာ လာရဲ့မျက်နှာဟာ ပြုံးနေတယ်၊ လန်းနေတယ်၊ သိပ်ဝမ်းသာနေ တဲ့ပုံပဲ။

'မြမာလာ၊ သူသတိရလာပြီ၊ အားလုံး ကောင်းလာပြီ၊ စကားပြောချင် ပြောကြည့်၊ ဒါပေမယ့် သိပ်မပြောနဲ့ဦးနော်'

လို့ ငါက ပြောရတယ်။

မြမာလာလဲ ခေါင်းညိတ်ပြီး သီဟရဲ့လက်ကို အသာကိုင် လိုက်တယ်၊ ပြီးမှ

'ဆရာ'

လို့ တခွန်းတည်း ခေါ်လိုက်တယ်။ သီဟလဲ မှိန်းနေရာက လူးလွန့်လာတယ်။ ပြီး မျက်လုံးကို တဖြည်းဖြည်းဖွင့်ယင်း

'မြမာလာ'

လို့ တလုံးချင်း ဖြည်းဖြည်းကလေး ပြန်ခေါ်တယ်။ သူ့ မျက်နှာဟာလဲ ပြုံးယောင်သမ်းလို့၊ ပြီးမှ။

www.burmeseclassic.com

www.burmeseclassic.com



'မြမာလာ မောင်မသေတော့ပါဘူးနော်'လို့ ဆက်ပြောတယ်။

မြမာလာလဲ 'အို ဆရာ မသေတော့ပါဘူး'လို့ ချစ်စနိုး ပြန်ပြောရှာတယ်။

သူဟာ သတိရခါစမှာ ဟန်မဆောင်နိုင်ဘူး၊ စိတ်ထဲရှိတဲ့အတိုင်း ပြောဆိုမိတာပဲ'

'ဒါကြောင့် မောင်သီဟဟာလဲ လူအများရှေ့မှာပဲ မြမာလာကို 'မောင်'လို့ နှစ်ယောက်ချင်း ခေါ်ပြောတဲ့ အသုံးအနှုန်းကို သုံးလိုက်တယ်။ အားလုံးဟာ ဆရာဝန်တွေ၊ သူနာပြုတွေ ဖြစ်နေတော့ ဘာမှမဖြစ်ကြပါဘူး၊ နားလည်ကြပါတယ်။

'ကဲ အခုလောက်ဆို တော်ပြီ၊ မြမာလာနဲ့ မောင်သီဟ၊ ဆရာတို့ မောင်သီဟကို ခွဲစိတ်ပြီးထားတဲ့အထူးခန်းထဲကို ပို့ထားရမယ်၊ ဂရုစိုက်စရာ၊ လုပ်စရာတွေအများကြီး ကျန်သေးတယ်။ မြမာလာ စောင့်ချင်ယင်တော့ စောင့်လို့ရပါတယ်။ ဒါပေမယ့် ဘာမှစကားမပြောရ၊ မထိရ၊ မလုပ်ရဘူး'

လို့ ငါပြောလိုက်ရတယ်။

ပြီးတာနဲ့ လူနာတို့ ခွဲစိတ်ပြီးထားတဲ့အခန်းကို ရွှေ့ဖို့ပြင်ရတယ်။ အဲဒီလိုလုပ်နေတုန်း မြမြရီ ငါ့အနားကပ်လာပြီး....

'ဆရာ သူ့အိမ်ကို ဖုန်းဆက်လိုက်ရမလား။ ဆရာ့ကို မှာထားတယ်ဆို'လို့ လာပြောတာ။ ဒါနဲ့ ငါလဲ....



'အေး အေး ဆက်လိုက်'

လို့ ပြောလိုက်ရတယ်။

မြမြရီလဲ ခွဲစိတ်ခန်းထဲကနေ ဖုန်း လှမ်း ဆက် တယ်။ မကြာခင် ပြန်လာတယ်။ သူ့မျက်နှာဟာ တခုခု မကျေနပ်နေသလိုပဲ၊ တင်းလို့။

ငါက 'ဘယ်လိုလဲ'ဆိုတဲ့ သဘောနဲ့ သူ့ကို လှမ်းကြည့်လိုက်ရတယ်။

'အိမ်မှာ ဘယ်သူမှ မရှိကြဘူးတဲ့ဆရာ။ အပြင်ကိုထွက်သွားတယ်တဲ့၊ လာယင် ပြောပြလိုက်ပါ့မယ်'လို့ သူ့အိမ်က ကလေးမ ကလေးက ပြောတယ်။

'တော်တော်နေနိုင်တဲ့ မိန်းကလေးပဲ'လို့ ပြန်ပြောလေရဲ့။ ငါလဲ ဘာမှ အထူးအထွေ မပြောတော့ပဲ လုပ်စရာရှိတာတွေ ဆက်စီမံနေရတယ်။ ပြီးတာနဲ့ ခွဲစိတ်ခန်းအပြင်ကို ထွက်ခဲ့ရတယ်။ ခွဲစိတ်ခန်းအပြင်မှာတော့ နန်းရယ်၊ သမီးစန္ဒီရယ်၊ သတင်းထောက်တွေရယ် စောင့်နေကြတယ်။

'ကိုကို ကွန်ကရက်ကျူလေးရှင်း'

လို့ နန်းက စနွတ်ဆက်တယ်။

'ဖေဖေ့လူနာ ရှင်ပြီနော်။ ဖေဖေ အားပြီ။ သမီးကို အိုက်စကရင် လိုက်ကျွေးရမယ်'

www.burmeseclassic.com

www.burmeseclassic.com



လို့ သမီးက ဆက်ပြောတယ်။ ငါလဲ သူတို့ကို ပြုံးပြရတယ်။

'ကျေးဇူးတင်ပါတယ်'

လို့ပြောယင်း နန်းလက်ထဲက သမီးကိုပွေ့ချီပြီး သမီးရဲ့ပါးနှစ်ဘက်ကို ဗယ်ပြန်ညာပြန် နမ်းလိုက်ရတယ်။ တကယ်တော့ သူ့အမေကိုလဲ နမ်းချင်တာပဲ။ သတင်းထောက်တွေ ရောက်နေလို့။

'ဆရာကြီးကို ကျွန်တော်တို့ ချီးကျူးပါတယ်။ ဆရာကြီး သတင်းစာတွေအတွက် သတင်းပေးပါဦး'

သတင်းထောက်တွေက ငါ့ကို ခတ်ပုံတဖျပ်ဖျပ် ရိုက်ယင်း ပြောကြတယ်။ ငါက ငါ့အောင်မြင်မှုအတွက် ကျေနပ်ပေမယ့် သတင်းစာထဲမှာ ပါမှာတော့ စိုးရိမ်သား။ ကြွားတယ်လို့ ထင်ခံရမှာလဲ စိုးတယ်။ ဆရာဝန်ပဋိညာဉ်နဲ့ မကိုက်တာကို လုပ်မိ ပြောမိမှာလဲ စိုးတယ်။ ဒါကြောင့်....

'ကျေးဇူးတင်ပါတယ်။ အခုတော့ ဘာမှ မပြောနိုင်သေးပါဘူး။ နောက်မှ အားလုံးရှင်းမှ ပြောပြပါမယ်'

လို့ ပြန်ပြောယင်း ရုံးခန်းဘက်ကို လျှောက်လာခဲ့တယ်။ မရဘူး၊ ငါ့နောက်က သူတို့ တရုံးရုံးနဲ့ လိုက်လာကြတယ်။

အောင်မြင်တာနဲ့ ငါမှာ အေးအေးသက်သာ ငါ့သမီး ငါ့မယားနဲ့ အနားယူဖို့အချိန်မှ မရှိပါပဲလား။ မောင်သီဟရဲ့ဘဝကမှ အခုချိန်မှာ ငါ့ထက် အေးချမ်းဦးမယ်။



ဟုတ်တယ်၊ အခုနေမှာ မောင်သီဟနဲ့ မြမာလာကို နှောင့်ယှက်တဲ့လူ ဘယ်သူမှမရှိဘူး။ သူတို့ဟာ လူသစ်စိတ်သစ်ဖြစ်ပြီး ပျော်နေကြမှာ အမှန်ပဲ။ ။

၁၀-၃-၇၅ ဒေါက်တာ မောင်မောင်ညို

ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

## (သို့မဟုတ်)

## လူ့နှလုံး

လူ့နှလုံးသည် အလွန်စိတ်ဝင်စားစရာကောင်းသော အင်္ဂါတခုဖြစ်သည်။ လူတကိုယ်လုံး၏ အသက်ရှင်ရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး စသော လူ့အင်္ဂါအရည်အချင်းများသည် နှလုံးပေါ်၌ မူတည်နေသည်။ ထို့ပြင် လူတယောက်၏ ခံစား၊ အချစ်မေတ္တာ၊ တဏှာပေမ သဒ္ဒါစသည်တို့မှာ နှလုံးက ဖြစ်ပေါ်လာသည်ဟု လူအများက ထင်ကြသည်။



ရှေးနှစ်ပေါင်း တထောင်ကျော်လောက်က ဆေးပညာရှင်များပင်လျှင် နှလုံးသည် လူ့စိတ်၏တည်နေရာ၊ လူ့စိတ် ဖြစ်ပေါ်ရာသည် နှလုံးဟု ယုံကြည်ပြောဆိုခဲ့ကြဖူးသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက် စာဆိုတော် အကျော်အမော်များ၊ ကဗျာဆရာ၊ လင်္ကာဆရာများနှင့် ပညာရှိအများပင် နှလုံးကို စိတ်အစား၊ သဘောသကာယအစား တင်စားဖွဲ့ဆိုပြောဆိုခဲ့ကြခြင်း ဖြစ်သည်။

ပုံစံအားဖြင့် စိတ်လှသူကို နှလုံးလှသူ၊ စိတ်သဘောကောင်းသူကို နှလုံးကောင်းသူ၊ နှလုံးဖြူသူ။ စိတ်ပုပ်သူကို နှလုံးမည်းသူ၊ နှလုံးညှို့သူဟူ၍ ပြောဆိုကြခြင်း။

ဆေးပညာအားဖြင့်မူ နှလုံးကို စိတ်၏တည်ရာ၊ စိတ်ဖြစ်ပေါ်ရာအဖြစ် ယခုအခါ မယုံကြည်မပြောဆိုကြတော့။ စိတ်ဆိုသည်မှာ ဦးနှောက်၏အလုပ်၊ အာရုံကြော အဖွဲ့အစည်း၏ ပတ်ဝန်းကျင်ပေါ် တုံ့ပြန်မှုဟု ထင်မြင်ယုံကြည်နေကြပြီ။

သို့ဖြစ်၍ စိတ်နှင့်ရုပ်ကိုခွဲလိုက ခွဲ၍ရမည်မထင်။ ဦးနှောက်နှင့် အာရုံကြောတည်းဟူသော ရုပ်မရှိက စိတ်မရှိနိုင်။ စိတ်ဟူသော ခံစားမှု၊ စေစားမှု၊ ဉာဏ်ကစားမှုမရှိက ယင်းရုပ်မှာ အလုပ်လုပ်၍မရ။ ထိုသို့ဆိုက အသက်မရှိသောရုပ်၊ လူမဟုတ်သော လူသာ ဖြစ်နေပေလိမ့်မည်။ ရှိစေ။

နှလုံးနှင့် ပတ်သက်၍ကား ခေတ်သစ် ဆေးပညာရှင်တို့အနေဖြင့် နှလုံးသည် လူ့အတွက် မရှိမဖြစ်သောအင်္ဂါ၊ လူ့အသက်ကို သန္ဓေတည်သည်မှ သေသည်အထိ ထိန်းသိမ်းရှင်သန်

www.burmeseclassic.com



စေသောအရာဟု တညီတညွတ်တည်း စမ်းသပ်တွေ့ရှိ သဘောတူယုံကြည်ကြပြီ။ ယင်းနှလုံးသား အလုပ်မလုပ်ပါက လူမှာ အသက်ရှင်စရာမရှိ။ နှလုံးရပ်သည်နှင့် လူမှာ သေပြီ။ သို့ဖြစ်၍ ပင် လူတယောက်၌ နှလုံးခုန်ရပ်သည်မှာ ငါးမိနစ်ထက်ကြာက ဆေးပညာအရ သေပြီဟု ပြောဆိုကြခြင်းဖြစ်သည်။ မှန်ပါ၏။ နှလုံးခုန်ရပ်ခြင်း (ဝါ) သွေးလှည့်လည်မှုမရှိခြင်း၊ အသက်ရှူမှု မရှိခြင်းနှင့် ဦးနှောက်၏လုပ်ငန်းများဖြစ်သော နာခြင်း၊တုံ့ပြန်ခြင်းတို့ မရှိပါက သေပြီဟု ဆေးပညာရှင်တိုင်းက သတ်မှတ်ကြသည်။ ဥပဒေပညာရှင်များကလည်း ဤအချက်ကို လက်ခံကြပေသည်။

ဤနှလုံးသည် ရောဂါတခုခုရပါက သူသာ ရောဂါဒဏ်ကို ခံရသည်မဟုတ်။ ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများလည်း ခံရသည်သာ။ သို့ဖြစ်၍ နှလုံးရောဂါရှိသူများမှာ မောနေခြင်း၊ အသက်ရှူမဝခြင်း၊ ပင်ပင်ပန်းပန်း မလုပ်နိုင်ခြင်း၊ သွက်သွက်လက်လက် မရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြင်းပြင်းထန်ထန် မလုပ်နိုင်ခြင်းနှင့် ခန္ဓာကိုယ်ကြီးထွားမှု သိပ်မရှိခြင်း ဖြစ်လေသည်။

အချို့ မွေးရာပါ နှလုံးရောဂါရှိသူများဆိုပါက အသက်ကြီးလည်း ခန္ဓာကိုယ်မှာ ကြီးမလာ၊ လူမှာ သေးသေးကွေးကွေး၊ သွေးရောင်လည်း မရှိ၊ အသိဉာဏ်ဖွံ့ဖြိုးမှုလည်း အခြားသူများကဲ့သို့ မကြီး၊ တဖြည်းဖြည်းနှင့် ကူးစက်ရောဂါများရ၊ နှလုံးကျ၍ စောစောသေကြရလေသည်။



ယခုခေတ်အခါ၌ ဆေးပညာမှာ အလွန်တိုးတက်နေရကား မီးလောင်က အရေပြားကို အစားထိုး ကု၍ရသည်။ အရိုးကျိုးက အရိုးဆက်၍ ရသည်။ အရိုးပျက်စီးက အရိုးတုတပ်၍ ရသည်။ ခြေလက်ပြတ်က ပြန်ဆက်၍ ခြေတုလက်တုအစားထိုး ကု၍ရသည်။ ထို့အတူ ကျောက်ကပ်၊ အသည်း၊ အဆုတ် စသည်တို့ကိုလည်း အစားထိုးကု၍ အတုတပ်၍ရသည်။မှန်၏။ ခန္ဓာကိုယ်၌ အမေါ်ယံ အရေပြားမှ အတွင်းရှိ အရိုးနှင့်ကလီစာများအထိ အားလုံးကို အစားထိုး၍သော်လည်းကောင်း၊အတုတပ်၍သော်လည်းကောင်း ကုသရ၍ ရပြီ။ ထိုသို့ ကုမရသေးသော အင်္ဂါဟူ၍ နှလုံးနှင့်ဦးနှောက်သာ ကျန်တော့သည်။

ဦးနှောက်မှာလူ့အသက်ရှင်ရေးအတွက်နှလုံးလောက်အရေးမကြီး။ လူတယောက်သည် ဦးနှောက် အလုပ်မလုပ်သဖြင့် သတိမေ့နေလိုက တလနှစ်လ၊တနှစ် နှစ်နှစ် စသည်ဖြင့်ပင်နေ၍ရသေးသည်။ နှလုံးကား ထိုသို့မဟုတ်၊ ၅မိနစ်ထက်ကျော်ပြီး ရပ်နားနေ၍မရပေ။ယင်းသို့ရပ်လိုက်သည်နှင့်လူမှာသေပြီ။ဤမျှအရေးကြီးသောနှလုံးကို ယခုတိုင် ကောင်းစွာအစားထိုးကု၍မရသေး။ နှလုံးအတုလုပ်ပြီးလူ့နှလုံးအစား အစားထိုးကု၍မရသေး။နှလုံးရောဂါရသည်နှင့် ယင်းရောဂါရသောနှလုံးကို ပုံမှန်အလုပ်ပြန်လုပ်နိုင်အောင်၊ ယင်းနှလုံးရောဂါပို၍မဆိုးအောင်စီမံကြံဆခြင်းသာ နှလုံးရောဂါအတွက် အကောင်းဆုံး ကုသခြင်းဖြစ်နေပေသေးသည်။

ဤအထဲကနှလုံးရောဂါများမှာလည်းတကမ္ဘာလုံးတွင်အဖြစ်များလှသည်။အသက်အရွယ်မရွေး၊ကျားမ မရွေး၊အလုပ်အကိုင်

www.burmeseclassic.com

www.burmeseclassic.com



မရွေး၊ လူမျိုးဘာသာမရွေး လူတိုင်းပင်နှလုံးရောဂါရနိုင်သည်။ အမေရိကန်၌ဆိုက နှစ်စဉ်သေသောလူအားလုံး၏ ၅၅ရာခိုင်နှုန်း ကျော်သည် နှလုံးရောဂါကြောင့် သေကြေပျက်စီးကြသည်ဟု သိရသည်။ အခြားနိုင်ငံများ၌လည်း ထို့အတူ။ မြန်မာနိုင်ငံ၌ နှလုံးရောဂါမှာ ပြဿနာတခု။ သို့ဖြစ်၍ပင် ရန်ကုန်၌ နှလုံး အထူးကုဆေးခန်းများ၊နှလုံးခွဲစိတ်ကုခန်းများ သီးသန့်ဖွင့်ရခြင်း ဖြစ်၏။ နှလုံးကု သမားတော်၊ နှလုံးခွဲစိတ်ကု ဆရာဝန်များ၊ သူနာပြုများကို အထူးအားပေးသင်ကြားနေရခြင်း ဖြစ်သည်။

နှလုံးရောဂါများမှာလည်း စုံလှ၏။ အမိဝမ်းတွင်းရှိစဉ် တိုးတက်ဖွံ့ဖြိုးမှုမမှန်သဖြင့် နှလုံးမှာ ပုံပျက်ပန်းပျက် မွေးလာနိုင်၏။ ယင်းသို့ဆိုက မွေးရာပါ နှလုံးရောဂါ (Congenital Heart Disease)ရပြီဟု ဆိုကြ၏။ မွေးပြီးမှလည်း လည်ချောင်းနာ၊ ကိုယ်ဆစ်လက်ဆစ်ရောင်ပြီး လေးဘက်နာဖျား ဖျားကာနှလုံးရောဂါရနိုင်၏။ယင်းရောဂါမျိုးကို လေးဘက်နာ နှလုံးရောဂါ(Rheumatic Heart Disease)ဟု ခေါ်သည်။ ယင်း လေးဘက်နာအဖျားအပြင် အခြားကူးစက်သော ရောဂါများကြောင့်လည်း နှလုံးရောဂါရနိုင်၏။ ဥပမာ ဆစ်ဖလစ် ရောဂါရ၍ ထိုသို့ဆိုက ကာလသားရောဂါကြောင့် ဖြစ်သော နှလုံးရောဂါ(Syphilitic Heart Disease)ဟု ခေါ်သည်။ အဆုတ်ရောဂါများကြောင့်လည်း နှလုံးမှာရောဂါရနိုင်၏။

ဥပမာ ပန်းနာရင်ကျပ်ဖြစ်ပါများလျှင်၊ အဆုတ် အနာရှုပ် ဖြစ်လျှင်၊ ယင်းတို့ကြောင့် အဆုတ်နှလုံးရောဂါ (Pulmonary



Heart Disease)ဟု ခေါ်သည်။ ထို့အတူ ခန္ဓာကိုယ်ရှိ သွေးကြောများ ကျဉ်းက၊ ကျယ်က၊ မာကလည်း နှလုံးမှာ ထိခိုက်၏။

သွေးကြောကျဉ်း၍ဖြစ်သော နှလုံးရောဂါ(Artherosc-lerotic Heart Disease)သည် အသက်ကြီးသူများ၌ ဖြစ်တတ်သော ရောဂါ၊ အဖြစ်များသော နှလုံးရောဂါတခုဖြစ်ပေသည်။ဤအထဲက နှလုံးပေး သွေးကြောများ ကျဉ်းပါ၊ရောဂါရပါမှု ပိုဆိုး၏။ လူမှာ ခဏခဏ ရင်ဘတ်နာ၊ တခါတခါမေ့လဲ နှစ်ခါသုံးခါဆက်ဖြစ်က သေပင်သေနိုင်၏။ ယင်းကို နှလုံးသွေးကြောကျဉ်း နှလုံးရောဂါ(Coronory Heart Disease)ဟု ခေါ်သည်။ ထို့အတူ သွေးတိုးရောဂါ၊နှလုံးရောဂါ(Hype-rtensive Heart Disease)မှာလည်း ကြောက်စရာ။

သွေးတိုးရောဂါမှာ အသက်၄၀ကျော်လျှင် လူတိုင်းလိုရနိုင်၏။ ယင်းသို့ရောဂါရက နှလုံးပါဒုက္ခခံရ၏။ သို့ဖြစ်၍ နှလုံးရောဂါသည် လူတိုင်း၌ အသက်အရွယ်မရွေး ဖြစ်နိုင်သည်ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဤမျှ အဖြစ်များသော နှလုံးရောဂါများ အကြောင်းကို ကျန်းမာသော သူတိုင်းသည် သိသင့်သည်ဟု ထင်သည်။ ရောဂါအကြောင်းသာမက ရောဂါများ ဖြစ်ပွားပုံ၊ ကုသပုံ၊ ခွဲစိတ်ပုံ၊ ရောဂါမဖြစ်အောင် ပြုစုနေထိုင်ပုံတို့ကိုလည်း သိသင့်ပေသည်။

ဤသို့သိရှိရန်အတွက် နှလုံးရောဂါ အကြောင်း ရေးထားသော ဆေးစာအုပ်၊ ကျမ်းကြီးကျမ်းငယ်များကို ဖတ်စရာကား

www.burmeseclassic.com

www.burmeseclassic.com



မလိုပေ။ နှလုံးနှင့်ပတ်သက်၍ ရိုးရိုးလူများအတွက် ရေးထားသောစာအုပ်စာတမ်း၊ ဝတ္ထု၊ ဆောင်းပါးများကို ဖတ်ခြင်းနှင့်ပင် လုံလောက်ပါ၏။ ဤသို့ဖတ်ရာ၌ နှလုံးရောဂါသည် တယောက်၏ လက္ခဏာခံစားရပုံ၊ ကုသပုံ၊ သူ့အတွင်းရေးတို့နှင့်ယှဉ်၍ဖတ်ကြည့်လျှင်ကား များစွာစိတ်ဝင်စားစရာ ကောင်းလိမ့်မည်ဟု ထင်မြင်မိသည်။

မှန်သည် အခြား သူများတော့ မသိ၊ ဤ စာရေးသူကား ပါမောက္ခ အေမိုဆော့၏ (The Open Heart) နှလုံးခွဲကုခြင်းဟူသော ဝတ္ထုစာအုပ် တအုပ်ကို ဖတ်ပြီးသည်နှင့် နှလုံးရောဂါအကြောင်းကို များစွာ စိတ်ဝင်စား သွားတော့သည်။ ယင်းနှင့် ပတ်သက်၍ ရုပ်နှလုံး ရောဂါကိုသာမက စိတ်နှလုံးရောဂါကိုလည်း များစွာ စိတ်ဝင်စားသွား၏။ ယင်းစာအုပ်၏ အရသာကိုလည်း အခြားသူများကိုပါ ခံစားစေချင်လာပါသည်။

သို့ဖြင့် ယင်းစာအုပ်ကိုဘာသာပြန်ရန်ကြိုးစားကြည့်၏။ မရ။ အကြောင်းမှာ ယင်းစာအုပ်သည် အင်္ဂလိပ်စာတတ်ဆရာဝန်များ အနေဖြင့် ဖတ်၍နားလည်နိုင်၊ အရသာခံစားနိုင်မည် ဖြစ်သော်လည်း တော်တော်တန်တန် အင်္ဂလိပ်စာတတ်ရိုးရိုး စာဖတ်ပရိသတ်က ဖတ်၍နားလည်နိုင်ရန် မလွယ်။

အကြောင်းမှာ ရေးသူက တကယ့် နှလုံးခွဲစိတ်ဆရာဝန် ပါမောက္ခ အေမိုဆော့၊ မူလ ရေးထားသည်က ရုရှဘာသာနှင့်၊ ယင်းကို အင်္ဂလိပ်လို ဘာသာပြန်သူက ရုရှမူမပျက် ပြန်ထား၏။



ဤအထဲ နှလုံးအကြောင်း၊ သွေးအကြောင်း၊ နှလုံးရောဂါကုဆေး၊ မေ့ဆေး၊ နှလုံးခွဲစိတ်မှု၊ ဆေးရုံသုံး ဆရာဝန်သုံးပညာရပ်စကားလုံးများလည်း အတုံးလိုက် အတစ်လိုက် ထည့်သုံးထားသောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ယင်းစာအုပ်ကိုမှီးကာ စာရေးသူသည် လူ့နှလုံးအကြောင်း စာအုပ်တအုပ် ရေးလိုစိတ် ပေါက်လာ၏။ ဆေးပညာရှုထောင့်မှ လူ့နှလုံးကိုသာမက လူ့ဘဝရှုထောင့်မှ လူ့နှလုံးကိုပါ ရေးချင်လာ၏။ သို့ဖြင့် ဤစာအုပ်ကို ကြိုးစားရေးမိခြင်းဖြစ်သည်။

မူလအရင်းခံ ကျောရိုး စာအုပ်မှာ ဆိုခဲ့သည့် အတိုင်း ပါမောက္ခ အေမိုဆော့ (Professor N.M-Amosoff)၏ နှလုံးခွဲကုခြင်း (The Open Heart) ဟူသော စာအုပ်မှာ ရုရှပြည်၌ စထွက်ထွက်ချင်းပင်တသန်းကျော်ရောင်းရ၏။ နောက်ပြန်ရိုက်ရသည်မှာလည်း အကြိမ်ကြိမ်။ အင်္ဂလိပ်ဘာသာပြန်ကို ၁၉၆၆-ခုက ရိုက်နှိပ်ခဲ့ရာ၌လည်း များစွာ အောင်မြင်၏။ ယခုတိုင် အကြိမ်ကြိမ်ပြန်ရိုက်နှိပ်ရဆဲ။ သို့ဖြစ်၍ မူလစာအုပ်ကောင်းသည်ကား ဒွိဟသံသယ လုံးဝ ဖြစ်စရာမလိုပေ။

ယင်းစာအုပ်ကို ကျောရိုးထား၍စာရေးသူသည်ဤစာအုပ်ကို ရေးလိုက်ပေသည်။ ဘာသာပြန် သက်သက်လည်း မဟုတ်၊ ကိုယ်ပိုင်သက်သက်လည်း မဟုတ်၊ မှီးသည်ဟုလည်း လုံးဝမဆိုသာ။ ဆိုခဲ့သည့်အတိုင်း မူလစာအုပ်တွင်ပါသော ဆေးပညာရပ်ဝေါဟာရများကို မြန်မာစာဖတ်ပရိသတ်နားလည်အောင် ပြင်ရေးထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်း၏အဓိကဇာတ်ကောင် လူ့နှလုံးသားအကြောင်း နားလည်နိုင်စေရန်လည်း လိုအပ်သည့် အချက်အလက်များကို ထည့်ရှင်းထား၏။ ဇာတ်လမ်းကိုလည်း မြန်မာပြည်တွင် ဖြစ်နိုင်သည်တို့ပေါ်တွင် မူတည်၍ ပြင်ရေးထား၏။ ထို့အပြင် နှလုံးအကြောင်း၊ နှလုံးရောဂါအကြောင်း၊ နှလုံးရောဂါကာကွယ်ရေးတို့ကို လူတိုင်းသိစေရန်လည်း အဓိက မူတည်ထားသဖြင့် ဤအမှာစာကို ထည့်ရေးလိုက်၏။

အမှန်အားဖြင့် ဤအမှာစာသည် အမှာစာ သက်သက် မဟုတ်၊ လူ့နှလုံးအကြောင်းကို ဆေးပညာရှုထောင့်မှ တင်ပြချက်၊ ဆေးပညာပေးဆောင်းပါးရှည်ကြီးသာ ဖြစ်ပေ၏။ ကျန်အပိုင်း လူ့နှလုံးက လူ့ဘဝရှုထောင့်မှ လူ့နှလုံးအကြောင်း ဝတ္ထုဖြစ်၏။

သို့ဖြစ်၍ စာဖတ်သူတို့သည် လူ့နှလုံးနှင့်ပတ်သက်၍ ဆေးပညာအကြောင်းကို သိလိုက ဤအမှာပိုင်းကို ဖတ်က ရ၏။ လူ့ဘဝနွယ်နေသော လူ့နှလုံးအကြောင်း သိလိုပါမူ စာကိုယ်ပိုင်းကို ဖတ်ကြည့်နိုင်ပေသည်။

လူ့ဘဝနှင့်နွယ်နေသော လူ့နှလုံးပိုင်းကိုဖတ်ပြီး ကျေနပ်မှု မရှိပါမူ ဤစာရေးသူ၏ အပြစ်သာ ဖြစ်ပါ၏။ မူရင်းကိုကား အပြစ်လုံးဝတင်စရာ မလို၊ မူရင်းကား အလွန်ကောင်းပါ၏။ စာရေးသူ အလွန်နှစ်ခြိုက်သော ဆေးဝတ္ထုကောင်းတခု ဖြစ်ပါပေ၏။ ရှိစေ။ နှလုံးအကြောင်းကို အမှာစာဆက်၍ ရေးရဦးမည်။ ရှုပါလော့။



## အံ့ချီးမဆုံး လူ့နှလုံး

အံ့ဩဖွယ်ကောင်းသည်ကား နှလုံးသည် လူဖြစ်သန္ဓေတည်သည်မှ သေသည်အထိ မရပ်မနား စည်းကျဝါးကျ မှန်မှန်ကန်ကန်အမြဲအလုပ်လုပ်နိုင် ခုန်နိုင်ခြင်းပေတည်း။ မှန်သည်။ နှလုံးသည် အမိဝမ်းတွင်တွင် သုံးပတ်အရွယ် သန္ဓေသားဘဝမှစ၍ အလိုအလျောက်ဆက်တိုက်ခုန်လျက်ရှိသည်မှာ သေဆုံးသည့်အချိန်ထိပင် ဖြစ်သည်။


လူတဦး၏ ပျမ်းမျှသက်တမ်းသည် အနှစ် ၆၀ ဆိုပါက နှလုံးသည် အကြိမ်သန်းပေါင်း ၂၅၀ ခုန်၍သွေးဂါလန်ပေါင်း ၄၅ သန်းကို မိုင်ပေါင်း တသောင်းနှစ်ထောင်ရှည်သော ခရီးနှင့် ညီမျှသည့် သွေးကြော တလျှောက်တွင် လှည့်ပတ်စေနိုင်သည်။

ဤသို့ လုပ်နိုင်ရန်အတွက် လောကတွင် လူတို့တန်ဖိုးရှိသည်ထင်သော၊ မာလှသည်၊ ခိုင်လှသည်ဆိုသော ရွှေ၊ ငွေ၊ စိန်၊ ပလက်တီနမ်၊ ကျောက်သံပတ္တမြားနှင့် ပြုလုပ်ထားသည် မဟုတ်။ ဘာမျှ တန်ဖိုးမကြီးသော ရိုးရိုးတန်းတန်း အားဖြင့် မာလှ ခိုင်လှသည် မဟုတ်သော လူ့အသား ကြွက်သားဖြင့်သာ ပြုလုပ်ထားသည်။ အံ့ဩဖွယ်ကောင်းလေစွ။

ဤအံ့ဩဖွယ်ကောင်းသော နှလုံးသည် ကတော့ချွန်ပုံသဏ္ဌာန်ရှိ၍ အရွယ်အစားအားဖြင့် လူကြီးတယောက်၏ လက်သီးဆုပ်အရွယ်ခန့်သာရှိ၏။ ကိုးအောင်စမျှလေးသည်။ နှလုံးသည်

www.burmeseclassic.com

www.burmeseclassic.com




ပုံ ၁။ ။လူ့နှလုံး၏ တည်နေပုံ

[၁ နှလုံးအုထက်ဆုံး၊ ၂ ၃ ၄ နှလုံးအဆို့ရှင်များ ၅ နှလုံးထိပ်၊ ၆ နံရိုးနု]



ရင်အုပ်အတွင်း အဆုတ်နှစ်ခုကြားတွင်ရှိပြီး အမြှေးနှစ်ထပ်ဖြင့် ဖုံးအုပ်ကာရံထားသည် [ပုံ ၁ ကိုရှုပါ။] အမြှေးလွှာများကို ထိုးဖောက်၍ နှလုံး၏အထက်ပိုင်းမှ သွေးလွှတ်ကြောမကြီးတခု ထွက်ပြီး သွေးပြန်ကြောတခု ဝင်လျက်ရှိသည်။ အောက်ပိုင်းတွင်မူ သွေးပြန်ကြောမကြီးတခု ရှိသည်။

ဤသို့ရှိရာ၌ နှလုံး၏ အခန်းများမှာ ယင်းသွေးကြောများနှင့် ဆက်ပြီး ခန္ဓာကိုယ်၏ လိုအပ်ချက်များကို လူ့တသက်လုံး လုပ်ပေးသည်။ သို့ဖြစ်၍ နှလုံးအကြောင်းကို သိလိုက နှလုံးအခန်းများ တည်ဆောက်ပုံ၊ ယင်းအခန်းများနှင့် သွေးကြောများ ဆက်သွယ်ပုံ၊ အခန်းတခုနှင့်တခု ခြားထားပုံ၊ အဆို့ရှင်အခင်များဖြင့် ဖွင့်ချည်ပိတ်ချည်လုပ်ပုံကို ပိုသိရန် လိုအပ်သည်။

ဤသို့သိမှသာလျှင် နှလုံးရောဂါအကြောင်း၊ အထူးသဖြင့် နှလုံးအတွင်း အဆို့ရှင်များ ရောဂါရပုံတို့ကို သိနားလည်နိုင်ပေလိမ့်မည်။

နှလုံးတွင် အခန်းလေးခုရှိသည်။ အလွယ်တကူ ပြောရမည်ဆိုက နှလုံးကို လက်ဝဲဘက်ခြမ်းနှင့် လက်ယာဘက်ခြမ်းဟူ၍ နှစ်ခြမ်း ခွဲခြားပြောနိုင်သည်။ လက်ဝဲဘက်ခြမ်းတွင် အခန်းနှစ်ခု (**Left Atrium And Ventricle**) လက်ယာဘက်တွင် အခန်းနှစ်ခု(**Right Atrium And Ventricle**)တို့ ရှိကြသည်။ လက်ဝဲဘက်အခန်းများနှင့် လက်ယာဘက် အခန်းများသည် အမှန်အားဖြင့် တိုက်ရိုက်ဆက်သွယ်မှုမရှိပေ။ လက်ဝဲဘက်အခန်းချင်း၊ လက်ယာဘက်အခန်းချင်းသာ ဆက်သွယ်မှုရှိပေသည်။ [ပုံ ၂ ကိုရှုပါ]

www.burmeseclassic.com

www.burmeseclassic.com



ပုံ ၂။ နှလုံးအတွင်းရှိအခန်းများတည်ဆောက်ပုံ
(၁ အဆုတ်သွေးလွှတ်ကြောမ၊ ၂ ဘယ်အော်ရီကယ်၊ ၃ လခြမ်းပုံအခင်း [illegible] ၉ ၁၀ ၁၁ ၁၂ အိုရာ လိုဏ်ခန်းဘွင်း အခင်ကြွက်သားများ၊ ၁၃ [illegible] အော်ရီကယ်၊ ၁၄ အထက်သွေးပြန်ကြောမ)



ထပ်မံရှင်းလင်းရပါက လက်ဝဲဘက်အခြမ်း၌ အထက်တွင် လက်ဝဲဦးခန်း (Left Atrium) အောက်တွင် လက်ဝဲလိုဏ်ခန်း (Left Ventricle) ရှိသည်။ ယင်းအခန်း နှစ်ခုကြားတွင် ဖုံမှန်အားဖြင့် လိုဏ်ခန်းဘက်သို့သာပွင့်သော မိုက်တရယ်အဆို့ရှင် (Mitral Valve) ရှိသည်။ သို့ရာတွင် လက်ဝဲဦးခန်းသည် အဆုတ်မှလာသော အဆုတ်သွေးကြောလေးခုကို ရသည်၊ ယင်း အပေါက်များ၌ အဆို့ရှင်မရှိ။ ဝဲဘက်လိုဏ်ခန်းသည်အေအိုတာ (Aorta) သွေးလွှတ်ကြောမကြီးနှင့် ဆက်၍နေသည်။ ယင်း သွေးလွှတ်ကြောနှင့်ဆက်ရာတွင် အေအိုတာအဆို့ရှင် (Aortic Valves) များ ရှိသည်။ ယင်းသွေးလွှတ်ကြောကြီးမှတဆင့် နှလုံးကြွက်သားအပါအဝင် ခန္ဓာကိုယ်တခုလုံးသို့ သွေးများကို ပို့လွှတ်ပေးသည်။

နှလုံးသို့ပေးသော သွေးလွှတ်ကြော နှလုံးသွေးလွှတ်ကြော (Coronary Arteries) ဟု ခေါ်သည်။ ယင်းသွေးကြော များကျဉ်းကနှလုံးရောဂါရတတ်သည်။ နှလုံးသွေးကြောကြောင့် ဖြစ်သော နှလုံးရောဂါမှာ လွန်စွာအဖြစ်များသော ရောဂါတခု ဖြစ်ပေသည်။

လက်ယာဘက်တွင် အထက်၌ လက်ယာဦးခန်း (Right Atrium) ရှိ၍ အောက်ဘက်တွင် လက်ယာလိုဏ်ခန်း (Right Venricle) ရှိသည်။ ယင်းအခန်းနှစ်ခုကြားတွင် ဖုံမှန်အားဖြင့် လက်ယာလိုဏ်ခန်းဘက်သို့သာ ပွင့်သော ထရိုင်ကပ်(စ်)ပစ် အဆို့ရှင် (Tricuspid Valves) ရှိသည်။ သို့သော် လက်ယာ ဦးခန်းအနေဖြင့် ခန္ဓာကိုယ်၏အထက်ပိုင်းမှသွေးများကို အထက်

www.burmeseclassic.com



သွေးပြန်ကြောမ (Superior Vena Cava) ဖြင့်လည်းကောင်း၊ ခန္ဓာကိုယ် အောက်ပိုင်းမှသွေးများကို အောက်သွေးပြန်ကြောမ (Inferior Vena Cava) ဖြင့် လည်းကောင်း လက်ခံ ရရှိသည်။ ယင်းသွေးပြန်ကြောမကြီးများဝင်ရာ၌ အဆို့ရှင်များရှိသည်။ လက်ယာဘက် လိုဏ်ခန်းအနေဖြင့် အဆုတ်နှစ်ခုသို့သွားသော အဆုတ်သွေးလွှတ်ကြောမ (Pulmonary Trunk) နှင့် ဆက်ထားသည်။ ယင်း ဆက်ရာတွင် ပါလမိုနရီအဆို့ရှင်များ (Pulmonary Valves) ရှိသည်။

မူမှန်အားဖြင့် နှလုံးနှင့် ခန္ဓာကိုယ်သွေး လှည့်လည်ခြင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးမှ သွေးများသည် သွေးပြန်ကြောမကြီးနှစ်ခု (Superior And Inferior Vena Cava) မှတဆင့် လက်ယာဦးခန်းသို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် လက်ဝဲဘက်ဦးခန်းသို့လည်း အောက်ဆီဂျင်ဓာတ် အပြည့်ရှိသော သွေးများသည် အဆုတ်မှ အဆုတ်သွေးပြန်ကြောများ (Pulmonary Veins) မှတဆင့် ရောက်ရှိလာသည်။ ထို့နောက် ဦးခန်းနှင့် လိုဏ်ခန်းများအား ခြားထားသော အဆို့ရှင်များ ပွင့်လာကာ လက်ယာဘက်ဦးခန်းမှ သွေးများသည် လက်ယာလိုဏ်ခန်းသို့လည်းကောင်း၊ လက်ဝဲဘက်ဦးခန်းမှ သွေးများသည် လက်ဝဲဘက်လိုဏ်ခန်းသို့လည်းကောင်း ရောက်သွားတော့သည်။ ထိုအခါ လိုဏ်ခန်းများတွင် ဖိအား (Pressure) များလာပြီး ဦးခန်းနှင့် လိုဏ်ခန်းအား ခြားထားသော အဆို့ရှင်



များ ပိတ်သွားတော့၏။ သွေးလွှတ်ကြောကြီးများနှင့် လိုဏ်ခန်းများအား ခြားထားသော အဆို့ရှင်များမှာမူ ပွင့်လာပြီးနောက် နှလုံးလိုဏ်ခန်းများမှ သွေးများကို ညှစ်ထုတ်လိုက်တော့သည်။ ဗယ်ဘက်လိုဏ်ခန်းမှ သွေးများသည် အောက်ဆီဂျင်ဓာတ်အပြည့်ပါသော သွေးများဖြစ်၏။ ထိုသွေးများသည် ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ ပျံ့နှံ့သွားသည်။ ညာဘက်လိုဏ်ခန်းမှ သွေးများသည် အောက်ဆီဂျင်ဓာတ်နည်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များသော သွေးများဖြစ်၏။ ၎င်းသွေးများသည် အဆုတ်သို့ ရောက်ရှိကာ ကာဗွန်ဒိုင်အောက်ဆိုက်အား အဆုတ်မှတဆင့် ပြင်ပသို့ ထုတ်လိုက်ပြီးနောက် ပြင်ပမှ အောက်ဆီဂျင်ဓာတ်ကို အဆုတ်မှတဆင့် စုပ်ယူလိုက်၏။ ထိုအောက်ဆီဂျင်ဓာတ် အပြည့်ပါသောသွေးသည် လက်ဝဲဘက်ဦးခန်းသို့ ရောက်လာသည်။ ထိုမှတဆင့် လက်ဝဲဘက်လိုဏ်ခန်းနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ ရောက်ရှိသွားတော့သည်။

လက်ဝဲဘက် လိုဏ်ခန်းမှ ပို့လိုက်သောသွေးများသည် ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ အောက်ဆီဂျင်နှင့် အခြားအာဟာရများ ပေးပို့ပြီးနောက် ခန္ဓာကိုယ် အစိတ်အပိုင်းများမှ အညစ်အကြေးများနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များကို သွေးပြန်ကြောများမှတဆင့် လက်ယာဘက် ဦးခန်းသို့ ပို့သည်။ သို့ဖြင့် သွေးလည်ပတ်မှုမှာ တပတ်ပြည့်သွား၏။ သို့ဖြင့် သွေးလှည့်လည်မှုသည် မသေမချင်း ဤအတိုင်း လှည့်နေပေ၏။

အထက်ပါကဲ့သို့ အာဟာရများနှင့် အောက်ဆီဂျင် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အညစ်အကြေးများအား ပို့ယူရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပုံ ၃။ ။ဆံချည်မျှင် သွေးကြောများက သွေးလွှတ်ကြော တို့ကို ဆက်ပေးပုံ။

(၀-သွေးပြန်ကြော အစ၊ ၆-သွေးလွှတ်ကြော အဆုံး၊ ၂-လင့်ဖ်ပြွန်ကြော၊ ၃-မှ ၈-အထိ ဆံခြည်မျှင်သွေးကြောများ)

အဆုတ်တွင်း၌လည်းကောင်း၊ အခြား အင်္ဂါများ၌ လည်းကောင်း၊ သွေးသည် ဆံခြည်မျှင်ထက် သေးငယ်သော သွေးမျှင်များ (Capillaries)မှတဆင့် ဆောင်ရွက်ရသည်။ [ပုံ-၃ကို ရှုပါ]

လက်ယာဘက်လိုဏ်ခန်းမှ အဆုတ်သို့ တကြိမ်လျှင် သွေး ၇၀ မှ ၈၀ ကုဗ စင်တီမီတာ (၄-၅ အောင်စ) တဖန်ခွက် ခန့်မျှ ညှစ်ထုတ်ပြီး၊ တမိနစ်လျှင် ၅ လီတာခန့် (၁၀ ပုလင်း ခန့်) ပို့ပေးသည်။

လက်ဝဲဘက် လိုဏ်ခန်းမှလည်း ခန္ဓာကိုယ် အစိတ်အပိုင်း အသီးအသီးသို့ တကြိမ်ညှစ်ထုတ်လျှင် ၇၀ မှ ၈၀ ကုဗစင်တီမီ



တာဖြစ်ပြီး တမိနစ်လျှင် သွေး ၅ လီတာခန့် ပို့ပေးသည်။ အဆိုပါ သွေးများအား အောက်ပါအ ချိုး အ စား အ တိုင်း ခန္ဓာကိုယ် အစိတ်အပိုင်းများက ရရှိသည်။

| | | |
|---|---|---|
| နှလုံး | ၅ | ရာခိုင်နှုန်း |
| ဦးခေါင်း | ၁၅ | ။ |
| အဆုတ်နှင့် ရင်အုပ် | ၃ | ။ |
| အသည်း၊ အစာအိမ်၊ အူများ | ၃၀ | ။ |
| ကျောက်ကပ် | ၂၅ | ။ |
| လက်နှင့်ခြေ | ၂၂ | ။ |
| | ၁၀၀ | |

ဤသို့ ခန္ဓာကိုယ်အတွင်း သွေးမှန်မှန် လည်ပတ်စေနိုင်ရန် နှလုံးသည် သန္ဓေသားဘဝ (၃)လအရွယ်မှစ၍ ၎င်း၏လုပ်ငန်း များအား စတင်ဆောင်ရွက်ရသည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် အတွက် အောက်စီဂျင်နှင့် အခြားအာဟာရဓာတ်များ ရရှိရန် လိုအပ်သည်။ ဤလိုအပ်ချက်ကို လက်ဝဲနှင့်လက်ယာ နှလုံးသွေး လွှတ်ကြောများ (Left And Right Coronary Artries) မှတဆင့် နှလုံး၏လက်ဝဲလိုဏ်ခန်းမှ ညှစ်ထုတ်လိုက်သော သွေး များ၏ ၅ ရာခိုင်နှုန်းကို အမြဲရရှိရသည်။ ၎င်းသွေးလွှတ်ကြော များသည် လက်ဝဲလိုဏ်ခန်းမှထွက်လာသော အအိုတာ သွေး လွှတ်ကြောမကြီး၏ အရင်းနားမှာပင်၍ စတင် ခွဲထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည် (ပုံ-၄ ကို ရှုပါ။) သွေးလွှတ်ကြောများမှာ တခုနှင့်တခု ဆက်သွယ်မှုရှိသော်လည်း ယင်းသို့ဆက်မှုမှာ အလွန်နည်းသည်။ ထို့ကြောင့် နှလုံးသွေးကြောကျဉ်းလျှင် သို့မဟုတ် ပိတ်ဆို့မှု ဖြစ်လျှင် နှလုံးကြွက်သားများမှာ သွေးလုံလောက်စွာ မရပဲ ရောဂါရလာပေတော့သည်။

နှလုံးကြွက်သားများသည်လည်း နှလုံးသွေးလွှတ်ကြောများမှ သွေးကို မှန်မှန်ရရှိဖို့လိုသည်။ ယင်းလိုအပ်ချက်ကို ရရှိရန် အတွက် အေအိုတာမှလာသော နှလုံးသွေးလွှတ်ကြောများ အမြဲ ပွင့်ဖို့လိုသည်။ သွေးထုထည်၊ သွေးအား၊ သွေးတိုးအား အမြဲ မှန်ကန်ဖို့လိုသည်။ အကယ်၍ တခုခု ချွတ်ယွင်းပါက နှလုံး ကြွက်သားနာရောဂါ (ဝါ) ရင်ဘတ်နာရောဂါ (Cardiac Angina) သို့မဟုတ် နှလုံးကြွက်သားပုပ်ရောဂါ (Myocardial Infarction) တို့ရနိုင်သည်။ ဤရောဂါများကို နှလုံးသွေး ကြောကြောင့် ဖြစ်သော ရောဂါများ (Coronary Heart Diseases) ဟု ခေါ်သည်။

နှလုံးမှ မကောင်းသော သွေးများမှာမူ နှလုံး သွေးပြန် ကြောများမှတဆင့် နှလုံး၏ညာဘက်ဦးခန်းသို့ ပြန်စီးဝင်သည်။ ထိုမှ အထက်ကဆိုခဲ့သည့်အတိုင်း အဆုတ်သို့ရောက်၍ သွေးလှည့် လည်ခြင်းကို ဖြစ်စေလေသည်။

အကယ်၍ နှလုံးအခန်း တခုနှင့်တခု ဆက်ထားသော အဆို့ ရှင်များ ပျက်စီးလျှင်လည်းကောင်း၊ နှလုံးအခန်းများနှင့် သွေး ကြောများ ဆက်သည့်နေရာတွင်ရှိသည့် အဆို့ရှင်များ ပျက်စီး



လျှင်လည်းကောင်း၊ သို့တည်းမဟုတ် ပုံမှန်မဆက်သော နှလုံး အခန်း တခုနှင့်တခု အပေါက်ဖြစ်၍ ဆက်လျှင်လည်းကောင်း (ဥပမာ ဗယ်ဘက်ဦးခန်းနှင့် ညာဘက်ဦးခန်းဆက်ခြင်း၊ ညာ ဘက်လိုဏ်ခန်းနှင့် ဗယ်ဘက်လိုဏ်ခန်း ဆက်ခြင်း) သို့တည်း မဟုတ် နှလုံးသွေးကြောကျဉ်းလျှင် ပိတ်လျှင်လည်းကောင်း၊ နာတာရှည် အဆုတ်ရောဂါရလျှင်လည်းကောင်း၊ အသည်း ရောဂါရလျှင်လည်းကောင်း၊ သို့တည်းမဟုတ် သွေးအားနည်း ရောဂါ၊ သွေးတိုးရောဂါရလျှင်လည်းကောင်း နှလုံးမှာ ပုံမှန် မလုပ်နိုင်၊ နှလုံးရောဂါရနိုင်လေသည်။

မှန်ပါ၏။ နှလုံးရောဂါများကို အောက်ပါအတိုင်း အမိကာ ခွဲခြားပြောနိုင်သည်။

(၁) မွေးရာပါနှလုံးရောဂါများ
(Congenital Heart Disease)


(၂) လေဘက်နာအဖျားကြောင့် ဖြစ်သော နှလုံးရောဂါ များ
(Rheumatic Heart Disease)

(၃) ဆစ်ဖလစ်ရောဂါကြောင့်ဖြစ်သော နှလုံးရောဂါ
(Syhilitic Heart Disease)

(၄) အဆုတ်ရောဂါကြောင့်ဖြစ်သော နှလုံးရောဂါများ
(Pulmonary Heart Disease)

www.burmeseclassic.com

www.burmeseclassic.com








(၅) သွေးလွှတ်ကြောများကျဉ်း၍ဖြစ်သောနှလုံးရောဂါ
(**Artherosclerotic Heart Disease**)

(၆) နှလုံးသွေးလွှတ်ကြောကျဉ်း၍ဖြစ်သောနှလုံးရောဂါ
(**Coronary Heart Disease**)

(၇) သွေးတိုးနှလုံးရောဂါ
(**Hypertensive Heart Disease**)

(၈) အခြားအကြောင်းများကြောင့် ဖြစ်သော နှလုံးရောဂါ
(**Other Heart Diseases**)

---

ပုံ ၄၊ ၊နှလုံးသွေးလွှတ်ကြောများ နှလုံးအတွင်းခက်ဖြာပုံ
(အပေါ်ပုံမှာ နှလုံးကို ရှေ့မှမြင်ရပုံဖြစ်၍ အောက်ပုံမှာ နှလုံး ယိုက်ခန်းများကို ဖြတ်ကြည့်ကမြင်ရပုံ)

၁ အေအိုတာသွေးလွှတ်ကြောကြီး၊ ၂ အဆုတ်သွေးလွှတ်ကြောမ၊ ၃ အထက်သွေးပြန်ကြောမ၊ ၄ ညာအောရီကယ်၊ ၅ ဦးခန်းပိုင်း၊ ၆ လိုက်ခန်းပိုင်း၊ ၇ ညာနှလုံးသွေးလွှတ်ကြော '၇',၇'',၇''' တို့မှာ ၇ ၏ လက်တက်များ၊ ၈ ဘယ်နှလုံးသွေးလွှတ်ကြော ၈',၈'',၈''', ပုံတို့မှာ ၈ ၏ လက်တက်များ၊ ၉ နှလုံးထိပ်၊

www.burmeseclassic.com

www.burmeseclassic.com



ဤရောဂါများ၏အကြောင်းကို အကျဉ်းမျှ ပြောပြရလျှင်-

၁။ မွေးရာပါနှလုံးရောဂါများ

နှလုံးသည် သန္ဓေသားဘဝ၌ ရှိစဉ်က သွေးကြော တခုသာ ဖြစ်သည်။ ယင်းသွေးကြောတွန့်၍၊ ခေါက်၍၊ ကြွက်သားတွေ ပေါ်လာ၍ အခန်းတွေခွဲလိုက်မှ ပုံမှန် အခန်း ၄ ခုရှိ၍ လူ့နှလုံး ဖြစ်လာသည်။ ယင်းသို့ဖြစ်စဉ်၌ တခုခုချွတ်ယွင်းပါက၊ တခုခု အနှောင့်အယှက်ရပါက မွေးရာပါ နှလုံးရောဂါဖြစ်လာ၏။ ယင်းသို့ဖြစ်လာလျှင် ကလေးမှာ သန္ဓေအတွင်း၌ သေလျှင်သေ၊ မသေလျှင် မွေးပြီးမှသေနိုင်၏။ ဤအထဲက မသေလျှင် ကလေးမှာ မော၍၊ ချူချာ၍ မွေးလာနိုင်၏။ တသက်လုံး ရှူနာရှိက်ကုန်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုမရှိ၊ သက်ဆိုးမရှည်။ အချို့ကား မွေးသည်မှစ၍ မျက်လုံးပြာ၊ နှုတ်ခမ်းပြာ၊ လက်သည်းပြာ၊ အပြာလူကလေး (Blue Baby) အဖြစ် မွေးလာနိုင်၏။ ဤကလေးမျိုးကား ခွဲစိတ်မကုက အသက်မရှည်။ ခွဲစိတ်ကုသည့်တိုင် ခွဲစိတ်တိုင်း အောင်မြင်ခဲ့သည်။

မှန်ပါသည်။ မွေးရာပါနှလုံးရောဂါများမှာ အချို့ ဟာသယ်၍ရ၏။ အချို့ ခွဲစိတ်ကုသ၍ရ၏။ အချို့ကား မည်သို့မျှ ကာကွယ်ကုသမရ။ နှလုံးအစားထိုးမှု အောင်မြင်လျှင်ကား စားထိုး ကုသ၍ရမည်။ ယခုကား မရသေး။



ကာကွယ်၍ရသည်ဆိုရာ၌ နှလုံးရောဂါများသည် သန္ဓေသားဘဝ၌ရှိစဉ်က မိခင်လောင်းမှာ ဂျိုက်သိုးရောဂါ (German Measles) ဖြစ်လျှင် လည်းကောင်း၊ ဗိုက်တာမင်အေ စသော အာဟာရဓာတ်များ ချွတ်ယွင်းလျှင် လည်းကောင်း၊ ဓာတ်မှန်ရောင်ခြည်များထိလျှင် လည်းကောင်း၊ အပြင်းဖျားခြင်း စသည့် အဖျားရောဂါများ ဖြစ်လျှင် လည်းကောင်း သန္ဓေသားမှာ နှလုံးရောဂါရတတ်၍ ယင်းရောဂါများကို မိခင်လောင်းတို့တွင် မဖြစ်ပွားအောင် ကာကွယ်ခြင်းဖြင့် သန္ဓေသားတွင် မွေးရာပါ နှလုံးရောဂါမရအောင် ကာကွယ်၍ရသည်ဟု ဆိုခြင်း ဖြစ်ပါ၏။

မွေးပြီးမှကား မည်သည့်မွေးရာပါ ရောဂါမှ ကာကွယ်မရ။

၂။ လေးဘက်နာအဖျားကြောင့်ဖြစ်သော နှလုံးရောဂါ

လေးဘက်နာ အဖျားရောဂါသည် အသက် ၃၀ အောက် လူကြီးများနှင့် ကလေးငယ်များတွင် ဖြစ်ပွားလေ့ ရှိသော အဖျားရောဂါ တမျိုးဖြစ်သည်။ များသောအားဖြင့် လည်ချောင်းနာ၊ ပသိနာရာမှ တပတ်နှစ်ပတ်အတွင်း ဖျားတတ်သည်။ ဖြစ်လျှင် လက်ကောက်ဝတ်၊ ဒူးဆစ် စသော အဆစ်ကြီး တချိုးတခု ရောင်ပြီးနာတတ်သည်။ အဆုတ် ရောင်ခြင်း၊ အရေပြားတွင် ဘုလုံးများထွက်ခြင်းများလည်းဖြစ်တတ်သည်။ ဤသို့ အဆစ်ရောင်နာများပြီး နာလန်ထသည်ဆိုသည့် အခါကျမှ နှလုံးရောဂါ ရလေ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနှလုံးရောဂါသည် နှလုံးရောဂါများအနက် ကာကွယ်ရ အလွယ်ဆုံးသော ရောဂါဖြစ်သည်။ အကြောင်းမှာ ဤနှလုံး ရောဂါသည် လေးဘက်နာဖြစ်၍ ဖြစ်ရခြင်းဖြစ်၏။ လေးဘက် နာ မဖြစ်က မဖြစ်။ လေးဘက်နာမဖြစ်ရန် လည်ချောင်းနာ ခြင်း၊ ပသိရောင်ခြင်းတို့ကို မဖြစ်အောင် ဂရုစိုက်ရာ၏။ ဖြစ် သော် ရောဂါလုံးဝပျောက်ကင်းအောင် ကုရာ၏။ ဤသို့ကုသ ရာ၌ အဓိက ရောဂါပိုးဖြစ်သော ဆရက်တိုကော်ကပ်(စ်)ပိုး (**Streptococcus**)ကို အမြစ်ပြတ်အောင် တိုက်ခိုက်ကုသပေး ရန်သာ လိုပေသတည်း။ သို့ဆိုက လေးဘက်နာရောဂါ၊ လေး ဘက်နာ နှလုံးရောဂါဆိုသည်မှာ ဖြစ်လာတော့မည် မဟုတ် ချေ။

ဤလေးဘက်နာ ရောဂါကြောင့် နှလုံးရောဂါရလျှင် များ သောအားဖြင့် နှလုံးအခန်း တခုနှင့်တခု ဆက်သော အဆို့ရှင် များသည် တွန့်ခေါက် ပျက်စီးကုန်တတ်သည်။ ထိုအခါ နှလုံး မှာ ပုံမှန်မလုပ်နိုင်။ သို့နှင့် သွေးမှာ လိုရာမရောက်။ သို့ဖြင့် လူမှာ မောလာ၏။ အပင်ပန်းမခံနိုင်၊ အိပ်မရ၊ ဝေးဝေးလံလံ သွားမရ။ ကြာသော် ကိုယ်ဖော၍၊ အဆုတ်ထဲရေဝင်၍၊ နှလုံး ပျက်စီး၍ သေတတ်သည်။ များသောအားဖြင့် လေးဘက်နာ နှလုံးရောဂါသည် မိုက်ထရယ်အဆို့ရှင်တွင် အဖြစ်များသည်။ ယင်းအဆို့ရှင်သည် တကိုယ်လုံးသို့ သွေးပို့သော ဝဲဘက်လိုဏ် ခန်းနှင့် ဆက်နေသဖြင့် ယင်းအဆို့ရှင်ရောဂါရက ဝဲဘက်လိုဏ် ခန်းမှာ ကြီးလာ၏။ အဆုတ်မှာလည်း ရောဂါရလာ၏။ ကြာ လျှင် ဝဲဘက်လိုဏ်ခန်း ပျက်စီး၍ သေရသည်။



ဤမိုက်ထရယ် အဆို့ရှင် ပျက်စီးသည့် ရောဂါအတွက် အကောင်းဆုံး ကုသမှုမှာ ခွဲစိတ်ကုသခြင်းပင်ဖြစ်သည်။ အဆို့ ရှင် အပေါက်ကျဉ်းက ချဲ့၍ကုရသည်။ အဆို့ရှင်ပေါက်မလုံက အဆို့ရှင်ကို အစားထိုးကုနိုင်သည်။ အဆို့ရှင်အတုကို နိုင်လွန်၊ ဒက်ကရွန်၊ တက်ဖလွန်စသည့်တို့ဖြင့် ပြုလုပ်ပြီး နှလုံးကိုခွဲကာ အစားထိုးရ၏။ ထိုသို့ အဆို့ရှင်အတုတပ်စဉ် နှလုံးတု အဆုတ် တုစက် (**Artificial Heart Lung Machine**)ဖြင့် ခန္ဓာ ကိုယ်၏ သွေးလှည့်လည်မှုကို ထိန်းပေးရသည်။ အဆို့ရှင်တပ် ပြီး စိတ်ချရမှ နှလုံးအစစ်ကို အလုပ်ပြန်လုပ်ခိုင်းရသည်။ ဤသို့ ခွဲခြင်းကို နှလုံးဖွင့်ခွဲခြင်း (**Open Heart Surgery**)ဟုခေါ် သည်။

အနည်းဆုံး ၆ နာရီမျှကြာအောင် ခွဲစိတ်ရ၏။ ခွဲပြီး ဆယ့်ရှစ်နာရီကြာမှ ခွဲစိတ်မှု အောင်မအောင် ပြောနိုင်သည်။ လူနာသက်ဆိုးရှည်မရှည်ကိုကား ခွဲပြီးသုံးပတ်ကြာမှ ခန့်မှန်း ပြောနိုင်လေ၏။ ဤနှလုံးဖွင့်ခွဲခြင်းသည် နှလုံးအစားထိုး ကု ခြင်း (**Heart Transplant**)ကလွဲလျှင် အခက်ဆုံး၊ သေရေး ရှင်ရေးအဖြစ်ဆုံး ခွဲစိတ်မှုပင် ဖြစ်သည်။

ဤလူ့နှလုံးပါဝင်္ဂ၌ လူနာမောင်သိဟသည် မိုက်ထရယ် အဆို့ရှင် ရောဂါအတွက် နှလုံးဖွင့်ခွဲခြင်းကို ဗော်လန်တီယာ (**Volunteer**)လုပ်သည့် လူနာပင်ဖြစ်သည်။ သူ့အကြောင်း၊ သူ့ရောဂါအကြောင်း၊ သူ့ခံပုံတို့ကိုနှယ်၍ ဤစာအုပ် ဤဝတ္ထု ဖြစ်ပေါ်လာခြင်း ဖြစ်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဆစ်ဖလစ်ရောဂါကြောင့်ဖြစ်သော နှလုံးရောဂါ

ဆစ်ဖလစ်ရောဂါမှာ ထရီပိုနီးမားပလီးဒန်းပိုးကြောင့်ဖြစ်သော ကာလသားရောဂါတခုဖြစ်သည်။ သို့ဖြစ်၍ ဆစ်ဖလစ် နှလုံးရောဂါ မဖြစ်စေလိုက ကာလသားရောဂါ မဖြစ်အောင် နေထိုင် ကျင့်ကြံနိုင်ရပေသည်။

ဆစ်ဖလစ်ရောဂါနှင့် ပတ်သက်၍ကား ဤသို့ပြောလို၏။

### ဆစ်ဖလစ်ရောဂါ

ဆစ်ဖလစ်ရောဂါသည် ကာလသားရောဂါများတွင် အဆိုးဆုံးဖြစ်၍ ရောဂါရှိသူအား တသက်လုံး ကျိုးကန်းစေရုံမျှမက ပျောက်ကင်းအောင် မကုသပါက သွက်ချာပါဒလိုက်၍ ရူးသွပ်ကာ သေစေနိုင်သည်အထိ ဒုက္ခပေးနိုင်၊ အန္တရာယ်ပြုနိုင်သည်။ ၎င်းသည် ရောဂါရှိသူမိခင်မှ သားအိမ်အတွင်းမှ သန္ဓေသားကိုပါ ကူးစက်နိုင်သဖြင့် သားလျှောခြင်း၊ အချိန်မရောက်မီ မွေးခြင်းအပြင် မွေးကတည်းကပင် ကလေးများကို ကျိုးစေ၊ ကန်းစေ၊ နားထိုင်းစေနိုင်သည်။ ဤမျှ အန္တရာယ် ပေးနိုင်သော်လည်း လူသားတို့ တခုကံကောင်းသည်မှာ ဤရောဂါကို ပျောက်အောင်ကုသ၍ ရသောဆေးများကို တွေ့ရှိရခြင်းပေတည်း။ သို့ဖြစ်၍ ရောဂါသည်ကို သိလျှင်သိချင်းပျောက်အောင် ကုသပါက မည်သို့မျှ စိုးရိမ်စရာမရှိပေ။

ဆစ်ဖလစ်ရောဂါသည် တမီတာ (၃.ပေခန့်)၏ အပုံတသိန်းတွင် တပုံခန့်မျှသာရှည်သော အလွန်သေးငယ်သည့် ဗူးနွယ်ပုံ



ထွန့်နေသော ထရီပိုနီးမားပလီးဒန်းပိုး (Treponema Pallidum) ကြောင့် ဖြစ်ပွားရသည်။

ဤပိုးသည် ပူနွေးစွတ်သော၊ စိုစွတ်သော နေရာများနှင့် လူ၊ မျောက်စသော သတ္တဝါများထွင်သာ များသောအားဖြင့် အသက်ရှင်နိုင်ပြန့်ပွားနိုင်ပေသည်။ သို့ဖြစ်၍ အလွန်ခြောက်သွေ့သော၊ ပူသောနေရာများတွင် အသက်မရှင်နိုင်ပဲ လူ့ခန္ဓာကိုယ်၏ အပြင်ဘက်တွင် နာရီ အနည်းငယ်ခန့်သာ အသက်ရှင်နိုင်၊ ကူးစက်နိုင်သည်။ သို့ရာတွင် သိုလှောင်ထားသော သွေးများ၌ ၇၂ နာရီ ၃ ရက်အထိ အသက်ရှင်နိုင်သဖြင့် သွေးလှူသူများမှ သွေးအလှူခံများသို့ ကူးစက်ရန် အလားအလာ ရှိလေသည်။ ဆေးရုံကြီးများ၌ သွေးသွင်းခံရလျှင် လှူသောသွေးသည် ဆစ်ဖလစ်ရောဂါရှိမရှိ စမ်းသပ်ပြီးမှသာ သွင်းပေးရကား ဤရောဂါအတွက်မူ သွေးအလှူခံသည် စိုးရိမ်စရာ မလိုပေ။

ဆစ်ဖလစ်ရောဂါသည်များသည် များသောအားဖြင့် လိင်ဆက်ဆံမှုပြုရာမှ ကူးစက်တတ်သည်၊ တခါတရံ၌ ဆစ်ဖလစ်အနာရှိသော နှုတ်ခမ်း၊ ပါးစပ်များ၊ စအိုဝများမှလည်း ကူးစက်နိုင်ပေသည်။ ရောဂါရှိသူ၏ အဝတ်အစားများမှ ကူးစက်သည်မှာ မရှိသလောက် ရှားသော်လည်း ရောဂါရှိသူများထံမှ ဆရာဝန်များသူနာပြုများမှာ မတော်တဆ ကူးစက်ခံရမှုများကား ရှိပေသည်။

ဆစ်ဖလစ်ရောဂါပိုးသည် ရောဂါဝင်ရောက်ပြီး ၉ ရက်မှ ရက် ၉၀ အတွင်း များသောအားဖြင့် ၃ ပတ်အတွင်း ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာများကို ပြတတ်သည်။ လွယ်ကူစွာဖော်ပြနိုင်ရန်အတွက် ရောဂါဖြစ်စဉ်ကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် ဟူ၍ သတ်မှတ်ထားကြသည်။

ပထမဆင့်၏လက္ခဏာများမှာ ရောဂါရှိသူနှင့် လိင်ဆက်ဆံမှုပြုပြီး ၃-၄ ပတ်အတွင်း၌ လိင်တံ သို့တည်းမဟုတ် အင်္ဂါဇာတ် အတွင်း၌ မနာသော ခပ်ဝိုင်းဝိုင်းအနာတခု ပေါက်လာပြီး ပေါင်ခြံအကျိတ်များ ကြီးထွားလာသည်ကို တွေ့ရခြင်း ဖြစ်သည်။ ဤအနာကို ရှန်ကာ(Chancre)ဟု ခေါ်ကြ၏။ ဤအနာသည် မနာရုံမျှမက သွေးလည်းမထွက်သဖြင့် အချို့သူများမှာ အမှုမဲ့ အမှတ်မဲ့ပင် နေတတ်ကြသည်။ ထို့အပြင် ဆေးမကုပဲနှင့်လည်း ၂ ပတ်၊ ၃ ပတ်ကြာလျှင် အလိုလိုပျောက်သွားတတ်ရကား ဤအနာကိုပျောက်အောင် ဆရာဝန်နှင့် ကုသခဲ့ကြလေသည်။ သို့ရာတွင် ဤအနာပျောက်ခြင်းသည်ရောဂါပျောက်ခြင်းမဟုတ်ပဲ ရောဂါငုပ်သွားခြင်းသာ ဖြစ်သည်။ တခါတည်းပျောက်အောင်မကုပါက ရောဂါပိုးများသည်ကိုယ်ထဲတွင်လှည့်လည်တိုးပွားလျက်ဆိုးရွားသော၊ အန္တရာယ်များသော ဒုတိယဆင့်နှင့် တတိယဆင့် လက္ခဏာများကို ဖြစ်စေလေသည်။

ဒုတိယဆင့်တွင် ရောဂါပိုးသည် ခန္ဓာကိုယ်အတွင်းရှိ ကိုယ်အင်္ဂါအားလုံးကို ဖျက်ဆီးသဖြင့် တကိုယ်လုံးတွင်ပင် ရောဂါဆိုးထွက်ရာ ဒဏ်ချက်များကိုတွေ့ရလေသည်။ များသောအားဖြင့် မျက်နှာ၊ လက်၊ လည်ပင်း၊ ကုပ် စသည်တို့တွင် မယားသော မနာကျင်သော အဖုအပိမ့်များ ပေါ်လာ၍ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတို့တွင် အကျိတ်များ ထွက်လာလေသည်။ လည်ပင်းတွင် အကျိတ်ထွက်ခြင်းကို ကျပ်ထွက်ခြင်းဟု အချို့က ခေါ်ကြလေသည်။ အဖုအပိမ့်များသည် နီညိုရောင်ရှိ၍ ရင်းအိုး အထဲ၌ ရောဂါပိုးများပြည့်နေရကား အဖုအပိမ့်များမှ အရည်များသည် အလွန်ရောဂါကူးစက်စေနိုင်သည်။ ရက်အနည်းငယ်ကြာလာလျှင် အဖုအပိမ့်များမှ အနာကလေးများ ဖြစ်ရကား ဤအနာကလေးများမှ သားနံ့ရည်သည် ရောဂါကူးစက်အောင် အထူးတတ်နိုင်လေသည်။ များသောအားဖြင့် ဒုတိယဆင့် အနာများသည် အရေပြားနှင့် အကျိအချွဲထုတ်အမြှေးများ စပ်သောနေရာတွင် ဖြစ်တတ်ရာ ဝှေးစေ့၊ အင်္ဂါဇာတ်၊ စအို၀၊ ပါးစပ်ပေါက် စသည်တို့တွင် အဖြစ်များလေသည်။ အသံပြွန်ကို ထိခိုက်သဖြင့်လည်း အသံပျက်နိုင်လေသည်။ သို့ဖြစ်၍ ရှေးအခါက အသံပျက်နေသော မိန်းမရွှင်များကို ရှောင်ကြဉ်ရန် ဆုံးမခြင်းမှာ ဆစ်ဖလစ်ရောဂါ မကူးစက်အောင် ဆိုဆုံးမခြင်းပင် ဖြစ်ဟန်တူလေသည်။



ဤဒုတိယဆင့်တွင် ဆံပင်ကျွတ်ခြင်း၊ မူးဝေ မောပန်းခြင်း၊ သွေးအားနည်းခြင်း၊ အဆစ်ရောင်ခြင်း၊ နာခြင်းများ အပြင်း ဖျားခြင်း၊ အသားဝါရောဂါ ဖြစ်ခြင်းများလည်း ဖြစ်နိုင်လေသည်။ တခါတရံ၌ မျက်စိနာ၍ ဦးနှောက်အမြှေးရောင်ဖျားခြင်း (Meningitis)များလည်း ဖြစ်နိုင်လေသည်။

မည်သို့ရှိစေ၊ ဒုတိယဆင့် လက္ခဏာများသည် ရောဂါရှိသူတိုင်းတွင် အားလုံး ပေါ်ချင်မှ ပေါ်လေသည်။ တခါတရံ

www.burmeseclassic.com

www.burmeseclassic.com



ရောဂါလက္ခဏာတခုမှ မပေါ်သဖြင့် ရောဂါရှိသူမှာ ဘာမျှမဖြစ်ဟု ထင်ရလေသည်။ တကယ်တော့မူ ရောဂါငုပ်နေခြင်းဖြစ်ပြီး ၂ နှစ်မှ ၅ နှစ်အတွင်း၊ တခါတရံ ၁၀ နှစ်၊ ၁၅ နှစ်ကျော်မှ ရောဂါလက္ခဏာများ ပေါ်လာတတ်သည်။ ပေါ်လာသော လက္ခဏာများကား နောက်ဆုံးတတိယဆင့် ရောဂါလက္ခဏာများ ပေတည်း။

တတိယဆင့်၌ရောဂါပိုးသည် အရေပြား၊ အရိုးနှင့် အတွင်းအင်္ဂါအားလုံးကို ကိုက်စားသဖြင့် ထိုနေရာများ၌ အပေါက်အပေါက်များဖြစ်ကာ အနာကြီးများ ဖြစ်လာနိုင်သည်။ ဤအနာများမှာ အဝါရောင်ရှိ၍ ဂမ်မာအနာများ (Gumma) ဟု ခေါ်လေသည်။ အရိုးတွင်ဖြစ်က အရိုးကျိုးနိုင်သည်။ များသောအားဖြင့် အာခေါင်ရိုးတွင်အဖြစ်များကာ အာခေါင်တွင် အပေါက်ဖြစ်တတ်သည်။ ဤသို့ဖြစ်က ဖြစ်သူ၏ အသည်းရောင်ကာ မျက်လုံးဝါ၊ အရေပြားရောဂါ ဖြစ်လာနိုင်သည်။

ဆစ်ဖလစ်ရောဂါပိုးများသည် နှလုံးနှင့်သွေးကြောများကိုလည်း ဖျက်ဆီးရကား ဤအဆင့်တွင် နှလုံးရောဂါများ၊ သွေးတိုးနည်း ရောဂါများလည်း ဖြစ်နိုင်သည်။ အထူးသဖြင့် နှလုံးမှထွက်သော အေအိုတာသွေးလွှတ်ကြောကြီး (Aorta) ကို ဖျက်ဆီးတတ်၍ ထိုသွေးကြောကြီးမှာ ပါး၍ ကျယ်လာကာ နောက်ဆုံးတွင် ပေါက်ကွဲစေနိုင်လေသည်။ ဤသို့ သွေးကြောကြီး ကျယ်လာသည်ကိုသွေးကြောကျယ်ရောဂါ (Aneurysm) ဖြစ်သည်ဟု ခေါ်ကြသည်။



ဆစ်ဖလစ်ပိုးများသည် ဦးနှောက်ကိုလည်း တိုက်ဖျက်ရကား ရောဂါရှိသူများမှာ သတိမေ့တတ်ခြင်း၊ ဝက်ရူးပြန်တတ်ခြင်း၊ တက်ခြင်း၊ စိတ်တိုတတ်၊ စိတ်မမှန်တတ်ခြင်းများနှင့် မျက်နှာတခြမ်း ကိုယ်တခြမ်းသေ ရောဂါများ (Hemiplegia And Paraplegia) လည်း ဖြစ်နိုင်လေသည်။ နှာခေါင်း၌ ဂမ်မာရလျှင် စကားပြောလျှင် နှာသံပါ၍ အစားအစာကို ကောင်းစွာစားမရ၊ နှာခေါင်းမှထွက်လာတတ်သည်။ အာရုံကြောကလာပ်စည်းများတွင်ဖြစ်က ကျောအာရုံကြောမကြီး ပျက်စီး၍မှ ဖြစ်သူမှာ ရိုးရိုးတန်းတန်း လမ်းလျှောက်၍မရပဲ လမ်းကိုစမ်း၍ ခြေထောက်ကား၍ ခြေထောက်ကိုလိုသည်ထက်မြှောက်၍ လျှောက်ပါမှ ရလေသည်။ မျက်စိမှိတ်ထားပါက လှမ်းလျှောက်၍မရပဲ လဲကျနိုင်လေသည်။ ဤသို့ဖြစ်သည်ကို ကျောအာရုံကြောနောက်ဘက်သေရောဂါ (တေးဘီးဒေါ်ဆယ်လစ် Tabes Dorsalis) ဟု ခေါ်လေသည်။

တချို့ဖြစ်တတ်သည်မှာကား ရောဂါရှိသူများသည် အခြားလက္ခဏာများကို မပြပဲ မိမိကိုယ်ကို အထင်ကြီးခြင်း၊ ကြီးကျယ်ခမ်းနားမှုကို နှစ်သက်ခြင်းများရှိပြီး တခါတရံ အကြောင်းမရှိပဲ ငိုတတ်၍ တခါတရံ အထူးပျော်ရွှင် တက်ကြွနေတတ်သည်။ ဤသို့ မိမိကိုယ်ကိုမိမိ အထူးအထင်ကြီးလျက် ရှိသော်လည်း ၎င်း၏ အသိဉာဏ် အသိတရားတို့မှာမူ ပျက်စီးယိုယွင်းလျက် ရှိကြကာ ကြာသော် သွက်ချာပါဒလိုက်ကာ ရူးသွပ်၍ သေသွားတတ်သည်။ ဤသို့ဖြစ်သည်ကို အထွေထွေ သွက်ချာပါဒလိုက်၍ ရူးသွပ်ခြင်း (General Paralysis of Insane) ဟု ခေါ်ဆို

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဆစ်ဖလစ်ရောဂါသည် ဖခင်ထံမှ မိခင်သို့ကူးကာ မိခင်ဝမ်းတွင်းရှိ သားသမီးများကို ကူးစက်နိုင်လေသည်။ ဤသို့ ဆစ်ဖလစ်ရောဂါရလာသော ကလေးများသည် မွေးကတည်းက ကန်းတတ် နားပင်းတတ်သည်။ အချို့မှာမူ နှာရိုးမရှိ၊ မျက်စိ စွေလျက် မွေးလာတတ်၏။ သွားပေါက်လျှင် အရွယ်မတူသော လခြမ်းပုံရှိသော သွားများပေါက်လာတတ်သည်။ အချို့မှာမူ မွေးကတည်းက တကိုယ်လုံးတွင် အရေပြား၌ အနာများ ပေါက်လျက်လည်းကောင်း၊ အသည်းရောင်လျက်လည်းကောင်း ပုံပျက်ပန်းပျက် ဖြစ်လာတတ်သည်။ သို့ဖြစ်၍ ဆစ်ဖလစ် ရောဂါမှာ သားစဉ်မြေးဆက် ကူးစက်ဒုက္ခပေးနိုင်သော ရောဂါ ဖြစ်ပေသည်။ ကြောက်စရာကားမရှိပေ။ ဖြစ်သည်ကိုသိသည်နှင့် ပျောက်အောင်ကုသနိုင်၏။ ရောဂါဖြစ် မဖြစ်ကိုလည်း စမ်းသပ် ၍ရလေသည်။

ရောဂါဖြစ် မဖြစ်စမ်းသပ်နည်းမှာကား ပထမအဆင့် အနာ မျိုး ပေါက်လာသည်ဟုထင်လျှင် ထိုအနာမှ သားနံ့ရည်ကိုယူ၍ ဆစ်ဖလစ်ပိုးများ ပါ မပါ လက်တွေ့ စစ်ဆေး၍ရသည်။ အနာ မရှိပါက ပိုးစင်ပြီး တပတ်နှစ်ပတ်ကြာလျှင် သွေးကိုစစ်ကြည့်က ရောဂါပိုးရှိမရှိ သိနိုင်လေသည်။

ဆစ်ဖလစ် ရှိ မရှိ သွေးစမ်းခြင်းများကို ဝါဆာမင်းကို ပြန်ချက် (**Wasserman Reaction**) ကန်၏စမ်းသပ်မှု (**Kahn Test K. T**) ဗီ ဒီ အာရ် အယ်လ် (**V. D. R. L**) စမ်းသပ်မှု ရိတ်တာပရိုတိန်း စမ်းသပ်မှု၊ ထရီပိုးနီးမား ရပ်တန့်စမ်းသပ်မှုနှင့်



ရောင်မှုံးထရီပိုနီးမား အခံဓာတ် စမ်းသပ်မှုများဟု ခေါ်လေ သည်။ ဤစမ်းသပ်မှုများဖြင့် ဆစ်ဖလစ်ရောဂါ ရှိသည်ဟု သိရ ပါက အနည်းဆုံး ရက်သတ္တပတ် တပတ်မှ သုံးပတ်အထိ ပိနီ ဆီလင်၊ တက်တရာဆိုက်ကလင်း စသော ဆေးများဖြင့် ကုသရ ရသည်။ ကုသပြီးလျှင် ပျောက်မပျောက် သွေးပြန်စစ်ရသည်။ သွေးစစ်ချက် နှစ်ခါဆက်၍ ကောင်းမှသာလျှင် ရောဂါ ပျောက်ပြီဟု ယူဆနိုင်လေသည်။ သို့တည်းမဟုတ် မပျောက် မချင်း ဆက်၍ ကုသနေသင့်ပေသည်။ ကိုယ်ဝန်ဆောင် သန္ဓေ သားကို ရောဂါမကူးနိုင်ရန်အတွက် ကိုယ်ဝန်မရှိမီ သွေးတခါ စမ်း၍ ကိုယ်ဝန်ရှိစတွင် တခါစမ်းသပ်သင့်သည်။ သွေးစမ်း၍ ရောဂါရှိမှန်းသိပါက ကိုယ်ဝန်သုံးလအတွင်း ရောဂါပျောက် အောင် ကုသသင့်လေသည်။ မပျောက်ပါက သားသမီးမှာ ကျိုးပဲ့ကန်းနွမ်း၍မွေးလာနိုင်လေသည်။ ကြောက်စရာပေတည်း။

ဤအထဲက ဆစ်ဖလစ်ရောဂါရလျှင် နှလုံးရောဂါပါ ရနိုင် ၏။ ဆစ်ဖလစ် နှလုံးရောဂါရလျှင် များရသောအားဖြင့် အေအို တစ် အဆို့ရှင်ပျက်စီးတတ်၏။ ယင်းသို့ အိုအေတစ် အဆို့ရှင် ပျက်စီးက လူမှာ မောတတ်၏။ ရင်ဘတ်ခုန်၏။ သွေးကြော များခုန်၏။ မကုပဲထားက အေအိုတာ သွေးကြောကျယ်၍ ပေါက်ပြဲသေတတ်၏။ အသျှိကား ဤမျှမဆိုး၊ ရင်ဘတ်ရောဂါ ရရုံပင်ဖြစ်၏။ သို့သော် ဤသည်မှာ အစသာ။ နောင်တွင်မူ အေအိုတစ်အဆို့ရှင် ပျက်စီးမှုနှင့် အေအိုတာ သွေးကြောကျယ် ရောဂါ (**Aortic Aneurysm**) တို့ပါ ဆက်တိုက်ရတတ်ပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသမှုကား ရောဂါကျွမ်းမှုနှင့် ဆရာဝန်ပေါ်တည်သည်။ များသောအားဖြင့် ဆစ်ဖလစ်ရောဂါကို ပထမကု၊ နောက်နှလုံးရောဂါကို ဆေးဖြင့်ကု၊ ဆေးဖြင့်ကုမရက ခွဲစိတ်၍ ကုရပေသည်။

## ၄။ ။နာတာရှည်အဆုတ်ရောဂါကြောင့်ဖြစ်သော နှလုံးရောဂါများ

ဤ နှလုံးရောဂါများမှာ အမည်နှင့် လိုက်အောင်ပင် အဆုတ်ရောဂါများကြောင့် ဖြစ်ပွားရသော ရောဂါများ ဖြစ်သည်။ မှန်သည်။ ဤရောဂါများ၌ အဓိကအချက်မှာ အဆုတ်သို့ သွေးပို့ရသော လက်ယာလိုဏ်ခန်းသည် အလုပ်ကို ပိုမိုလုပ်ရသဖြင့် ကြာသော် ယင်းမှာကြီးလာ၏။ ဤသို့ကြီးလာရာမှလက်ယာလိုဏ်ခန်းထဲမှ သွေးများသည် လက်ယာဦးခန်းထဲသို့ ပြန်၍ဝင်ကုန်၏။ သို့ဖြင့် လက်ယာဦးခန်း၊ ထရိုင်ကပ်စပစ် အဆို့ရှင်ကိုပါ ပျက်စီးရ၏။ ဤရောဂါများ ပျောက်စေလိုက နှလုံးကိုအဓိကထား ကုသစရာမလို၊ အဆုတ်ရောဂါများကိုသာ အဓိကထား ကုသဖို့ လိုပေသည်။ အဆုတ်၌ ရောဂါကင်းက အဆုတ်ကြောင့် ဖြစ်သော ရောဂါများလည်း ဖြစ်လာမည် မဟုတ်ပေ။

များသောအားဖြင့် ပန်းနာရင်ကျပ်ဖြစ်လျှင် ချောင်းခဏခဏ ဆိုးရ၏။ ထိုမှ အဆုတ်လေအိမ်များ ကျယ်လာ၏။ အဆုတ်လေအိမ်ကျယ်ခြင်း၊ အဆုတ်ဖောင်းပွခြင်း (**Emphysema**) ဖြစ်လာ၏။ ယင်းမှ လက်ယာဘက်နှလုံးကို ဒုက္ခပေးတတ်သည်။



ထို့အတူ အဆုတ်၌ အမာရွတ်ဖြစ်ပါများက နှလုံးမှာ အလုပ်ပိုလုပ်ရသည်။ ဥပမာ အဆုတ်အမာရွတ်ရောဂါ(**Pulmonary Fibrosis**)ဖြစ်လျှင် ဤရောဂါမှာ နာတာရှည် ချောင်းဆိုးသူများ သတ္တုမိုင်းများတွင် အလုပ်လုပ်ရသူများ၊ အဆုတ်ရောဂါ ရကြသူများတွင် ဖြစ်ပွားတတ်သည်။

တခါတရံလည်း နှလုံး၏ လက်ဝဲခန်းများမှာ ဝဲဘက်လိုဏ်ခန်းနှင့် ယာဘက်လိုဏ်ခန်းကြား နံရံအပေါက်ဖြစ်၍ ဆက်ရာ အလုပ်ပိုလုပ်လာရ၏။ ထိုအခါ အဆုတ်မှာလည်း ထိခိုက်တော့၏။ အဆုတ်သွေးတိုးအား ရောဂါ(**Pulmonary Hypertension**)ရပြီး အဆုတ်သွေးလွှတ်ကြောများ ကျဉ်းကုန်၏။ ထိုအခါ အဆုတ်လည်း ရောဂါရ၊ နှလုံးလည်း ရောဂါရ အပြန်ပြန် အလှန်လှန် ဤသို့ ရောဂါဖြစ်သည်ကို အိုင်ဆင်မင်ဂျာရောဂါ (**Eisenmenger Complex**)ဟု ခေါ်လေသည်။

အဆုတ်ကြောင့် နှလုံးရောဂါ မရစေလိုက အဆုတ်ရောဂါ မရအောင် နေရမည်။ ယင်းသို့ နေနိုင်ရန်အတွက် ရင်ကျပ်ပန်းနာမဖြစ်အောင်၊ အဆုတ်ထဲ ဖုန်မှုန့်ဓာတ် သတ္တုများ မဝင်အောင်၊ အဆုတ်နာရောဂါများ မရအောင် ဂရုစိုက်နေထိုင်အပ်သည်။ အဆုတ်နှင့်နှလုံး လုပ်ဆောင်းကောင်းအောင်လည်း ထိုက်သင့်သော ကိုယ်လက်လှုပ်ရှား အားကစားမှုများကို မှန်မှန်ပြုလုပ်ပေးရပေမည်။

## ၅။ ။သွေးလွှတ်ကြောများကျဉ်း၍ ဖြစ်သော နှလုံးရောဂါ

နှလုံး၏ အဓိကအလုပ်မှာ သူ့ဆီရောက်လာသော ကောင်းသော သွေးများကို အဆုတ်ထံသို့ပို့၍ အဆုတ်မှ လာသည့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောသွေးများကို အောက်ဆီဂျင်ဓာတ်မှတဆင့် ခန္ဓာကိုယ်တခုလုံးသို့ သွေးကြောပေါင်း မြောက်မြားစွာကိုဖြတ်၍ ပို့ရသည်။ ယင်းသို့ပို့ရာ၌ အဆုတ်သွေးလွှတ်ကြောကျဉ်းက ပိတ်ကလည်း နှလုံးမှာ ထိခိုက်၏။ အအိုတာ အပါအဝင် တခြားသွေးလွှတ်ကြောများ ကျဉ်းက ပိတ်ကလည်း နှလုံးရောဂါရ၏။

သွေးလွှတ်ကြော ရောဂါများ၌ သွေးလွှတ်ကြော မာကျဉ်းသည့်ရောဂါ (**Arteriosclerosis**) များသည် အဖြစ်များသော ရောဂါများဖြစ်၍ နှလုံးကို ပို၍အလုပ်လုပ်ရစေသော ရောဂါများလည်း ဖြစ်သည်။ ဤသွေးလွှတ်ကြော ရောဂါများရက နှလုံးရောဂါလည်း ရ၏။ ဤနှလုံးရောဂါများ မရလိုက ယင်းသွေးလွှတ်ကြော ရောဂါများ မရအောင် နေထိုင်ကျင့်ကြံရပေမည်။

ယင်း သွေးကြော ရောဂါများသည် အသက်ကြီးသူများတွင် အဖြစ်များ၍ အဆီဓာတ်ပိုသူများ၊ ဝလွန်းသူများ၊ ဆီးချိုရောဂါရှိသူများ၊ စီးကရက်သောက်လွန်သူများ၊ စိတ်ပူပန်လွန်းသူများ၊ ကိုယ်လက်လှုပ်ရှားမှု နည်းသူများတွင် အဖြစ်များသည်။ ဤသို့ဖြစ်၍ ယောကျ်ားများတွင် ဤရောဂါများကို ပိုတွေ့ရ၏။

ဤရောဂါမျိုးမရလိုက အထက်ပါအကြောင်းအရာများကို ဆင်ခြင် ဂရုစိုက် ရှောင်ရပေမည်။

၆။ ။နှလုံးသွေးလွှတ်ကြောကျဉ်း၍ ဖြစ်သော နှလုံးရောဂါ

အမည်နှင့် လိုက်အောင်ပင် နှလုံးသွေးလွှတ်ကြော ကျဉ်းက



နှလုံးရောဂါရသည်။ တနည်းအားဖြင့် နှလုံးသို့ သွေးရောက်မှုနည်းလျော့ကြာက နှလုံးရောဂါရသည်။ ယင်းသို့ ရစေသော အကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) နှလုံးမှထွက်သော သွေးကြော အပေါက်ဝ ကျဉ်းခြင်း၊

(၂) ကာလသားရောဂါကြောင့် နှလုံးပျက်စီးခြင်း၊

(၃) သွေးအားနည်းသဖြင့် နှလုံး လုံလုံလောက်လောက် သွေးမရခြင်း၊

(၄) နှလုံးခုန်မမှန်ခြင်း၊

(၅) နှလုံးသွေးလွှတ်ကြောများကျဉ်းခြင်း၊ပိတ်ဆို့ခြင်း တို့ဖြစ်သည်။

ဤနှလုံးရောဂါ ဖြစ်ရသူ အားလုံးနီးပါးတွင် အဓိကမှာ နှလုံးသွေးလွှတ်ကြောများ ကျဉ်းခြင်း၊သို့မဟုတ် ပိတ်ဆို့ခြင်းပင်ဖြစ်သည်။ အခြား အကြောင်းများကြောင့် ဖြစ်လာရခြင်းမှာ အလွန်ရှားသည်။သို့ဖြစ်၍ နှလုံးသွေးကြောကျဉ်းစေ၊ပိတ်စေသည့် ရောဂါအကြောင်းကို ဤသို့ ပြောလိုသည်။

ခန္ဓာကိုယ်ရှိ သွေးလွှတ်ကြောအားလုံးပင် တည်ဆောက်ပုံမှာ အရွယ်အစားအရ ကွဲပြားခြားနားမှု အနည်းငယ်ရှိသော်လည်း အခြေခံအားဖြင့်ကား အတူတူပင်ဖြစ်သည်။ သွေးလွှတ်ကြော၏ နံရံတွင် အတွင်းလွှာ၊ အလယ်လွှာ၊ အပြင်လွှာဟူ၍ အလွှာ သုံးလွှာရှိသည်။ သွေးလွှတ်ကြောငယ်အတွင်းလွှာသည် အလွန်ချော

www.burmeseclassic.com



မွေ့ပြီး တောက်ပြောင်နေသည်။ သွေးကြောထဲတွင် သွေးမခဲရန်ဖြစ်၏။ မချောက သွေးခဲလွယ်သည်။ သို့ဖြစ်၍ အသက်အရွယ်ကြီးပြင်းလာသောသူများ၌ အတွင်းလွှာ ချောမွေ့ တောက်ပြောင်မှုမှာ တဖြည်းဖြည်းလျော့လာပြီးအဖုအထစ်များဖြစ်လာတတ်သည်၊ထိုအခါ သွေးလွှတ်ကြောမှာမာကျောလာပြီးအတွင်းပိုင်းမှာ ကျဉ်းမြောင်းလာသည်။ထိုသို့မာကျောပြီး အဖုအထစ်များဖြစ်လာလျှင် ၊ သွေးကြောအတွင်း သွေးခဲရန် လွယ်ကူပြီး သွေးကြောများ ပိတ်လာတတ်သည်။ ဤသို့ သွေးလွှတ်ကြောမာခြင်း၊ကျဉ်းခြင်းမှာသွေးထဲမှ အဆီဓာတ်၊ကော်လက်စထရော ဓာတ်(Cholesterol) များနှင့် ထုံးဓာတ် (Calcium) များသည် သွေးလွှတ်ကြောအတွင်းလွှာတွင်စုဝေးကာ အစိုင်အခဲဖြစ်လာသောကြောင့်ဖြစ်သည်။ ဤသို့ ဖြစ်သည်မှာ အသက် ၃၀ နောက်ပိုင်းတွင် စဖြစ်တတ်ပြီး အသက်အရွယ်ပို၍ ကြီးပြင်းလာသည်နှင့်အမျှ ပိုမိုများပြားစွာနှင့် ပိုမိုဆိုးရွားစွာ ဖြစ်တတ်ပေသည်။

ဤသို့ဖြစ်သည်မှာ အေအိုတာ(Aorta) သွေးလွှတ်ကြောမကြီး၊ ဦးနှောက်သွေးလွှတ်ကြောများ၊ ကျောက်ကပ်သွေးလွှတ်ကြောများ၊ ခြေထောက်သွေးလွှတ်ကြောများနှင့် နှလုံးသွေးလွှတ်ကြောများတွင်ပို၍ ဖြစ်တတ်သည်။ ဦးနှောက်သွေးလွှတ်ကြောများတွင် ဖြစ်ပါက ဦးနှောက်အစိတ်အပိုင်း အချို့သို့ သွေးရောက်မှုနည်းသဖြင့်စိတ်ပြောင်းလဲမှုများ၊ စိတ်ဖောက်ပြန်မှုများ၊သတိမေ့သွားခြင်းများ၊ကိုယ်တခြမ်းချည့်နဲ့ခြင်း (လေဖြတ်ခြင်း)များ ဖြစ်တတ်သည်။ ကျောက်ကပ်သွေးကြောများတွင်



ဖြစ်ပါက သွေးတိုးရောဂါနှင့် ကျောက်ကပ်ပျက် ရောဂါများဖြစ်တတ်သည်။ အကယ်၍ ခြေထောက်တွင် ဖြစ်ပါက လမ်းလျှောက်သောအခါ ခြေသလုံးကြွက်သားများ ကြွက်တက်သကဲ့သို့ နာကျင်လာခြင်းနှင့် ခြေချောင်းများ ညိုပုပ်လာခြင်းများဖြစ်တတ်သည်။ နှလုံးသွေးလွှတ်ကြောများတွင်ဖြစ်ပါက နှလုံးသွေးလွှတ်ကြောကျဉ်း နှလုံးရောဂါဖြစ်ပေါ်လာသည်။ ဤသို့ဖြစ်ရာ၌ သွေးလွှတ်ကြောများအလွန်ကျဉ်းလာသည့်အခါတွင်မှ ရောဂါလက္ခဏာများပေါ်တတ်သည်။အကယ်၍ပတ်ဝန်းကျင်ရှိ အခြားသွေးလွှတ်ကြောများမှ သွေးများ အစားထိုးပေးပို့နိုင်ပါက ရောဂါလက္ခဏာမပြပဲ ရှိတတ်သည်။ထို့ကြောင့် ရောဂါလက္ခဏာပြမှသာ သွေးကြောကျဉ်းမှုရှိသည်ဟု မယူဆအပ်ပေ။ အသက်၄၀ နောက်ပိုင်း၌ ဤသို့ဖြစ်ပျက်မှုမှာအနည်းနှင့်အများဆိုသလို လူတိုင်းတွင်ရှိတတ်ကြောင်း သတိချပ်အပ်ပေသည်။

ဤ၌ နှလုံးသွေးကြောကျဉ်းရောဂါဟူ၍ ဖော်ပြတိုင်း နှလုံးသွေးကြောများသာမက ဦးနှောက်သို့သွားသော သွေးလွှတ်ကြောများ၊ ကျောက်ကပ်သွေးလွှတ်ကြောများနှင့် ခြေထောက်သွေးလွှတ်ကြောများလည်းဤသို့ပင်ဖြစ်တတ်ကြောင်းနားလည်သဘောပေါက်ထားအပ်သည်။ အကြောင်းမူ ကိုယ်အင်္ဂါ တနေရာ၌ သွေးကြောကျဉ်းပါက အခြားနေရာများရှိ သွေးကြောများလည်းကျဉ်းကာ သက်ဆိုင်ရာအင်္ဂါများကိုအလားတူထိခိုက်မည်ဖြစ်သောကြောင့်ပေတည်း။ ဤနှလုံးရောဂါသည် အသက်လေးဆယ်အရွယ်နောက်ပိုင်းတွင် များသောအားဖြင့်စဖြစ်တတ်ပြီး အသက်ငါးဆယ်မှ ခုနစ်ဆယ်အရွယ်အတွင်း အများဆုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ တခါတရံတွင် အသက်လေးဆယ်အောက် ငယ်ရွယ်သူများတွင်လည်း ဖြစ်တတ်သည်။ လူတိုင်းသတိချပ်အပ်၏။ ဤနှလုံးရောဂါမှာ ကမ္ဘာပေါ်၌ အမေရိကန်တွင် အဖြစ်များဆုံးဖြစ်သည်။ ယင်းသို့အများဆုံးဖြစ်သော အမေရိကန်နိုင်ငံတွင် အသက်လေးဆယ့်ငါးနှစ်အောက် အရွယ်ရှိသူများ၌ အမျိုးသားများက အမျိုးသမီးများထက် ဆယ့်သုံးဆ ပို၍ အဖြစ်များကြောင်း တွေ့ရှိကြရသည်။ သို့သော် အသက် လေးဆယ့်ငါးနှစ်နှင့် ခြောက်ဆယ့်နှစ်နှစ်အရွယ်ရှိသူများတွင်ကား အမျိုးသားများက နှစ်ဆသာပို၍ ဤရောဂါကို ခံစားရသည်ဟု ဆိုသည်။ ဤသို့ ရောဂါဖြစ်မှု လိင်အရကွဲပြားခြားနားရခြင်းမှာ မဟိုမုန်း (**Oestrogen**)သည် သွေးလွှတ်ကြောများ မကျဉ်းအောင် ကာကွယ်နိုင်၍များလောဟု ထာမြင်ကြသည်။ အကြောင်းမှာ မီးယပ်သွေးဆုံးသော အမျိုးသမီးများတွင် ဤရောဂါပိုဖြစ်ရေ ခန္ဓာကိုယ်ထဲ၌ မ ဟိုမုန်းများ ကျဆင်းလာသဖြင့် သွေးလွှတ်ကြောများ ကျဉ်းခြင်းကို ကာကွယ်အားမရှိတော့သောကြောင့်ဟု ‡ ကောက်ချက်ချကြ၍ ဖြစ်သည်။ စီးကရက် သောက်ခြင်းကြောင့်လည်း ဤရောဂါပိုဖြစ်နိုင်သည်ဟု သိရသည်။

ဤရောဂါ ဖြစ်ပွားမှုမှာ မျိုးရိုးလိုက်သလော။ မည်သူမျှ အတိအကျမပြောနိုင်ကြပေ။သို့ရာတွင်အိမ်ထောင်တအိမ်ထောင်၌ တဦးဦးတွင် ဤရောဂါဖြစ်ပါက အခြားသူများလည်း ဖြစ်တတ်ကြောင်း တွေ့ရတတ်သည်။ဤသို့ ဖြစ်တတ်သည်မှာဤအိမ်ထောင်စု အဖွဲ့ဝင်များသည် တူညီသော လူမှုပတ်ဝန်းကျင်တွင် ကြီးပြင်းလာသဖြင့် နေမှု၊စားမှု အလေ့အကျင့်များ တူ၍လည်း



ဖြစ်နိုင်သည်။ သို့ဖြစ်၍ ဤရောဂါဖြစ်မှုတွင် မည်ရွေ့မည်မျှသည် လူမှုပတ်ဝန်းကျင်အခြေအနေများကြောင့် ဖြစ်ရသည်ဟု တိတိကျကျ မပြောဆိုနိုင်ပေ။ ပုံစံအားဖြင့် အချို့ငယ်ရွယ်သူ ဆီးချိုရောဂါရှင်များတွင် ဆီးချိုရောဂါဖြစ်ရမှုသည် မျိုးရိုးဗီဇကြောင့်ဖြစ်ရသည့် အထောက်အထားများ တွေ့ရှိရသကဲ့သို့ သွေးထဲတွင် ကော်လက်စထရောနှင့် အဆီဓာတ်များ များခြင်းသည်လည်း မျိုးရိုးဗီဇကြောင့်ဟု ဆိုနိုင်သည်။အဆိုပါ ဆီးချိုရောဂါရှင်များနှင့် သွေးထဲ၌ ကော်လက်စထရောဓာတ်၊ အဆီဓာတ်များ များသောသူများတွင် ဤနှလုံးရောဂါသည် ပို၍ ဖြစ်တတ်သည်။ ဤအခြင်းအရာများကို ဆက်နွှယ်၍ကြည့်လျှင် ဤနှလုံးရောဂါဖြစ်ရမှုတွင် မျိုးရိုးဗီဇသည် အဓိကအကြောင်း မဟုတ်သော်လည်း အနည်းငယ်ကား ပါဝင်သည်ဟု ဆိုနိုင်လေသည်။

မည်သို့ပင်ဖြစ်စေ၊ သွေးလွှတ်ကြောကျဉ်းခြင်းနှင့် မာခြင်းသည် သွေးတိုးရောဂါမရှိသူများတွင်ထက်ပို၍ အဖြစ်များသည်။ ပို၍ဆိုးရွားသည်။ဤသို့ဖြစ်ကနှလုံးသို့ အာဟာရဓာတ်များနှင့် အောက်စီဂျင်ဓာတ်ရောက်ရှိမှု နည်းလာသည်။ ထို့အပြင် နှလုံးလက်ဝဲလိုဏ်ခန်း (**Left Ventricle**)သည် ပို၍ အလုပ်လုပ်ရသဖြင့် နဂိုထက်ပို၍ ကြီးလာ ထူလာတော့သည်။ ပို၍လည်း အာဟာရနှင့်အောက်စီဂျင်ဓာတ်လိုအပ်လာသည်။ထိုသို့ ပို၍လို အပ်လာသောအာဟာရနှင့်အောက်စီဂျင်ဓာတ်ကို မဖြည့်တင်းနိုင်သောအခါတွင် နှလုံးသွေးကြောရောဂါ၏ လက္ခဏာများ ဖြစ်ပေါ်လာတတ်တော့သည်။ထို့အတူ ခန္ဓာကိုယ်ဝသော (အဆီများ

www.burmeseclassic.com

www.burmeseclassic.com



သော)သူများ၊ သွေးထဲတွင် ကော်လက်စထရောနှင့် အဆီခေါတ်များ များသောသူများတွင် ဤနှလုံးရောဂါပို၍ဖြစ်တတ်သည်။ မဟိုမုန်း **(Oestrogen)** သည် ကော်လက်စထရောခေါတ် အားနည်းစေနိုင်သဖြင့် အမျိုးသမီးများတွင် ဤနှလုံးသွေးကြောရောဂါဖြစ်မှုမှာ ပို၍ နည်းပါးပေသည်။ ထို့အတူ အာဖရိကလူမျိုး၊ အာရှလူမျိုးနှင့် တောင်အမေရိက လူမျိုးများတွင် ကော်လက်စထရောနှင့် အဆီခေါတ်များသည် မြောက်အမေရိကလူမျိုးနှင့် ဥရောပလူမျိုးများထက် နည်းသဖြင့် ဤနှလုံးရောဂါဖြစ်မှုနှင့် ဤနှလုံးရောဂါကြောင့် သေဆုံးမှုမှာလည်း အမေရိကန်နှင့် ဥရောပလူမျိုးများထက် လျော့နည်းကြောင်း တွေ့ရှိရသည်။ သို့ရာတွင် မည်သည့်နိုင်ငံတွင် နေထိုင်သည့် မည်သည့်လူမျိုးမဆို ခန္ဓာကိုယ်ဝသော(အဆီထူသော)သူများ၊ သွေးထဲတွင် အဆီခေါတ်နှင့် ကော်လက်စထရောခေါတ်များသောသူများမှာ နှလုံးရောဂါရရန် ပို၍ အလားအလာရှိပေ၏။ ဝလွန်းသူများ သတိချပ်ကြကုန်။

ဤသို့ရှိရာ၌ ကိုယ်ကာယလှုပ်ရှားမှု နည်းပါက ဤနှလုံးရောဂါရရန် ပို၍ အကြောင်းရှိပေ၏။ စီးကရက်သောက်ပါက ပို၍ ဆိုးပေသည်။ အကြောင်းမူ ဤနှလုံးရောဂါရခြင်းနှင့် နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးရမှုများတွင် စီးကရက်အလွန်အကျွံသောက်သူများ ပို၍များ၍ ဖြစ်ပေသည်။ စီးကရက်သောက်မှုနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံ သမားတော်များ အသင်းကြီးမှ ထုတ်ပြန်သော အစီရင်ခံစာအရဆိုလျှင် နှလုံးသွေးလွှတ်ကြောကျဉ်း နှလုံးရောဂါသည် ငယ်ငယ်ရွယ်ရွယ် စီးကရက်



သောက်သူများတွင် စီးကရက်မသောက်သူများထက် နှစ်ဆမှ သုံးဆအထိ ပို၍အဖြစ်များပြီး အသက်ကြီးမှ စီးကရက်သောက်သူများတွင် တဆခွဲခန့် ပို၍များပြားကြောင်း ဖော်ပြထား၍ဖြစ်ပေသည်။ ထို့အတူ ဤနှလုံးရောဂါသည် ဆီးချိုရောဂါရှင်များ၊ ကျောက်ကပ်ဖောရောင် ရောဂါရှင်များ၊ လည်ပင်းရှိ သိုင်းရွိုက်အကျိတ် **(Thyroidgland)** လုပ်ဆောင်မှုများခြင်း **(Hyperthyroidism)**၊ လုပ်ဆောင်မှုနည်းခြင်း(**Hypothyroidism**) ရှိသူများတွင်လည်း ပို၍ ဖြစ်တတ်ပေသည်။ စိတ်လှုပ်ရှားလွယ်ပါက ပို၍ ဆိုးပေ၏။

နှလုံးသွေးကြောရောဂါကြောင့်ဖြစ်သည့် နှလုံးရောဂါ ဖြစ်စေသည့် အကြောင်းတရားများကို ဖော်ပြပြီး ယင်းအကြောင်းအရာများကို လေ့လာကြည့်ပါက ဤနှလုံးရောဂါသည်အသက်လေးဆယ်ကျော်အရွယ်များ၊ ခန္ဓာကိုယ်ဝသောသူများ၊ သွေးထဲတွင် အဆီခေါတ်နှင့် ကော်လက်စထရောခေါတ် များသူများ၊ စီးကရက် ဆေးလိပ်သောက်သူများ၊ ကိုယ်ကာယ လှုပ်ရှားမှုနည်းသူများ၊ စိတ်လှုပ်ရှားမှုများသူများ၊ အခြားရောဂါများဖြစ်ကြသော သွေးတိုး၊ ဆီးချို၊ သိုင်းရွိုက်၊ ကျောက်ကပ်ဖောရောင်ရောဂါစသည်တို့ ရှိသူများတွင် ပို၍ဖြစ်တတ်ကြောင်းတွေ့ရှိရပေသည်။ ဤအကြောင်း အခြင်းအရာများအနက် ကာကွယ်နိုင်၊ ဖယ်ရှားနိုင်သည့် အခြင်းအရာများကို ဖယ်ရှားပြီး မကာကွယ်နိုင်၊ ဖယ်ရှားမှု မပြုနိုင်သည့် အရာများကို ထိန်းသိမ်းနိုင်ပါက နှလုံးသွေးကြောကျဉ်း၊ နှလုံးရောဂါကို ကာကွယ်နိုင်လိမ့်မည်ဟု ထင်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ။ ဤရောဂါမရအောင် မည်သို့ ကာကွယ်ရမည်နည်း၊ ကာကွယ်ရန်ကား ဤရောဂါ မဖြစ်လိုသူများသည် အဆီများသော ကော်လက်စထရောဓာတ် များသော အစားအစာများကို လျှော့စားရန် သို့မဟုတ် ရှောင်ကြဉ်ရန် လိုအပ်သည်။ တနေ့တာတွင် ကော်လက်စထရောဓာတ် ၄၅၀ မီလီဂရမ်ထက်ပို၍ မစားသင့်ပေ။ မည်သည့်အစားအစာတွင် ကော်လက်စထရောဓာတ် မည်ရွေ့မည်မျှပါဝင်ကြောင်း သိရှိနိုင်ရန်အတွက် အမေရိကန်နိုင်ငံရှိ စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်ထားသော အစားအသောက် စာရင်းများအား အောက်တွင် ဖော်ပြလိုက်ပါသည်။

| အစားအစာ | ကော်လက်စထရောဓာတ် | |
|---|---|---|
| ဦးနှောက်(မချက်ရသေး) | ၂၀၀၀ မီလီဂရမ် | အထက် |
| ကြက်ဥအနှစ် | ၁၅၀၀ မီလီဂရမ် | |
| ကြက်ဥ(အကာ+အနှစ်) | ၅၀၀ ॥ | |
| ကျောက်ကပ်(မချက်ရသေး) | ၃၇၅ ॥ | |
| အသည်း(မချက်ရသေး) | ၃၀၀ ॥ | |
| ထောပတ် | ၂၅၀ ॥ | |
| မုန့်ချိုအိတ်(ပန်ကရိယ) | ၂၅၀ ॥ | |
| ခရု | ၂၀၀ ॥ | အထက် |
| နှလုံး မချက်ရသေး) | ၁၅၀ ॥ | |
| ကဏန်း | ၁၂၅ ॥ | |



| | | |
|---|---|---|
| ပုစွန် | ၁၂၅ | မီလီဂရမ် |
| ဒိန်ခဲအမျိုးမျိုး | ၆၅- ၁၂၀ | ॥ |
| အမဲသား(မချက်ရသေး) | ၇၀ | ॥ |
| သိုးသား ॥ | ၇၀ | ॥ |
| ငါး | ၇၀ | ॥ |
| ဝက် | ၇၀ | ॥ |
| ဆိတ်သား | ၆၅ | ॥ |
| မာဂျရင်းထောပတ်တု(၃/၃ အသားဆီ) | ၆၅ | ॥ |
| ကြက်သား(မချက်ရသေး) | ၆၀ | ॥ |
| နွားနို့ | ၁၁ | ॥ |
| ကြက်ဥအကာ | ၈ | ॥ |
| မာဂျရင်းထောပတ်တု (ဟင်းသီးဟင်းရွက်ဆီ) | ၀ | ॥ |

ဖော်ပြပါအစားအစာများကို ကြည့်ရှု၍ တနေ့တာ စားသုံးသည့် ကော်လက်စထရောဓာတ်အား ချင့်ချိန်နိုင်သည်။ ၎င်းပြင် မိမိ၏သွေးထဲရှိ ကော်လက်စထရောဓာတ် မည်ရွေ့မည်မျှရှိသည်ကိုလည်း အခါအားလျော်စွာ စမ်းသပ်ကြည့်သင့်သည်။ သွေးထဲတွင် ကော်လက်စထရောဓာတ် ၂၅၀ မီလီဂရမ် ရာခိုင်နှုန်းထက် ကျော်လွန်မှ အနောက်တိုင်းသားများအတွက် များသည်ဟု ယူဆသော်လည်း မြန်မာလူမျိုးများအတွက်ဆိုလျှင် ကော်လက်စထရောဓာတ် ၂၀၀မီလီဂရမ်အထက်ရှိလျှင်ပင် များသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆသင့်ပါသည်။ အမျိုးသမီးများတွင်ကား ဝင်းထက်ပင် နည်းသင့်သည်။ ကော်လက်စထရောခါတ် များသူများကား အထက်ဖော်ပြပါ အစားအစာများကို ပို၍ဂရုစိုက်ပြီး ရှောင်ရန် ဆင်ခြင်စားရန်လိုအပ်သည်။ ဤကဲ့သို့ စားသောက်လျက်နှင့်ပင် ကော်လက်စထရောခါတ် များနေပါက ကော်လက်စထရော ကျစေသော ဆေးများကို ဆရာဝန်၏အညွှန်းအတိုင်း စားသုံး သင့်သည်။ ထို့အပြင် အလေးချိန်လည်း လျှော့သင့်သည်။ ကိုယ်လက်လှုပ်ရှားမှုလည်း ပြုသင့်သည်။

ဤသို့ ကိုယ်အလေးချိန်လျှော့ရာ၌ မိမိအတွက် ရှိသင့်ရှိထိုက် သော ကိုယ်အလေးချိန် ရှိသောအခါ ထိုကိုယ်အလေးချိန်အား ထိန်းသိမ်းထားရန် လိုအပ်သည်။ ထိုသို့ဖြစ်ရန်အတွက် အစား အသောက်ကို လိုတိုးပိုလျှော့နည်းအရ ကျင့်သုံးစားသောက်ရန် လိုသည်။ ကိုယ်လက်လှုပ်ရှားမှု အမြဲလုပ်ရန်လိုသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် နှလုံးကြွက်သားများ သန်မာပြီး နှလုံး သွေးလွှတ်ကြောများလည်း ကျယ်ပြန့်လာစေနိုင်သည်။ သို့ရာ တွင် ကိုယ်လက်လှုပ်ရှားမှုကို နည်းမှန်လမ်းမှန် မလုပ်တတ်ပါက အကျိုးထက် အန္တရာယ်ဖြစ်နိုင်သည်ကိုလည်း သိရမည်။သို့ဖြစ်၍ မိမိလုပ်နေကျ မဟုတ်သော ပြင်းထန်သော လေ့ကျင့်ခန်းများကို မည်သည့်အခါမျှ မလုပ်သင့်ပေ။ထိုသို့ ပြုလုပ်ပါက နှလုံးရောဂါ မင် ဖြစ်လာနိုင်ပေသည်။ လေ့ကျင့်ခန်း ပြုလုပ်ရာတွင်လည်း ခန္ဓာကိုယ်တခုလုံးရှိ ကြွက်သားများပါဝင်လုပ်ရသော လေ့ကျင့် ခန်းမျိုးသာ နှလုံးအတွက် ကောင်းမွန်သော လေ့ကျင့်ခန်းဖြစ် သည်ကို သိအပ်သည်။



ဤအတွက် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ခုန်ဆွခုန်ဆွ လုပ်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်းတို့သည် အကောင်းဆုံး လေ့ကျင့်ခန်းများဖြစ်သေသည်။ အသက် ၄၀ထက် ကြီးသော သူများမှာမူ လမ်းလျှောက်ခြင်းဖြင့်သာ စတင်သင့်သည်။ အစ ပထမတွင် ၁၅ မိနစ်ခန့်လျှောက်။ ၄၊၅ရက် ကြာလျှင် အချိန် တိုးလျှောက်။ ထိုကဲ့သို့ တဖြည်းဖြည်းတိုးပြီး တနေ့ တနာရီခန့် အလွန်အကျွံမမောပဲ ဆက်တိုက်လျှောက်နိုင်အောင်ကြိုးစား။ ထိုကဲ့သို့ လျှောက်နိုင်သောအခါ လမ်းလျှောက်နှုန်းကို တဖြည်း ဖြည်း မြှင့်ပြီးလျှောက်။ တနာရီအတွင်း ၃ မိုင်မှ ၃ မိုင်ခွဲခန့် ရောက်အောင်လျှောက်။ ဝသူများအနေဖြင့်မူ အစားအသောက် ဆင်ခြင်ခြင်းအပြင် လမ်းလျှောက်ခြင်းကိုလည်း လုပ်အပ်သည်။ ကိုယ်အလေးချိန် ပေါင် ၁၅၀ ရှိသော လူတယောက်သည် တနေ့ တနာရီအတွင်း ၃ မိုင်ခွဲလမ်းလျှောက်လျှင် ကလိုရီ၃၀၀ ကုန်ခန်းသွားသည်။ ထိုကုန်ခန်းသွားသော ကလိုရီ၃၀၀အတွက် အစားအသောက်မစားလျှင် ခန္ဓာကိုယ်ရှိ အဆီများသည် တနှစ် ကြာလျှင် ပေါင် ၂၀ ကျော် လျော့နည်းသွားမည်။

အထက်ပါကဲ့သို့ လမ်းလျှောက်နိုင်သူတဦးသည် မိမိအသက် အရွယ်အလိုက် သင့်လျော်သော လေ့ကျင့်ခန်းများကိုလည်း လုပ်နိုင်သည်။ မည်သည့် လေ့ကျင့်ခန်းကိုပင် ပြုလုပ်စေကာမူ အလွန်အကျွံ မောသည့်အခါအထိ မပြုလုပ်မိရန်ကား အရေး ကြီးပေ၏။ အသက်အရွယ်ကြီးသောသူများအတွက်ကား လမ်း လျှောက်ခြင်းဖြင့်ပင် တော်လောက်ပေသည်ဟု ယူဆပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်သူများသာ အခြား လေ့ကျင့်ခန်းများကို ပြုလုပ်သင့်ပေ၏။

ဆေးလိပ်သောက်တတ်ပါကလည်း ဆေးလိပ်သောက်ခြင်း၊ အထူးသဖြင့် စီးကရက်သောက်ခြင်းကိုလည်း ရှောင်ကြဉ်အပ်သည်။ ဆေးလိပ်သည် နှလုံးရောဂါသာမက အခြားရောဂါများကိုလည်း ဖြစ်စေသည်ကို သိအပ်ပေသည်။ မှန်၏။ ဆေးလိပ်သောက်သူများ အထူးသဖြင့် စီးကရက်သောက်သူများတွင် အဆုတ်ကင်ဆာ ပို၍ဖြစ်ကြောင်း လူတိုင်းသိကြပြီ။ ထို့အတူ ခန္ဓာကိုယ်၏ အခြား အစိတ်အပိုင်းများ ဖြစ်သော ပါးစပ်၊ အာခေါင်၊ လည်ပင်း၊ အစာမျိုလမ်းကြောင်း၊ ပန်ကရိယ မုန့်ချိုအိတ် (Pancreas) နှင့် ဆီးအိမ်တို့တွင်လည်း ကင်ဆာရောဂါရနိုင်သည်။

ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်လေပြွန်ရောင်ရောဂါ (Chronic Bronchitis)နှင့် ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ ရင်ကျပ်ခြင်း၊ မောပန်းခြင်းတို့လည်း ဖြစ်တတ်သည်။ ဆေးလိပ်ဖြတ်လိုက်ပါက ၎င်းရောဂါမှာ သိသိသာသာသက်သာလာပြီး ရောဂါမကျွမ်းသေးပါက ပျောက်ပင်ပျောက်တတ်ပေသည်။ ထို့အပြင် ခြေထောက်သွေးလွှတ်ကြောပိတ်ရောဂါနှင့် အစာအိမ် အချဉ်တည်ရောဂါ (Acute Gastritis)များသည်လည်း စီးကရက်သောက်သူများတွင် ပို၍ဖြစ်တတ်သည်။

စီးကရက်သောက်သော ကိုယ်ဝန်ဆောင် မိခင်များသည်လည်း နေ့စေ့လစေ့မဟုတ်ပဲ မွေးဖွားတတ်သည်။ နေ့စေ့လစေ့



မွေးဖွားသောအခါတွင်လည်း ကလေးများမှာ ကြုံလှီနေတတ်သည်။ ကိုယ်တခြမ်းသေ (လေဖြတ်ခြင်း) ရောဂါသည်လည်း စီးကရက်သောက်သူများတွင် ပို၍ ဖြစ်တတ်ကြောင်းသိရသည်။ နောက်ဆုံးအနေဖြင့် စိတ်လှုပ်ရှားမှုများသည် နှလုံးသွေးလွှတ်ကြော ကျဉ်းခြင်းကို တိုက်ရိုက် မဖြစ်စေသော်လည်း ထိုသို့ ကျဉ်းနေသောသူများတွင်ကား ရုတ်တရက်စိတ်လှုပ်ရှားမှုလွန်ကဲသောအခါ နှလုံးရောဂါ၏ လက္ခဏာများပေါ်ပေါက်လာတတ်သည်။ ထို့ကြောင့် လွန်ကဲသောစိတ်လှုပ်ရှားမှုမျိုးရှိတတ်သူများသည် ဥပမာ စိတ်တိုတတ်သူ၊ ဝမ်းနည်းဝမ်းသာအလွန်ဖြစ်တတ်သူများသည် ထိုအလေ့အကျင့်များ ပပျောက်အောင် စိတ်ကိုလေ့ကျင့်ပြုစု ပျိုးထောင်အပ်ပေ၏။

နှလုံးကိုထိခိုက်စေသောရောဂါများ ဥပမာသွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ သိုင်းရွိုက်ဂလင်းနှင့်ပတ်သက်သော ရောဂါများ၊ သွေးထဲတွင် ကော်လက်စထရောတ်နှင့်အဆီဓာတ်များခြင်းစသည်တို့ရှိပါကလည်း ကျွမ်းကျင်သောဆရာဝန်များနှင့်ပြသပြီး ယင်းရောဂါများပျောက်အောင်ကုသသင့်သည်။

ဤအထဲက ဤရောဂါရပါက သိသင့်သော ရောဂါလက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပေ၏။

(၁) ရင်ဘတ်အောင့်ခြင်း။
(Angina Pectoris)

www.burmeseclassic.com

www.burmeseclassic.com



(၂) နှလုံးကြွက်သားပုပ်ခြင်း။
(**Myocardial Infarction**)

(၃) နှလုံးကြွက်သားအားကုန်ခြင်း။
(**Heart Failure**)

(၄) နှလုံးခုန်မမှန်ခြင်း။
(**Arrhythmias**)

(၅) ရှတ်တရက်သေဆုံးခြင်းတို့ပေတည်း။

## (၁) ရင်ဘတ်အောင့်ခြင်း (Angina Pectoris)

ဤရောဂါဖြစ်လျှင် ရင်ညွန့်ရိုး(**Sternum**)နောက်တည့်တည့်မှ သော်လည်းကောင်း၊ သို့မဟုတ် နို့အုံနှစ်ခုကြားတွင် လည်းကောင်း နာကျင်လာတတ်သည်။ နာကျင်သည်ဟုဆိုရာတွင် လည်း စူးစူးရှရှနာကျင်မှုမျိုးမဟုတ်။ ရင်ဘတ်အား ညှစ်ထားသည့် သဘောမျိုး၊ ဆွဲဆုပ်ထားသည့်သဘောမျိုး၊ ရင်ညွန့်ရိုးပေါ်တွင် အလေးတခုဖြင့် ဖိထားသည့်သဘောမျိုး၊ အောင့်သက်သက်နာခြင်းမျိုးဖြစ်သည်။ ထိုသို့ နာကျင်လာသောအခါ လည်ပင်းသို့ လည်းကောင်း၊ လက်မောင်းတလျှောက်မှ လက်ချောင်းကလေးများသို့ လည်းကောင်း၊ ပခုံးသို့လည်းကောင်း၊ ဝမ်းဗိုက်သို့ လည်းကောင်း၊ နောက်ကျောဘက်သို့ လည်းကောင်း နာကျင်မှုမှာ ပျံ့နှံ့တတ်သည်။ ထိုသို့ မပျံ့နှံ့ပဲနေသည့်အခါလည်းရှိတတ်သည်။ ဤကဲ့သို့ ရင်ဘတ်အောင့်နာကျင်မှု



မျိုးသည် ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်သောအခါတွင် ပို၍ ဆိုးတတ်သည်။

ဥပမာ အလေးအပင်မသောအခါတွင် လည်းကောင်း၊ လှေကားတက်သောအခါတွင်လည်းကောင်း၊ ပြေးသောအခါတွင် လည်းကောင်း ဖြစ်ပေါ်တတ်သည်။ တခါတရံတွင် စိတ်လှုပ်ရှားမှုကြောင့်လည်း နာကျင်တတ်သည်။ မိမိပြုလုပ်နေသောကာယလှုပ်ရှားမှုမျိုးကို ရပ်နားလိုက်သောအခါတွင် နာကျင်မှုမှာ မိနစ်အနည်းငယ် အတွင်း ပျောက်သွား တတ်သည်။ သို့မဟုတ်က ထရိုင်နိုင်ထရင်(**Trinitrin**)ဆေးပြားကို လျှာအောက်တွင် ငုံထားပါက လျင်မြန်စွာ အနာသက်သာသွားတတ်ပေသည်။ ဤရင်ဘတ်အောင့်နာရောဂါကို ဆေးဖြင့်ကု၍ရလျှင်ရ၊ မရပါက နှလုံးသို့ သွေးသွားမှုများစေသော ခွဲစိတ်ကုသမျိုးဖြင့် ကုသနိုင်သည်။

## (၂) နှလုံးကြွက်သားပုပ်ခြင်း (Myocardial Infarction)

ရင်ဘတ်အောင့် နာခြင်းတွင် နှလုံးကြွက်သားများ၌ အနာလုံးဝမရှိသေး။ သွေးရောက်မှုနည်း၍သာ နာရခြင်း ဖြစ်သည်။ ထိုသို့ သွေးရောက်မှု အလွန်နည်းသွားသောအခါတွင် လည်းကောင်း၊ အလွန်ပင်ပန်းသော လှုပ်ရှားမှုတခုခု ပြုလုပ်သောအခါတွင်လည်းကောင်း နှလုံးကြွက်သားသည် နာသွားတတ်သည်။ သွေးမရောက်က ပုပ်သွားတတ်သည်။ ထိုအခါ နှလုံးကြွက်သားပုပ်နာဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤရောဂါဖြစ်လျှင် ရင်ဘတ်အောင့်နာရောဂါကဲ့သို့ ပင် နာလာတတ်သည်။ သို့သော် နာကျင်မှုသည် ပို၍ပြင်းထန်ပြီး ပို၍ကြာသည်။ လှုပ်ရှားမှုမရှိပဲ အနားယူနေသော်လည်း ၎င်းနာကျင်မှုသည် ပျောက်မသွားပေ။ ထရိုင်နိုင်ထရင်း ဆေးပြား၎င်း၍လည်း မသက်သာတော့။ ဇောချွေးများပြန်လာပြီး ခြေဖျားလက်ဖျားများ အေးလာတော့၏။ အသက်ရှူမဝ ဖြစ်လာပြီး ဆောက်တည်ရာမရဖြစ်လာတတ်သည်။သွေးပေါင်ချိန် (Blood Pres nre) ကျလာတတ်ပြီး နှလုံးခုန်မှုမှာ မမှန်ကန်ဖြစ်လာတတ်သည်။ ဤအချိန်တွင် နေထိုင်မှုမမှန်ကန်ပါက အသက်ပင်ဆုံးရှုံးနိုင်သည်။ တခါတရံတွင်မူ ရင်ဘတ်တွင်မအောင့်ပဲ၊ ဝမ်းဗိုက်အောင့်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းသွားချင်သလိုလိုဖြစ်တတ်ခြင်းများကြောင့် လူနာသည် အစာမကြေသောကြောင့်ဟုပင် ထင်တတ်သည်။

အထက်ပါလက္ခဏာများသည် အခြားသောအဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ သည်းခြေရောဂါ၊ အသည်းရောင်ရောဂါနှင့် ပန်ကရိယမုန့်ချိုအိတ်ရောင် ရောဂါများကြောင့်လည်း ဖြစ်နိုင်သည်။ မည်သည့်ရောဂါကြောင့်ဖြစ်စေ အဆိုပါ လက္ခဏာများဖြစ်ပေါ်လာပါက ကိုယ်ကာယလှုပ်ရှားမှုအားလုံးကို ရပ်ပြီး အိပ်ရာထက်တွင်သာအနားယူနေသင့်သည်။ ၎င်းနောက် ဆရာဝန်အား အမြန်ဆုံးအကြောင်းကြားပြီး ဆရာဝန်က ညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်နေထိုင်သင့်သည်။ အခြေအနေပေးပါက ဆေးရုံတက်၍ ကုသခံသင့်၏။



ဆေးရုံတွင်ကုသပြီး အိမ်သို့ပြန်ရောက်သောအခါတွင်လည်း ရင်ဘတ်အောင့်နာရောဂါတွင် ဖော်ပြခဲ့သည့်အတိုင်း နေထိုင်စားသောက်ရန် လိုသည်။ ဆရာဝန်နှင့်လည်း မှန်မှန်တွေ့ရှိပြီး ၎င်း၏ ကုသမှု ညွှန်ကြားမှုများကို အမြဲလိုက်နာဆောင်ရွက်နေသင့်သည်။

## (၃) နှလုံးကြွက်သားအားကုန်ခြင်း (ဝါ) နှလုံးကျဆုံးခြင်း (Heart Failure)

နှလုံးကြွက်သားများကို သွေးရောက်မှု နည်းသောအခါ ဒ.ာဟာရ ချို့တဲ့လာသောကြောင့် နှလုံးကြွက်သားများ၏ ညှစ်နိုင်မှုစွမ်းအားမှာ လျော့နည်းလာသည်။ ထိုအခါတွင် နှလုံးသည် ပွ၍ကြီးလာသည်။ နှလုံး၏ဗယ်ဘက်အခြမ်း အင်အားကုန်ခန်းလာသော် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ သွေးရောက်ရှိမှုနည်းလာပြီး သွေးများသည် အဆုတ်ထဲတွင် စုဝေးနေတော့သည်။ သို့ဖြင့် အဆုတ်တွင်ရေဝပ်လာပြီး လူနာမှာ မောပန်းလာသည်။ အနားယူနေသော အချိန်တွင်ပင် အသက်ရှူမဝမောနေတတ်သည်။ ပက်လက်အိပ်မရတော့ပဲ ထိုင်နေမှသာ အနည်းငယ်သက်သာသည်။ ချောင်းလည်းအလွန်ဆိုးလာပြီး ချောင်းဆိုးလျှင် သွေးစကလေးများပင် ပါလာတတ်သည်။ ဇောချွေးများ ပြန်လာပြီး အသက်ရှူဝရေးအတွက် လူနာသည် အငြိမ်မနေနိုင်၊ အမျိုးမျိုး ကြိုးစားအသက်ရှူရှာသည်။ နှုတ်ခမ်း၊ လျှာ၊ ခြေသည်း လက်သည်းများ ပြာလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးခုန်နှုန်းမှာလည်း မြန်လာတတ်သည်။ ၎င်းနောက် နှလုံး၏ ညာဘက်ခြမ်းပါ အင်အားနည်းလာသောကြောင့် အဆုတ်သို့ သွေးရောက်ရှိမှု နည်းလာသည်။

ထိုအခါတွင် လူနာ၏ မောပန်းမှုနှင့် အသက်ရှူမဝမှုသည် အနည်းငယ်သက်သာလာသလို ရှိတတ်သည်။ ရောဂါသက်သာလာသည်ဟု ထင်ယောင်ထင်မှား ဖြစ်စရာ။ သို့သော် မမှန်။ ထို့အပြင် သွေးများသည် နှလုံး၏ညာဘက်ခြမ်းတွင် စုဝေးနေသဖြင့် လည်ပင်းသွေးပြန်ကြောများ ဖောင်းပွ ပေါ်လွင်လာတော့သည်။ အသည်းလည်းပွလာ၍ ဝမ်းဗိုက်ညာဘက်အပေါ်ပိုင်းတွင် နာလာတတ်သည်။ ဝမ်းဗိုက်တွင် ရေတင်၍ ဖျင်း (Ascites) စွဲခြင်း၊ ခြေထောက်ဖောရောင်ခြင်းများပါ ဖြစ်လာတော့သည်။ ဆီးသွားမှုမှာလည်း နည်းလာသည်။

ဤနှလုံးကြွက်သားများ အင်အားကုန်ခန်းခြင်းရောဂါသည် ဤနှလုံးသွေးကြောကျဉ်း နှလုံးရောဂါ တခုတည်းကြောင့်သာ ဖြစ်ပေါ်ခြင်းမဟုတ်ပဲ၊ အခြား နှလုံးရောဂါများဖြစ်သော သွေးတိုးနှလုံးရောဂါ၊ လေးဘက်နာလွန် နှလုံးရောဂါ၊ အဆုတ် နှလုံးရောဂါ၊ ကာလသားရောဂါလွန် နှလုံးရောဂါများ ကြောင့်လည်း ဖြစ်တတ်သည်။ မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေ၊ အထွေထွေကုသမှု နေထိုင်နည်းကား အတူတူပင်ဖြစ်သည်။ အကြောင်းရင်းကို ပျောက်အောင်ကုသရာတွင် ကွဲခြားပေသည်။

ကုသပုံကား ဖောရောင်နေသူတဦးဖြစ်ပါက အိပ်ရာထက်တွင် သက်သာမှုရှိသော အနေအထားတွင် အနားယူနေသင့်သည်။



များသောအားဖြင့် နောက်ကျောမှီတခုဖြင့် ခေါင်းကိုအမြင့်ဆုံးထားပြီး မှီခနေပါ။ မောပန်းမှုမရှိသောအခါတွင်မှ ဖောရောင်မှုမရှိသော အခါတွင်၎င်း သို့မဟုတ် ဆရာဝန် ညွှန်ကြားသောအခါတွင်မှ ကိုယ်ကို လှုပ်ရှားသင့်သည်။

အစားအသောက်စားရာတွင် အစာကြေလွယ်သော အစားအစာများကိုသာ စားသောက်ပြီး၊ ဆားနှင့် အငန်ဓာတ်များကိုကား ဆရာဝန်၏ခွင့်ပြုချက်မရက ရှောင်ကြဉ်ရမည်။ အစားအသောက်များ ချက်ရာတွင် အသုံးပြုသော အချိုမှုန့်များသည် အငန်ဓာတ်များပါသဖြင့် အချိုမှုန့်လည်းရှောင်ရသည်။ ဆားနှင့် အငန်ဓာတ်အားရှောင်လျှင် ရေသောက်မှုလည်းနည်း၍ အဖောသက်သာလာတတ်ပေသည်။ ဆေးများကိုကား ရောဂါအခြေအနေအလျောက် သင့်တော်သလို ညှိနှိုင်းသုံးစွဲရသဖြင့် ဆရာဝန်၏အညွှန်းအတိုင်းသာ သောက်သုံးသင့်ပေသည်။

## ၄။ ။နှလုံးခုန်မမှန်ရောဂါ (Arrhymia)

နှလုံးခုန်မမှန်ရောဂါဖြစ်ရာတွင်လည်း နှလုံးသွေးကြောကျဉ်းရောဂါတခုတည်းကြောင့် မဟုတ်ပဲ လေးဘက်နာလွန်း နှလုံးရောဂါကြောင့်လည်းကောင်း၊ လည်ပင်းရှိ သိုင်းရွိုက်ဂလင်း၏ လုပ်ဆောင်မှုများမေသာအခါ (Hyperthyroidism) တွင် လည်းကောင်း ဖြစ်တတ်သည်။ တခါတရံတွင် အဆုတ်အအေးရောဂါ (Pneumonia) ဖြစ်လျှင်လည်းကောင်း၊ အဆုတ်ရောဂါများ၊ ရင်ဘတ်ခွဲစိတ်မှုများ ပြုလုပ်ပြီးသောအခါများတွင် လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း အလားတူ နှလုံးခုန် မမှန်မကန် ဖြစ်တတ်သည်။ ဆေးလိပ်အလွန်အကျွံသောက်သူများ၊ အရက်အလွန်အကျွံ သောက်သူများတွင်လည်း အလားတူဖြစ်တတ်သည်။ ကျန်းမာ နေသောသူများတွင်လည်း ဖြစ်တတ်သည်။

နှလုံးခုန်မှုမမှန်ကန်ခြင်းဆိုသည်မှာလည်းတမျိုးတစားတည်း မဟုတ်ပဲ အမျိုးမျိုးရှိသည်။ နှလုံးခုန်မှုသည် ပုံမှန်အရဆိုလျှင် တမိနစ်လျှင် အကြိမ် ၇၀ မှ ၈၀ အထိ ရှိရမည်ဖြစ်သော်လည်း အချို့ရောဂါများတွင် နှလုံးခုန်မှုမှန်သော်လည်း အလွန်နှေး ကွေးသည်။ သွေးခုန်နှုန်းမှာ ၃၀ မှ ၄၀ ခန့်သာ ရှိတတ်သည်။ ထိုအခါ ဦးနှောက်သို့ သွေးရောက်မှုနည်း၍ မူးဝေခြင်း၊ သတိ လစ်ခြင်း၊ တက်ခြင်းများ ဖြစ်တတ်သည်။ အချို့ရောဂါများ တွင် နှလုံးခုန်မှုမှန်သော်လည်း အလွန်မြန်သည့် အခါလည်း ရှိသည်။

သွေးခုန်နှုန်းမှာ တမိနစ်လျှင် ၁၅၀ မှ ၂၅၀ အကြိမ်အထိ မြန်တတ်သည်။ ထိုအခါတွင် လူနာသည် ရင်တုန်ခြင်း၊ မောခြင်း၊ ဇောချွေးများ ပြန်လာခြင်း၊ သွေးတိုးအား လျော့လာခြင်း ဦးနှောက်သို့ သွေးရောက်မှုနည်း၍ အထက်တွင် ဖော်ပြခဲ့သော လက္ခဏာများ ပေါ်လာတတ်သည်။ ကြာလာလျှင် နှလုံးကြွက် သားများ အားအင်ကုန်ခန်းသည့်လက္ခဏာများပင် ဖြစ်ပေါ် လာနိုင်သည်။

နှလုံးမှန်မှန်မညစ်နိုင်သည့် စည်းချက်မမှန်သည့်ရောဂါများ လည်းရှိသည်။ ထိုရောဂါများတွင်လည်း တခါတရံသာစည်းချက်



မမှန်ဖြစ်တတ်သလို အမြဲတမ်းစည်းချက်မမှန်သော အခြေအနေ များလည်း ရှိသည်။ ထိုသို့ဖြစ်သောအခါများတွင် ရင်ထဲတွင် ဟာတာတာ ဖြစ်တတ်သည်။ စည်းချက်မမှန် နှလုံးခုန်မှုလည်း မြန်ပါက ရင်တုန်တတ်ပေသည်။

အထူး သတိချပ်ရန်ကား ကျန်းမာသူများလည်း ရင်တုန် တတ်ခြင်းပင်။ သို့သော် ၎င်းတို့၏နှလုံးမှာစည်းချက်မှန်မှန်ခုန်ပြီး ဘာမျှမဖြစ်။ ၎င်းတို့မှာ နှလုံးရောဂါမရှိပေ။ သို့ဖြစ်၍ ရင်တုန် လာလျှင် မိမိ၏လက်ကောက်ဝတ်တွင် နှလုံးခုန်နှုန်းကိုစမ်းကြည့် အပ်ပေသည်။ မှန်နေပါက ဘာမျှကြောက်စရာမလိုပေ။

## ၅။ ရုတ်တရက်သေဆုံးခြင်း (Syncope)

နှလုံးသွေးကြောကျဉ်းနှလုံးရောဂါဖြစ်သူများအနက် ၂၅ရာခိုင် နှုန်းခန့်သည် ဆေးရုံမရောက်မီပင် သေဆုံးတတ်ကြသည်။ ထိုသို့ ဖြစ်ရခြင်းမှာနှလုံးခုန်မှုလုံးဝရပ်သွား၍လည်းကောင်း၊ သို့မဟုတ် နှလုံးကြွက်သားများ လှုပ်ရှားမှုသော်လည်း ထိထိရောက်ရောက် မညှစ်နိုင်ခြင်း (Ventricular Fibrillation) ကြောင့်လည်း ကောင်းဖြစ်သည်။ ထိုသို့ဖြစ်ပါကလူနာမှာသတိမရတော့ပဲ လက် ကောက်ဝတ် သွေးခုန်မှု၊ လည်ပင်းသွေးခုန်မှု၊ နှလုံးသွေးခုန် မှုများလည်း ပျောက်သွားတော့သည်။ ပထမတွင် အသက်ရှူမှု ရှိသေးသော်လည်း နောက်ပိုင်းတွင်ကား အသက်ရှူမှုပါ ရပ်သွားတတ်သည်။ ထိုသို့ဖြစ်ပါက ဘာမျှမလုပ်နိုင်။ အသက် ရှူ ကူပေးခြင်းသာ တတ်နိုင်၏။ ရလဒ်ကား ဘာမှုသကာ။



www.burmeseclassic.com

www.burmeseclassic.com



## ၇။ ။သွေးတိုးနှလုံးရောဂါ

ဤရောဂါသည် သွေးတိုးရောဂါကြောင့်ဖြစ်သော ရောဂါဖြစ်သည်။ သို့ဖြစ်၍ သွေးတိုးရောဂါကိုကုသခြင်း၊ ကာကွယ်ခြင်းတို့သည် ဤရောဂါမဖြစ်အောင် ကုသခြင်း၊ ကာကွယ်ခြင်းမည်သော်။

သွေးတိုးရောဂါနှင့် ပတ်သက်၍ကား အောက်ပါအတိုင်း ပြောလိုပေသည်။

သွေးတိုးရောဂါဖြစ်စေသော အကြောင်းများမှာ မြောက်မြားစွာ ရှိသော်လည်း အဓိကအရေးကြီးသော အကြောင်းများမှာကား....

(၁) ကျောက်ကပ်ရောဂါ
(၂) ကိုယ်ဝန်ဆောင် အဆိပ်တက်ရောဂါနှင့်
(၃) အခြားမသိသော အကြောင်းများဖြစ်သည်။

### (၁) ကျောက်ကပ်ရောဂါ

ကျောက်ကပ် ရောဂါမှာလည်း အမျိုးမျိုးရှိသည်။ ဥပမာ ကျောက်ကပ်ရောင်ရောဂါ၊ ကျောက်ကပ်ပိုးဝင်ရောဂါ၊ ကျောက်တည်ရောဂါ၊ ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်ရောဂါ၊ ယောကျ်ားများတွင်ဖြစ်တတ်သော ဒူလာဂေါက်(Gout)အရိုးအဆစ်ရောင်ရောဂါ စသည်တို့ဖြစ်သည်။ ယင်းသို့ဖြစ်လျှင် ကျောက်ကပ်၏ လုပ်ငန်းဆောင်ရွက်မှုများ ချွတ်ယွင်းလာပြီး



သွေးတိုးရောဂါဖြစ်တတ်သည်။ ကျောက်ကပ်ရောဂါဖြစ်သော်လည်း သွေးတိုးရောဂါဖြစ်ချင်မှ ဖြစ်မည်ဆိုသည်ကိုကား သတိချပ်အပ်၏။ မည်သို့ဖြစ်စေ၊ ကျောက်ကပ်ရောဂါကြောင့်ဖြစ်သော သွေးတိုးရောဂါသည် ကလေး၊ လူငယ်၊ လူလတ်အရွယ်တွင် အဖြစ်များပြီးလူကြီးပိုင်းအရွယ်တွင် အနည်းငယ်ဖြစ်တတ်သည်။ ထို့ကြောင့် အသက်၄ဝနှင့် ငယ်သောအရွယ်များတွင် သွေးတိုးရောဂါရလျှင် ကျောက်ကပ်ရောဂါကြောင့်ဖြစ်သော သွေးတိုးရောဂါ ဟုတ်မဟုတ် သေသေချာချာစစ်ဆေးရန် အထူးလိုအပ်ပေ၏။

### (၂) ကိုယ်ဝန်ဆောင် အဆိပ်တက်ရောဂါ

အချို့သောကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် ကိုယ်ဝန်ရှိစတွင် သွေးတိုးအား(သွေးပေါင်ချိန်)မှန်သော်လည်း ကိုယ်ဝန် ၅ လ နောက်ပိုင်းတွင် သွေးတိုးအား မြင့်တက်လာတတ်သည်။ ခန္ဓာကိုယ်လည်း ဖောရောင်ပြီး ဆီးထဲတွင် ပရိုတင်းခေါ် အသားဓာတ်များလည်း ပါလာတတ်သည်။ ထိုသို့ဖြစ်ကကိုယ်ဝန်ဆောင် အဆိပ်တက်ရောဂါဟု ခေါ်၏။ ယင်းရောဂါသည် ကိုယ်ဝန် ၅လ နောက်ပိုင်းတွင် အဖြစ်များသည်။ ကိုယ်ဝန်၅လ မတိုင်မီကတည်းက သွေးတိုးရောဂါရှိခဲ့ပါကအခြားအကြောင်းကြောင့် ဖြစ်သော သွေးတိုးရောဂါဟု သိအပ်သည်။ ဤကိုယ်ဝန်ဆောင် အဆိပ်တက်ရောဂါသည် ဆရာဝန်၏ ကုသမှုကြောင့် လည်းကောင်း၊ ကလေးမွေးဖွားပြီးသောအခါ အလိုလိုလည်းကောင်း ပျောက်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဤရောဂါကြောင့်ဖြစ်သော သွေးတိုးရောဂါမှာ နှလုံးကို သိပ်မထိခိုက်ပေ။

## (၃) အခြားမသိသော အကြောင်းများ

သွေးတိုးရောဂါ ရှိသော လူနာအား အဘယ့်ကြောင့် သွေးတိုးရောဂါဖြစ်ရသည်ကို သွေး၊ ဆီး၊ ဓာတ်မှန်များရိုက်၍ စစ်ဆေးကြည့်ရှုသော်လည်း အကြောင်းရင်းကို တခါတရံရှာ၍ မတွေ့ပဲ ရှိတတ်သည်။ ဤကဲ့သို့သော သွေးတိုးရောဂါမျိုးကို အကြောင်းရှာမတွေ့သော သွေးတိုးရောဂါဟု သတ်မှတ်လေ့ရှိသည်။ ဤသွေးတိုးရောဂါသည်ယောကျ်ား၊မိန်းမမရွေး အသက် ၄၀ နောက်ပိုင်းတွင်ဖြစ်နိုင်သည်။ အထူးသဖြင့် အသက်၄၅မှ ၆၀ အကြားတွင် အများဆုံး ဖြစ်တတ်သည်။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်ကိုမည်သူမျှမသိ။ အဓိက ၀ိ၀ါဒနှစ်ခုကား ဤသို့။

အချို့က သွေးတိုးရောဂါသည် အခြားအကြောင်းတရား ကြောင့်မဟုတ်ပဲ မျိုးရိုးဗီဇ(Genes)ကြောင့်ဟု ယူဆသည်။ ၎င်းတို့အဆိုအရ အကြောင်းရှာမတွေ့သော သွေးတိုးရောဂါရှင် များတွင် မိဘဘိုး၊ သို့မဟုတ် နှစ်ဦးစလုံးတွင်ပင် သွေးတိုး ရောဂါရှိသည်ဟု သိရသည်။ ထို့အပြင် အမြွှာညီအစ်ကို၊အမြွှာ ညီအစ်မ၊ သုံးမြွှာပူးတို့တွင်လည်း တွေ့ရသည်ဟု သိရ၏။ သို့ဖြင့် မျိုးရိုးဗီဇကြောင့် ဖြစ်ရသည်ဟု ဆိုပါသည်။ အချို့ကမူ အကြောင်းရှာမတွေ့သော သွေးတိုးရောဂါသည် မျိုးရိုးဗီဇ သက်သက်ကြောင့် မဟုတ်ပဲ၊ မျိုးရိုးဗီဇနှင့်မပတ်သက်သော



အကြောင်းများ ပေါင်းစည်း၍ဖြစ်သည်ဟု ဆိုသည်။ သူတို့က မျိုးရိုးဗီဇ၏ အခန်းကဏ္ဍသည် သွေးတိုးရောဂါရှင်မိဘများ၏ သားသမီးများတွင် သွေးတိုးအားသည် သွေးတိုးရောဂါ မရှိသော မိဘများ၏ သားသမီးများထက် မည်သည့်အသက်အရွယ် တိုင်းမဆို သွေးပေါင်ချိန်အနည်းငယ်ပို၍များနေကြောင်းကိုသာ တွေ့ရသည်။ ထို့ကြောင့် မျိုးရိုးဗီဇသည် အဓိက အဆုံးအဖြတ် ပေးသော အခန်းကဏ္ဍမဟုတ်ဟုဆိုပါသည်။ ထို့အပြင် လူတိုင်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ သွေးတိုးအား မြင့်တက် လာရာတွင် အတက်နှုန်းသည် တဦးနှင့်တဦးမတူ၊ ထိုအတက်နှုန်း သည် ဝသူများ၊ ခန္ဓာကိုယ်လှုပ်ရှားမှုနည်းသူများတွင် ပိုမြန် ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ သို့သော် ကလေးများသော မိခင်များတွင် လည်းကောင်း၊ ဖခင်များတွင် လည်းကောင်း၊ သွေးတိုးရောဂါဖြစ်မှုမှာ နည်းပါးသည်ဟု သိရ၏။ ထို့ကြောင့် အကြောင်းရှာမတွေ့သော သွေးတိုးရောဂါသည် မျိုးရိုးဗီဇနှင့် မျိုးရိုးဗီဇကြောင့်မဟုတ်သော အခြားအကြောင်းများကြောင့် ဖြစ်ရသည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ သွေးတိုးရောဂါရှိသောသူသည်အငန်ဓာတ် လွန်ကဲသော အစားအသောက်များကို စားလျှင်ကား သွေးတိုး ရောဂါပိုဆိုးရွားလာကြောင်း သိရသည်။ သွေးတိုးရောဂါမဖြစ် ရန် အငန်ဓာတ်များသော အစားအသောက်များကို ရှောင်ကြဉ် ခြင်းဖြင့် ကာကွယ်သင့်သည်ဟု မတိုက်တွန်းလိုသော်လည်း သွေးတိုးရောဂါ ရှိပြီးသူများကိုကား အငန်ဓာတ်ရှောင်သင့် သည်ဟု တိုက်တွန်းလိုသည်။ အထူးသဖြင့် ကျောက်ကပ်ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်ပေါ်လာသောသွေးတိုးရောဂါရှင်များသည် ငါးပိ၊ ငန်ပြာရည်၊ ငါးခြောက်စသော အငန်ဓာတ်လွန်ကဲစာများကို မစားသင့်ပေ။ အကြောင်းမူ ကျောက်ကပ်မှစွန့်ထုတ်လိုက်သော အငန်ဓာတ်ထက် ပို၍အငန်ဓာတ်စားသုံးမိပါက ခန္ဓာကိုယ်ထဲတွင် အငန်ဓာတ်ပိုလာသည်။ ထိုအခါ သူနှင့်ယှဉ်တွဲပြီး ရေပါ ကိန်းအောင်းလာသဖြင့် ကိုယ်အလေးချိန်တက်ခြင်း၊ သွေးတိုးအား မြင့်လာခြင်း၊ ခန္ဓာကိုယ်ဖောရောင်လာခြင်းနှင့် နှလုံးအားနည်းလာခြင်းတို့ ဖြစ်လာတတ်သောကြောင့် ဖြစ်သည်။

သွေးတိုးရောဂါတွင် အစောဆုံးပြသသော လက္ခဏာဟူ၍ မရှိ။ သွေးတိုးအား (သွေးပေါင်ချိန်)ကို တိုင်းကြည့်မှသာ ရောဂါရှိမရှိ သိနိုင်သည်။ ထို့ကြောင့် သွေးတိုးရောဂါရှိမရှိ အစောဆုံးသိနိုင်ရန် မိမိ၏သွေးတိုးအားကို ကြုံလျှင် တိုင်းတာကြည့်ဖို့သင့်သည်။ နှလုံးအားနည်းလာ၍ မောခြင်း၊ ဖောရောင်ခြင်း၊ နှလုံးသွေးကြောပိတ်၍ ရင်အောင့်ခြင်း၊ လေဖြတ်ခြင်း စသည်တို့မှာ သွေးတိုးရောဂါဖြစ်ပြီး ကာလအတန်ကြာမှ တွေ့ရှိရသော လက္ခဏာများပင် ဖြစ်ပေသည်။ သွေးတိုးရောဂါရှိလျှင် ရောဂါသက်သာအောင် နေနိုင်ရန်ကား အောက်ပါအတိုင်း ဖြစ်၏။

(၁) အစားအသောက်

ကျန်းမာသော ရိုးရိုးလူကောင်းတယောက် စားသော အစားအသောက်ကို စားသောက်နိုင်သည်။ သို့သော် ငါးပိ၊ ငန်ပြာရည်၊



ငါးခြောက် စသောအငန်ဓာတ်လွန်ကဲသော အစားအစာများကို ကား ရှောင်ကြဉ်သင့်သည်။ ဟင်းထဲတွင် ထည့်ချက်သော ဆားကိုစားသုံးနိုင်သည်။ သို့သော် နှလုံးအားနည်းပြီး ခန္ဓာကိုယ် ဖောရောင်လာသောအခါ၊ သို့မဟုတ် သွေးတိုးအားကို ဆေးဖြင့် ထိန်းသိမ်းရန် မလွယ်ကူသည့် အခါများတွင်ကား ဟင်းထဲတွင် ထည့်ချက်သောဆားကိုပါ ရှောင်သင့်သည်။ ; အိမ်ထောင်ရှင်မများ သုံးလေ့ရှိသော အချိုမှုန့်များတွင်လည်း ဆားဓာတ်များ ပါ၍ ရှောင်သင့်သည်။

ဝလွန်းသော သွေးတိုးရောဂါရှင် ဖြစ်ပါက မိမိ၏ ကိုယ်အလေးချိန်ကို လျှော့ခြင်းအားဖြင့် သွေးတိုးအားလျော့အောင် ပြုလုပ်နိုင်သည်။ ဤနည်းအားပင် သွေးတိုးရောဂါကို ပျောက်အောင် ပြုလုပ်နိုင်သည်။

အရက်အလွန်အကျွံ မသောက်ရန်လည်း လိုသည်။ မလွဲသာ၍ သောက်သောအခါ၌လည်း ဆော်ဒါနှင့်မသောက်ပဲ ရိုးရိုးရေဖြင့် အနည်းငယ်သာ သောက်သင့်သည်။

(၂) အနေအထိုင်

မည်သည့်ကိစ္စတွင်မဆို "တန်ဆေး လွန်ဘေး" ဆိုသောထုံးကို နှလုံးပိုက်ရန် အရေးကြီးသည်။ အလွန်အကျွံ ပင်ပန်းစေသော ကာယလုပ်ရှားမှုမျိုးကို မလုပ်သင့်။ ဥပမာ ဘောလုံးကန်ခြင်း၊ ပြေးခြင်း၊ တင်းနစ်ရိုက်ခြင်းများ။ ပေါ့သွက်သွက် လမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကား အကောင်းဆုံးသော လေ့ကျင့်ခန်းဖြစ်၏။ စီးကရက်သောက်ခြင်းကိုလည်း ရှောင်ရမည်။

## (၃) စိတ်နေစိတ်ထား

သွေးတိုးအားသည် စိတ်လှုပ်ရှားလျှင် ပို၍မြင့်တက်တတ်သည်။ သို့ဖြစ်၍ အလွန်အမင်း ဝမ်းသာစရာကိစ္စ၊ အလွန်အမင်း ဝမ်းနည်းစရာကိစ္စ၊ အလွန်အမင်း ဒေါသဖြစ်စရာ ကိစ္စများကို ရှောင်ကြဉ်သင့်သည်။ မိမိစိတ်ကို အလွန်အမင်း လှုပ်ရှားမှုမရှိအောင် လေ့ကျင့်သင့်သည်။ ကျင့်မရပါက စိတ်ငြိမ်ဆေးများကို ဆရာဝန်နှင့်တိုင်ပင်၍ မှီဝဲအပ်၏။

## (၄) ဆေး

သွေးတိုးရောဂါသည် ဆေးစားမှန်က သက်သာ၏။ ရောဂါမကျွမ်း၊ နှလုံးမပန်း။ ထို့ကြောင့် ဆေးစားမှန်ရန် လိုသည်။ သွေးတိုးကျဆေးမှာမူ အမျိုးမျိုး ရှိသည်။ ၎င်းဆေးများ၏ အာနိသင်သည် အမျိုးမျိုး ရှိသကဲ့သို့ ဘေးအန္တရာယ်လည်း အမျိုးမျိုးရှိသည်။ တတ်ကျွမ်းသော ဆရာဝန်နှင့် ပြသပြီးမှသာ ဆရာဝန်၏အညွှန်းအတိုင်း ဆေးကို မှန်မှန်ကန်ကန် သုံးစွဲသင့်သည်။ အများအားဖြင့် ဆေးကို တသက်လုံးမှီဝဲနေရတတ်သည်။ ဆေးခဏစားလိုက်၊ ကောင်းနေပြီထင်၍ ဖြတ်ထားလိုက်၊ နောက်ပြန်စားလိုက် စသည်ဖြင့် ပြတ်တောင်းပြတ်တောင်း မှီဝဲနေခြင်းကား မပြုလုပ်သင့်။ အမြဲစားရန်လိုသည်။ ဤသို့စားရာ၌ ဆရာ



ဝန်များအနေဖြင့် ဆေးပညာတွင် လူနာတဦးအား ညှိနှိုင်းချိန်ဆ၍ ဆေးကိုပေးရသဖြင့် တကြိမ်တခါတည်းနှင့် လူနာတဦးအား မည်သည့်ဆေးကို မည်မျှမည်မျှ စားရမည်ဟု မပြောဆိုနိုင်ပေ။ သွေးတိုးအားနှင့် ဆေး ကြိမ်ဖန်များစွာ ညှိပြီးမှသာ ပြောနိုင်သည်။ ထို့အပြင် သွေးတိုးရောဂါရှင် အချို့တွင် သွေးတိုးအားကို ဆေးတခုတည်းဖြင့် ထိန်းသိမ်းရန် လွယ်ကူသော်လည်း အချို့လူနာများတွင်ကား ယင်းသို့ ထိန်းသိမ်းရန် မလွယ်ကူ။ ထိုအခါ ဆေးလွဲ၍လည်းကောင်း၊ ဆေး နှစ်မျိုးသုံးမျိုးပေါင်း၍လည်းကောင်း ပေးရ စားရ၏။ ဤသည်ကို သွေးတိုးရောဂါသည်များ သိအပ်သည်။

သို့ဖြစ်၍ ဆေးစားရသော သွေးတိုးရောဂါရှင်တဦးသည် အောက်ပါအချက်များကို လိုက်နာသင့်ပေသည်။

(၁) ဆရာဝန်နှင့် အချိန်မှန်မှန်ပြသပြီး ကုသမှုခံယူပါ။
(၂) ဆေးကို မပြတ်မလပ် မှန်မှန်မှီဝဲသုံးဆောင်ပါ။
(၃) အစားအသောက် အနေအထိုင်တွင် 'တန်ဆေး လွန်ဘေး'တည်းဟူသော ဆောင်ပုဒ်ကို လိုက်နာကျင့်သုံးပါ။
(၄) မိမိ၏စိတ်နေစိတ်ထားကို တည်ငြိမ်အောင်၊ မလှုပ်ရှားလွယ်အောင်ကျင့်ပါ။

## ဂ။ ။အခြားအကြောင်းများကြောင့်ဖြစ်သောနှလုံးရောဂါ

ဤသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် အကြောင်းများကြောင့် ဖြစ်သော နှလုံးရောဂါများမှအပ အခြားသော ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



များကို ဆိုလိုသည်။ ဤရောဂါများ၌ နှလုံးတွင် ဖြစ်ပွားသော ရောဂါများသာမက နှလုံးကာအမြှေး (Pericardium) နှလုံးနှင့်ဆက်သော သွေးကြောများ၏ ရောဂါပေါင်းစုံကိုလည်း ပါဝင်သည်။ တိုတိုဆိုရပါက နှလုံးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြစ်ပွားသောရောဂါ သို့ဖြစ်၍ သွေးအားနည်းရောဂါ၊ တီဘီရောဂါ၊ ကင်ဆာ ဆာကိုးမားရောဂါများလည်း ပါဝင်ပေသည်။

ဤအထဲမှ အရေးအကြီးဆုံး နှလုံးရောဂါကား ပိုးမွှားကြောင့်ဖြစ်သော နှလုံးရောင်ရောဂါ (Bacterial Endocarditis) ဖြစ်သည်။ အကြောင်းမူ ဤရောဂါသည် နှလုံးရောဂါဖြစ်ပွားမှုတွင် ၁-၂ ရာနှုန်းမျှရှိပြီး သွေးနှုတ်၊ ပသိရောင်က ဖြစ်တတ်သောကြောင့်ပင်တည်း။ ရိုးရိုးနှလုံးသန်မာသော သူတို့တွင်ကားဖြစ်ခဲ၏။ နှလုံးမှာ ဝမ်းတွင်းပါ ချို့ယွင်းချက်ရှိလျှင် ဖြစ်စေ၊ လေးဘက်နာ အဖျားရောဂါကြောင့် နှလုံးအနာ ဖြစ်စေ၊ ထိုသို့သောအခါမှ ပို၍ ဖြစ်တတ်ပေသည်။

ဤပိုးမွှားကြောင့်နှလုံးရောဂါရလျှင်ပထမဖျားတတ်သည်။ နောက် နှလုံးတုန်ရင်ခုန်ပြီး မောတတ်သည်။ လည်ပင်းသွေးကြောကြီးများထောင်၍ ခြေထောက်များ ဖောနိုင်သည်။ နောက်ပိုင်းတွင် ရောဂါပိုးပြန့်၍ ဦးနှောက်၊ အရိုးတို့တွင် ပြည်တည်နာဖြစ်ကာဒုက္ခများတတ်သည်။ ကြာပါက နှလုံးကြွက်သားများ ပျက်စီးနိုင်ပေသည်။

ဤရောဂါ ရမရကို ဆရာဝန်များအနေဖြင့် အသေအချာ စမ်းသပ်စစ်ဆေးပြီးမှ ပြောနိုင်သည်။ နှလုံးကို နားထောင်၊



သွေးကို ပိုးမွေးရှာကြည့် စသဖြင့် စုံစမ်းမှုအစုံလုပ်ပြီးမှ ပြောနိုင်ပေသည်။

ဤရောဂါမဖြစ်ရန် အထက်သွားနုတ်လျှင်၊ ပသိရောင်လျှင်၊ လည်ချောင်းနာလျှင် ပေါ့ပေါ့တန်တန် သဘောမထားပဲ တတ်ကျွမ်းသောဆရာဝန်များနှင့် အမြန် တိုင်ပင်ကုသသင့်ပေသည်။ ရောဂါမရရန်အတွက်ဆာလဖာဆေး၊ သို့မဟုတ်ပင်နင်ဆီလင်ကို ယင်းရောဂါများရလျှင်၊ သွားနုတ်လျှင် အနာကျက်သည်အထိ စားသင့်ပေသည်။

အခြားရောဂါတခုကား နှလုံးကာအမြှေးရောင်၍ ကျုံ့ခြင်းဖြစ်၏။ နှလုံးညှစ် နှလုံးကာအမြှေးရောင် ရောဂါ (Constrictive Pericarditis) ဟုခေါ်သည်။ တီဘီရောဂါကြောင့် ဖြစ်သည်တများ၏။ ဗိုင်းရပ်ပိုးကြောင့်လည်း ဖြစ်တတ်သည်။ ဖြစ်လျှင်ဖျားခြင်း၊ အသည်းရောင်ခြင်း သွေးတိုးနှုန်းနည်းခြင်း၊ ကိုယ်ဖောခြင်း၊ ဖျဉ်းစွဲခြင်း၊ အဆုတ်ကာအမြှေးထဲ ရေဝင်ခြင်း၊ ခြေလက်များပြာခြင်း၊ နှလုံးခုန်မြန်ခြင်းတို့ ဖြစ်တတ်သည်။ ကြာပါက ဗောလုံးကြီးခြင်း၊ လက်သည်းများ ခုံးလာခြင်းတို့ ဖြစ်တတ်သည်။ အရေးကြီးသည်ကား ကျုံ့မှုများပါက နှလုံးမှာ ရုတ်တရက် ရပ်သွား၍ သေနိုင်ခြင်း ပေတည်း။

သွေးအားနည်းလျှင်လည်း နှလုံးမှာထိခိုက်၏။ သို့ဖြစ်၍ သွေးအားနည်းရောဂါမရအောင် နေခြင်းသည် နှလုံးရောဂါ တမျိုးမရအောင် ကာကွယ်ခြင်းပေတည်း။ သွေးအားနည်း

www.burmeseclassic.com



ရောဂါ (Anaemia) မရအောင်ကား သွေးဖြစ်စေသည့် သံဓာတ်၊ ဗိုက်တာမင်ဘီ ၁၂၊ ဖောလစ်အက်ဆစ်တို့ကို မှန်မှန်စားရမည်။ အသားဓာတ် မချို့တဲ့အောင်လည်း ဂရုစိုက်ရမည်။ သွေးထွက်လွန်မှု၊ သွေးသွန်မှုမဖြစ်အောင်လည်း ဂရုစိုက်ရမည်။ ထိုသို့ဆိုက အကြမ်းဖျင်းအားဖြင့် သွေးအားနည်းရောဂါကို ကာကွယ်နိုင်ပေသည်။

ထို့အတူ ကိုယ်ကာယတခုလုံး ဖောရောင်ခြင်းသည်လည်း နှလုံးကို ထိခိုက် ရောဂါရစေနိုင်၏။ မြန်မာပြည်၌ ကိုယ်တခုလုံး ဖောရောင်စေသည့် ရောဂါများတွင် ဗိုက်တာမင်ဘီ ၁ များပင်ဖြစ်သည်။ ချွတ်ယွင်း၍ဖြစ်သော ဘယ်ရီဘယ်ရီအဖောရောဂါ (Beri-Beri) သည် တောရောမြို့ပါ အဖြစ်များဆုံးသော ရောဂါတခုဖြစ်သည်။ မြန်မာများ ဆန်ကို ဖြူအောင်ကြိတ်၊ ထမင်းရည်ငှဲ့ချက်စားလေ့ရှိ ခြင်းကြောင့်လည်းကောင်း၊ ဗိုက်တာမင်ဘီ ၁ ပါသောအစာများ မစား၍လည်းကောင်း ဖြစ်ရပေသည်။ ဆန်လုံးညိုစား၊ မြေပဲစားပါက ယင်းရောဂါမရနိုင်ပေ။ ဗိုက်တာမင် ဘီ ၁ ပါသော အစားအသောက်များကား မောင်းထောင်းဆန်၊ ဆန်လုံးတီး၊ လျှော့ကြိတ်ဆန်၊ ပြုတ်ဆန်၊ ဖွဲနု၊ မြေပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲပင်ပေါက်၊ အခြားပဲများပေတည်း။ ဂရုစိုက်စားနိုင်ကြပါစေသတည်း။

နှလုံးသည်ကြွက်သားဖြင့်ပြုလုပ်ထား၍လည်းကောင်း၊ သွေးဖြင့် အခြားအင်္ဂါများနှင့် ဆက်သွယ်ထားသကဲ့သို့ ဖြစ်နေ၍လည်းကောင်း၊ ကြွက်သားရောဂါအမျိုးမျိုး၊ အခြားအင်္ဂါ



ရောဂါအမျိုးမျိုးသည်လည်း နှလုံးကို တမျိုးမဟုတ်တမျိုး ထိခိုက်စေနိုင်ပေသည်။ အထူးသဖြင့်လည်ပင်းအကျိတ် (Thyriod Gland) ရောဂါတခုခုရလျှင် နှလုံးလည်း အလွန်ထိခိုက်သည်၊ သိုင်းရွိုက်အကျိတ်လုပ်ငန်းများခြင်း (Hyperthyroidism) တွင် နှလုံးမှာ ပိုအလုပ်လုပ်ရပြီး ပိုခုန်ရသည်။ ကြာလျှင် နှလုံးပန်း၍ သေနိုင်သည်။ သိုင်းရွိုက်အကျိတ်လုပ်ငန်း နည်းခြင်း (Hypothyroidism) တွင် နှလုံးခုန်အားမှာ သိပ်မရှိ၊ နှလုံးကြွက်သားထဲတွင်အဆီဝင်၍ နှလုံးမှာ လေလံထိုင်းမှိုင်းလာ၏။ သို့ကြောင့်လည်း နှလုံးရောဂါရနိုင်ပေသည်။ သတိချပ်စရာ။ ကြွက်သားရောဂါအမျိုးမျိုးလည်း နှလုံးကို ထိခိုက်သည်။ ဥပမာ ကြွက်သားပွ ရောဂါများ (Muscular Dystrophy) ပေတည်း။

နှလုံး၌ ကင်ဆာလည်း ဖြစ်နိုင်ပါ၏။ ကြွက်သားတွင်ဖြစ်၍ ကင်ဆာဟု မခေါ်။ ဆာကိုးမား (Sarcoma) ဟု ခေါ်သည်။ ကြောက်စရာကား ကင်ဆာနှင့်အတူတူပေတည်း။

နှလုံးရောဂါများအကြောင်း အစုံရေးရလျှင်ကား ကုန်နိုင်ဖွယ်မရှိပေ။ ဆေးပညာ၌ နှလုံးရောဂါဗေဒမှာ ကြီးကျယ်သော ပညာရပ်တခု ဖြစ်ပေသည်။ သို့ဖြစ်၍ပင် နှလုံးရောဂါကုသ[illegible]တော်၊ နှလုံး အထူးခွဲစိတ်ဆရာဝန်စသည်ဖြင့် အထူးသင်[illegible]ပေးနေရခြင်း ဖြစ်သည်။ နှလုံးရောဂါ တခုခုဖြစ်[illegible]ကလည်း နှလုံးရောဂါကျွမ်းကျင်သူများနှင့် ကုခြင်းသာ [illegible]ကောင်းဆုံး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ရိုးရိုးလူများအနေဖြင့်ကား နှလုံးရောဂါ မဖြစ်ခဲ့အောင် ကာကွယ်ရေး၊နှလုံးရောဂါဖြစ်လျှင်ပျောက်အောင် ထိရောက်စွာကုသနိုင်ရေးအတွက် သိသင့်သမျှကိုသိထားရန်ကား လိုအပ်သည်။ယင်းသို့သိသင့်သည့်ထင်သမျှကို အထက်တွင်ရေးခဲ့ ပေပြီ။ ခြုံ၍ ကျန်အရေးကြီးအချက်အလက်များကို တင်ပြရ လျှင်ကား အောက်ပါအတိုင်း ဖြစ်ပေ၏။

## နှလုံးရောဂါ ရှိမရှိမည်သို့ သိနိုင်မည်နည်း

နှလုံးရောဂါရှိမရှိ အတိအကျကိုကား တတ်ကျွမ်းသောဆရာဝန် များအနေဖြင့် လူကို စမ်းသပ်စစ်ဆေးပြီးမှသာ ပြောနိုင်သည်။ ဆရာဝန်များအနေဖြင့် လူနာစမ်းသပ်ရာတွင် သွေးလှည့်အဖွဲ့နှင့် နှလုံး၏လုပ်ငန်းများကိုလည်း မှုမှန် အမြဲစမ်းရသည်။ ဤသို့ စမ်းရာ၌ သွေးခုန်နှုန်း၊သွေးခုန်ပုံအမျိုးအစား၊သွေးလွှတ်ကြော သွေးပြန်ကြောများ၏ အခြေအနေ၊ သွေး၏ အသွေးအရောင်၊ ခန္ဓာကိုယ် ဖော မဖော စသည်တို့ကို ပထမ မျက်စိဖြင့် ကြည့်။ နောက် လက်ဖြင့်စမ်း၊ နားကျပ်ဖြင့်နားထောင်၊သို့မဟုတ် သွေး တိုးအား (ဝါ) သွေးပေါင်ချိန်တိုင်းကိရိယာတို့ဖြင့် စမ်းသပ် စစ်ဆေးကြည့်သည်။ နောက် နှလုံးကို မျက်စိဖြင့် ရှုကြည့်ခြင်း၊ လက်ဖြင့် စမ်းကြည့်ခြင်း၊ လက်ဖြင့်ခေါက်ကြည့်ခြင်း၊ နားကျပ် ဖြင့် နားထောင်ခြင်းတို့ဖြင့် စမ်းသပ်စစ်ဆေးကြည့်သည်။နှလုံး ရောဂါတခုခုရှိသည်ထင်ပါက၊ ရှိမရှိ သေချာလိုပါက ဓာတ်မှန် ရိုက်ကြည့်ခြင်း၊ အီးစီဂျီတိုင်းကိရိယာဖြင့် နှလုံး လျှပ်စီးပုံကို



တိုင်းကြည့်ခြင်းနှင့် လိုအပ်ပါက နှလုံးသို့ ပြွန်ထည့်၍ သွေးများ ကို စမ်းသပ်ကြည့်တတ်သည်။ ဤသို့ကြည့်ခြင်းဖြင့် ဆရာဝန်မှာ လူတယောက်ယောက်၌ နှလုံးရောဂါရှိမရှိ ဒိဋ္ဌပြောနိုင်ပေသည်။ သို့ဖြစ်၍ မည်သူမဆို မိမိ၌ နှလုံးရောဂါရှိ မရှိ သိလိုပါက တတ် ကျွမ်းသော ဆရာဝန်များကို ပြသ အစစ်ဆေးခံခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။နှလုံးရောဂါဖြစ်စေ၊အခြားရောဂါ တခုခုရှိသည်ဖြစ်စေ၊ ရောဂါတခုမှမရှိပဲ မိမိ၏ ကျန်းမာရေး အခြေအနေကို သိလိုလျှင်ဖြစ်စေ အကောင်းဆုံးကား တနှစ် တခါ၊ သို့မဟုတ် အခါအားလျော်စွာ စစ်ဆေးခြင်းမှာ အကောင်းဆုံးအလုပ်တခု ဖြစ်ပေ၏။

ဆရာဝန်နှင့် မစစ်ဆေးရသေးမီ မိမိ၌ နှလုံးရောဂါရှိမရှိ သိလိုပါမူကား အောက်ပါလက္ခဏာများ မိမိတွင်ရှိမရှိသတိထား ကြည့်ရမည်။ ယင်းတို့ရှိပါက အထက်ပါအတိုင်း ဆရာဝန်နှင့် ထပ်မံစစ်ဆေးဖို့ လိုပေသည်။

နှလုံးရောဂါရှိမရှိ သိအပ်သောလက္ခဏာများကား....

၁။ မောလွယ်ခြင်း၊ သို့မဟုတ် မူးဝေမောပန်းခြင်း၊

၂။ အသက်ရှူမဝခြင်း၊

၃။ ပက်လက်အိပ်မရခြင်း၊

၄။ ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင် သလိပ်ထဲ သွေးပါခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၅။ အကြောင်းမရှိပဲ ရင်ဘတ်ခဏခဏနာခြင်း၊

၆။ နှလုံးတုန် ရင်ခုန်ခြင်း၊

၇။ ညည အိပ်မပျော်ခြင်း၊

၈။ သွေးခုန်နှုန်းမမှန်ခြင်း၊

၉။ လည်ပင်းကြောများ ထောင်လွန်းခြင်း၊

၁၀။ ခြေထောက်များရောင်ခြင်း၊

၁၁။ ဖျင်းစွဲခြင်း၊

၁၂။ အသည်းကြီးခြင်း၊

၁၃။ ဗေလုံးကြီးခြင်း၊

၁၄။ ခြေဖျားလက်ဖျား နှုတ်ခမ်းသားများ ပြာနေခြင်း၊

၁၅။ ပါးများအကြောင်းမရှိ နီရဲခြင်း၊

၁၆။ လက်သည်းများ ခုံးထနေခြင်း၊

၁၇။ စိတ်ထိခိုက်ပါက မူးမေ့တတ်ခြင်း၊

၁၈။ ကိုယ်လက်လှုပ်ရှားမှု မလုပ်နိုင်ခြင်း၊
(ဝါ) ယခင်က ကဲ့သို့ အပင်ပန်း မခံနိုင်ခြင်းတို့
ဖြစ်သည်။

အထက်ပါ လက္ခဏာများသည် နှလုံးရောဂါကြောင့်သာ မက အခြားရောဂါများကြောင့်လည်း ဖြစ်နိုင်သည်။ ရောဂါ မရှိပဲလည်း ဖြစ်နိုင်သည်။ သို့ဖြစ်၍ အထက်ပါ လက္ခဏာတခုခု



ရတိုင်း မိမိတွင်နှလုံးရောဂါရပြီဟု တထစ်ချ မယူမှတ်အပ်ပေ။ ယင်းသို့လက္ခဏာတခုခုဖြစ်ပါက နီးရာဆရာဝန်တဦးဦးနှင့် ပထမ တိုင်ပင်ကုသခြင်းသာ အကောင်းဆုံးပေ။ နောက် ရောဂါရှိမှန်း သေချာမှသာလျှင် လိုအပ်သလိုပြုစုကုသဖို့ လိုပေ၏။ မရှိပါက လည်း စိတ်အေးအေးထား၍ နေအပ်သည်။ မှန်သည်။ နှလုံး ရောဂါအများ၌နှလုံးရောဂါရှိသည်ထင်သည့်နှလုံးရောဂါ၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ခြင်းမှာ အဆိုးဆုံးပေ။ ထိုသို့ မဖြစ် စေရန် သတိချပ်သင့်ပါ၏။ ကောင်းပြီ။ နှလုံးရောဂါမရအောင် ကော ကာကွယ်မရပါသလော။ ရပါ၏။

## နှလုံးရောဂါမရအောင် ကာကွယ်နည်း

(၁) နှလုံးရောဂါသည် လူတိုင်းဖြစ်နိုင်သဖြင့် နှလုံးရောဂါ မဖြစ်လိုက၊ ဖြစ်မဖြစ်သိလိုက ပထမအရေးကြီးဆုံးမှာ အခါ အားလျော်စွာ အချိန်မှန်မှန်ဆေးစစ်ခံခြင်းပင် ဖြစ်သည်။

(၂) ဒုတိယအရေးအကြီးဆုံးကားအစားအသောက်ဖြစ်၏။ အကြောင်းမှာ နှလုံးရောဂါ ၈၀%ကျော်မှာ နှလုံးသွေးကြော ကျဉ်း၍ဖြစ်သောနှလုံးရောဂါကြောင့်ဖြစ်သောကြောင့် ဖြစ်၏။ ယင်းရောဂါသည် အဆီစားလွန်းသူများ၊ ဝလွန်းသောသူများ တွင် အဖြစ်များပေသည်။ သို့ဖြစ်၍ နှလုံးရောဂါမရလိုက အစား အသောက်ဆင်ခြင်ရမည်။ အဆီလျော့စားရမည်။ ကိုလက်စ

www.burmeseclassic.com



ထရော (Cholesterol) ပါသောအစာများကို ရှောင်ရမည်။ (ကိုလက်စထရောများသောအစာများကို ဖော်ပြပြီးဖြစ်သည်။)

(၃) တတိယကား ခန္ဓာကိုယ်အလေးချိန်ဖြစ်၏။ မဇ္ဈိမပဋိပဒါဆိုသည့်အတိုင်း ခန္ဓာကိုယ်မှာဝလွန်းသည်လည်း မကောင်း၊ ပိန်လွန်းလည်းမကောင်း။ နှလုံးရောဂါနှင့် ပတ်သက်လျှင်ကားဝခြင်း၊ အဆီများခြင်းသည် လုံးဝမကောင်း။ သို့ဖြစ်၍ နှလုံးရောဂါမရလိုပါက ကိုယ်အလေးချိန်ကို အရပ်နှင့်ကိုက်အောင် နေရမည်။ ဝလွန်းပါက မဝအောင် အဆီအအိမ့်အချို လျှော့စား ကိုယ်လက်လှုပ်ရှားမှု လုပ်ရမည်။

(၄) မှန်ပါသည်။ ကိုယ်လက်လှုပ်ရှားအားကစားမှုကိုမှန်မှန် လုပ်ပါက နှလုံးရောဂါမရအောင် ကာကွယ်နိုင်ပါ၏။ သို့ဖြစ်၍ နှလုံးရောဂါမရလိုက ကိုယ်လက်လှုပ်ရှားမှုကို အမြဲလုပ်ပါ။ အနည်းဆုံး လမ်းမှန်မှန်လျှောက်ပါ။

(၅) နေမှုထိုင်မှုမှန်က နှလုံးရောဂါမရနိုင်။ သို့ဖြစ်၍ အစားအသောက်၊ ကိုယ်အလေးချိန်တို့ကို ဆင်ခြင်သကဲ့သို့ နှလုံးအား ထိခိုက်စေသောအလုပ်များ မလုပ်မိရန်လည်း ဆင်ခြင်သင့်သည်။ သို့ဖြစ်၍ နှလုံးရောဂါမရလိုက ဆေးလိပ်မသောက်ရ၊ ကော်ဖီ၊ လက်ဖက်ရည်၊ ကိုကိုး သိပ်မသောက်ရ၊ ဆေးလိပ်ကို ရှောင်နိုင်လျှင်ကား အကောင်းဆုံး။

(၆) နှလုံးသည်အသက်ရှင်သည်မှသေသည်အထိအမြဲအလုပ်လုပ်ရ၏။ ကျွန်ုပ်အထဲ ခန္ဓာကိုယ်က ပုံမှန်ထက် ပိုအလုပ်လုပ်ရပါက



သူပါ ပိုအလုပ်လုပ်ရ၏။ ထိုသို့ ကြာကြာလုပ်ပါက မခံနိုင်။ သို့ဖြစ်၍ နှလုံးရောဂါမရလိုပါက အလုပ်လုပ်သည့်အခါလုပ်၊ ကစားသည့်အခါ ကစား၊ နားသည့်အခါ မှန်မှန်အနားပေးဖို့ လိုသည်။ စိတ်ငြိမ်အေးချမ်းစွာ နေတတ်ရန်လည်း လို၏။ သို့ဖြစ်၍ နှလုံးရောဂါမရအောင် နားသင့်က နားပါ။ ရက်အားယူသင့်က ယူပါ။ စိတ်အေးချမ်းသာစွာ နေနိုင်အောင် ဂရုစိုက်ပါ။

(၇) နှလုံးရောဂါသည်ကျူးစက်ရောဂါများကြောင့်ဖြစ်ပွားနိုင်၍ ထူးစက်ရောဂါများမရအောင်ဆင်ခြင်ပါ။ ရက ချက်ချင်းပျောက်အောင်ကုသပါ။ အထူးသဖြင့် နှာနစေး၊ ချောင်းဆိုးပသီနာ၊ လည်ချောင်းနာ၊ သွားနာများကို ဂရုစိုက်ပါ။ ဆစ်ဖလစ်ရောဂါကို ကာကွယ်ပါ။

(၈) ထို့အတူ အချို့သော နှလုံးရောဂါများသည်သန္ဓေရှိစဉ် မိခင်ကိုထိခိုက်ရာမှ သန္ဓေသားတွင် မွေးရာပါရောဂါများ ဖြစ်လာ၏။ သို့ဖြစ်၍ မွေးရာပါနှလုံးရောဂါများမဖြစ်ပွားရေး၊ လျော့နည်းရေးအတွက် မိခင်လောင်းများ၏ ကျန်းမာရေးကို ဂရုစိုက်ပါ။ ကိုယ်ဝန်ဆောင်များတွင် ချိုက်သိုးရောဂါ၊ ကူးစက်ရောဂါ၊ အာဟာရချို့တဲ့မှု၊ ဓာတ်မှန်ရောင်ခြည်ထိခိုက်မှု၊ အဆိပ်အတောက်ဖြစ်မှုများမရှိအောင် ဆင်ခြင်ပါ။

(၉) အာဟာရ ချို့တဲ့မှုများသည်လည်း နှလုံးရောဂါဖြစ်စေနိုင်သဖြင့် နှလုံးရောဂါမဖြစ်ရန် အာဟာရပြည့်ဝအောင် စားပါ။

www.burmeseclassic.com

www.burmeseclassic.com



(၁၀) နောက်ဆုံးအနေဖြင့်ကား နှလုံးရောဂါသည် အခြားခန္ဓာကိုယ်အင်္ဂါများ၊ အဖွဲ့အစည်းများတွင်ရောဂါရပါကလည်း ဖြစ်နိုင်သဖြင့်စိတ်ရောကိုယ်ပါခန္ဓာကိုယ်တခုလုံးကျန်းမာအောင် ဂရုစိုက်ပါ။ တကိုယ်လုံး ကျန်းမာပြီဆိုမှတော့ နှလုံးလည်း ကျန်းမာပါလိမ့်မည်တည်း။ ။

ဒေါက်တာမောင်မောင်ညို
အမ်သီဘီအက်စ်(ရန်ကုန်)၊ပီအိပ်ချ်ဒီ(လန်ဒန်)။

www.burmeseclassic.com